# ကျွန်ုပ်သည် ဘာကြောင့် ဘာသာရေးအဖွဲ့အစည်းကို ဆန့်ကျင်ရသနည်း

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

၆၂- ၁၁၁၁ အီး။

1 ၁။ ကျေးဇူးတင်ပါတယ်၊ ဘရာသာနက်ဖီးလ် ခင်ဗျားတို့အားလုံးထိုင်နိုင်ကြပါပြီ။ ပထမဆုံး ကျွန်တော်ပြောချင်တာကတော့ တနေကုန် ကျွန်တော်အလုပ်များနေတဲ့အတွက် တစ်ချို့ဖျားနာနေတဲ့သူတွေကို ကျွန်တော် သွားမကြည့်နိုင်ခဲ့ပါဘူး။ တချို့လူတွေကတော့ သီးသန့်ဆုတောင်းခံချင်ကြပါတယ်။ သူတို့နဲ့တွေ့ဆုံဘို့ ကျွန်တော် စီစဉ်ထား ပါတယ်။အခုအခါမှာ တစ်ချို့အဖွဲ့တွေ ရှိပါတယ်။ ဘီလီပြောသလို ကနေဒါ၊ နောက်ပြီး တစ်ခြားတစ်နေရာသုံးနေရာမှလာကြတာဖြစ်ပါတယ်။ သူတို့ ဒီကိုရောက်နေပါပြီ။ ဟော်တယ်တွေ၊ မော်တယ်တွေမှာ အမြဲတမ်းဘဲတည်းခိုနေကြပါတယ်။ သူတို့ကို ကျွန် တော်သွားဆုံပါတယ်။ သူတို့ကို သွားတွေ့ပြီး ဆုတောင်းပေးပါတယ်။ဘာကြောင့်လဲဆို ရင် ကမ္ဘာအရပ်ရပ်ကနေ လာကြတယ်။ အာရှတို့၊ ဥရောပတို့ နေရာတိုင်းက ရောက်လာကြလို့ဘဲ ဖြစ်ပါတယ်။ နေ့စဉ်နဲ့အမျှ ကျွန်တော်တို့ ဒီမှာ ရောက်နေပါတယ်။ လူ တွေလည်းတစ်ဖွဲ့ဖွဲ့နဲ့ ဝင်ရောက်လာကြပါတယ်။ စာရင်းအရဆိုရင် (၆၀၀)ကျော်ရှိပါ တယ်။ သူတို့က သီးခြားတွေ့ဆုံဘို့စောင့်စားနေကြပါတယ်။ ဒါကြောင့်မို့ ကျွန်တော်အ ခက်အခဲတွေ့ရပါတယ်။ တစ်ကယ်လည်း ဖျားနာနေတဲ့သူတွေရှိပါတယ်။ အရေးပေါ်ဆု တောင်းပေးဘို့လည်း ရှိပါတယ်။ သူတို့အားလုံးကို ကျွန်တော် တွေ့ဆုံဘို့ကြိုးစားပါတယ်။

2 ၂။ ကျွန်တော်ဟာ အမှုဆောင်အဖွဲ့နဲ့ အချိန်အနည်းငယ်လေးနေခဲ့ရပါတယ်။ ဒီမှာ ရောက်ရှိနေတဲ့အချိန်မှာ အမှုဆောင်အဖွဲ့ ပြောတာလေးတွေလည်း အနည်းငယ်နား ထောင်ခဲ့ရပါတယ်။ အဲဒီအချိန်မှာဘဲ အချိန်ကုန်သွားပါတယ်။ တစ်နာရီ၊ နာရီဝက် လောက်ကျွန်တော် အချိန်ကုန်သွားပါတယ်။ အဲဒီအချိန်မှာ တစ်ချို့သောသူတွေက ဆုတောင်းခံရန်အတွက်ဒီနေရာကိုရောက်လာကြပါတယ်။ သူတို့ ဒီနေရာကို ရောက် လာတဲ့အခါမှာ သူတို့အတွက် ကျွန်တော်အဲဒီအချိန်မှာ ဆုတောင်းပေးချင်ပါတယ်။ အဲဒီလူတွေဟာ ဆုတောင်းခံဘို့အတွက်ဘဲ ဖြစ်ပါတယ်။အခု သူတို့ရောက်လာကြတယ် ဆိုရင်လည်း စန္ဒယားတီးတဲ့သူကလည်း ဘယ်သူဘဲဖြစ်ဖြစ် ဒီသီချင်းလေးကိုတော့တီးပေးစေချင်ပါတယ်။ ကြီးမြတ်တော်မူတဲ့ ဆေးသမား အခုအချိန်မှာ ကိုယ်တော်နဲ့နီး လာပါတယ်။ဂရုဏာတော်အရှင် သခင်ယေရှုဆိုတဲ့ စာပိုဒ်ကလေးကို တီးခတ်ပေးစေ လိုပါတယ်။ နောက်ပီးတီးခတ်မဲ့သူတွေအားလုံးသူတို့ဆန္ဒရှိမယ်ဆိုရင် လာဆု တောင်းခံနိုင်ပါတယ်။ ဘယ်နှစ်ယောက်ရှိလဲဆိုတာကိုတော့ ကျွန်တော်လည်းမသိပါဘူး။ ညီကိုတွေအားလုံး ကျွန်တော့်ရဲ့ကိုယ်ခန္ဓာထဲမှာ ကျွန်တော်အရမ်းဘဲ ဒုက္ခဆင်းရဲတွေဝေဒနာတွေ ခံစားခဲ့ရ ပါတယ်။ သခင်ယေရှုကလည်း သူ့ရဲ့ရင်ထဲမှာ ဒီဝေဒနာတွေကို ခံစားခဲ့ရပါတယ်။ ဒါမှသာ သူဟာကြားခံဆုတောင်းပေးတဲ့သူအဖြစ် အမှန်အကန်ဖြစ် မှာဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ဟာလူဇာတိကို ခံယူထားတဲ့အတွက် သူဟာ ဒုက္ခဆင်း ရဲခြင်းကိုလည်း ခံစားနိုင်ပါတယ်။ လူတွေရဲ့မပြည့်စုံတဲ့ခံစားမှု နာကျဉ်ဝေဒနာတွေကို ကိုယ်တော်ရှင် ခံစားရပါတယ်။ ဒါကြောင့်မို့ကိုယ်တော်ရှင် ကျွန်တော်တို့အတွက် ကိုယ်စားအသေခံဘို့ ရောက်လာခြင်းဘဲ ဖြစ်ပါတယ်။ သူ့ရဲ့အသင်းတော်ကိုလည်းသူ့ရဲ့ အလုပ်ကို ဆက်လုပ်ဘို့ တာဝန်တွေပေးအပ်ခဲ့ပါတယ်။

3 ၃။ ကျွန်တော်သည် ဆေးပညာရှင်များကိုလည်း အထူးဘဲလေးစားပါတယ်။ ခွဲစိတ် ကုသမှုစသည်တို့ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ သူတို့ကို ဒီလိုကျွမ်းကျင်မှုအတတ်ပ ညာတွေ ပေးထားပြီးတော့ လူ့ရဲ့ကိုယ်ခန္ဓာကို သူတို့လိုသလို လုပ်ကိုင်ဆောင်ရွက်နိုင်ပါတယ်။ ခွဲစိပ်ကုသနိုင်ပါတယ်။ မကောင်းတဲ့သွားတွေကိုလည်း နုတ်နိုင်ပါတယ်။ ကျွန် တော်လေးစားပါတယ်။ဒါပေမဲ့လည်း သူတို့ ဘာမှမတတ်နိုင်တဲ့၊ မသိနိုင်တဲ့ အချိန်မျိုး လည်း ရောက်လာမှာ ဖြစ်ပါတယ်။သူတို့ ဘာလုပ်ရမယ်မှန်း မသိတဲ့ အချိန်ဘဲ ဖြစ် ပါတယ်။ အဲဒီအချိန်မှာဆိုရင် ကျွန်တော်တို့မှာအမှန်တရား ရှိပါတယ်။ သဘာဝတရား မှာ ရှိသကဲ့သို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မိသားစုဆရာဝန်ထံမှာသွားမယ်။ဒါမှမ ဟုတ်ရင် မြို့ထဲမှာရှိတဲ့ ဆရာဝန်တစ်ယောက်ယောက်ထံ သွားမယ်။ အတွေ့အကြုံများ ပြီးတစ်ကယ်ဘဲကောင်းမွန်တဲ့ သမားတော်ကြီးထံသွားမယ်။ အဲဒီဆရာဝန်ကြီးကလည်း ညအမှောင်မဲမဲထဲမှာ ကွင်းကိုဖြတ်ပြီးမီးခွက်ကလေးနဲ့လိုက်လာမယ်။ ခင်ဗျားကို ပြုစုကုသပေးမယ်။ ဒါပေမဲ့လည်း သူမသိနိုင်တဲ့အရာနဲ့ကြုံလာရင် သူ့ထက်သာတဲ့ သူတွေထံ သူသွားမှာဘဲဖြစ်ပါတယ်။ ခင်ဗျားကို ပါရဂူထံ စေလွှတ်မှာဖြစ်ပါတယ်။ အဲဒီပါရဂူကလည်း ဘာမှမသိတော့ဘူးဆိုရင် ကျွန်တော်တို့မှာ တစ်ခြားနည်းလမ်းတွေအရင်းအမြစ်တွေရှိတယ်ဆိုတာကို ကျွန်တော်ဝမ်းမြောက်စွာနဲ့ဘဲ ပြောလိုပါတယ်။ အင်မတန်ကြီးမားတဲ့သမားတော်ကြီးဘဲ ဖြစ်ပါတယ်။

4 ၄။ ကိုယ်တော်ရှင်ကတော့ ဘယ်တော့မှ မသိဘူးဆိုတာမရှိပါဘူး။ ဘာကြောင့်လဲဆို တော့ ကိုယ်တော်ရှင်ကိုယ်တိုင် ဖန်ဆင်းတော်မူလို့ပါဘဲ။ ကျွန်တော်တို့ထက်ကိုယ်တော် ရှင်က များစွာ သာလွန်ပါတယ်။ အနာရောဂါငြိမ်းစေနိုင်တဲ့တန်ခိုး ကျွန်တော်တို့အထဲမှာ ရှိနေမယ်ဆိုရင် ကျွန်တော် အဲဒီကိုလာပြီးတော့ ကုသပေးလိုပါတယ်။ ကျွန်တော်က အဲဒီလိုကုသပေးဘို့လည်းဝမ်းသာပါတယ်။ အဲဒီအနာရောဂါငြိမ်းစေခြင်း တန်ခိုးက တော့ တစ်ခြားလူတွေထံမှာ မရှိပါဘူး။တခြားလူတွေထံမှာ ရှိတယ်လို့လည်း ကျွန်တော် မသိခဲ့ပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်တို့ကိုဘုရားသခင်က တာဝန်ပေးပါတယ်။ ခရစ်တော်ထံက ရပါတယ်။ အနာရောဂါငြိမ်းစေဘို့၊ ဆုတောင်းပေးဘို့ဘဲဖြစ်ပါတယ်။ သူ့ကို အနာရောဂါငြိမ်းစေနိုင်တဲ့ တန်ခိုးကို ကြိုပြီးပေးထားပါတယ်။ ကျွန်တော်တို့လာရောက်ခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရောက်လာပြီး ဒီချက်လက်မှတ်ပေါ်မှာ နံမည်ရေးဘို့ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ ခမည်းတော်ထံမှာ ဆုတောင်းတဲ့အခါမှာ ကိုယ်တော်ရှင်ရဲ့ နာမဥ္ဆုတောင်းမယ်ဆိုရင်ငါ့ရဲ့ခမည်းတော်ထံမှာ တောင်းသမျှသော ဆုကို ငါပေးမယ်လို့ ဆိုထားပါတယ်။ အဲဒါကတော့ ကွက်လပ်ရှိနေတဲ့ချက်လက်မှတ်ဘဲ ဖြစ်ပါတယ်။ ဂတိတော်ဘဲ ဖြစ်ပါတယ်။ လုံးဝပြည့်စုံစေမဲ့ ဂတိတော်ဘဲ ဖြစ်ပါတယ်။ကျွန်တော့်ရဲ့ညီကို၊ ကျွန်တော့်ရဲ့ညီမတွေ၊ ဒီတကမ္ဘာလုံးမှာ ကျွန်တော် ကူညီပေးခဲ့ပါတယ်။ သူတို့ကို ကြိုတင်ပြီးတော့ ဒီအကြောင်းအရာတွေကို ပြောပြခဲ့ပါတယ်။ ဘုရား သခင်ရဲ့ဘဏ်ထဲမှာဒီလိုချက်လက်မှတ်တွေ ရှိတယ်။ ထုတ်ယူနိုင်တယ်၊ ခရစ်တော်ရဲ့ အသွေးတော်အပေါ်မှာ ရေးသားထားတယ်ဆိုတာကိုကျွန်တော် ပြောပြခဲ့ပါတယ်။ အခုအရမ်းကိုဘဲ အောင်မြင်ပါတယ်။ ကိုယ်တော်ရှင် အမြဲတမ်းဘဲအဖိုးအခပေးခဲ့ပါ တယ်။ ကိုယ်တော်ရှင် ကြိုတင်ပေးထားတဲ့ ငွေရှိတဲ့အတွက်ကြောင့်ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အပြစ်တွေအတွက် ကိုယ်တော်ရှင်ဟာ ဒါဏ်ချက်ရာများကို ခံရပါတယ်။ အဲဒီဒါဏ်ချက်ရာအားဖြင့်ကျွန်တော်တို့က

ဒါဏ်ချက်ရာများကို ငြိမ်းရပါတယ်။ အားလုံးပြီးဆုံးသွားပါပြီ။ သင်တို့ရဲ့ယုံကြည်ခြင်းကြောင့်ကျွန်တော်တို့ ဒီညကျွန်တော်တို့ ပျော်ရွှင်ကြရပါတယ်။

5 ၅။ ဘီလီပြောသလိုဘဲ ညီကိုတစ်ယောက် ဟိုးကနေဒါဒါမှမဟုတ် တစ်ခြားတစ်နေရာ ကလာတာကို သိရပါတယ်။ ဟုတ်ပါသလား? ခင်ဗျားက ကနေဒါကလာတဲ့ ညီကို ဟုတ်သလား? နောက်ပြီး ခင်ဗျား ဘယ်ကလာပါသလဲ? ခန်းဒေါဖဲလ်၊ အင်ဒီယားနား ပြည်ကလား? ပေါ့တ်ဝင်းကလား? ကျွန်တော်ကတော့ ပေါ့တ်ဝင်းကပါ၊ မင်္ဂလာဆောင်ခဲ့ပါတယ်။ ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ်။ ရယ်ဒီကယ်လ်တဲတွေမှာ ကျွန် တော် စည်းဝေးများများလုပ်ခဲ့ဘူးပါတယ်။ အဲဒီနေရာ ဘယ်နေရာလည်းဆိုတာ ခင် ဗျားသိမယ်လို့ ကျွန်တော်ထင်ပါတယ်။ကျွန်တော် သတိရပါသေးတယ်။ ကျွန်တော် လူငယ်ကလေးဘဝက ပေါလ်ရယ်ဒီကယ်လ်ရဲ့ ခြေထောက်နားမှာထိုင်နေပါတယ်။ အဲဒီ ရယ်ဒီကယ်လ်ရဲ့ တဲတော်နားမှာဘဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ အရမ်းငယ်ရွယ်တဲ့အလုပ်သင် အမှုတော်ဆောင်ကလေးဘဲ ဖြစ်ပါတယ်။ သူကတော့ တစ်ကယ့်ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ ဘရာသာပေါလ် ဖြစ်ပါတယ်။ ဘရာသာရယ်ဒီကယ်လ်လည်း တစ်ကယ်ဘဲ ယုံကြည်ခြင်း ကြီးမားတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူတို့ရဲ့ဝိညာဉ်တွေကတော့ ကောင်းမွန်စွာ အိပ်စက်အနားယူနေကြပါပြီ။ကျွန်တော် အဲဒီတုန်းကတော့ လူငယ်က လေးဘဲဖြစ်ပါတယ်။ ကျွန်တော် ဆက်လက်ပြီးတော့ သူတို့ချန်ထားခဲ့တဲ့ တာဝန်ကို ထမ်းဆောင်နေရပါတယ်။ သခင်ယေရှုခရစ်တော်က သူ့ရဲ့အသင်းတော်ကိုတောက် လျှောက် တာဝန်ထမ်းဆောင်ဘို့အတွက် ထားခဲ့သလိုဘဲ ဖြစ်ပါတယ်။

6 ၆။ အခုတော့ ကျွန်တော့်မှာရှိတဲ့ ယုံကြည်ခြင်းတွေအားလုံးနှင့် ကျွန်တော် ခင်ဗျားတို့ထံ လာပြီး ဆုတောင်းပေးပါတယ်။ ကျွန်တော် ဒီကို လာတဲ့အခါမှာရုတ်တရက် ရောက်ရှိ လာရခြင်း မဟုတ်ပါဘူး။ ကျွန်တော်တို့ အဲဒီပုံစံမျိုးနဲ့ မရောက်လာချင်ပါဘူး။အဲဒါဟာ မမှန်ကန်ပါဘူး။ ကျွန်တော်တို့ ရောက်ရှိလာရခြင်းကတော့ ဘာကိုယုံကြည်ပြီး ရောက်လာသလဲဆိုရင် ကျွန်တော်တို့ တောင်းထားတဲ့အရာကို ရရှိမယ်ဆိုတဲ့ ယုံကြည်ခြင်းနဲ့ဘဲ ဖြစ်ပါတယ်။ဘုရားသခင် ဂတိတော်ရှိပါတယ်။ ကျွန်တော်တို့ စိတ်ချမှုနဲ့ ကျွန်တော်တို့ လာပါတယ်။ ခရစ်တော်ပေးတဲ့ဂတိအတိုင်းဘဲ ဖြစ်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ညီအစ်ကိုတို့သင်တို့ရဲ့ယုံကြည်ခြင်းကို ပလ္လင်ပေါ်မှာ တင်ထားပါ။ တင်နိုင်သလောက်တင်ထားပါ။ ကျွန်တော့်ရဲ့ယုံကြည်ခြင်းကိုလည်းကျွန်တော် ဒီညခင် ဗျားတို့နဲ့အတူ လာပြီး တင်လှူပူဇော်မှာ ဖြစ်ပါတယ်။

ယခုအခါမှာ ကျွန်တော်တို့မှာ အင်မတန်ကြီးမားတဲ့ပလ္လင်ကြီးရှိပါတယ်။ အဲဒီကြီး မားတဲ့ ပလ္လင်ကြီးဟာ ကောင်းကင်တပြင်လုံးကို ဖြန့်ကျက်ထားပါတယ်။အဲဒီပလ္လင်ပေါ်မှာ ကျွန်တော်တို့ရဲ့ ပူဇော်သက္ကာတွေကို တင်ထားပါတယ်။ ဘုရားသားတော် အသွေးတော်နဲ့ လွှမ်းခြုံနေတဲ့ ပူဇော်သက္ကာဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ လေးစားထိုက် ခြင်း၊တန်ဘိုးထားခြင်းနဲ့ ကျွန်တော်တို့ရဲ့ပူဇော်သက္ကာကို ကြည့်ရှုမှာဖြစ်ပါတယ်။ မမြင်ရဘဲနဲ့ကျော်မသွားပါဘူး။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော် ရှိပါတယ်။ ငါ့ရဲ့ သားတော်ဖြစ် တယ်။သူ့ရဲ့စကားကို နားထောင်ပါလို့ ကိုယ်တော်ရှင် ကိုယ်တော်တိုင် မိန့်တော်မူခဲ့ ပါတယ်။

7 ၇။ ကျွန်တော်ဟာ ကျွန်တော်တို့ရဲ့ အစ်ကိုကြီးဖြစ်တဲ့ဘရာသာနက်ဗီးလ်ကို တောင်းခံမှာ ဖြစ်ပါတယ်။ သူရှေ့ကိုထွက်လာပြီးတော့ ကျွန်တော်နဲ့အတူလိုက်လာဘို့ဘဲ ဖြစ်ပါတယ်။ သင့်ရဲ့ညီကို၊ သင့်ရဲ့ခင်ပွန်း၊ သင့်ရဲ့သား၊ သင့်ရဲ့အဖေ၊တစ်စုံတစ်ယောက်သောသူရှိပါက သတိရပါ။ ကျွန်တော်တို့ စိတ်နှလုံးထဲမှာ လှိုက်လှိုက်လှဲလှဲသတိရပါ။ ဘုရားသခင်ထံ တော်ပါးကို ဒီညီကိုတို့နဲ့အတူ ချဉ်းကပ်ပါ။ ကျွန်တော်တို့ ခေါင်းငုံ့ပြီးဆုတောင်းကြပါစို့။

ကျေးဇူးတော် ကြီးမားလှပါသော ကောင်းကင်ဘုံရှင်အဖဘုရားသခင်၊ ကိုယ်တော်ရှင် ရှေ့တော်မှောက်သို့ ကျွန်တော်တို့ ယခု ကျေးဇူးတော် ပလ္လင်အားဖြင့်ဆောင်ယူလာခဲ့ ပါတယ်။ ကျွန်တော်တို့ မတ်တပ်ရပ်နေတဲ့အခါမှာ ဒီသစ်သား ခုံတန်းရှည် လေးတွေဘေးမှာရပ်နေကြပါတယ်။ ဒီကမ္ဘာလောကကြီးပေါ်မှာ ရပ်နေခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းဟာ ချီးမြှောက်ခြင်းခံရပြီးတော့ အင်မတန် ကြီးမားပြီး တောက်လောင်နေတဲ့ ပလ္လင်အထိရောက်ပါတယ်။ အဲဒီနေရာမှာ သခင် ယေရှုခရစ် ရှိပါတယ်။ အလွန်မွှေးကြိုင်တဲ့အနံ့ ဘုရားသခင်ရဲ့ရှေ့တော်ကိုရောက်ပြီး တော့ ကားတိုင်ပေါ်မှာ အသေခံပြီးတော့ ပူဇော်တဲ့ အသွေးတော်ရဲ့ အသေခံခြင်းဘဲဖြစ်ပါတယ်။ မည်သူဟာ ဖျားနာခြင်းတွေကို အောင်မြင်နိုင်သလဲ? အနာရောဂါတွေ အားလုံး သေခြင်းတရားကိုပင် အောင်မြင်တယ်၊ငရဲကိုလည်းအောင်မြင်တယ်။ သချႋုင်း ကိုလည်း အောင်မြင်ပြီးတော့ ရှင်ပြန်ထမြောက်ပြီး ကောင်းကင်ဘုံကိုတက်ကြွခဲ့ပါ တယ်။ ကိုယ်တော်ရှင်ရဲ့ လက်ျာဘက်မှာ ထိုင်နေခွင့်ကိုလည်း ရပါတယ်။ ကျွန်တော်တို့အားလုံးလည်း ယုံကြည်ခြင်းအားဖြင့် ရောက်လာပြီး ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ချီးမြှောက်ပြီးတော့ဘုရားရှေ့တော်မှာ ရပ်တည်ကြပါတယ်။ ပလ္လင်တော်ရှေ့မှာ ရပ်နေ ကြပါတယ်။ ကောင်းကင်နဲ့မြေကြီးကိုဖန်ဆင်းတဲ့ ဘုရားသခင်ရဲ့ရှေ့တော်မှောက်မှာ ရှိနေပါတယ်။ ကျွန်တော်တို့ကို လက်ခံတော်မူပါကိုယ်တော်၊ သခင်ယေရှုရဲ့နာမဖြင့် ကျွန်တော်တို့ ကိုယ်တော်ရှင်ရဲ့ ရှေ့တော်မှောက်ကို ရောက်လာကြခြင်းဖြစ်ပါတယ်။

8 ၈။ ဒီနေရာမှာ ကျွန်တော်တို့ ညီကိုတစ်ဦး ရှိပါတယ်။တော့ပ်ဝင်းကနေပြီး ရောက်လာ ခြင်းဖြစ်ပါတယ်။ တစ်ခြားနိုင်ငံဖြစ်တဲ့ ကနေဒါကနေပြီး ရောက်လာတဲ့သူတွေလည်းရှိပါတယ်။ ဒီနေရာကို အထူးသဖြင့် ရောက်လာခြင်းဘဲ ဖြစ်ပါတယ်။ ယုံကြည်ခြင်းနဲ့ အသက်တာအကြားမှာရှိနေပါတယ် ကိုယ်တော်၊ ဒီနေရာမှာ လူနှစ်ဦးရှိပါတယ်။ အ သက်ငယ်သေးတယ်။ ကိုယ်တော်ရှင်အတွက်အမှုတော်ဆောင်ဘို့ အချိန်ရှိနေသေးတယ် ကိုယ်တော်၊ သူတို့နှစ်ယောက်က စစ်သားများဖြစ်ပြီးတော့ခရစ်ယာန်များဖြစ်ကြတယ်။ ကိုယ်တော်ကို ယုံကြည်တဲ့သူများ ဖြစ်ပါတယ်။ ဒီလူနှစ်ယောက်ကိုရန်သူကနေပြီး မှျားနဲ့ပစ်လိုက်ပါတယ်။ အဲဒီမှျားမှာ အဆိပ်ပါတဲ့အတွက်ကြောင့် သူတို့ရဲ့ကိုယ်ခန္ဓာတစ်နေရာရာမှာ စိုက်မိတဲ့အခါမှာ သူတို့ကို စစ်တပ်ကနေပြန်ခေါ်ပြီးတော့ ဆေးရုံကိုပို့ ခဲ့ပါတယ်။ဘုရားသခင်ရဲ့ကျေးဇူးတော်အားဖြင့် ဆေးရုံကို ရောက်လာပြီး အနာရောဂါ ငြိမ်းဘို့အတွက် ကိုယ်တော်ရှင်ထံတော်ပါးမှာ ပြန်လည်ပြီးတော့ လွတ်ငြိမ်းချမ်းသာခွင့် ရဘို့အတွက် ရောက်လာပါတယ်။ သူတို့ကိုယ်တော်ရှင် ရှေ့တော်မှောက်ကို တစ်ဖန်ပြန် လည်ပြီးတော့ ချဉ်းကပ်ခွင့်ကို လိုပါတယ်။သူတို့ ဒိုင်းတွေကို မြှောက်ထားပြီးတော့ သူတို့ဟာ

စစ်ထွက်ကြတော့မှာ ဖြစ်ပါတယ်။ သူတို့ဟာဆုတောင်းခြင်းတပ်ဖွဲ့တွေနဲ့ လာပြီး ပူပေါင်းပြီးတော့ သူတို့ ဆုတောင်းခံပါတယ်။ ကျွန်တော်တို့ကလည်းရန်သူကို သွားပြီး ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။

သခင်ယေရှုရဲ့နာမ၌ သူတို့အားလုံး ချည်နှောင်ခြင်းမှလွတ်မြောက်စေရန် ကိုယ် တော်မစပါ။ သခင်ယေရှုရဲ့နာမ၌ သူတို့ကို ချည်နှောင်ခြင်းမှ လွတ်မြောက်စေဘို့မ စပါ။

သူတို့ဟာ တိုက်ပွဲရဲ့စစ်သည်များဘဲ ဖြစ်ပါတယ်။သူတို့ဟာ ကိုယ်တော်ရှင်ရဲ့အစေခံ ကျွန်များဘဲ ဖြစ်ပါတယ်။ ကျွန်တော် ရှေ့ထွက်ပြီးတော့သူတို့အပေါ်မှာ လက်တင်ပြီး တော့ ယုံကြည်ခြင်းနဲ့ ဆုတောင်းပေးပါတယ်။ အံ့ဘွယ်နိမိတ်လက္ခဏာတွေ၊ယုံကြည်သူများအတွက် ပေါ်ထွက်လာနိုင်ဘို့ မစတော်မူပါ။ အလွန်ကြီးမြတ်တဲ့ တိုက်ပွဲရဲ့ဗိုလ်ခြေ အရှင်သခင်ကို တောင်းဆိုပါတယ်။ သူတို့ဟာ ဖျားနာသူတို့အပေါ်မှာ လက်တင်ပြီးဆုတောင်းတဲ့အခါမှာ အနာရောဂါငြိမ်းစေမယ်လို့ ကိုယ်တော်ရှင် ဆိုထားပါတယ်။

သခင်ယေရှုရဲ့နာမ၌ ကျွန်ုပ်ဆုတောင်းပါတယ်။ဖျားနာခြင်းရဲ့တန်ခိုးတွေအားလုံး ဒီညီကိုရဲ့ကိုယ်ခန္ဓာကို ချည်နှောင်ထားတဲ့ အရာအားလုံးဖြေလွတ်ပါ။ သခင်ယေရှုရဲ့ နာမ၌တောင်းဆိုပါတယ်။ ဒီညီကိုရဲ့ ကိုယ်ခန္ဓာကို ချုပ်နှောင်ထားတဲ့ဖျားနာခြင်းတန်ခိုး သူ့ကို ချည်နှောင်ထားခြင်းမှ လွတ်မြောက်စေပါ။ သခင်ယေရှုရဲ့နာမ၌ဆုတောင်းပါ တယ်။

9 ၉။ ကြီးမြတ်တော်မူတဲ့ ဘုရားသခင် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသောအရှင်၊ ထာဝရအသက်ကို ပိုင်ဆိုင်တော်မူသောသခင် ကောင်းသော ဆုကျေးဇူးများကိုပေးပိုင်သောအရှင် ကိုယ်တော်ရှင်ရဲ့ ကောင်းချီးမင်္ဂလာများကို ကိုယ်တော်ရှင်ရဲ့ ကောင်းချီးပေးထားသောအရာပေါ်မှာ ချပေးသနားတော်မူပါ။ သမ္မာကျမ်းစာထဲတွင် ရေးသား ဖော်ပြထားသကဲ့သို့ဤတောင်ကို ရွှေ့စေဟု ပြောပါက သံသယမဝင်ပါနှင့်။ နှလုံးသား ထဲမှာ ဘာသံသယမရှိဘဲနှင့် လုံးဝယုံကြည်စိတ်ချရင်သင်ပြောတဲ့အတိုင်းဘဲ ဖြစ်လာမှာ ဖြစ်ပါတယ်။ သင်ပြောတဲ့အတိုင်း သင်ရမှာ ဖြစ်ပါတယ်။ အနာရောဂါဖြစ်ခြင်းသည်သူတို့ရဲ့ ကိုယ်ခန္ဓာများထဲမှ ပျောက်ကွယ်သွားတယ်ဆိုတာကို ကျွန်တော် ယုံကြည်ပါ တယ်။ယခုအခါမှာ ဖြစ်စေဟု ဆိုတဲ့အတိုင်း ဖြစ်မှာ ဖြစ်ပါတယ်။ အာမင်။

သခင်ယေရှုရဲ့ နာမ၌ ကျွန်တော်ယုံကြည်တဲ့အတိုင်းဘဲသင်ဟာ လွတ်မြောက်ပါ ပြီ။ သခင်ယေရှုရဲ့နာမ၌ ကျွန်တော်ယုံကြည်တဲ့အတိုင်းဘဲ သင်လွတ်မြောက်ပါပြီ။အာမင်။ အသင်းတော်ကလည်း ထိုနည်းငှင်းအတိုင်းဘဲ ယုံကြည်ပါသလား ? သို့ဖြစ်ပါ က ယုံကြည်တဲ့အတိုင်းဘဲ ဖြစ်ပါစေ။

10 ၁၀။ ဆုတောင်းခြင်းနဲ့ သတိရဘို့ရန်အတွက် ဒီထဲမှာရှိတဲ့တစ်ခြားလူတွေ ရှိပါသေး သလား ?လက်များကို မြှောက်ပြပါ။ ကိုယ်တော်ရှင်ထံတော်ပါးကို ချဉ်းကပ်ပြီး လက်တင် ပြီးတော့တစ်ယောက်အပေါ်မှာ တစ်ယောက် ဆုတောင်းပေးကြမှာ ဖြစ်ပါတယ်။ ယုံကြည်သောသူအပေါင်းတို့အတွက်ဤနိမိတ်လက္ခဏာများဖြစ်ပေါ်မယ်လို့ ဆိုထားပါ တယ်။

အသန့်ရှင်းဆုံးသော အဖဘုရားသခင် ယုံကြည်ခြင်းအားဖြင့်ကျွန်တော်တို့ သခင်ယေရှုကို တွေ့ပါသည်။ ကိုယ်တော်ရှင် မတ်တပ်ရပ်လျှက် ရှိနေတယ်ဆိုတာကိုကျွန်တော်တို့ ယုံကြည်ပါတယ်။ သူ့ရဲ့နှုတ်ကပတ်တော်ကို သူကြည့်ရှုနေပါတယ်။ ကိုယ်တော်ရှင်မိန့်တော်မူသည့်အတိုင်းဘဲ နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပို၍ စုဝေးပြီး ငါ၏ နာမမှာ ဆုတောင်းရင်သူတို့အလယ်မှာ ငါရှိမယ်လို့ ဆိုထားပါတယ်။ ကောင်းကင်ဗိုလ် ခြေ အဖဘုရားသခင် ကြီးမြတ်တော်မူတဲ့ဘုရားသခင်ရဲ့တန်ခိုးတော်ဟာ ဒီလူတွေ ကို ထိတွေ့ပါစေ။ ကိုယ်တော်ရှင် သူတို့ရဲ့လက်တော်တွေအားလုံးယှက်ထားပြီး တစ်ခုနှင့် တစ်ယောက် တစ်ယောက်အပေါ်တစ်ယောက် လက်တင်ပြီ◌ႏ ဆုတောင်းကြပါတယ်။ အသင်းတော်ကို ကိုယ်တော်ရှင် နောက်ဆုံးတာဝန်ပေးအပ်ခဲ့ပါတယ်။ယုံကြည်သောသူ တို့အပေါ်မှာ နိမိတ်လက္ခဏာများ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဖျားနာတဲ့သူများအပေါ်မှာ လက်တင်ပြီး ဆုတောင်းပြီး သူတို့ယုံမယ်ဆိုရင် သူတို့အနာရောဂါ ငြိမ်းမှာ ဖြစ်ပါတယ်။ကိုယ်တော်ရှင် ဂတိပေးခဲ့ပါတယ်။ ကျွန်တော်တို့လည်း ယုံကြည်ကြပါ တယ်။ အခုအခါမှာလည်း ကိုယ်တော်ရှင်ဂတိတော်အတိုင်း အမှုပြုခဲ့ပါတယ်။ ကိုယ်တော်ရှင်ကို ကျွန်တော်တို့ ချီးမြှောက်ကြပါတယ်။ကျေးဇူးတော် ချီးမွမ်းကြပါတယ်။ သခင်ယေရှုခရစ်ရဲ့နာမ၌ ..အာမင်။

သခင်ယေရှုရဲ့နာမ၌ ဘုရားသခင်ရဲ့တန်ခိုးတော်ဟာဒီလက်ကိုင်ပုဝါလေးတွေကို ဘိသိတ်ပေးပါစေ။ ဖျားနာတဲ့သူတွေ၊ အကူအညီလိုအပ်တဲ့သူတွေအတွက်ဖြစ်ပါစေ။ သူတို့ကို ကျွန်တော်တို့ စေလွှတ်တဲ့အခါမှာ အနာရောဂါဖြစ်နေတဲ့သူတွေအပေါ်မှာတင်ပြီး ဆုတောင်းမယ်ဆိုရင် သူတို့အနာရောဂါ ပျောက်ကင်းကြပါစေ။ သမ္မာကျမ်းစာ ထဲမှာ ကျွန်တော်တို့ဖတ်ရှုလေ့လာရတာကတော့ ပေတရုကိုကြည့်မယ်ဆိုရင် လက်ကိုင် ပုဝါတွေ၊ အဝတ်စတွေအားဖြင့် မသန့်ရှင်းတဲ့ဝိညာဉ်တွေဟာလူတွေထဲက ထွက်ခွာသွား ပါတယ်။ အနာရောဂါတွေအားလုံးလည်း ပျောက်ကင်းခွင့်ကို ရပါတယ်။ အဖဘုရားသခင် ကျွန်တော်တို့ဟာ ရှင်ပေါလု မဟုတ်ပါဘူး ဒါပေမဲ့လည်း ကျွန်တော်တို့ဟာ ကိုယ်တော်ရှင်သခင်ယေရှုအသက်ရှင်နေဆဲဖြစ်တယ်ဆိုတာကို သိပြီး ကျွန်တော်တို့ ဆုတောင်းပါတယ်။ ကိုယ်တော်ရှင် ဘုန်းတော်ထင်ရှားစေဘို့အတွက် ကျွန်တော်တို့ ဆုတောင်းသံကို ကိုယ်တော်ရှင် အဖြေပေးတော်မူပါ။ ချပေးသနားတော်မူပါ။အာမင်။

11 ၁၁။ တိတ်ခွေတွေ ရှိမရှိ၊ ကျွန်တော် မသိပါဘူး။တိတ်ခွေတွေကို ဖွင့်ထားပြီလား ?မဖွင့်ထားရသေးဘူးဆိုရင် ဒီအချိန်မှာ ဒီတိတ်ခွေတွေကို ဖွင့်ထားဘို့ ကျွန်တော် လိုလားပါတယ်။ မီးခလုတ်ကိုလည်း အပေါ်တင်ထားတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီည တော့ ခင်ဗျားတို့မောပန်းမယ်လို့ကျွန်တော် မထင်ပါဘူး။ ကျွန်တော် နာရီဝက်လောက် စပြီး (၃၅)မိနစ်စောစပါတယ်။ (ဥပုဒ်စာဖြေ)သင်ခန်းစာလည်း ဖြစ်ပါတယ်။ အဲဒီသင်ခန်းစာမျိုးကတော့ ကောင်းမယ်လို့လည်း ကျွန်တော် ထင်ပါတယ်။ကျွန်တော် ဒီတိတ်ခွေရှိတယ်ဆိုရင် ကျွန်တော့်ရဲ့နှလုံးသားထဲမှာ တိတ်ခွေဖွင့် ပြီးသားရှိနေပါတယ်။ ခင်ဗျားတို့လည်း ကျွန်တော်တို့အားလုံး ဒီတဲတော်အသစ်ထဲမှာ အားလုံး ပုံစံအသစ်နဲ့ယခုရှိနေပါတယ်။

12 ၁၂။ အခု ကျွန်တော် သမ္မာကျမ်းစာ ကျမ်းချက်အသစ်ကလေးကိုဖတ်ပြလိုပါတယ်။ ခင်ဗျားတို့လည်း ကျွန်တော်နဲ့အတူ

လိုက်ဖတ်ချင်တယ်ဆိုရင် ကျွန်တော်ဟာကျွန်တော် ဟာ ခမ်္မရာဇဝင် ပဋ္ဌမစောင် ၈း၁မှ စဖတ်လိုပါတယ်။ အခန်းငယ်လေးမှ ၁၀ အထိဖတ်ရပါမယ်။နောက်ပြီး အချိန်ကုန်သက်သာအောင် ၁၉-မှ ၂၀ကို ဖတ်မှာ ဖြစ်ပါတယ်။ ကျွန်တော့်မှာ ကျမ်းညွှန်းတွေအများကြီးရှိပါတယ်။ ကျွန်တော် စာရွက်တွေပေါ်မှာ ရေးထားပါတယ်။ ခင်ဗျားတို့မှာ ခဲတံ၊ ဘောလ်ပင်ဒါမှမဟုတ်စာရွက်တို့ ခင်ဗျားတို့မှာ ရှိတယ်ဆိုရင် ဒီကျမ်းညွှန်းလေးတွေကို လိုက်ပြီးကူးထားလို့ရပါတယ်။ ဒါမှမဟုတ်ရင် မစ္စတာမက်ဂွိုင်းယားက တိတ်နဲ့ဖမ်းထားပေးမှာ ဖြစ်ပါတယ်။

ကျွန်တော် ဒီတိတ်တွေကို အမှုတော်ဆောင်တွေကိုပေးချင်ပါတယ်။ ကျွန်တော့်ရဲ့ ညီကို အမှုတော်ဆောင်များ ကျွန်တော့်ကို အထင်လွဲတဲ့သူတွေကိုအထူးသဖြင့် ကျွန် တော်ပေးလိုပါတယ်။ ဂိုဏ်းဂဏဆိုင်ရာ အသင်းတော်များမှာ ရှိနေတဲ့ ညီကိုတွေဘဲဖြစ်ပါတယ်။ များသောအားဖြင့် အားလုံးဟာ ဂိုဏ်းဂဏတွေ ဖြစ်နေကြပါတယ်။

13 ၁၃။ ကျွန်တော်ရဲ့ ဒီညပြောမဲ့အကြောင်းအရာကတော့ကျွန်တော်ဟာ ဘာကြောင့် ဘာသာရေးအဖွဲ့အစည်းကို ဆန့်ကျင်ရတဲ့အကြောင်းရင်းဘဲ ဖြစ်ပါတယ်။ကျွန်တော် သမ်္မာကျမ်းစာကို ဖတ်မှာ ဖြစ်ပါတယ်။ တစ်ကယ်ဘဲ ကျမ်းချက်နဲ့ကိုက်ညီအောင်လို့ကျွန်တော် ဖတ်ပြမှာ ဖြစ်ပါတယ်။ (၁ဓမ်၊ ၈း၄-၁၀၊ ၁၉း၂၀)ကို ဖတ်မှာ ဖြစ်ပါတယ်။ ကျွန်တော်မြင်တွေ့နေရတဲ့ ပရိသတ်ရဲ့ ကျွန်တော် ယုံကြည်ထားတာက ဘာလဲဆိုတော့ ဒီကျမ်းချက်တွေကို ရေးမှတ်ထားပြီးအိမ်ပြန်ရောက်တဲ့အခါမှာ သေသေချာချာ ဖတ် ကြည့်ဘို့ လိုပါတယ်။ တိတ်ခွေကို နားထောင်တဲ့ညီကိုတွေအတွက်လည်းကျွန်တော် ယုံကြည်တာကတော့ ခင်ဗျားတို့ ဒီတိတ်ခွေကို မရပ်မချင်း နားထောင်လို့ရပါတယ်။ နောက်ပြီး သံသယဖြစ်တယ်။ ဒီတိတ်ခွေကို နားထောင်ပြီးတော့ လက်မခံနိုင်တာရှိရင် လည်း ပြောပြလို့ရပါတယ်။အဲလိုဖြစ်တဲ့အခါမှာ ဘုရားသခင်ကို မေးကြည့်ပါ။ ကျမ်းစာ နဲ့ ကိုက်ညီမှုရှိမရှိ ဆိုတာကိုမေးကြည့်ပါ။ ဒီနေ့ခေတ်ကာလ သတင်းစကားနဲ့ပတ်သက် လို့ ကျွန်တော် စဉ်းစားမိတာကတော့ ကျွန်တော်တို့ဖာသာကျွန်တော်တို့ တာဝန်ရှိတာ ဘဲလို့ ကျွန်တော်ယုံကြည်ပါတယ်။

အသင်းတော်တွေ အားလုံးမှာ ခရစ်ယာန်တွေ ရှိပါတယ်။အဲဒီ ခရစ်ယာန်တွေကို ကျွန်တော်က ဆန့်ကျင်ပြီး မပြောလိုပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်လုပ်ခဲ့တဲ့အရာ အတွက် ကျွန်တော်လုပ်ရတဲ့ အကြောင်းရင်းကတော့ ဘာလဲဆိုတော့ နှုတ်ကပတ်တော်အပေါ်မှာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ မှုတ်သွင်းခြင်း တန်ခိုးအာဏာဘဲ ဖြစ်ပါတယ်။ (၁ဓမ်၊ ၈း၄-၁၀)

14 ၁၄။ (၁ဓမ္မ ၈ မှ) စတင်၍ ဖတ်မှာ ဖြစ်ပါတယ်။အငယ် ၄-မှ ၁၀- အထိ ဖတ်မှာ ဖြစ်ပါတယ်။ ထိုအခါ ဣသရေလအမျိုး အသက်ကြီးသူအပေါင်းတို့သည်စည်းဝေး၍ ရှမွေလရှိရာအရပ်၊ ရာမမြို့သို့ လာပြီးလျှင် ကိုယ်တော်သည် အသက်ကြီးပါ၏။ ကိုယ်တော်၏သားတို့သည် ကိုယ်တော်လမ်းသို့ မလိုက်ကြပါ။ လူမျိုးအားလုံးတို့၏ ထုံးစံရှိသည် အတိုင်းအကျွန်ုပ်တို့ကို အုပ်စိုးရသော ရှင်ဘုရင်ကို ချီးမြှောက်ပါလော့ ဟု လျှောက်ကြ ၏။ ထိုသို့အကျွန်ုပ်တို့ကို အုပ်စိုးရသော ရှင်ဘုရင်ကို ပေးပါလော့ဟု လျှောက်သောအမှု ကို ရှမွေလသည်မနှစ်သက်သောကြောင့် ထာဝရဘုရားအား ဆုတောင်းလေ၏။ ထာဝရဘုရားကလည်း သင့်အား လူမျိုးတို့ပြောဆိုနေကြသောစကားကို နားထောင် လော့။ သူတို့သည် သင့်ကိုသာမပယ်၊ ငါသည် သူတို့ကို မအုပ်စိုးစေခြင်းငှာငါ့ကိုလည်း ပယ်ကြပြီ။ သူတို့ကို အဲဂုတ္တုပြည်မှ ငါဆောင်ခဲ့သောနေ့မှစ၍ ယနေ့တိုင်အောင်ငါ့ကိုစွန့်၍ အခြားတစ်ပါးသော ဘုရားတို့ကို ဝတ်ပြု၍ ကျင့်မိသမျှသော အကျင့်အတိုင်း သင်၌လည်း ပြုကြ၏။ ယခုမှာ သူတို့စကားကို နားထောင်လော့။သို့ရာတွင် သူတို့ကို သတိပေး၍ သူတို့ကို အုပ်စိုးသော ရှင်ဘုရင်၏ ထုံးစံကို ပြလော့ဟုမိန့်တော်မူ၏။ ရှမွေလသည်လည်း ရှင်ဘုရင်ကို တောင်းသောသူတို့အား ထာဝရဘုရား အမိန့်တော်ရှိသမျှကို ပြန်ပြော၍ (၁ဓမ္မ ၈း၁၉-၂၀)

တစ်ဖန် အခန်းကြီး ၁၉နဲ့၂၀ကိုလည်း နိဂုံးချုပ်အနေနဲ့ဖတ်ပြမှာ ဖြစ်ပါတယ်။ သို့သော်လည်း လူများတို့ကလည်း မဟုတ်ပါ။ အုပ်စိုးသော ရှင်ဘုရင်ကိုလိုချင်ပါ၏။ ကျွန်ုပ်တို့သည် တစ်ပါးအမျိုးသားတို့နှင့် တူညီကြောင်း ကျွန်ုပ်တို့ကိုအုပ်စိုးသောရှင် ဘုရင် ရှိရမည်။ အကျွန်ုပ်တို့ရှေ့မှာ ထွက်ကြွ၍ စစ်တိုက်သော ရှင်ဘုရင်ရှိရမည်ဟုရှမွေလ၏စကားကို နားမထောင်ဘဲ ဆိုကြ၏။

ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်ကို ဖတ်ခြင်းအပေါ်မှာကိုယ်တော်ရှင်၏ ကောင်းချီးမင်္ဂလာ သက်ရောက်ပါစေ။ တနင်္ဂနွေ ဥပုဒ်စာဖြေ သင်တန်းအနေနှင့်ကျွန်တော်ပြောချင်တဲ့အရာကတော့ ကျွန်တော်တို့ နှုတ်ကပတ်တော်ကို အတတ်နိုင်ဆုံး ဂရုစိုက်ဘို့ဘဲဖြစ်ပါတယ်။

15 ၁၅။ တစ်ခါတစ်ရံမှာ ပြောဆိုတဲ့ အကြောင်းအရာတွေကတော့ဘာလဲဆိုရင် အချို့ သော အသင်းတော်တွေမှာ တစ်စုံတစ်ယောက်သောသူကို မှားယွင်းစေတယ်၊ ထိမိ၍လဲစရာဖြစ်စေတယ်။ သူတို့ကြားနာရတဲ့ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။ ဥပမာအားဖြင့် တစ်နေ့က လူတစ်ယောက်ကကျွန်တော်ကို ပြောခဲ့ပါတယ်။ ကျွန်တော့်ရဲ့မိတ်ဆွေဖြစ်ပြီး တော့ သူဟာ လက်ရှိထိုင်နေပါတယ်။ သူဘာပြောလဲဆိုတော့ ဘရာသာဗရမ်ဟမ် ခင်ဗျားပြောတဲ့အခါမှာ ယုံကြည်ခြင်း ရှိနိုင်သလောက်ရှိရမယ်။ ယုံကြည်ပါ။ အဲလိုယုံကြည်မယ်ဆိုရင် ထာဝရင်ရဲဆိုတာ မရှိဘူးလို့ ပြောပါတယ်။ ကျွန်တော်ထိုင်နေတဲ့ နေရာကနေပြီးတော့ ပြုတ်ထွက်သွားမလိုဘဲ ဖြစ်နေပါတယ်လို့ သူကပြောပါတယ်။ ကျွန်တော်ကလည်းအဲဒီလူ တစ်ကယ်ဘဲ မှားနေတယ်လို့ ဆိုချင်ပါတယ်။ ကျွန်တော် ဘာပြောချင်သလဲဆိုတော့ ကျွန်တော်တို့ခဏထပြီး မတ်တပ်ရပ်ကြပါစို့။ နောက်ပြီး သင်ပြောသလိုဘဲ ထာဝရအသက်ဆိုတာ ပုံစံတစ်မျိုးတည်းဘဲရှိတယ်။ အဲဒါဘုရား သခင်ထံတော်က လာတာဖြစ်ပါတယ်။ အဲဒီအားလုံး အဲဒီအရာတွေအားလုံး ကျွန်တော်တို့က ဘုရားသခင်ထံမှာ ရှာဖွေခြင်းဘဲဖြစ်ပါတယ်။

16 ၁၆။ ကျမ်းချက်တွေကိုပြန်ကြည့်မယ်ဆိုရင် ထာဝရငရဲရှိတယ်ဆိုတဲ့ ကျမ်းချက် ဘယ် မှာမှ မတွေ့ရပါဘူး။ အကြောင်းကတော့ထာဝရဆိုတာ ဘယ်တော့မှ အစမရှိဘူး။ အဆုံးလည်း မရှိလို့ဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်းသမ်္မာကျမ်းစာဆိုထားတာက တော့ ငရဲဆိုတာ နတ်ဆိုးနဲ့ သူရဲ့နောက်လိုက် ကောင်းကင်တမန်တွေအတွက်ဘဲဖန်ဆင်းထားတယ်လို့ ဆိုထားပါတယ်။ အဲဒါကြောင့် ထာဝရမဟုတ်ပါဘူး။ ငရဲရှိခဲ့တဲ့

အချိန်ရှိခဲ့သလိုတစ်ချိန်ချိန်မှာလည်း တစ်ဖန်ပြန်ပြီး ရှိလာမှာ မဟုတ်ပါဘူး။ သူတို့ကို အဲဒီငရဲထဲမှာဒါဏ်ပေးမှာ ဖြစ်ပါတယ်။ ကန့်နဲ့ငရဲမီးတွေနဲ့ ဒါဏ်ပေးမှာ ဖြစ်ပါတယ်။ မီးအိုင်ကြီးတွေထဲချမှာဖြစ်ပါတယ်။ အချိန်အကန့်အသတ်ရှိမှာ ဖြစ်ပါတယ်။ နောက်ဆုံး မှာတော့ အဆုံးသတ်သွားမှာ ဖြစ်ပါတယ်။ဘာကြောင့်လဲဆိုတော့ ငရဲဟာ ထာဝရ မဟုတ်လို့ဘဲဖြစ်ပါတယ်။ အကယ်၍ ထာဝရငရဲ ရှိခဲ့တယ်ဆိုရင်သင်ဟာလည်း ထာဝရငရဲထဲမှာ ထာဝရအသက်ရှင်ခွင့်ရမှာ ဖြစ်ပါတယ်။ အဲဒါဟာ ထာဝရဖြစ်ရင်အ မြဲတမ်းဖြစ်မှာဖြစ်ပြီးအမြဲတမ်းငရဲထဲမှာ နေရမှာဖြစ်ပြီး အမြဲတမ်းဘဲ သင်ဟာ ငရဲထဲ မှာ ရှိနေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့အဲဒီအရာမျိုး မရှိဘူးလို့ ပြောချင်ပါတယ်။

ထာဝရဆိုသည်မှာ အစမရှိ၊ အဆုံးမရှိကို ဆိုလိုခြင်းဖြစ်ပါတယ်။ထာဝရအသက် ပုံစံတစ်ခုတည်း ရှိပါတယ်။ ဘုရားသခင်၌ တွေ့ရပါတယ်။ ဘုရားသခင် အတွင်းမှာဘဲ ကျိန်းဝပ်ပါတယ်။ဂရိစကားလုံး ဇိုးဆိုတဲ့ စကားလုံး ကနေလာပြီးတော့ အဓိပ္ပါယ်မှာ ဘုရားသခင်၏ပင်ကိုယ်အသက်တာပင်ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အသစ်တစ်ဖန်မွေးဖွားလာတဲ့အခါမှာကျွန်တော်တို့ဟာ ဘုရား သခင်နဲ့အတူ အသက်ကို ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်ရဲ့အသက်တာကို ကျွန်တော်တို့ တစ်စိတ်တစ်ဒေသ တစ်ပိုင်းရရှိလို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဟာဘုရားသားသမီး ဖြစ်ရသောအခွင့်ကို ရပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော်တို့ ထာဝရအသက်ကိုရပါတယ်။ ကျွန်တော်တို့အထဲမှာရှိတဲ့ အသက်တာဟာဆိုရင် ဘုရား သခင်ဟာ ကျွန်တော်တို့ကို ခန္ဓာကိုယ်အားဖြင့်ပြန်ရှင်ပြန်ထမြောက်ပြီ◌ၤး ဒီနောက်ဆုံး သောနေ့ရဲ့ အသက်တာကို ရရှိမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်းအဲဒါဟာ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့အထဲမှာ ကျိန်းဝပ်ပြီးတော့ပြန်ပြီး ကျွန်တော် တို့ကို ရှင်ပြန်ထမြောက်စေပါတယ်။ အဲဒါဟာ ဘုရားသခင်ရဲ့ဝိညာဉ်၊ သခင်ခရစ်တော်ရဲ့ဝိညာဉ် ဖြစ်ပါတယ်။ ခရစ်တော်ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကိုယ်ခန္ဓ◌ာတွေကို ပြောင်းလဲစေပြီးတော့ရှင်ပြန်ထမြောက်စေမှာ ဖြစ်ပါတယ်။ ကိုယ်တော်နဲ့အတူ ဘုန်းဝင် စားပြီး ကိုယ်တော်နဲ့အတူအုပ်စိုးခွင့်ကို ရမှာဖြစ်ပါတယ်။

17 ၁၇။ ယခု ကျွန်တော်ပြောမဲ့အကြောင်းအရာကိုပြန်ပြီး ပြောရမှာ ဖြစ်ပါတယ်။ ဒီနှစ် ပေါင်းများစွာအတွင်း ဒီတဲတော်ထဲမှာ ကျွန်တော်ရပ်ပြီး တရားဟောခဲ့ပါတယ်။ ကျွန် တော်ဟာမစ်ရှင်နရီ နှစ်ခြင်းအသင်းတော်မှာ ဘိသိတ်သိက္ခ◌ာရခဲ့တဲ့သူတစ်ယောက်ဘဲ ဖြစ်ပါတယ်။ ဒေါက်တာ ရွိုင်းအီးစ်ဒေးဗစ်က ကျွန်တော့်ကို သိက္ခ◌ာပေးခဲ့ပါတယ်။ဟိုးလွန်ခဲ့တဲ့ (၃၃)နှစ် ခန့်အချိန် ဒီဂျက်ဖာဆင်ဗီးလ်မြို့ကလေးမှာဘဲဖြစ်ပါတယ်။ အဲဒီအချိန်ကတည်းကကျွန်တော်ဟာ အဖွဲ့အစည်းထဲမှာ ရှိနေပါတယ်။ ဒါပေမဲ့လည်း အချိန်တိုတောင်းလှပါတယ်။ လပေါင်းအနည်းငယ်အတွင်းဘဲဖြစ်ပါတယ်။ တစ်စုံတစ် ရာသောအရာဟာ ကျွန်တော်အပေါ်မှာ သက်ရောက်တဲ့အခါမှာ အဲဒါကတော့ ဘာလဲဆိုတော့ သမ္မ◌ာကျမ်းစာနဲ့ မကိုက်ညီတဲ့အရာဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ဘုရား ကျောင်းကနေပြောဆိုခြင်း ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့ ကျွန်တော်ဟာ ဆက် လက်ပြီး သူတို့နဲ့အတူလက်မတွဲဖြစ်တော့ပါဘူး။ ကျွန်တော်ကနေ ဆက်ပြီးတော့ တစ် ခြားဟာကို ပြောင်းလုပ်ဘို့ ပြောဆိုခြင်း ခံရပါတယ်။ အဲဒီတော့လည်းကျွန်တော်က တစ်ခြားအရာကို ပြောင်းပြီးလုပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ယုံကြည်တာ တစ်ခုတော့ရှိပါတယ်။ ဒါကဘာလဲဆိုတော့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ တစ်ကယ့် ဆရာကြီးဖြစ်တဲ့လူပုဂ္ဂိုလ်ကြီးကို ကျွန်တော် ပြောခဲ့ပါတယ်။ ခင်ဗျားဟာ နှုတ်ကပတ်တော်ထဲမှာ ရှိတဲ့အရာကိုကျွန်တော့်ကိုပြောပြီး ပြသနိုင်မယ်ဆိုရင်လို့ ပြော တဲ့အခါမှာ သူက အဲဒါကတော့ ငါတို့ရဲ့သွန်သင်ခြင်းတွေလို့ဘဲ ပြန်ပြောခဲ့ပါတယ်။ ကျွန်တော်ကတော့ နှုတ်ကပတ်တော်နဲ့အညီ သွန်သင်တာကိုဘဲလိုချင်တယ်လို့ ပြန်ပြော ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကိုဘဲ လိုချင်တယ်လို့ သူ့ကိုပြန်ပြောခဲ့ပါတယ်။

18 ၁၈။ ကျွန်ဟာ အဖွဲ့အစည်းထဲမှာ မပါဝင်လို့အဖွဲ့အစည်းကိုဆန့်ကျင်ခြင်း မဟုတ်ပါဘူး။ အကြောင်းကတော့ ကျွန်တော့်ညီကိုတွေကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ ဒီနေ့ ကျွန်တော် စကားပြောနေတဲ့အခါမှာ နားထောင်နေတဲ့ ညီကိုတွေဘဲဖြစ်ပါတယ်။သူတို့ က ကျွန်တော့်ကို ဖိတ်ခေါ်တယ်။ ဂိုဏ်းဂဏပေါင်းစုံက ဖြစ်ဟန်တူပါတယ်။ အထူးသ ဖြင့် ဧဝံဂေလိ အပြည့်အဝထောက်ခံတဲ့ အနေအထားမှာ ရှိပါတယ်။ တစ်ခြားအသင်းတော် ဘုရားကျောင်းတော်တော်များများကလည်း ပါပါတယ်။ သူတို့ မိသဟာရဖွဲ့ခြင်းကိုကျွန်တော်လာပြီး သူတို့နဲ့ပါဝင်မိသဟာရဖွဲ့ဘို့ သူတို့က ဖိတ်ခေါ် ပါတယ်။ ဒါပေမဲ့လည်းကျွန်တော်က လွတ်လွတ်လပ်လပ်နဲ့ ရပ်တည်ပါတယ်။ ဘာ ကြောင့်လဲဆိုတော့ ကျွန်တော့် အနေနဲ့လူစုတစ်စုအပေါ်မှာ ကျွန်တော်ရပ်တည်ဘို့ ကျွန်တော်ရဲ့ဩဇာကိုလည်း အဲဒီလူစုတစ်စုအပေါ်မှာကျွန်တော် သက်ရောက်ဘို့အ တွက် ကျွန်တော် မလိုလားပါဘူး။ ဘုရားသခင် ကျွန်တော့်ကို ပေးအပ်တဲ့အရာကိုကျွန်တော်ဟာ လူနာတွေကို ရောဂါပျောက်အောင် ဆုတောင်းပေးမယ်။ ဘုရားသား သမီးတွေကို အားလုံးအကျိုးပြုပြီးတော့ဘယ်ဂိုဏ်းဂဏ၊ ဘယ်အဖွဲ့အစည်း ကမဆို လာသမျှလူတွေအတွက် အကျိုးရှိစေလိုပါတယ်။ ကိုယ်တော်ရှင်ကကျွန်တော့်ကို ဆုတောင်းပေးဘို့အတွက် ဘာမှ မေးခွန်း မထုတ်ပါဘူး။ ဘယ်ဂိုဏ်းဂဏကလဲ၊ ဘာလဲစသည်ဖြင့် ဘုရားသခင်က လူသားတွေရဲ့ စိတ်နှလုံးတွေကို စီရင်ခြင်း မရှိပါဘူး။

19 ၁၉။ အခု ကျွန်တော် စတင်ပြီးပြောမဲ့အကြောင်းအရာကတော့သူတို့နဲ့ကျွန်တော် မပတ်သက်ရတဲ့အကြောင်းဘဲ ဖြစ်ပါတယ်။ အဲဒီလူတွေကို ဆန့်ရဘို့အတွက်ကလည်း ပထမဆုံး အချက်အနေနဲ့ သူတို့ရဲ့ ခရစ်ယာန်ဆန်တဲ့ အဖွဲ့အစည်းတွေကိုကျမ်းစာနဲ့ ကိုက်ညီတယ်လို့ ကျွန်တော်က မယုံကြည်လို့ဘဲ ဖြစ်ပါတယ်။ အဲဒါက ကျမ်းစာနဲ့မ ကိုက်ညီဘူးလို့ဘဲ ကျွန်တော် ယုံကြည်ပါတယ်။ ဒီနေ့ညမှာ ဘုရားသခင်ကျေးဇူးတော် အားဖြင့်ကျွန်တော်ကြိုးစားပြီး သမ္မ◌ာကျမ်းစာနဲ့ မကိုက်ညီတဲ့အကြောင်း သက်သေပြမှာ ဖြစ်ပါတယ်။ ဘယ်လိုအဖွဲ့အစည်းကိုမဆို ဖွဲ့စည်းဘို့အတွက် အခွင့်အာဏာမရှိဘူးလို့ ကျွန်တော် ပြောချင်ပါတယ်။

ကျွန်တော်တို့က ဘာသာရေးဟု ခေါ်ကြပါသည်။ ဘာသာရေးဆိုသည်မှာဖုံးအုပ်ခြင်းပင် ဖြစ်ပါသည်။ တစ်စုံတစ်ရာကို ဖုံးအုပ်သည်ဟု အဓိပ်◌ွါယ်ရပါသည်။ အာဒံမှာ ဘာသာရေးရှိပါသည်။ သို့သော်လည်း သူအမှန်တစ်ကယ်ပင် သူ့အတွက်သူလုပ် ပါသည်။ သဖန်းရွက်များအားဖြင့်ပြုလုပ်ခြင်း ဖြစ်ပါသည်။ အလုပ်မဖြစ်ပါ။ သူ့ရဲ့အ တွေးအခေါ် သီအိုရီအားဖြင့် သူကြိုးစားပြီးကယ်တင်ခြင်းရရှိရန်

နည်းလမ်းကိုရှာဖွေ ခြင်းပင် ဖြစ်ပါတယ်။ သူ့ဟာသူလုပ်တဲ့နည်းလမ်းနဲ့လွတ်မြောက်အောင် သူကြိုးစား ပါတယ်။ ဘုရားသခင်က ထိုအရာကို ငြင်းပယ်ခဲ့ပါတယ်။ အာဒံမှစ၍နောက်ဆုံးအ ဖွဲ့အစည်းသို့တိုင်အောင် ဖြစ်ပါတယ်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဘယ်သောအခါမှ မဖြစ်ပါ။ သို့သော်လည်း ယနေ့ သမ္မာကျမ်းစာအားဖြင့် ကျွန်တော်တို့ သက်သေပြ နိုင်ပါတယ်။ဘာသာရေးဆိုသည်မှာ ဖုံးကွယ်ခြင်း အဖုံးတစ်ခုပင် ဖြစ်ပါတယ်။ အာဒံက မိမိဖာသာမိမိ သစ်ရွက်များအားဖြင့်ဖုံးကွယ်ဘို့ ကြိုးစားပါတယ်။ သူ့ဟာသူ တစ်စုံတစ် ခုကို ပြုလုပ်ခြင်း ဖြစ်ပါတယ်။

ဘုရားသခင်ကတော့ အစားထိုးဘို့ရန် သေခြင်းကိုလိုလားပါတယ်။

20 ၂၀။ ထို့ကြောင့်ဘာသာရေးနှင့် ကယ်တင်ခြင်း အကြားမှာ ကြီးမားသောကွာခြားချက် ရှိနေပါတယ်။ ဘာသာရေးနှင့်ကယ်တင်ခြင်းပင် ဖြစ်ပါတယ်။ ဘာသာရေးကတော့ ဖုံးအုပ်ခြင်းဘဲ ဖြစ်ပါတယ်။ ကယ်တင်ခြင်းကတော့အသစ်တစ်ဖန် မွေးဖွားခြင်းပင် ဖြစ်ပါတယ်။ ဘုရားသခင် ပေးသောဆုကျေးဇူးပင် ဖြစ်ပါတယ်။ ကယ်တင်ခြင်းသည်ဖွားမြင်ခြင်းပင် ဖြစ်ပါတယ်။ ဘုရားသခင်ထံတော်မှ ဆုကျေးဇူးဘဲ ဖြစ်ပါတယ်။ မည်သူကမှ အောင်မြင်စွာ ပြုလုပ်နိုင်မည် မဟုတ်ပါ။ မည်သည့်လူ့အဖွဲ့အစည်းကမှ မပြုလုပ်နိုင်ပါ။ ဘုရားသခင်ကဤဆုကျေးဇူးကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီအတွက် ယူဆောင်ပေးခြင်းပင် ဖြစ်ပါတယ်။ ဤဆုကျေးဇူးများမှာထာဝရအသက် ဖြစ်ပြီး ဘုရားသခင်က လူတစ်ဦးစီ အတွက် ဘိသိတ်ပေးထားခြင်းပင် ဖြစ်ပါတယ်။ ဒီကမ္ဘာလောကကြီးမစတင်မီကပင် ကိုယ်တော်ရှင် ဘိသိတ်ပေးထားပြီး ဖြစ်ပါတယ်။ သမ္မာကျမ်းစာနှင့်လည်း ကိုက်ညီပါတယ်။သမ္မာကျမ်းစာ ဆိုထားတဲ့အတိုင်း ဗျာဒိတ်ကျမ်းထဲတွင် အန္တိခရစ်သည် ဒီကမ္ဘာ လောကကြီးထဲသို့ဆင်းသက်လာမည်ဖြစ်ပြီး ကမ္ဘာလောကကြီးမှာ ကျိန်းနေသမျှသော သူများအားလုံးကို လှည့်ဖျားမှာဖြစ်ပါတယ်လို့ ရေးသားထားပါတယ်။ သိုးသူငယ်ရဲ့ အသက်စာစောင်မှာ အမည်စာရင်း ရေးသွင်းထားခြင်းမရှိတဲ့သူတွေအားလုံးကို လှည့်ဖျားမှာ ဖြစ်ပါတယ်။ ကမ္ဘာအစအဦးမှစ၍ သိုးသူငယ်ရဲ့ အသက်စာရင်းစာစောင်မှာစာရင်းမဝင်တဲ့သူတွေအားလုံးပင် ဖြစ်ပါတယ်။ ဘုရားသခင်ဟာ သူ့ရဲ့ကြိုတင် သိမြင် နိုင်တဲ့အသိစိတ်အားဖြင့်မည်သူက ကိုယ်တော်ရှင်ထံလာမယ်၊ မည်သူက မလာဘူးဆို တာကို ကြိုတင်သိနှင့်ပြီး ဖြစ်ပါတယ်။ သခင်ယေရှုကြွလာတော်မူပြီး ကိုယ်တော်ရှင်ထံ ကြွလာတော်မူမည့် နည်းလမ်းကို ပေးခဲ့ပါတယ်။အခြားသောသူများကို ကိုယ်တော်ရှင် သိနှင့်ပြီး ဖြစ်ပါတယ်။

21 ၂၁။ ကိုယ်တော်ရှင်ဟာ ဘုရားသခင်ဖြစ်တယ်ဆိုရင်သူဟာ အကန့်အသတ်မဲ့ ဖြစ်နေရ ပါမယ်။ အကန့်အသတ်မဲ့ ဖြစ်နေမယ်ဆိုရင် သူ့ကို ကန့်သတ်ထားလို့မရပါဘူး။ အရာခပ်သိမ်းကို ကိုယ်တော်ရှင်ဟာ တတ်စွမ်းနိုင်ပါတယ်။ နေရာတိုင်းမှာ ကိုယ်တော်ရှင် ရှိနေရမှာ ဖြစ်ပါတယ်။ နေရာတိုင်းမှာ ရှိနေမှသာ အရာခပ်သိမ်းကို တတ်စွမ်းနိုင် မှာဖြစ်ပါတယ်။ အရာခပ်သိမ်းကိုလည်း ကိုယ်တော်ရှင် သိမြင်နိုင်နေမှာ ဖြစ်ပါတယ်။ နေရာတိုင်းမှာရှိနေမှသာ အရာခပ်သိမ်းကို သိမြင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒါတွေအား လုံးဟာ သူဘုရားဖြစ်ခြင်းအကြောင်းရင်းပင် ဖြစ်ပါတယ်။ (ယောဖ ၃၇-၄၄)

ကိုယ်တော်ရှင်ဟာ ဟိုးအစအဦးကတည်းက အဆုံးကိုသိမြင်နေပြီးဖြစ်ပါတယ်။ မည်သူက ကိုယ်တော်ရှင်ထံလာမယ်၊ မည်သူမလာဘူးဆိုတာကို ကိုယ်တော်ရှင်သိပါတယ်။ မြောက်များစွာသောလူတို့ ကိုယ်တော်ရှင်ထံ လာမယ်ဆိုတာကိုလည်း ကိုယ်တော် ရှင်သိပါတယ်။ခရစ်တော်ဘုရားကို သူစေလွှတ်ပြီးတော့ အစားထိုးအသေခံစေပါ တယ်။ သူ့ထံကို လာမဲ့သူများအတွက်ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ဘာကိုမှ ပြုလုပ်နိုင်စွမ်း မရှိပါဘူး သခင်ယေရှု မိန့်တော်မူတဲ့အတိုင်းဘဲငါ့အဖက ငါ့ကိုပေးအပ် သောသူများအားလုံး ငါ့ထံသို့ လာကြမှာ ဖြစ်တယ်။ ငါ့အဖက ဆွဲဆောင်မှုမရှိရင်မည်သူမှ ငါ့ထံသို့ လာနိုင်မှာ မဟုတ်ဘူးလို့ ဆိုထားပါတယ်။ အားလုံးဟာ ဘုရားသခင်ရဲ့ အသိညဏ်ထဲမှာဘဲဖြစ်နေပါတယ်။

22 ၂၂။ သင်က ပြောပေလိမ့်မယ်။ ဘာရာသာဘာရမ်ဟမ် ကျွန်တော်ကောပါသလား ? ကျွန်တော် မသိပါဘူး။ကျွန်တော်ပါမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ကျွန်တော်တို့ ရဲ့ ကယ်တင်ခြင်းရဘို့အတွက်ကျွန်တော်တို့က ကြိုးစားနေပါတယ်။ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်းတွေနဲ့ ကြိုးစားလုပ်ဆောင်နေပါတယ်။အသင်းတော်ဟာလည်း ဘုရား သခင်နဲ့ ဆုံတွေ့တဲ့အခါမှာ မဲ့တစ်ပေါက်မှ မစွန်းဘဲ အပြစ်အနာအဆာနဲ့ကင်းစင်လျှက် ဘုရားသခင်နဲ့ ဆုံတွေ့ဘို့အတွက် ကြိုတင် ခွဲခန့်မှတ်သားခြင်းခံရပါတယ်။ ကျွန်တော်တို့ အတွက် အသင်းတော်ထဲမှာ ပါမယ်ဆိုရင် ကျွန်တော်တို့ဟာ အသင်းတော်နဲ့အတူခွဲခန့်မှတ်သားခြင်း ခံရပါမယ်။ နှုတ်ကပတ်တော်အားဖြင့် မိမိကိုယ်ကိုမိမိ စစ်ဆေးပါ။ အဲဒါမှကိုယ့်ကိုယ်ကို ဘယ်အထိရောက်သလဲဆိုတာ ကိုယ့်ကိုယ်ကို ဆန်းစစ်နိုင်မှာ ဖြစ်ပါတယ်။

အဖွဲ့အစည်း ဖွဲ့စည်းထားတဲ့ ခရစ်ယာန်ဘာသာရေးဟာဘယ်တော့မှ စိတ်ချမှုကို မပေးနိုင်ပါဘူး။ အချို့သောသူတွေက ဘာပြောသလဲဆိုတော့ ခင်ဗျားထွက်လာပြီးသခင် ယေရှုကို ခရစ်တော်အဖြစ်နဲ့ ဝန်ခံပါ။ လက်ခံပါ၊ အသင်းတော်ထဲမှာ ဗတ္တိဇံခံပါလို့ဆိုထားပါတယ်။ နတ်ဆိုးကလည်း အလားတူအလုပ်မျိုးကိုလုပ်ခဲ့ပါတယ်။ သူလည်း ယုံကြည်ပါတယ်။ သူကိုယ်တိုင်ယုံကြည်တယ်။ သခင်ခရစ်တော်ဟာ ခရစ်တော်ဖြစ်တယ် ဆိုတာ သူယုံကြည်ပြီး တုန်လှုပ်ချောက်ခြားခဲ့ပါတယ်။ အဲဒါအမှန်ဘဲဖြစ်ပါတယ်။

23 ၂၃။ ဘုရားသခင်က အမိန့်မပေးခဲ့ပါဘူး။ ကျမ်းစာကိုရှာကြည့်ရင် ဘယ်မှာမှ မတွေ့ရ ပါဘူး။ အဖွဲ့အစည်းထဲမှာ ရှိရမယ်ဆိုပြီးတော့ အမိန့်ပေးထားတာဘယ်နေရာမှာမှ မတွေ့ရပါဘူး။ ထိုအကြောင်းနဲ့ပတ်သက်လို့ ကျမ်းစာထဲမှာ ဘယ်နေရာမှာမှ ရှာလို့မတွေ့ပါဘူး။ အာဒံက စတင်ခဲ့တယ်။ နောက်ပြီးတော့ မအောင်မြင်ခဲ့ပါဘူး။

နိမ်းမ်ရော့က်ကလည်း အဖွဲ့အစည်း ဖွဲ့စည်းခဲ့ဘို့သူကကြိုးစားခဲ့ပါတယ်။ သင်သည် သမိုင်းပညာရှင် တစ်ယောက် ဖြစ်မယ်ဆိုရင် ဘာဗုလုန်သမိုင်းကိုသင်သိမှာ ဖြစ်ပါ တယ်။ ဟစ်စ်လော့ဆိုတဲ့ ဘာဗုလုန်ရေးသားတဲ့ စာအုပ်ကိုဖတ်ပါ။ အဲဒါ ဆိုရင်အင်မတန်ကြီးမားတဲ့

အလင်းတရားကို ရမှာဖြစ်ပါတယ်။ နိမ်းမ်ရောဲက်ဟာ အပြစ်သား လူသားတစ်ဦးဘဲဖြစ်ပါတယ်။ဘာဗုလုန်ကို ယူဆောင်တယ်၊ သူ့ရဲ့ သူနဲ့အမျိုးတော်တဲ့ အသင်းတော်ကလေးကိုလည်း ယူဆောင်ပါတယ်။ဘေးနားပတ်လည်မှာရှိ တဲ့နေရာတွေ အားလုံးကို သိမ်းပိုက်ပါတယ်။ နောက်ဆုံးသောကာလ၊ သူတော်ကောင်းယောင်ဆောင်တဲ့ ခရစ်ယာန်ဘာသာရေးကဲ့သို့ဘဲ ဖြစ်ပါတယ်။ အင်မတန်ကြီးမားတဲ့ နေရာကြီးတစ်နေရာကိုပြုလုပ်တယ်။ ကျန်တဲ့သူတွေအားလုံးကလည်း ဘာသာတရား ကိုင်းရှိုင်းပြီးတော့ ရှိသေလေးစားပြီးဝတ်ပြုကိုးကွယ်ကြပါတယ်။ အဲဒီအထဲမှာ သူက မျှော်စင်ကြီး တစ်ခုကို ဆောက်တယ်။ လူတွေအားလုံးကိုစုစည်းပြီး အဖွဲ့အစည်းဖွဲ့စည်း ဘို့ ကြိုးစားတယ်။ ဒါပေမဲ့လည်း မအောင်မြင်ပါဘူး။ ဆုံးရှုံးခဲ့ပါတယ်။အဲဒီအရာဟာ အောင်မြင်မှု မရှိဘဲ ကျဆုံးခဲ့ပါတယ်။

24 ၂၄။ (တောလည်ရာ ၁၆း၁)မှာ ကောရကနေပြီး အဲဒီအကြောင်းအရာကိုသင်စပြီး ဖတ်လို့ရပါတယ်။ ကောရကလည်း အလားတူအရာကို သူကြိုးစားခဲ့ပါတယ်။ သူဟာ လေဝိတွေအားလုံးကိုစုစည်းတယ်။ ပွဲခံဘို့ ကြိုးစားပါတယ်။ အင်မတန် ကြီးမားတဲ့သူ တွေ၊ မြင့်မြတ်တဲ့သူတွေ၊ ရာထူးကြီးတဲ့သူတွေ၊ သန့်ရှင်းတဲ့သူတွေ၊ နောက်ပြီး သူနဲ့အတူ ဒါသန်ကိုလည်း အတူခေါ်ပြီးဘယ်လိုပြောသလဲဆိုရင် အဲဒါ မမှန်ပါဘူး။ ငါတို့အပေါ် မှာ လူတစ်ယောက်ကတော့ အုပ်ချုပ်ရလိမ့်မယ်လို့ဆိုပါတယ်။ သူတို့အားလုံး ကြိုးစားပြီး အဖွဲ့အစည်းကို ဖွဲ့စည်းတယ်။ အားလုံးအတူတကွ စုဝေးပြီးစတင်ကြတယ်။ သူတို့ဟာ မောရှေနဲ့ အာရုန်ရှေ့ကို ရောက်လာကြပြီးတော့ မောရှေနဲ့အာရုန်ကတော့ဘုရားရှင်ရွေးချယ်ထားတဲ့ ဘုရားရှင်ရဲ့အမှုကို ပြုမဲ့သူများဘဲ ဖြစ်ပါတယ်။ သူတို့ကိုဘာပြောလဲဆို တော့ သူတို့အပေါ်မှာ အရမ်းဘဲ ဆရာလုပ်တယ်။ ဩဇာအာဏာယူတယ်၊ ဒါကြောင့်မို့ဒီပရိသတ်တွေအားလုံးဟာ သန့်ရှင်းတယ်။ သူတို့မှာလည်း လုပ်ပိုင်ခွင့်ရှိတယ်။ ကြီးမားစွာသောတိုင်ပင်မှုနဲ့စိတ်ချလုံခြုံမှုရှိပါတယ်လို့သူတို့က ပြောကြပါတယ်။ ခရစ်ယာန်ဘာ သာနဲ့ လုံးဝမကိုက်ညီပါဘူး။ အဲဒါကတော့ စစ်ပွဲတွေမှာဘဲဖြစ်ပါတယ်။ လုံးဝကွာခြားမှု ဘဲဖြစ်ပါတယ်။

သင်သမ္မာကျမ်းစာကို ကြည့်ပြီးတော့ ယုဒအကြောင်းကိုတွေ့မြင်နိုင်ပါတယ်။ ယုဒက သူ့ကိုယ်သူ ဆွဲကြိုးချပါတယ်။ သင်ကလည်း ထိုကဲ့သို့ ပြုလုပ်နေခြင်းဖြစ်ပါ တယ်။ သင်ပြုလုပ်လိုပါက ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မမှန်ကန်ပါဘူး။

25 ၂၅။ ဘုရားသခင်က မောရှေကို ရွေးချယ်ပြီး၊အာရုန်ကို ရွေးချယ်ခဲ့ပါတယ်။ အဲဒီခေတ် ကာလရဲ့ သတင်းစကား ဘဲဖြစ်ပါတယ်။ ဘယ်လောက်ဘဲ ကောင်းမွန်ပါစေ၊တစ်ခြား တစ်ဖက်က ကြည့်မယ်ဆိုရင် ဘုရားသခင်ရဲ့အတွေးအခေါ်နဲ့ ဆန့်ကျင်နေပြီး ဖြစ်ပါ တယ်။ ဘုရားသခင်ရဲ့အတွေးအခေါ်ကို ကျွန်တော်တို့ရဲ့ အတွေးအခေါ်တွေထက် ပိုပြီး ဦးစားပေးရမှာဖြစ်ပါတယ်။ ခရစ်တော်ရဲ့စိတ်နှလုံးထဲမှာ ရှိတဲ့စိတ်နှလုံးမျိုး သင်တို့ရဲ့ အထဲမှာ ရှိပါစေလို့ဆိုထားပါတယ်။ ဒီသမ္မာကျမ်းစာက ခရစ်တော်ရဲ့စိတ်နှလုံးကို ဖေါ်ပြထားပါတယ်။ ဗျာဒိတ်ကျမ်းစာစောင်တစ်ခုလုံးကိုလည်း အဖေါက်ကလစ်စ်လို့ ဆိုထားပါတယ်။ အဲဒါကတော့ သခင်ယေရှုခရစ်ရဲ့ဗျာဒိတ်တော်ဘဲဖြစ်ပါတယ်။ ဖွင့်ပြ ခြင်းဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ မည်ကဲ့သို့ တရားစီရင်တယ်ဆိုတာကျွန်တော်တို့ တွေ့ရပါတယ်။ အခြားတစ်ဖက်ကိုလည်း ကိုယ်တော်ရှင် မည်ကဲ့သို့ ယူဆောင်သွားတယ်ဆိုတာ ကျွန်တော်တို့တွေ့ရပါတယ်။ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့လေ့လာကြမှာဖြစ်ပါတယ်။

26 ၂၆။ ခိုရာနဲ့ပတ်တဲ့အကြောင်းကတော့ သူဟာ သူ့ရဲ့အပြုအမူမှာတစ်ကယ်ဘဲ ရိုးသားဖြူ စင်တယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ ဒီလူဟာ အမှားအယွင်းကို ပြုလုပ်ဘို့ကြိုးစားတယ်လို့ ကျွန်တော် မထင်ပါဘူး။ သူဟာ လုံးဝအပြစ်ကင်းစင်တဲ့သူတစ်ယောက် ဖြစ်တယ်လို့ကျွန်တော် ယုံကြည်ပါတယ်။ သူဟာ ဘုရားသခင်ရဲ့လက်တော် လှုပ်ရှားနေ တယ်ဆိုတာကို သူမတွေ့ရပါဘူး။ သမ္မာကျမ်းစာကိုလည်း သူမသိပါဘူး။ ဒါကြောင့်မို့ သူဟာ အကြောင်းအကျိုးပြချက်တွေကို ယူဆောင်ခြင်း၊ဖေါ်ထုတ်ခြင်းဘဲ ဖြစ်နေပါ တယ်။

အဲဒါကတော့ ဒီနေ့ခေတ်ကာလ၊ ပြဿနာတွေရဲ့ ၉၀%ဘဲဖြစ်ပါတယ်။ ကျွန်တော် တို့ဟာ ဘုရားသခင်ရဲ့အစီအစဉ်ထဲကို အမျိုးမျိုးထိုးသွင်းဘို့ကြိုးစားပါတယ်။ ကျွန်တော် တို့ရဲ့အတွေးအခေါ်တွေကို ထိုးသွင်းဘို့ ကြိုးစားပါတယ်။ ကျွန်တော်တို့ဟာတစ်ကယ် တော့ အဲလိုမျိုးစဉ်းစားဘို့ မလိုပါဘူး။ ကိုယ်တော်ရှင်ကသာ ကျွန်တော်တို့အစားစဉ်းစားပေးခြင်း ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့အလိုတော်ကို ကျွန်တော်တို့ရဲ့ အတွေးအခေါ်တွေအားလုံးလက်မြှောက်ပြီး လက်နက်ချ အရှုံးခံပေးဘို့ဘဲဖြစ်ပါတယ်။ သင်တို့နား လည်ပါသလား?

ကောရကတော့ အင်မတန်ကောင်းမွန်တဲ့ စိတ်နေသဘောထားနဲ့မှားယွင်းတဲ့အ ယူ အဆကြီးကိုယူပြီး လက်ခံပြီးသူဟာ ကျင့်သုံးပါတယ်။ သူ့ရဲ့ညီကိုမောင်နှမတွေကိုအ ကြောင်းအကျိုး ပြချက်တွေကိုလည်း ဖေါ်ပြပါတယ်။ ဘုရားသခင်ဟာ မောရှေနဲ့ မောရှေတည်းဟူသောဘုရားသခင်ရဲ့ပရောဖက် သတင်းစကားပို့ဆောင်သူကိုသာ ကောင်းချီးပေးတယ်။ သူတစ်ယောက်ထဲကိုသာကောင်းချီးပေးတယ်။ ဒါပေမဲ့လည်း ပရိသတ်တွေအားလုံးဟာ သန့်ရှင်းတယ်လို့ သူကပြောပါတယ်။ဒါကြောင့်မို့ ဒီပရိတ် သတ်အားလုံးမှာ ဒီလိုပြုလုပ်နိုင်ဘို့ အခွင့်အရေးရှိတယ်။ ဒီပရိတ်သတ်ကြီးတစ်စုလုံး ဟာ လုပ်ပိုင်ခွင့်ရှိတယ်လို့ သူကဆိုပါတယ်။ အဲဒါနဲ့ဘဲ သူတို့ဟာ လေဝိအမျိုးသားတွေအားလုံးကို လက်ခံလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ဘုရားသခင် ရွေးချယ်ခြင်း ဖြစ်တယ်။ ဒီနေ့ ကိုယ်တော်ရှင် ရွေးနုတ်မဲ့အမှုတော်ဆောင်များဘဲဖြစ်ပါတယ်။ လေဝိ တွေက ဗိမာန်တော်မှာအမှုတော်ဆောင်ကြရပါတယ်။ မောရှေက သူတို့ကို ရွေးချယ် ခြင်းပြုပါတယ်။ သူတို့ကို မောရှေကမလေးမစား ပြုလုပ်ခြင်း မဟုတ်ပါဘူး။ သူတို့အား လုံးကို အမွှေးနံ့သာတွေယူပြီး သန့်ရှင်းတဲ့မီးပေါ်မှာမီးရှို့ပူဇော်ဘို့ ပြောပါတယ်။ နောက်ပြီး ဟိုးထိပ်ဆုံးမှာ ပူဇော်သက္ကာအမွှေးနံ့သာတွေကိုတင်ဘို့ပြောပါတယ်။ နောက် ပြီး သန့်ရှင်းတဲ့ အမွှေးနံ့သာတွေကို လွှဲခါပြီးလှုပ်ခတ်ဘို့ပြောပါတယ်။ အဲဒါကတော့ ဘုရားသခင်ရဲ့ အမိန့်တော်ဖြစ်ပါတယ်။

27 ၂၇။ သူတို့ဟာအုပ်စုလိုက်တက်လာပြီး ဘုရားသခင်ရဲ့ အသင်းတော်ကို ထိန်းချုပ်ဘို့ ကြိုးစားပါတယ်။ တစ်ကယ့်တစ်ကယ်တော့ ဘုရားသခင်က တစ်ဦးတည်းကိုသာ ထိုသို့ပြုလုပ်ဘို့ အမိန့်ပေးခဲ့ခြင်း ဖြစ်ပါတယ်။အုပ်စုလိုက် မဟုတ်ပါဘူး။

ထိုသို့ ပြုလုပ်တဲ့အခါမှာ မောရှေဟာ မျက်နှာကိုအောက်ကို ငိုက်စိုက်ချပြီး သူ့ကို ထိုကဲ့သို့ ပြုလုပ်ခိုင်းတဲ့ဘုရားသခင်ရဲ့ တာဝန်ပေးချက်ကိုသူက သိမြင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဘုရားသခင်က ဘာပြောလဲဆိုတော့ သူတို့ကို ဒီအမွှေးနံ့သာတွေပူဇော် ခြင်း

ပြုလုပ်ဘို့ရန် တဲတော်ထဲကို ဆောင်ယူလာပါလို့ ဆိုပါတယ်။ သူတို့ဟာ သူတို့ရဲ့အမွှေးနံ့သာခွက်တွေကို မီးရှို့ပြီးတော့ ဝေ့ယှမ်းပြီး ယူဆောင်လာတယ်။ အဲဒီအမွှေးနံ့သာတွေကလည်း သူတို့နဲ့အတူ ပါလာပါတယ်။ မောရှေနဲ့အာရုန်ကို ဘုရားသခင်က သူတို့နဲ့သီးခြားနေပါလို့ဆိုပါတယ်။ သူတို့အထဲမှာ မနေနဲ့၊ သူတို့ကြားထဲမှာ မနေနဲ့၊ ထွက်လာခဲ့ပါလို့ဆိုတယ်။ မကြာမီမှာဘဲသူတို့ကို အပြစ်သားတွေ၊ မယုံကြည်သူတွေလို့ ကိုယ်တော်ရှင်က ခေါ်ဆိုခဲ့ပါတယ်။

အပြစ်ဆိုသည်မှာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကိုမယုံကြည်ခြင်းပင် ဖြစ်ပါ တယ်။ သင်ခိုးဝှက်ရခြင်း အကြောင်းရင်းမှာ သင်မယုံကြည်ခြင်းကြောင့်ဘဲဖြစ်ပါတယ်။ သင်လိမ်ညာရခြင်းအကြောင်းမှာ သင်မယုံကြည်ခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။ သင်သူ့သားမယားကို ပြစ်မှားခြင်းမှာလည်း သင်မယုံကြည်ခြင်းကြောင့်ဘဲဖြစ်ပါတယ်။ သင် သည် ယုံကြည်သူတစ်ဦးဖြစ်ပါက ထိုကဲ့သို့ အရာမျိုးကို ပြုလုပ်မည်မဟုတ်ပါ။ လမ်း နှစ်လမ်းသာ ရှိပါတယ်။ ယုံကြည်ခြင်း(သို့)မယုံကြည်ခြင်းလမ်းပင် ဖြစ်ပါတယ်။ သင် ဟာ ယခု (သို့) အခြားလမ်းတစ်လမ်း၏ ထိန်းချုပ်မှုအောက်မှာရှိနေပါတယ်။

ဘုရားသခင်က အစအဦးမှာ နှုတ်ကပတ်တော် ဖြစ်ပါတယ်။နှုတ်ကပတ်တော် ဟာ လူဇာတိကို ခံယူပြီးတော့ ကျွန်ုပ်တို့နဲ့အတူ ကျိန်းဝပ်တော်မူပါတယ်။ကိုယ်တော်ရှင် ဟာ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ကိုယ်တော်ရှင်သည် ဘုရားသခင်၏ နှုတ်ထွက်ဗျာဒိတ်တော်ဖြစ်ပါတယ်။ ဘုရားသခင် သင့်အထဲမှာ ကျိန်းဝပ်တော်မူလျှင် ဘုရား သခင်၏နှုတ်ကပတ်တော်သင့်အထဲမှာ ကျိန်းဝပ်တော်မူခြင်းဘဲ ဖြစ်ပါတယ်။ သင်အ ရာခပ်သိမ်းကို ပြုလုပ်နိုင်မှာဖြစ်ပြီးကိုယ်တော်ရှင်က အာမင်လို့ ဆိုမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ဘုရားသခင် သင့်အထဲမှာ ကျိန်းဝပ်တော်မူခြင်းဘဲဖြစ်ပါတယ်။

28 ၂၈။ အခုအခါမှာ သင်သတိပြုမိတဲ့အရာက အဲဒီအပြစ်ကင်းစင်တဲ့သူတွေဟာအမွှေးနံ့ သာတွေနဲ့ သူတို့လက်ထဲမှာကိုင်ထားတဲ့ သန့်ရှင်းတဲ့မီးတွေ သူတို့လက်ထဲမှာ ရှိနေပါတယ်။ ဘုရားသခင်က မြေကြီးကို ဖွင့်လိုက်တယ်။ နောက်ပြီးတော့ သူတို့ကို မြို့ချလိုက် ပါတယ်။ သူတို့ကို မောရှေနဲ့ ခွဲခွာလိုက်ခြင်းဘဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မောရှေဟာ သူ့ကိုယ်သူသူတို့နဲ့မရောဘဲ ခွဲထွက်နေခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။ မောရှေ က ပရိတ်သတ်ကို သတိပေးပါတယ်။အဲလို လူအုပ်စုမျိုးနဲ့ ကိုယ့်ကိုယ်ကို အရှုံးဖြစ် အောင် မလုပ်နဲ့။ သူတို့နဲ့ဝေးဝေးနေလို့ဆိုထားပါတယ်။ သင်ဟာ ကျမ်းစာတော်မြတ်ကို သိပါတယ်။ (အခန်းကြီး ၁၆-၁၈) ကိုဖတ်ပါ။ အဲလိုဖတ်တဲ့အခါသင်တွေ့ရမှာ ဖြစ်ပါ တယ်။ အဲဒီအပြစ်သားတွေနဲ့ ခွဲခွာပြီး သီးခြားနေပါ။ သူတို့ဟာ မယုံကြည်တဲ့အပြစ် သားတွေဘဲ ဖြစ်ပါတယ်။ သူတို့ထဲကနေ ခွဲထွက်လာပါ။ သူတို့ဟာ ပျက်စီးခြင်းကို ဦး တည်နေပါတယ်။သူတို့လုပ်တဲ့အရာတိုင်းဟာလည်း ပျက်စီးခြင်းကို ဦးတည်နေပါတယ်။ ကမ္ဘာလောကကြီးက သူတို့လုပ်သလိုဆက်ပြီး လုပ်နေမယ်ဆိုရင် လက်ထဲမှာ မီးကိုကိုင် ပြီး သူတို့နဲ့အတူ အောက်ကို ကျသွားမှာဘဲဖြစ်ပါတယ်။ အပြစ်ကင်းစင်တဲ့သူတွေက လူသားများအားဖြင့် လှည့်ဖျားခြင်းကို ခံရခြင်းဘဲဖြစ်ပါတယ်။

ဒီနေ့၊ ဒီခေတ် ဒီကာလမှာလည်း ထိုနည်းတူဘဲဖြစ်ပါတယ်။ အင်မတန်မှ အပြစ် ကင်းစင်တဲ့သူတွေ ထောင်ချောက်ထဲ ရောက်သွားပါတယ်။ အစဉ်အလာဖြစ်တဲ့ထောင် ချောက်ထဲ ရောက်သွားပါတယ်။ သန့်ရှင်းတဲ့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို သူတို့ရဲ့လက်ထဲမှာ ကိုင်ထားပါတယ်။ အဲဒီ နှုတ်ကပတ်တော်အားဖြင့် သူတို့က ဟောပြောကြ ပါတယ်။ အမှုတော်ဆောင်တစ်ဦးရဲ့မျက်နှာမှာ ပေါ်ထွက်လာတဲ့ မျက်နှာအနေအထား ကို ကျွန်တော်တွေ့မြင်ဘူးပါတယ်။ သူဟာ မက်သဒစ်အမှုတော်ဆောင်တစ်ဦးဘဲဖြစ်ပါ တယ်။ အဲဒီ ပြီးခဲ့တဲ့ တနင်္ဂနွေညအထိ သူဟာ မက်သဒစ်အသင်းတော်ရဲ့ အမှုတော် ဆောင်တစ်ဦးဘဲဖြစ်ပါတယ်။ သူကြည့်လိုက်တဲ့ အကြည့်ကတော့ ဘာအဓိပ္ပါယ်ထွက်လဲ ဆိုတော့ ကျွန်တော် ခန့်မှန်းရသလောက်ဆိုရင်ညီအစ်ကိုတို့ ခင်ဗျားတို့ တော်တော်များ များ အဲဒီလိုဘဲ ခွဲထွက်ရမယ်။ အပြင်ကို ခွဲထွက်ရမယ့်အခြေအနေမျိုးရှိနေရတဲ့အ ကြည့်မျိုးဘဲ ဖြစ်ပါတယ်။ (တောာ၆း၃)

29 ၂၉။ အမွှေးနံ့သာများကို ကိုင်ထားတယ်။ မီးရှို့ထားတဲ့နံ့သာပေါင်းဖြစ်တယ်။ ဘုရား သခင်ရှေ့မှာ နှစ်သက်ဖွယ်ရာ အနံ့ထွက်နေတဲ့ ပူဇော်သက္ကာဘဲဖြစ်တယ်။အဲဒီလက်တွေ ဟာလည်း အဲဒီပူဇော်သက္ကာကို ကိုင်နေတယ်။ ဒါတောင်မှ သူတို့လက်ထဲမှာ အမွှေးနံ့သာကို ကိုင်ထားလျှက်နဲ့ သူတို့ဟာ ပျောက်ဆုံး ဆုံးရှုံးသွားရတဲ့သူတွေဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့သူတို့လုပ်နေတဲ့အလုပ်ဟာ တစ်ကယ်ဘဲ စိတ်အားထက်သန် စိတ်ထားမှန်ကန်ပေမဲ့လည်း ဘုရားသခင်နှုတ်ကပတ်တော်နဲ့ဘဲ ဆန့်ကျင်နေလို့ဘဲဖြစ် ပါတယ်။ အဖွဲ့အစည်း ဖွဲ့စည်းဘို့ ကြိုးစားနေလို့ဘဲဖြစ်တယ်။ မင်းကိုယ်မင်း ဟုတ်လှပြီ လို့ ပြောတယ်။ အဲလိုပြောနိုင်လောက်အောင် မင်းကဘာမို့လို့လဲ။မင်းက ဘုရားသခင် နှုတ်ကပတ်တော် အကုန်ရထားလို့လားလို့ ကျွန်တော့်ကို ပြောကောင်း ပြောပါလိမ့်မယ်။

သူတို့ မောရှေက ခေတ်ကာလရဲ့ သတင်းစကားပို့ဆောင်သူဖြစ်တယ်ဆိုတာကို သူတို့ခံယူနိုင်ဘို့ သဘောပေါက်နိုင်ဘို့ သူတို့ဟာ ပျက်ကွက်ခဲ့ပါတယ်။မောရှေထံမှာ ဘုရားသခင် မိန့်တော်မူတယ်ဆိုတဲ့ စကားရှိပါတယ်။ အဲဒီအချိန်မှာ ကမ္ဘာလောကကြီးပေါ်မှာ သူ့လိုလူ တစ်ယောက်မှ မရှိပါဘူး။ သူ့မှာ သတင်းစကား ရှိပါတယ်။ အဲဒါကို လူတွေကသဘောပေါက်နားလည်နိုင်ဘို့ ပျက်ကွက်ခဲ့ပါတယ်။ မောရှေနဲ့အတူ ဘုရား သခင် မိန့်တော်မူတယ်ဆိုတဲ့သတင်းစကား အတိအကျရှိပါတယ်။ အမှန်တစ်ကယ်ဘဲ ရှိပါတယ်။

30 ၃၀။ ဒီနေ့လည်း ကျွန်တော်တို့ အလားတူအရာကိုတွေ့ရပါတယ်။ အင်မတန်ကောင်းတဲ့ လူတွေ၊ ကြီးမားတဲ့ ပုဂ္ဂိုလ်တွေ၊ တန်ဘိုးရှိတဲ့လူတွေ၊ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ဟောပြောဘို့ ကြိုးစားပါတယ်။ သူတို့လက်ထဲမှာလည်း လူလုပ်ထားတဲ့အစဉ်အလာတွေ ရှိပါတယ်။ ဒီနေရာမှာ အားလုံးကို ဖြတ်တောက်တယ်။ ဖြတ်ချပစ်လိုက်တယ်။ ဒီအရာဘယ်လိုဖြစ်သလဲဆိုတာကိုလည်း သူတို့ပြုလုပ်လိုက်တယ်။ အသင်းတော်ကို လာပြီးပါ ဝင်ပါ။ သင့်ရဲ့အသင်းသားအဖြစ်ခံယူမှုကိုလည်း ပြောင်းလဲလိုက်ပါလို့ ဆိုကြပါတယ်။ ဝိညာဉ်ရေးရာအရ သေနေပြီးတော့ နှုတ်ကပတ်တော်ကတော့သူတို့ရဲ့ လက်ထဲမှာ ရှိနေပါတယ်။

သူတို့ဟာ ဘုရားသခင်ရဲ့ သတင်းစကားကို မယုံကြည်နိုင်ပါဘူး။ထိုနေ့ရက်ကာလ ရဲ့ သတင်းစကားကိုလည်း လက်မခံနိုင်ပါဘူး။ အင်မတန်ကြီးမြတ်တော်မူတဲ့ ဘုရားသခင်က ဘာကြောင့်လူအုပ်စုကြီးနဲ့ အလုပ်မလုပ်တာကို သူတို့ နားမလည်ပါဘူး။

လူတစ်ဦးတစ်ယောက်အားဖြင့်သာဘုရားသခင် အမှုပြုတယ်ဆိုတာကို သူတို့တစ်ကယ် ဘဲ နားမလည်နိုင်ကြပါဘူး။

ဒီနေ့ ကျွန်တော် ပြောခဲ့တဲ့လူ တော်တော်များများရှိပါတယ်။ ဘရာသာဘရမ်ဟမ် ကျွန်တော်တို့ ဘာလုပ်ကြမလဲ? ခင်ဗျားမှန်တယ်ဆိုတာကို ကျွန်တော်တို့ သိပါတယ်။ ဒါပေမဲ့လည်းကျွန်တော်တို့ ဘာလုပ်ကြမလဲ? အဖွဲ့အစည်းကနေကျွန်တော်တို့ကို မောင်းထုတ်လိုက်မှာ ဖြစ်ပါတယ်။ တစ်ခြားသွားရမဲ့ နေရာလည်းမရှိပါဘူး။သူတို့နဲ့ ပတ်သက်လို့ ကျွန်တော် ဝမ်းနည်းမှု ခံစားရပါတယ်။ ဒါပေမဲ့လည်းနေရာ ရှိပါတယ်။ သူတို့ကတော့ ဘာပြောလဲဆိုတော့ ကျွန်တော်တို့ ထမင်းဝတ်ပြီးသေကုန်ကြမယ်လို့ ပြောပါတယ်။ (ဆာလံ ၃၇း၂၅) ဒါဝိဒ်မင်းကြီး ဆိုထားတဲ့ စကားကတော့ ဆာလံကျမ်းထဲမှာ ဖြောင့်မတ်သောသူသည် စွန့်ပစ်ခြင်းကို ခံရသည်အကြောင်း သူ၏သားမြေးတို့ သည်တောင်းစားရသည်အကြောင်းကိုငါသည် အသက်ပျိုသည်ကာလမှ စ၍အိုသည် တိုင်အောင် မမြင်စဖူးလို့ ဆိုထားပါတယ်။

31 ၃၁။ သခင်ယေရှုကို သူတို့ ငြင်းပယ်ရခြင်းရဲ့အခြေခံ အကြောင်းအရင်းပင်ဖြစ်ပါတယ်။ သူတို့ဟာ သူတို့ရဲ့ဂိုဏ်းဂဏတွေထဲမှာ သူတို့အရမ်းဘဲပျော်မွေ့နေပါတယ်။ ကြီးမြတ်တဲ့ ဘုန်းတော်ကြီးများ သင့်ရှင်းမြင့်မြတ်တဲ့ အဆောက်အဦကြီးများ၊သန့်ရှင်းတဲ့ဘုရားကျောင်းများ၊ သန့်ရှင်းတဲ့ ဗိမာန်တော်များနဲ့ သူတို့ ပျော်မွေ့နေပြီးတော့လူသားဗိမာန် တော်ထဲမှာ ကျိန်းဝပ်တော်မူတဲ့ ဘုရားသခင်ကို သူတို့မတွေ့မြင်ကြပါဘူး။ သင်သည်လူသားတစ်ဦးအနေနဲ့ သင့်ကိုယ်သင် ဘုရားပြုလုပ်ခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာ သူတို့ရဲ့ဘာသာရေး၊ လုပ်ထုံးလုပ်နည်းတွေနဲ့ သူတို့အလုပ်များနေပါတယ်။ သူတို့အလုပ် များနေတဲ့အတွက် ဒါသန်နဲ့တစ်ခြားလူတွေဟာ မှန်ကန်နေပါတယ်။ နိမ်းရော့က် (ငြာမသိ)ကလည်း အရမ်းဘဲ အဖွဲ့ကျပြီးတော့အဖွဲ့အစည်းနဲ့ ဖြစ်နေတဲ့အခါမှာသူ့အ နေနဲ့မယုံ ကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရပါတယ်။ ဘာကိုမယုံကြည်သလဲဆိုတော့ ဘုရားသခင်ရဲ့ အမျက်တော် လူသားတွေအပေါ်မှာ သက်ရောက်တယ်ဆိုတာကို မမြင် နိုင်လောက်အောင်ဖြစ်ပါတယ်။ အာဒံကလည်း သူ့ရဲ့အဝတ်အချည်းစည်း ရှိခြင်းကို သူဟာသူ ဖုံးကွယ်ဘို့ ကြိုးစားပါတယ်။ဘုရားသခင်ကတော့ မမြင်မတွေ့ရပါဘူး။ လူကလည်း မဖုံးကွယ်နိုင်ပါဘူး။ ဘုရားသခင်က အဲဒါကိုဖုံးကွယ်ဘို့ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ အစီအစဉ်ကတော့ ဖုံးကွယ်ဘို့ဘဲ ဖြစ်ပါတယ်။သင့်ရဲ့အစီအစဉ် မဟုတ်ပါဘူး။ အမြဲတမ်းဘဲ အဲဒီနည်းလမ်းအတိုင်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာ သူ့ရဲ့ဗိမာန်တော်ထဲမှာသခင်ယေရှုကို တွေ့ဘို့အတွက် ပျက်ကွက်ခဲ့ပါတယ်။ ဘုရား သခင်ဟာ အသွေးအသားအားဖြင့် ဖေါ်ပြထားခြင်းခံရသူဘဲဖြစ်ပါတယ်။

ယနေ့ခေတ်ကာလမှာလည်း ကျွန်ုပ် ထိုကဲ့သို့ခံစားရတဲ့အခါမှာ မကောင်းသောအ ရာကို ခံစားရသကဲ့သို့ ခံစားရပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်တွေအားလုံးကိုအစဉ်အလာအားဖြင့် ဖြတ်တောက်ခြင်း ခံရတာတွေကို တွေ့ရလို့ဘဲဖြစ်ပါတယ်။ အင်မ တန်မှ စိတ်နှလုံးရိုးသားဖြူစင်တဲ့သူတွေဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ခံယူဘို့ ရန်အတွက် ရပ်နေပါတယ်။အဲဒါဟာ သမ္မာတရား ဖြစ်တယ်ဆိုတာ သူတို့ သိပါတယ်။ ဒါပေမဲ့လည်း သူတို့ဟာ မလှုပ်ရှားဝံ့ပါဘူး။ဘာကြောင့်လဲဆိုတော့ သူတို့အစဉ်အလာ တွေက သူတို့ကို ခြားနားတဲ့ သွန်သင်မှုတွေ ပေးလို့ဘဲဖြစ်ပါတယ်။အိုးခွက်တွေ၊ ပန်း ကန်တွေကို ဆေးကြောပါ။ ဆက်လက်ပြီးတော့ လုပ်ဆောင်ပါ။ ကျွန်ုပ်တို့အတွက်တော့ကျွန်ုပ်နဲ့ ကျွန်ုပ်အိမ်သားတွေအတွက်တော့ ခရစ်တော်တည်းဟူသော နှုတ်ကပတ်တော် ကို ကျွန်တော်တို့ခံယူကြမှာ ဖြစ်ပါတယ်။

32 ၃၂။ (ယောဟန် ၃)ကို ခဏလေးဖတ်ကြည့်ကြပါစို့။နိကောဒင်က ဘာသာရေး ဆရာ လည်းဖြစ်တယ်။ အုပ်ချုပ်ရေးသမားလည်း ဖြစ်တယ်။ အင်မတန် ကြီးမြတ်တဲ့ဂိုဏ်းဂဏ ကြီးတစ်ခုဖြစ်တဲ့ စန်ဟီးဒရင်လို့ ခေါ်တဲ့ ယုဒတရားစရပ်မှာ ပါဝင်သူတစ်ဦး ဖြစ်ပါတယ်။ သူတို့အားလုံး စုဝေးပြီးတော့ သူတို့ရဲ့အစဉ်အလာအတိုင်း ပြုလုပ်ကြပါတယ်။ အုပ်စုတစ်စုကဖာရိရှဲတွေဖြစ်ပြီး နောက်ထပ် အုပ်စုတစ်စုက ဇဒုက်္ကဲတွေဖြစ်ပါတယ်။ သူတို့မှာ သူတို့ရဲ့ကိုယ်ပိုင်ဂိုဏ်းဂဏတွေ ရှိပါတယ်။ သူတို့ရဲ့ မတူညီမှုတွေ ရှိပါတယ်။ သူတို့ရဲ့ ခေါင်းဆောင်ဆရာကတော့နိကောဒင်ဖြစ်ပါတယ်။ ဒီစင်ဟီးဒရင်းဆိုတဲ့ယုဒ တရားစရပ်ရဲ့ အုပ်ချုပ်ရေးမှူးဘဲ ဖြစ်ပါတယ်။သူဟာ သွန်သင်မှုမှာ အလွန်ထူးခြားစွာ တော်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးဘဲဖြစ်ပါတယ်။ သူဟာ သမ္မာကျမ်းစာကိုသိပါတယ်။ သူတို့ရဲ့ အစဉ်အလာအားဖြင့် သူတို့သိပါတယ်။ သခင်ယေရှုက သင်ဟာ သင့်ရဲ့အစဉ်အလာအားဖြင့် ဘုရားသခင်ရဲ့ ပညတ်တော်တွေကို ဘယ်လိုမှ ထိရောက်မှုမရှိအောင် ပြုလုပ် တယ်လို့ဆိုလိုက်ပါတယ်။

သူတို့ရဲ့ အစဉ်အလာများကြောင့် ဖြစ်ပါတယ်။အဲဒါ ဘာလဲ? သူတို့ရဲ့ အနက်ဖွင့်ဆိုခြင်းကို နှုတ်ကပတ်တော်ပေါ်မှာ သူတို့ဖာသာ သူတို့ပြုလုပ်ခြင်းဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ဖေါ်ပြတဲ့အတိုင်း ပြောဆိုခြင်း မဟုတ်ဘဲ ဒါဟာဘာမှ အဓိပ်ပ္ပါယ်မရှိ ဘူးလို့ သူတို့ပြောကြပါတယ်။သင်သတိပြုမိပါသလား? အဲဒီစကားအတိုင်းဘဲနတ်ဆိုး က ဧဝကို ပြောခဲ့ပါတယ်။ ပထမဆုံးအဖွဲ့အစည်းကို စတင်ဘို့ဘဲ ဖြစ်ပါတယ်။ တစ် ကယ်ဘဲဒီနည်းအတိုင်းဘဲဖြစ်မယ်။ ဘုရားသခင်ကတော့ လုပ်မှာမဟုတ်ဘူး။ သင်သိရဲ့ လား၊ စသည်ဖြင့်လှည့်ဖျားပြောဆိုပါတယ်။ အလားတူဘဲဖြစ်တယ်။ ဒီကနေ့လည်း ထိုသို့ဘဲ ဖြစ်နေပါတယ်။

33 ၃၃။ ဒီပုဂ္ဂိုလ်ကြီး ဘာသာရေးခေါင်းဆောင်ကြီးကသခင်ယေရှုထံ ရောက်လာပါတယ်။ သူဟာ ထာဝရအသက်ကို ရှာဖွေခြင်းဘဲ ဖြစ်ပါတယ်။ ကယ်တင်ခြင်းရဘို့အတွက်ရှာဖွေဘို့ လာခြင်းဘဲ ဖြစ်ပါတယ်။ သူ့ရဲ့ရပ်တည်ချက် ဣသရေလနိုင်ငံမှာ သူ့ရဲ့သွန်သင် ချက်သူဟာ ဘာသာရေးဆရာတစ်ယောက် ဖြစ်ပါတယ်။ သူဟာ ဣသရေလနိုင်ငံမှာ ခေါင်းဆောင်တစ်ယောက်ဖြစ်ပြီးတော့သူဟာ ဣသရေလကျောင်းတွေမှာ ဆရာတစ်ဦး ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီဆရာက ကျောင်းတစ်ခါမှနေခဲ့ဘူးခြင်း မှတ်တမ်းမရှိ တဲ့ လူတစ်ယောက်ထံကိုလာပါတယ်။ အသက်ကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်။ အသက် ကြီးတဲ့ ဘုန်းတော်ကြီးလည်း ဖြစ်တယ်။ သူဟာ ငယ်ရွယ်တဲ့ပုဂ္ဂိုလ်ထံကိုလာခြင်းဘဲဖြစ် ပါတယ်။ သူတို့ဟာ အင်မတန်မှ ချမ်းသာတယ်။ အဲလိုချမ်းသာတဲ့လူက သူတောင်းစားရဲ့အိမ်ကို လာခဲ့ပါတယ်။ သူ့ခေါင်းချစရာ နေရာတောင်မရှိတဲ့ သူတောင်းစား ဖြစ်ပါ တယ်။ နောက်ပြီးတော့ကယ်တင်ခြင်းနဲ့ ထာဝရအသက်လမ်းကို မေးခြင်းဘဲဖြစ်ပါ တယ်။ သူတို့မှာ ယုဒတရားစရပ်ဆိုတဲ့စင်ဟီးဒရင်းရှိပါတယ်။ နိကောဒင်ကလည်း ဒါကို ဝန်ခံပါတယ်။ သခင်ယေရှုကို ကြည့်လိုက်မယ်ဆိုရင်သူတို့အဖွဲ့အစည်းထဲက လူတွေနဲ့ လုံးဝမတူပါဘူး။ သူတို့အဖွဲ့အစည်းထဲမှာရှိတဲ့

လူတွေမှာရှိတဲ့အရာတွေသခင်ယေရှုခရစ်ထံမှာ မရှိသလို သခင်ခရစ်တော်ထံမှာရှိတဲ့အရာတွေကလည်း သူတို့ အဖွဲ့အစည်းထဲမှာလုံးဝမရှိပါဘူး။ ကိုယ်တော်ရှင်အထဲမှာ တစ်စုံတစ်ရာ ရှိတယ်ဆိုတာ သူတို့တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့သူက ဘာပြောလဲဆိုတော့ ဆရာ ကိုယ်တော်ကို ကျွန်တော်တို့ သိပါတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့လို့ပြောတဲ့အတွက် သူတို့အနေနဲ့ ဝန်မခံနိုင်တဲ့အရာ ရှိလို့ဘဲဖြစ်ပါတယ်။ သူတို့ဟာ ဖယ်ထုတ်ခြင်းခံရတဲ့သူတွေ ဖြစ်ပါတယ်။ ကိုယ်တော်ဟာ ဘုရားသခင်ထံမှလာတဲ့ ဆရာဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ သိပါတယ်။ဘာကြောင့်လဲဆိုတော့ ဒီအရာတွေကို ဘယ်သူမှ မပြုလုပ်နိုင် ပါဘူး။ ဘုရားသခင်မှလွဲ၍ ဘယ်သူမှမလုပ်နိုင်ဘူးဆိုတဲ့ အကြောင်းဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ သိပါတယ်လို့ ဆိုပါတယ်။အဖွဲ့အစည်းဘဲဖြစ်ပါတယ်။

34 ၃၄။ သခင်ယေရှုသည် ဘုရားသခင်၏ ဖေါ်ပြခြင်းပင်ဖြစ်ကြောင်းကျွန်တော်တို့ သိလာကြပြီ ဖြစ်ပါတယ်။ ဘုရားသခင် သူတို့နဲ့အတူ မရှိဘူးဆိုရင် ဘယ်သူမှဤအရာများကို မပြုလုပ်နိုင်ဘူးလို့ ဆိုထားပါတယ်။ သူ့အထဲမှာ ထူးခြားမှုတစ်ခုရှိတယ်ဆိုတာ ကိုသူတို့သိကြပါတယ်။ ကိုယ်တော်ရှင်ဟာ အချိန်ကာလရဲ့ အလင်းဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာဘုရားသခင်ရဲ့သက်သေဘဲ ဖြစ်ပါတယ်။

ကောရလည်း ထိုနည်းတူဘဲဖြစ်ပါတယ်။ မောရှေကိုအလားတူမြင်ပါတယ်။ ထိုနေ့ ရက်ကာလက မောရှေကဲ့သို့သောသူမျိုး မရှိပါဘူး။ သူဟာ ဘုရားသခင်ရဲ့သက်သေဘဲဖြစ်ပါတယ်။ ထိုနေ့ရက်ကာလရဲ့ သက်သေဘဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့တန်ခိုးတော် ရှိပါတယ်။ ကောရနဲ့သူရဲ့အုပ်စုကမောရှေအထဲမှာ မြင်တွေ့ရပါတယ်။ မောရှေမဖြစ် နိုင်ဘူးဆိုတာကိုလည်း သူတို့နားလည်ပါတယ်။မောရှေက ပင်လယ်နီကို နှစ်ခြမ်းကွဲ အောင် မလုပ်နိုင်ပါဘူး။ မောရှေက မြေကြီးပေါ်ကို ရောဂါကပ်ဆိုးတွေကိုလည်းမကျ ရောက်စေနိုင်ပါဘူး။ မောရှေအတွင်းမှာ ကျိန်းဝပ်တဲ့ ဘုရားသခင်ကသာ ပြုလုပ်နိုင်ပါတယ်။ ဘုရားသခင်ဟာ သက်သေအဖြစ်နဲ့ သူ့ကိုယ်သူ ကိုယ်စားပြုပါတယ်။ နေ့ရက် ကာလရဲ့အလင်းလည်းဖြစ်ပါတယ်။ သူတို့က အဲဒါကို မတွေ့မြင်ကြပါဘူး။ ကောရက တော့ သူတို့အုပ်စုတစ်စုလုံးကိုပါဝင်လာစေလိုပါတယ်။

35 ၃၅။ အဖွဲ့အစည်းကောင်းသည်ဆိုသည်မှာ အမျိုးမျိုးသောအရာများကို ယူဆောင်လာ ပြီး ခရစ်ယာန်ဘာသာဟု ခေါ်ဆိုခြင်းပင် ဖြစ်ပါသည်။ လူငယ်ကလေးတစ်ယောက်ကို ကျောင်းကို ပို့ပေးလိုက်ပါ။ ဘုရားသခင်အကြောင်းကို ဘာမှနားမလည်သောသူငယ် ကလေးတစ်ယောက်ဖြစ်ပါတယ်။ (ံသအအနညအသအ) ဟာကန်တော့ပ်အနေနဲ့ အီဂျစ်နိုင်ငံမှ သူရဲကောင်း အကြောင်းသိသည်ထက်ဘာမှပို၍ သိသောကလေးငယ်လေးကိုပို့လိုက်ပါ။ သူ့ကို ပညာပေးပါ။ စိတ်ပညာကိုလည်း သင်ပေးပါ။ပီအိတ်ချ်ဒီ ရနိုင်ဘို့လည်း မစပါ။ နောက်ပြီးတော့ ဒေါက်တာဘွဲ့ရအောင် ဒါမှမဟုတ် ဝိဇ္ဇာဘွဲ့ရအောင်မစပါ။ ဒါမှမဟုတ် လည်း ထိုကဲ့သို့လည်း တစ်ခုပြီးတစ်ခု ရအောင်မစပါ။ နောက်ပြီး သူ့ကိုပြန်ပြီးဇဝ်ဂေလိ တရားဟောဘို့အတွက် စေလွှတ်ပါ။ အဲဒါကယ်တင်ခြင်း ရခြင်းမဟုတ်ပါ။ သူတို့ဟာ အပျိုကညာဖွားမြင်ခြင်းကို ငြင်းပယ်မယ်။ ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်မယ်။ ဘုရားသခင်က ပေးအပ်သောအနာရောဂါငြိမ်းခြင်းကိုလည်း ငြင်းပယ်မယ်။ ဘုရား သခင်ရဲ့တန်ခိုးတော်ကိုလည်း ငြင်းပယ်မယ်။သခင်ယေရှု အသေခံတော်မူခြင်းရဲ့ အဓိ က အကြောင်းအရာများကိုလည်း ငြင်းပယ်မယ်။ (မာကု ၁၆)ကိုလည်း ငြင်းပယ်မယ်။ (မာကု ၁၆)က ဝိညာဉ်တော် မှုတ်သွင်းသော ကျမ်းချက်ဖြစ်တယ်ဆိုတာကိုလည်းငြင်းပယ်မယ်။ ငါ့ကိုယုံကြည်သောသူတို့အတွက် ဒီနိမိတ်လက္ခဏာတွေ ဖြစ်ပေါ်လာမယ် ဆိုတဲ့စကားကိုလည်းငြင်းပယ်မယ်။ နောက်ပြီး သခင်ယေရှု မိန့်တော်မူသည့်အတိုင်းဘဲ သခင်ယေရှု မိမိကိုယ်ကိုမိမိပြောဆိုထားတဲ့အတိုင်းဘဲ (တမန်တော် ၂း၃၈) ကိုလည်း ငြင်းပယ်မှာ ဖြစ်ပါတယ်။ ဝိညာဉ်တော်မှုတ်သွင်းခြင်းခံရတဲ့ ကျန်တဲ့ကျမ်းပိုဒ်တွေအား လုံးကို ငြင်းပယ်မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ လူသားတွေရဲ့အစဉ်အလာအတိုင်း ပြုလုပ်မယ်။ သူတို့ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ ဘာမှမသိဘူး။ အဲဒီအကြောင်းကိုပြောဆိုမယ်။ သူတို့ကို သမ္မာတရားအကြောင်း ပြောပြတယ်။ ဖွင့်ပြတယ်၊ ဖေါ်ပြတဲ့အ ခါမှာသူတို့လှုပ်ရှားဘို့အတွက် ရှက်မယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့အဖွဲ့အစည်း ကြောင့်ဘဲဖြစ်ပါတယ်။

36 ၃၆။ ကောရက အလားတူအတိုင်းဘဲ လုပ်ခဲ့ပါတယ်။မောရှေ၌ သူတို့ဘုရားသခင်ကို တွေ့မြင်ရပါတယ်။ သူ့အားဖြင့် ဘုရားသခင်ရဲ့ ကိုယ်စားလှယ်ကအလုပ်လုပ်နေတယ်ဆို တာကိုလည်း တွေ့ရပါတယ်။ နိကောဒင်ကလည်း ခရစ်တော်၌ ဘုရားသခင်ကို တွေ့မြင်ရပါတယ်။ ဘုရားသခင် သူနဲ့အတူ မပါရှိဘူးဆိုရင် ဘယ်သူမှ ဤအရာတွေကို မလုပ်နိုင် ဘူးလို့ဆိုပါတယ်။ နိကောဒင်က အဲဒီအဖွဲ့အစည်းထဲမှာ ရှိနေနှင့်ပြီး ဖြစ်ပါတယ်။ ထွက်ဘို့ကြိုးစားပါတယ်။ကောရကတော့ တစ်စုံတစ်ယောက်သောသူကို ဝင်နိုင်အောင် ကြိုးစားပါတယ်။ အဲဒါဟာ ကွာခြားချက်ဘဲဖြစ်ပါတယ်။ နိကောဒင်က ကယ်တင်ခြင်းရ ဘို့အတွက် ကြိုးစားနေပါတယ်။ အဲဒီကနေ ထွက်ဘို့အတွက်ကြိုးစားပါတယ်။ သူဟာ ကလေးငယ် ဘဝကတည်းက တွေ့မြင်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒါတွေကိုလည်း သူစိတ်ပျက်ခဲ့ပါတယ်။ သူကယ်တင်ခြင်း ရလိုပါတယ်။ ကောရကတော့ သူဟာ တစ်ကယ်ဘဲကြီးကြီး မားမား လုပ်ဆောင်ပြနိုင်တယ်ဆိုပြီးသူနေတဲ့နေရာမှာ သူက ကြိုးစားပြီး လုပ်ချင်ပါ တယ်။ (ဟေဗြဲ၁၂း၁)

37 ၃၇။ ယနေ့ခေတ်လူတွေလည်း ထိုနည်းအတိုင်းပင်ဖြစ်ပါတယ်။ ခရစ်ယာန်ဘာသာနဲ့ ပတ်သက်လို့ ပြဿနာဘဲဖြစ်ပါတယ်။ မှားယွင်းတဲ့ ဖေါ်ပြချက်တွေများစွာကိုတွေ့မြင်ရ ပါတယ်။ ကျွန်တော်တို့ရဲ့ ပင်တေကုတေ်္တအဖွဲ့တွေလည်း အမျိုးမျိုးအကြောင်းပြပြီးသူတို့ရဲ့ ဖေါ်ပြချက်တွေကို ပြောပြနေပါတယ်။ နောက်ပြီးတော့ ငြီးငွေ့သွားပါတယ်။ ဇာတိဆန်တဲ့ ယှဉ်ပြိုင်မှုတွေဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ လူတစ်ဦးကို ရွေးကောက်တင် မြှောက်ပြီးတော့သူ့ကို တစ်စုံတစ်ရာကို ပေးပြီးနောက်ကျန်တဲ့သူတွေကလည်း အဲဒီနား တစ်ဝိုက်မှာ သူတို့နိုင်ငံမှာရှိတဲ့တစ်ခြားလူတွေအားလုံးကလည်း သူ့ကိုလိုက်ပြီးတုရ ပါတယ်။ သင့်ရဲ့ အဖွဲ့ကို သင်ကိုယ်တိုင်ပြန်ပြီးသတ်နေတယ်ဆိုတာကို သင်မသိပေဘူး လား ?သင်သည် ဘောလုံးစကားနေတဲ့အခါမှာ အဲဒီပြိုင်ပွဲမှာဆိုရင် ပေါလုပြောသလို ဘဲ ဒီပြိုင်ပွဲကိုစိတ်ရှည်ခြင်းဖြင့် ကျွန်တော်တို့ ပြေးကြပါစို့လို့ ဆိုထားပါတယ်။ ဘောလုံး ကို ရတဲ့သူကတော့သူ့ရဲ့လက်ထဲကနေပြီး ထုတ်မပစ်ပါဘူး။ သူ့ကို ကာကွယ်ဘို့ဘဲ ကြိုးစားပါ။ ဒါပေမဲ့လည်း အဲဒီအစားသင့်အဖွဲ့ထဲမှာ သူမပါရှိပါဘူး။ သူ့လက်ထဲကနေ သင်က ထုတ်ယူဘို့ ကြိုးစားနေခြင်းဘဲ ဖြစ်ပါတယ်။ အလွန်ဘဲ နမော်နမဲ့နိုင်တဲ့သူ၊ ကြမ်းတမ်းတဲ့သူက ဘာပြောမလဲဆိုတော့ ဒီကော်ဇောပေါ်က ပန်းတွေကိုသူခလုတ် တိုက်ပြီး လဲမှာပါလို့ သူပြောမှာပါ။ နောက်ပြီး အဲဒါတွေအားလုံးကို သင့်ထံက သူထုတ်ယူဘို့ ကြိုးစားမှာဖြစ်ပါတယ်။ ဝိညာဉ်ရေးရာအရ ကျွန်တော်ဆိုလိုတဲ့ အဓိပ်ါ္ပယ်ကတော့ ကျွန်တော်ပြောပါရစေ၊ (တမန်၂း၃၈) ကဲ့သို့ အသေးအမွှားလေးကို သူက ထိမိ၍လဲစ ရာ ဖြစ်နေပါတယ်။

သူတစ်ကယ်ဘဲလဲကျဘို့ သေချာနေပါတယ်။ (မာကု၁၆)ကိုလည်း သူထိမိမယ်ဆိုရင် လဲကျနိုင်ပါတယ်။ ဘယ်လိုလုပ်ပြီးသူပြန်ပြီး ဖြေရှင်းနိုင်မှာလဲ?သခင်ယေရှုနဲ့ ပတ်သက်တဲ့ သင်ခန်းစာကြီးကြီးမားမားတွေ သူရှိပါတယ်။ နိစိန်ကောင် စီမှာအဲဒါနဲ့ပတ်သက်လို့ ဆွေးနွေးခဲ့ပါတယ်။ နောက်ပိုင်းနှစ်တွေမှာလည်း ဒီအကြောင်း အရာနဲ့ပတ်သက်လို့သူတို့ ထိမိ၍ လဲစရာတွေ ဖြစ်ရပါတယ်။

38 ၃၈။ ကောရကတော့ ကြိုးစားနေပါတယ်။ အဖွဲ့အစည်းဖွဲ့စည်းဘို့ဘဲ ဖြစ်တယ်။ အဖွဲ့အစည်းထဲကို ဝင်ဘို့ဘဲ ဖြစ်တယ်။ နိကောဒင်ကလည်း အဲဒီအတိုင်းဘဲဖြစ်ပါတယ်။အဖွဲ့အစည်းထဲက ထွက်ဘို့ကြိုးစားပါတယ်၊ နိကောဒင်ကို လက်ခံပါတယ်။ နိကောဒင်က သူ့အဖွဲ့အစည်းထဲကနေထွက်လာပါတယ်။ကောရကတော့ သူ့အဖွဲ့အစည်းထဲမှာ သူ ပျောက်ဆုံးခဲ့ရပါတယ်။ သူ့ရဲ့ကြိုးစားမှုနဲ့သူ ပျောက်ဆုံးသွားရခြင်းဘဲဖြစ်ပါတယ်။ သူ့ဖာသာသူ လုပ်ပြီး ပျက်စီးသွားခြင်း ဖြစ်ပါတယ်။

နိကောဒင် ပါဝင်သော အဖွဲ့အစည်းမှာ ခရစ်တော်သည်ဘုရားသခင်ထံမှ စေလွှတ်သူဖြစ်ကြောင်း သိပါတယ်။ နိကောဒင်က အခန်းကြီး ၃-မှာ ထိုအကြောင်းအရာကိုဝန်ခံထားပါတယ်။ သခင် ကိုယ်တော်ရှင်ဟာ ဘုရားသခင်စေလွှတ်တဲ့ ဆရာတစ်ပါးဖြစ် တယ်ဆိုတာကိုကျွန်တော်တို့ သိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင် သူနဲ့အ တူ မရှိဘူးဆိုရင် အဲဒီအံ့ဘွယ်နိမိတ်လက္ခဏာတွေကို ဘယ်သူမှ ပြုလုပ်နိုင်မှာ မဟုတ်တဲ့အတွက်ကြောင့်ဘဲ ဖြစ်တယ်လို့သူကဆိုပါတယ်။ အလားတူ အဖွဲ့ဘဲဖြစ်တယ်။ သူတို့ရဲ့အဖွဲ့အစည်းကြောင့် ကိုယ်တော်ရှင်ကိုဗေလဇေဗုလလို့ ခေါ်ပါတယ်။ ဘာ ကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်ရဲ့ တန်ခိုးတော်အားဖြင့်နတ်ဆိုးတို့ကို နှင်ထုတ်နိုင်လို့ ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူတို့ဘာပြောလဲဆိုတော့ငါတို့ရဲ့ လူတွေကို သူက လှည့်ဖျားတယ်။ သူ့ရဲ့သြဝါဒအားဖြင့် လှည့်ဖျားတယ် လို့ စွပ်စွဲတယ်၊ဒီကနေ့ ဒီခေတ်ဒီကာလကလည်း အလားတူဘဲဖြစ်ပါတယ်။ ဘာကို လှည့်ဖျားပါသလဲ?

39 ၃၉။ သခင်ယေရှု မိန့်တော်မူသည်မှာ ငါပြုသောအမှုတို့သည်ခမည်းတော်ဘုရား နှစ်သက်သောအမှုများကိုသာ ငါပြုသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်များကိုသာငါစောင့်ထိန်းသည်ဟု ဆိုထားပါသည်။ အကြောင်းမှာ ကိုယ်တော်ရှင်သည် နှုတ်ကပတ် တော်ဖြစ်သောကြောင့်ဖြစ်သည်။ နှုတ်ကပတ်တော်မှလွဲ၍ သူဘာမှ မလုပ်နိုင်ပါ။

သို့သော်လည်း သူတို့၏အဖွဲ့အစည်းများကြောင့်သူတို့ရဲ့နည်းလမ်းများကြောင့် လူတွေအားလုံးမှာ ချည်နှောင်ခြင်း ခံရပါတယ်။ သူတို့ရဲ့နှလုံးသားထဲမှာသူတို့သိပါ တယ်။ သို့သော်လည်း သူတို့ရဲ့အဖွဲ့အစည်းက သူတို့ကို ခွင့်မပြုပါဘူး။ ထို့အတွက်ကြောင့်လွတ်မြောက်တဲ့လမ်းကို ရှာဘို့ရန် လူများအဖွဲ့အစည်းကနေ ထွက်မသွားဘို့ရန် လူတွေ အားလုံးကိုယ်တော်ရှင်နောက်ကို လိုက်သွားကြပြီ ဖြစ်တဲ့အတွက်ကြောင့် ဒီအဖွဲ့အစည်း ကို လူတွေစွန့်ခွာမသွားဘို့ရန် ဘုရားသခင်ရဲ့ သမ္မာတရားနောက်ကို လိုက်မသွားဘို့ရန် သူတို့လုပ်ဆောင်ကြပါတယ်။ ကိုယ်တော်ရှင်သည် သမ္မာတရားဖြစ်ပါတယ်။ငါသည် သမ္မာတရားဖြစ်တယ်၊ အလင်းဖြစ်တယ်လို့လည်း ကိုယ်တော်ရှင် ဆိုထားပါတယ်။ ကိုယ်တော်ရှင်နောက်တော်သို့မလိုက်ဘို့ရန် တားဆီးတဲ့အနေနဲ့ သူတို့က ကိုယ်တော်ရှင်သည် လူများကို လှည့်ဖျားသည်ဟုဆိုကြပါသည်။ စဉ်းစားကြည့် ပါ။ လူသားတစ်ဦးသည် သူ့နှလုံးသားထဲမှာ ဘုရားသခင်ကို သူသိပြီးတော့ကိုယ်တော်ရှင်ဟာ ဘုရားဖြစ်ကြောင်း သူသိမြင်ပြီဆိုရင် ဘုရားသခင်ကလည်း သူ့အထဲမှာ ကျိန်းဝပ်ကြောင်းသိမြင်ရင် ပြောဆိုမယ်၊ ဝန်ခံမယ်၊ နောက်ပြီး ကိုယ်တော်ရှင်ကို ဇေလဇေဗုလလို့ ခေါ်ဆိုမယ်ဆိုရင် လူသားတွေကို လှည့်ဖျားတဲ့သူ၊ သူတို့ရဲ့လူတွေကို လှည့်ဖျားတဲ့သူ သူ့ရဲ့သြဝါဒတွေနဲ့လှည့်ဖျားတဲ့သူလို့ ဆိုနိုင်ပါ့မလား?ဘယ်သူမှ ဤအရာများကို လုပ်ကိုင်ပြောဆိုနိုင်မှာ မဟုတ်ဘူး။ ဘုရားသခင် သူနဲ့အတူရှိမှသာကိုယ်တော်ရှင်ပြုတဲ့အမှုတွေကို ပြုနိုင်မှာ ဖြစ်ပါတယ်။

40 ၄၀။ နိကောဒင်ဟာ သူသည် ပရောဖက်ဖြစ်တဲ့အကြောင်းသူသိပါတယ်။ အဖွဲ့အစည်း ထဲမှာ တစ်ခုရှိနေပါတယ်။ ကိုယ်တော်ရှင်ကို ချစ်ခင်ပြီး ကိုယ်တော်ရှင်ကိုကြောက်ရွံ့ သောသူများ ဖြစ်ပါတယ်။ ဓမ္မဟောင်းကျမ်းကို အသိအမှတ်ပြုပြီးတော့ ဒီလူဟာ ဘုရားသခင်ထံတော်ပါးက စေလွှတ်တဲ့ ပရောဖက်ဘဲ ဖြစ်တယ်။ အရည်အချင်းနဲ့ ပြည့်စုံပြီး တော့ သက်သေအထောက်အထားနဲ့ခိုင်လုံစွာ ဖေါ်ပြခြင်းခံရတယ်ဆိုတာကို သူတို့ သိကြပါတယ်။ ကိုယ်တော်ကို ကျွန်တော် လေးစားပါတယ်။ညဘက်မှာ သူလာတာမ ဟုတ်ရင် သူ့အနေနဲ့ ကိုယ်တော်ရှင်ကို ပေါ်ပေါ်ထင်ထင် လက်ခံချင်လို့ဘဲဖြစ်ပါတယ်။ ဒီခေတ်မှာ ရှိနေတဲ့ဆရာတွေထက် သူကအများကြီးသာပါတယ်။ ဒီလူတွေကတော့ လာကြမှာမဟုတ်ပါဘူး။ နိကောဒင်ကတော့ ရောက်လာပါတယ်။ နိကောဒင်ကို အပြစ် မဆိုပါနဲ့။ သင်ကိုယ်တိုင်လည်းရောက်လာမှာ မဟုတ်ပါဘူး။ နိကောဒင်ဟာ ကိုယ်တော် ရှင် ပရောဖက်ပြုကြောင်း ပရောဖက်ဖြစ်ကြောင်းသိပါတယ်။ သူဟာ ထာဝရဘုရား ကိုလည်း ကြောက်ရွံ့ပါတယ်။ အဲဒီလူ သူ့ထံက လွတ်သွားမှာကို သူစိုးရိမ်ပါတယ်။နေ့ရက်ကာလရဲ့ အလင်းတရားဘဲဖြစ်ပါတယ်။ မည်မျှပင် အတိုက်အခံဖြစ် နေပါစေ၊ သူ့ရဲ့အဖွဲ့အစည်းကမည်မျှပင် ကန့်ကွက်နေပါစေ၊ ဘုရားသခင်ဖေါ်ပြတဲ့သူကို သူက တွေ့နေပြီဖြစ်ပါတယ်။ သူဟာ ပရောဖက်ဖြစ်ကြောင်းလည်းသူသိပါတယ်။ သူဟာ ပရောဖက် ဖြစ်တယ်ဆိုရင် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဟာ ပရောဖက် အပေါ်မှာသက်ရောက်ပါတယ်။ သူပြောဆိုနေတဲ့ အကြောင်းအရာကိုလည်း သူသိပါတယ်။ သူဟာ သခင်ယေရှုခရစ်ထံတော်ကိုသွားပါတယ်။ ကယ်တင်ခြင်း ဘယ်လိုရမလဲ ဆိုတာကို သူသိလိုပါတယ်။ ဒီလူဟာ ပရောဖက်ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ် တော်ဟာ သူနဲ့အတူ ရှိပါတယ်။ သူဟာ ကယ်တင်ခြင်းလမ်းကို သိကောင်းသိမှာဖြစ် ပါတယ်။

41 ၄၁။ နိကောဒင် လေ့လာသင်ယူရမဲ့အရာကတော့ ဒီကနေ့လူအတော်များများ သင်ယူရမဲ့ အရာဘဲဖြစ်ပါတယ်။ ဒီခေတ်ကာလ ဂိုဏ်းဂဏများက သင်ယူရမှာ ဖြစ်ပါတယ်။ နိကောဒင် သိဘို့လိုတဲ့အရာကတော့ ဒီနေ့လူတွေသိဘို့လိုတဲ့ အရာတွေဘဲ ဖြစ်ပါတယ်။ ဂိုဏ်းဂဏထဲမှာရှိတဲ့လူတွေသိဘို့ဘဲ ဖြစ်ပါတယ်။ သူဟာ ပရောဖက်ထက် သာပါတယ်။ ကိုယ်တော်ရှင်ကို ရှာဖွေဘို့ သူရောက်လာပါတယ်။ ဘယ်လမ်းဟာ ထာဝရအသက်ကို သွားမဲ့လမ်းဖြစ်သလဲဆိုတာကို သူသိပါတယ်။ သခင်ယေရှု ကိုယ် တော်တိုင်အသက်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ဘုရားသားတော်ဖြစ်တဲ့အတွက် အသက်ကို ပိုင်ဆိုင်သောသူဖြစ်ပါတယ်။ သူဟာ သွန်သင်မှုကိုလာပြီးသင်ယူခံယူဘို့ မဟုတ်ပါဘူး။ သူဟာ ပုဂ္ဂိုလ်တစ်ဦးကို လက်ခံဘို့ဘဲဖြစ်ပါတယ်။ ဒီနေ့ညလည်းဒီအ ကြောင်းကို ပြောမှာ ဖြစ်ပါတယ်။ အဓိက အုတ်မြစ်ကျောက်ကို ငြင်းပယ်ထားကြပါ တယ်။ အဓိကအုတ်မြစ်ကျောက်ကဘာလဲ? နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ခရစ် တော်ဟာ နှုတ်ကပတ်တော် ဖြစ်ပါတယ်။

သူဟာ တစ်စုံတစ်ခုကို သင်ယူဘို့ ဖြစ်ပါတယ်။သူ့ရဲ့ စဉ်းစားညဏ်ထဲမှာ ဒီလူဟာ ပရောဖက်ဖြစ်တယ်။ ပရောဖက်သာ ဖြစ်ပါတယ်လို့ သူ့အသိထဲမှာရှိနေပါတယ်။

42 ၄၂။ သင်သတိပြုမိပါသလား ? သခင်ယေရှု သူ၏မေးခွန်းကို လုံးဝမဖြေပါ။ သူ့ရဲ့ဝိညာဉ်မျက်စိကွယ်ခြင်းကြောင့်သာ ကိုယ်တော်ရှင်က ဆုံးမပါသည်။ သူသည် ပရောဖက်ထက် သာပါသည်။ ကိုယ်တော်ရှင်သည်နှုတ်ကပတ်တော် ဖြစ်ပါသည်။ နှုတ်ကပတ်တော်ရဲ့ တောက်ပသော အလင်းဖြစ်ပါသည်။ သူသည် ဘုရားသခင်ဖြစ်တော်မူ၍တန်ဆာပလာ အဖြစ်နှင့် ကိုယ်တော်ရှင် အသုံးခံသည်။ တောက်ပသောသူဖြစ်သည်။ လူသားထဲတွင် ကျိန်းဝပ်ကြောင်းဘုရားသခင် သက်သေပြသည်။ ကိုယ်တော်ရှင်သည် နှုတ်ကပတ် တော်ဖြစ်သည်။ (ယော ၁)မှာ ဖော်ပြထားပါတယ်။အစအဦး၌ နှုတ်ကပတ်တော်ရှိ၏ ။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏ ။ နှုတ်ကပတ်တော်သည်လည်းဘုရား သခင်ဖြစ်တော်မူသည်ဟု ဆိုထားပါသည်။ နှုတ်ကပတ်တော်သည် လူ့ဇာတိကိုခံယူ၍ ကျွန်ုပ်တို့နှင့်အတူကျိန်းဝပ်တော်မူပါသည်။ ဒီနေရာမှာ ဘုရားသခင်နှုတ်ကပတ်တော် တောက်ပနေတာကို တွေ့ရပါတယ်။ဒီအားနည်းသော လူသားကလေးတစ်ဦးအားဖြင့် ကိုယ်တော်ရှင်ရဲ့အလင်း ထွန်းလင်းပါတယ်။ အဖွဲ့အစည်းများရဲ့မျက်စိကိုကွယ်စေပါ တယ်။ သို့သော်လည်း ကိုယ်တော်ရှင်ကြွလာတော်မူပြီး လူတစ်ဦးစီတစ်ဦးစီကို ကယ်တင်ဖို့ရန်ဖြစ်ပါတယ်။ ပရောဖက်ထက် သာပါတယ်။ ကိုယ်တော်ရှင်သည် နှုတ်က ပတ်တော်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်သည်အသက်ဖြစ်ပါတယ်။ နောင်လာမဲ့အသက် တာ စသည်တို့ကို ကိုယ်တော်ရှင် သင့်ကို သွန်သင်ဘို့ မလိုပါဘူး။သူကိုယ်တိုင် နှုတ်က ပတ်တော် ဖြစ်ပါတယ်။ သူကိုယ်တိုင် အသက်ဖြစ်ပါတယ်။ သူသည်အလင်း ဖြစ်ပါတယ်။ သူသည် အသက်ဖြစ်ပါတယ်။ သူသည် ထာဝရအသက်ဖြစ်ပါတယ်။ ထာဝရအ သက်သည် သူ့အထဲ၌ ကျိန်းဝပ်၍ကိုယ်တော်ရှင် တစ်ပါးတည်းသာ ထာဝရအသက်ကို ပေးပိုင်ပါတယ်။ သားတော်ကို ရသောသူသည် အသက်ကိုရတယ်လို့ ဆိုထားပါတယ်။ သင်သည် နှုတ်ကပတ်တော်ကိုသာ လက်ခံရရှိပြီး ကိုယ်တော်ရှင်အကြောင်းသွန်သင် သော နှုတ်ကပတ်တော် သက်သက်မဟုတ်ပါဘူး။ သင်သည် ခရစ်တော်ကို လက်ခံဘို့ လိုပါတယ်။

43 ၄၃။ သင်က ပြောပေမည်။ အို လူများတို့ ထိုင်ပြီးတော့သမ္မာကျမ်းစာကို လေ့လာသင ယူကြပါ။ ဂရိစကားလုံးများအားလုံးကို လေ့လာပါ။ အဓိပ္ပါယ်သတ်မှတ်ချက်တွေအားလုံး၊ အဆက်အစပ်တွေအားလုံး စသည်ဖြင့် လေ့လာပါလို့ ဆိုပေမည်။ ဘုရားသခင်ကို တော့ ဘာမှမသိပါ။ ဘာမှလည်း နားမလည်ပါ။ သူ့မှာ ပုံစံရှိပါသည်။ သူ့မှာ အကြံအ စည်ရှိပါသည်။ ကိုယ်တော်မှာသားတော် ရှိပါသည်။ ပုဂ္ဂိုလ်ဖြစ်ပါသည်။ ကိုယ်တော်ရှင် ကိုယ်တော်တိုင်ပင် ဖြစ်ပါသည်။ကိုယ်တော်ရှင်သည် အသက်ရှိသော ပုဂ္ဂိုလ်ပင်ဖြစ် ပါသည်။

နိကောဒင်သည် အသက်တာအကြောင်း သူသိပြီးသည်ကိုသူသိနေပါသည်။ ကိုယ်တော်ရှင်ထံမှာ ထာဝရအသက်ရှိကြောင်း သူဘယ်တုန်းကမှ မသိခဲ့ပါ။ သူစကားပြောနေသူမှာ သတင်းစကားပို့ဆောင်သူ နေ့၏အလင်းပင် ဖြစ်ပါသည်။ ကမ္ဘာလောက ၏ အလင်းပင် ဖြစ်ပါသည်။ထိုအလင်းသည် မှောင်မိုက်၌လင်း၍ မှောင်မိုက်သည် သူ့ကိုမသိ၊ သူ့အား သူ့လူမျိုးတော်ထံသို့စေလွှတ်၍သူ့လူမျိုးတော်သည် သူ့ကို လက်မခံ ပါ။ အဘယ်ကြောင့်နည်း ? အကြောင်းမှာ သူတို့သည် အဖွဲ့အစည်း ဖွဲ့စည်းပြီးအားလုံး တည်ထောင်ပြီး ဆေးကြောပြီးသား အိုးခွက်များ၊ အစဉ်အလာများနှင့် ပြည့်စုံနေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် လူ့ဇာတိခံယူသော နှုတ်ကပတ်တော်ကို သူတို့မတွေ့မြင်ကြပါ။

44 ၄၄။ ထပ်မံ၍ ပြောဆိုရဦးမည်ဖြစ်သည်။ တစ်ဖန်ထပ်မံ၍ ပြောဆိုရပါမည်။ သမိုင်းသည် ရံဖန်ရံခါ တစ်ဖန်ထပ်မံ၍ တစ်ကျော့ပြန်လာပါသည်။ မှန်ပါသည်။သူသည် အသက်အကြောင်း သိနေသည်ဆိုသည်ကို သူ့ကိုယ်သူ သိနေပါသည်။ သို့သော်လည်း နိကောဒင်သည်ကိုယ်တော်ရှင် အသက်ဖြစ်ကြောင်း မသိပါ။ ယနေ့ခေတ်ကာလမှာ လည်း ဤကဲ့သို့ပင် ဖြစ်ပါသည်။ လူပေါင်းမြောက်များစွာတို့က သခင်ယေရှုကို အင်မတန် ကြီးမြတ်သော ဆရာကြီးတစ်ပါး အနေနဲ့လက်ခံကြပါ သည်။ သူသည် ပရောဖက် ဖြစ်သည်ဟုပင် အချို့က ပြောကြပါသည်။ ကိုယ်တော်ရှင်သည်ဘုရားဖြစ်ကြောင်းပြော ပြလိုက်သည့်အခါမှာ သူတို့ လက်မခံနိုင်ပါ။ သို့သော်လည်း သူသည်ဘုရားဖြစ်ပါသည်။ သူတစ်ကယ်ဘဲ ဘုရားဖြစ်ပါသည်။ အမြဲတမ်းလည်း ဘုရားဖြစ်နေပါမည်။

သူက နိကောဒင်ကို နိကောဒင် သူ့ထံလာသောအခါမှာနိကောဒင် ခင်ဗျားကို ကျွန်တော် လေးစားတယ်။ ခင်ဗျားဟာ ဣသရေလမှာတော့ တစ်ကယ်ကို ဆရာတစ်ပါးဘဲ။ ခင်ဗျားကို ကျွန်တော် ဘာလဲဆိုတာ ပြောပြမယ်။ ခင်ဗျားဟာ ထာဝရအသက်ကို ရှာဖွေနေတယ်။ခင်ဗျားရဲ့ ကျမ်းစာတတ်ခြင်းကို ကျွန်တော် ပိုပြီးအရောင်တက်လာ အောင် လုပ်ပေးမယ်။ ခင်ဗျားရဲ့စကားတွေကတော့မှန်ကန်တယ်လို့ မပြောပါနဲ့။ အဓိပ္ပါယ်မရှိဘူးလို့ မပြောပါနဲ့။ ခင်ဗျားဟာ ခင်ဗျားရဲ့ဂိုဏ်းဂဏမှာရှိတဲ့ အမှုဆောင် အဖွဲ့အနေနဲ့ ဒီထက်မက တိုးပြီး ရာထူးတက်လာအောင် လုပ်ရပါမယ်။ထာဝရအသက် ကိုရဘို့ ကြိုးစားရမှာ ဖြစ်ပါတယ်လို့ သူကမပြောပါဘူး။

ယနေ့ လူတော်တော်များများက ထိုကဲ့သို့ လုပ်ဘို့ရန်ကြိုးစားပါတယ်။ ပိုမိုမြင့်မား တဲ့ ရာထူးတွေ ရအောင်ကြိုးစားပါတယ်။ သူတို့ဟာ သင်းအုပ်ဆရာဘဝကနေပြီးပိုပြီး ရာထူးတက်အောင် လုပ်ပါတယ်။ အလုပ်အမှုဆောင်အဖွဲ့အစည်းတွေ ဖြစ်စေပါ တယ်။ ဒါမှမဟုတ်ရင်လည်းဘီးရှော့ကြီးတွေ ဖြစ်ချင်ပါတယ်။ ဘုရားသခင်နဲ့ပတ်သက် လို့ ဘာမှလုပ်ကိုင်ဆောင်ရွက်ဘို့မလိုပါဘူး။

45 ၄၅။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ဘာလုပ်မလဲဆိုတာကျွန်တော်တို့ ကြည့်ရမှာ ဖြစ်ပါ တယ်။ အချိန်နာရီကို မသိတဲ့အတွက် သူ့ကိုသွန်သင်ဆုံးမရမှာဖြစ်ပါတယ်။ သူ့အသက် ရှင် နေထိုင်တဲ့အချိန်ကို သိဘို့မစရမှာ ဖြစ်ပါတယ်။ သင်ဟာ ဣသရေလနိုင်ငံမှာဆရာတစ်ဆူ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အဲဒါတွေကို နားမလည်နိုင်ဘူးလို့ ပြောပါတယ်။ လူတစ်ဦးဟာဒုတိယမွေးခြင်းခံဘို့လိုပါတယ်လို့ ပြောပါတယ်။ (ယော ၃း၄) ဘာကြောင့် လဲလို့ သူကမေးတဲ့အခါမှာကျွန်တော်လို အသက်အရွယ် ကြီးရင့်တဲ့သူက အမေ့ဗိုက်ထဲ မှာ ပြန်ပြီးမွေးရမှာလားလို့ မေးပါတယ်။

သူဆက်ပြီး ပြောတာကတော့ သင်ဟာ ဘီးရှော့တစ်ဦးဖြစ်တယ်။ကာဒင်နယ်တစ် ဦး ဖြစ်တယ်။ ဂိုဏ်းချုပ်တစ်ဦးဖြစ်တယ်။ ဒီပင်တေကုတ္တေအသင်းတော်မှာ တစ်စုံတစ်ယောက်သော သင်းထောက်ကြီးတစ်ပါးဖြစ်တယ်။ ဒီအဖွဲ့အစည်းမှာလည်း အင်မတန်

ကြီး းမားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်တယ်။သမ္မာကျမ်းစာကိုလည်း သင်မသိဘူးလို့ ဆိုထား ပါတယ်။ ကျွန်တော်တို့ မောရှေ ကျွန်တော်တို့နဲ့အတူရှိပါတယ်လို့ ဖြေပါတယ်။

မောရှေကို သင်တို့သိပါက ကျွန်ုပ်ကိုလည်းသင်တို့ သိမှာ ဖြစ်ပါတယ်။ ဘာကြောင့် လဲဆိုတော့ ကျွန်ုပ်အကြောင်းကို သူကပြောသောကြောင့်ဖြစ်ပါတယ်။ သူတို့ရဲ့အစဉ်အ လာများအားဖြင့် မဟုတ်ပါဘူး။ သူတို့ရဲ့အဖွဲ့အစည်းကတော့ ကျွန်တော်တို့နဲ့မတူပါဘူး။ သို့သော်လည်း မောရှေက ကိုယ်တော့်အကြောင်းကို ပြောပါတယ်။ ကိုယ်တော်ရှင်က လည်းမောရှေပြောသောသူပင်ဖြစ်ပါတယ်။ ဒါတောင်မှ သူတို့ ကိုယ်တော်ကို မသိပါ ဘူး။ အဘယ်ကြောင့်နည်း။သူတို့ကိုယ်တိုင် သူတို့ရဲ့အစဉ်အလာတွေနဲ့ ကိုယ်တော်ကို ချည်နှောင်ထားပါတယ်။ သူတို့ထိုအရာကို မသိတော့ပါဘူး။

46 ၄၆။ ဤတိတ်ခွေကို ယူသွားသော ညီအစ်ကိုများအခုချက်ချင်း ပိတ်မပစ်လိုက်ပါနှင့်။ ခဏနေပါဦး၊ ဒီအရာကို အခုချက်ချင်းဘဲ ကြည့်ကြပါစို့။သင်တို့သည် သိုးထိန်းများ ဖြစ်ကြပါသည်။ သင်တို့ကို ကျွန်တော် ချစ်ပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော် အရာ ခပ်သိမ်းအားလုံးကို သိနေတယ်ဆိုပြီးတော့ မပြောလိုပါဘူး။ ကျွန်တော် အဲလိုပုံစံမျိုးဖြစ်နေတယ်ဆိုရင်လည်း တိတ်ခွေကို ချက်ချင်းရပ်လိုက်ပါ။ ကျွန်တော့်အတွက် ဆုတောင်း ပေးပါ။ခင်ဗျားတို့ကို ကျွန်တော် ကြိုးစားပြီးတော့ ဒီသမ္မာတရားကို ဖေါ်ထုတ်ဘို့ကြိုး စားနေပါတယ်။ခင်ဗျားတို့ ဒီအကြောင်းအရာတွေကို မသိရှိဘဲ ကျော်မသွားပါစေနဲ့။

လူတို့ စံနစ်တကျအလုပ်လုပ်တာကို ကျွန်တော်လေးစားပါတယ်။ သို့သော်လည်း ဒီအဖွဲ့အစည်းများ ဖွဲ့စည်းရင် ဖာရိရှဲတွေကို ကြည့်ပါ။ ဇဒ္ဒုကဲတွေနဲ့ဘာမှမဆိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဇဒ္ဒုကဲတွေက ဘာကိုမှ မယုံကြည်လိုပါဘူး။ ကောင်းကင်တမန်ဝိညာဉ်၊ ရှင်ပြန်ထမြောက်ခြင်း ဘာကိုမှ မယုံကြည်ပါဘူး။ ဒါပေမဲ့လည်း ဖာရိရှဲတွေက တော့နှစ်ခုစလုံးကို ယုံကြည်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အတိုက်အခံ ဖြစ်ကြ ပါတယ်။ တစ်ပါးတစ်ဆူကိုယုံကြည်တဲ့သူက တစ်ခုကိုယုံတယ်။ တြီနီတီ ယုံကြည်တဲ့ သူကလည်း နောက်တစ်ခုကို ယုံတယ်။ မက်သဒစ်ကနောက်တစ်ခုကို ယုံတယ်။ ပရက်စ် ဘီတေးရီးယန်းကလည်း နောက်တစ်မျိုးကို ယုံကြည်တယ်။ တစ်ယောက်နဲ့တစ်ယောက်သီးခြားဖြစ်နေကြပါတယ်။ အဲဒီတော့ ဘာဖြစ်ပါသလဲ?ညီကိုချင်းကွဲကွာရပါတယ်။ စကားမစပ် ကျွန်တော် ပြောရမယ်ဆိုရင် သမ္မာကျမ်းစာထဲမှာအဲဒါနဲ့ပတ်သက်တဲ့ အကြောင်းအရာ အနည်းငယ်ကို တွေ့ရပါတယ်။ အဲဒါဘာလဲ၊ ဘုရားသခင်ဘာပြော ထားသလဲဆိုတာကိုကြည့်လို့ရပါတယ်။

47 ၄၇။ မဟုတ်ပါ။ ကိုယ်တော်က သူ့ကိုအရောင်တင်ဘို့မပြောပါ။ သူ့ကို ဘာပြောသလဲ ဆိုတော့ ဆုံးမသွန်သင်တယ်။ တစ်ကယ်စစ်မှန်တဲ့အရာတွေကို မသိလို့သွန်သင်ခြင်းကို ခံရပါတယ်။ သင်သည် ဣသရေလနိုင်ငံတွင် ဆရာတစ်ပါးဖြစ်ပါ တယ်။ ဒါတောင်မှဒီအရာတွေကို မသိဘူးလားလို့ မေးပါတယ်။ လောကဆိုင်ရာအရာတွေအကြောင်းကို ကျွန်ုပ် သင့်ကိုပြောပြပါက သင်နားလည်မှာ မဟုတ်ပါ။ စဉ်းစားပါ။ ဆရာတစ်ဆူအနေ နှင့် အော်သိုဒေါ့အသင်းတော်ကြီးတစ်ခုတွင်အင်မတန်မြင့်မားသော ရာထူးကိုရထား တယ်။ ဘီးရှော့၊ ကာဒီနယ်လ်စသည်တို့ ဖြစ်နေတယ်။ ဒါတောင်မှသင်နားလည် နိုင်မှာ မဟုတ်ပါဘူး။ သဘာဝနဲ့ပတ်သက်တဲ့ ကလေးငယ်ပုံစံ၊ အရာများအကြောင်း ကျွန်တော်သင့်ကိုပြောပြပါက သင်နား လည်မှာ မဟုတ်ပါဘူး။ ကောင်းကင်မှ ဝိညာဉ်ရေးရာအရာ များကို သင်ဘယ်လိုလုပ်နားလည်နိုင်မှာလဲ? (ယော ၁၆း၁၇)

သို့သော်လည်း ဘာမှမသိ နားမလည်တဲ့ တံငါသည်အိုကတော့သူ့နာမည်ကို တောင် သူမရေးတတ်ပါဘူး။ ဒါပေမဲ့လည်း ကိုယ်တော်ရှင် ပြောတဲ့အရာတွေကို နားလည်ပါတယ်။ယေရုရှလင်အသင်းတော်ရဲ့ ခေါင်းဆောင် ဖြစ်ခွင့်ကို ရပါတယ်။ သူကတော့ ပေတရုဘဲ ဖြစ်ပါတယ်။ ခမည်းတော်က ငါ့ကိုပေးသမျှအရာအားလုံး ရောက်လာမယ်လို့ ဆိုပါတယ်။ သူတို့ တွေ့မြင်ပါတယ်။သူတို့ ယုံကြည်ပါတယ်။ သူတို့ ယုံကြည်ခြင်းနဲ့အညီ သူတို့ ပြုမူပါတယ်။ ဘယ်အရာကမှ သူတို့ကိုမတားဆီ းနိုင်ပါဘူး။

48 ၄၈။ လယ်သမားတစ်ဦးကဲ့သို့ပင် ဖြစ်ပါတယ်။ ဟာသပြောရမှာတော့မကောင်းပါဘူး။ ဒါပေမဲ့လည်း သရုပ်ပေါ်အောင်တော့ ပြောလိုပါတယ်။ လယ်သမားကြီးတစ်ဦးဟာ ကြက်မကြီးတစ်ကောင်ကိုဝယ်ထားပါတယ်။ အဲဒီကြက်မကြီးက ဥများများ မဥနိုင်ပါ ဘူး။ အဲဒီတော့ သူကဘဲဥလေးတွေကို ကြက်မကြီးရဲ့အောက်မှာဝပ်ခိုင်းပါတယ်။ အဲဒီတော့ ဘဲကလေးက ဘဲဥထဲကနေ ပေါက်လာပါတယ်။ သူဟာ ကြက်ပေါက်ကလေး တွေကြားမှာရီစရာအကောင်းဆုံး ဘဲကလေးဖြစ်နေပါတယ်။ ဘဲနှုတ်သီ းရှည်ရှည်လေးနဲ့ ရီစရာကောင်းပါတယ်။ ကြက်ကလေးတွေလို အော်မဲ့အစား ဘဲကလေးအော်သလို တဂတ်ဂတ်နဲ့ အော်နေပါတယ်။ ကြက်ကလေးတွေအားလုံးဟာလယ်ထဲမှာ သွားပြီး တော့ ကုတ်ဖွဲ့ပြီး အစာတွေကို ရှာစားပါတယ်။ အဲဒါတွေဟာ သူ့ရဲ့အစာမဟုတ်ပါဘူး။ဘဲကလေးရဲ့အစာ မဟုတ်ပါဘူး။ တစ်နေ့သောအခါ ဒီကြက်မကြီးဟာ သူ့ကိုလယ်ထဲမှာ ထားခဲ့ပါတယ်။ကြက်မကြီးဟာ နံ့ကောင်တွေဖမ်းဘို့ နောက်ပြီး အဲဒီတောင်ကုန်းပေါ် မှာလည်း ရေကန်တစ်ကန်ရှိပါတယ်။အဲဒီအချိန်မှာ လေတိုက်လိုက်ပါတယ်။ လေက ရေကန်ဘက်ကို တိုက်ပါတယ်။ အဲဒီအခါမှာ ဘဲကလေးကရေအနံ့ကို ရသွားပါတယ်။ သူ့ရဲ့သဘာဝအတိုင်းဘဲ ဖြစ်ပါတယ်။ အဲဒီကြက်မကြီးက ဘာပြောသလဲဆိုတော့ဂတ်.ဂတ်.ဂတ်လေး ပြန်လာလို့ ကြက်မကြီးက ပြောလိုက်တယ်။

သူကလည်း ဂတ်.ဂတ်.ဂတ်လို့ပြောပြီး ရေထဲ ခုန်ဆင်းသွားပါတယ်။ဘာကြောင့် လဲ၊ သူက ဘဲဖြစ်လို့ပါဘဲ။ အစကတည်းက ဘဲဖြစ်နေပါတယ်။ ဘယ်လောက်ဘဲ ကြက်က လေးတွေနောက်လိုက်ပြီးတော့ ကြက်ကလေးတွေ အော်သလိုလိုက် အော်နေပေမဲ့လည်း သူဟာ ဘဲဖြစ်မြဲဖြစ်နေပါတယ်။

49 ၄၉။ ထိုနည်းလမ်းမှာထာဝရအ သက်အတွက် ရွေးချယ်ခန့်ထားခြင်းခံရတဲ့သူရဲ့ နည်းလမ်းဘဲဖြစ်ပါတယ်။ သူသည် ဘုရားသခင်၏အလင်းကိုတွေ့သောအခါမှာ ကမ္ဘာလောကကြီးထဲတွင် အဖွဲ့အစည်း သိပ်မရှိသေးပါ။ ဘာကြောင့်လဲ? သူ့ရဲ့ သဘာဝဘဲ ဖြစ်ပါတယ်။ သူဟာ သူတို့နဲ့အတူအချိန်ကြာမြင့်စွာ အလုပ်လုပ်ခဲ့ပြီး ဖြစ်ပါတယ်။ သူတို့ရဲ့လူမှုရေးတွေ လုပ်ငန်း တွေကိုလည်းသူတော်တော်

အကျွမ်းဝင်နေပြီးဖြစ်ပါတယ်။ သို့သော်လည်း ခြားနားတဲ့နေရာ တစ်ခုကို သူရောက်လာပါတယ်။ အဲဒီအခါမှာ သူ့ကိုယ်သူ သိလာပါတယ်။ ငါ့သိုးတို့သည် ငါ၏အသံကိုသိတယ်လို့ သခင်ယေရှုကပြောပါတယ်။ သူတို့ဟာ လူစိမ်းနောက်ကိုလိုက်မှာ မဟုတ်ပါဘူးလို့ ကိုယ်တော်ရှင်မိန့်တော်မူပါတယ်။သူတို့ဟာ ထူးခြားတဲ့အရာ နောက်ကို လိုက်ကောင်းလိုက်နေမှာ ဖြစ်ပါတယ်။ သို့သော်လည်း သူတို့ရဲ့အတွင်းသဘောတွေမှာတော့ တစ်စုံတစ်ရာ ထူးခြားတာ ရှိနေပါတယ်။ သူတို့အမှန်တရားကိုတော့ ကြားနာပါစေ၊သူတို့ကို ကြည့်ပါ။ ငါ့ခမည်းတော်က ငါ့ကိုပေးတဲ့ အရာအားလုံး ငါ့ထံသို့ လာမယ်လို့ ကိုယ်တော်ရှင်ဆိုခဲ့ဘူးပါတယ်။

50 ၅၀။ ကိုယ်တော်ရှင်က မသိတဲ့အတွက် သူ့ကို ဆုံးမသွန်သင်ပါတယ်။သင်ဟာ ဣသရေလမှာ ဆရာတစ်ပါးဖြစ်ပြီးတော့ ဒီအရာကို မသိဘူးလား ? ဒုတိယမွေးခြင်း ခံရမယ်လို့ ဆိုပါတယ်။ သာမန်လူတစ်ယောက်အနေနဲ့သင်တို့ကို တစ်စုံတစ်ရာ သောအရာကို သိလိုပါတယ်။ သင်ဟာ ဒုတိယမွေးခြင်းကို ခံရပါမယ်။

သာမန်အသက်တာဆိုတာ ဒီသဘာဝလောကကြီးထဲမှာ လှုပ်ရှားသွားလာဘို့သာမန်သဘာဝအသက်တာဘဲဖြစ်ပါတယ်။ သဘာဝအရာတွေမှာ ကျွန်တော်တို့ဟာ သဘာဝအတိုင်း မွေးဖွားလာဘို့လိုပါတယ်။ သူတို့ဟာ သင့်ကို သစ်ပင်တစ်ပင် မှာချည် ထားပြီးတော့ သင့်ကိုအဲလိုမျိုး ကပ်ထားဘို့မကြိုးစားပါဘူး။ သင်က ကြိုးစားနေခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကြိုးစားလို့မရပါဘူး။တစ်ကယ်ကို မွေးဖွားဘို့ လိုပါတယ်။တစ်ကယ်သဘာဝအတိုင်းဘဲ မွေးဖွားဘို့လိုပါတယ်။ သင်ဟာအာရုံငါးပါးကို ခံယူနိုင်ပြီး လှုပ်ရှားသွားလာနိုင်ဘို့ လိုပါတယ်။ လမ်းလျှောက်ဘို့လိုတယ်။စကား ပြောဘို့လိုတယ်။ ကြည့်ဘို့လိုတယ်။ အရသာခံဘို့၊ အနံ့ခံဘို့၊ အာရုံခံစားနိုင်ဘို့၊ကြားဘို့ သွားလာလှုပ်ရှား ဘို့ လိုပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သင်ဟာ လူသားတစ်ဦး ဖြစ်လို့ဘဲဖြစ်ပါတယ်။ သင်ဟာ ဒီအရာတွေအားလုံးအတွက် လိုအပ်တဲ့အရာ တွေဘဲဖြစ်တယ်။ ဘာကြောင့်လဲ ဆိုတော့သင်ဟာသဘာဝလောကကြီးထဲမှာ မွေးဖွားလာလို့ဘဲ ဖြစ်ပါတယ်။

51 ၅၁။ အဲဒီလိုမွေးဖွားလာတဲ့အခါမှာ သင်ဟာ အရမ်းဘဲပညာတတ်လာတယ်။ လောက ဆိုင်ရာ ပညာတွေရှိတယ်။ ဒီကမ္ဘာလောကကြီးနဲ့ ပတ်သက်လို့ ကျွမ်းကျင်မှုတွေအများ ကြီး ရှိပါတယ်။ သမ်္မတကြီးတွေ ဖြစ်လာတယ်။ ကြီးမားတဲ့ ပညာတတ်ကြီးတွေ ဖြစ်လာ တယ်။ အင်မတန်မှ စက်ပြင်ကျွမ်းကျင်တဲ့ ပုဂ်္ဂိုလ်ကြီးတွေ ဖြစ်လာတယ်။ သိပ််ပညာရှင် ကြီးတွေဖြစ်လာတယ်။ စသည်ဖြင့် ဖြစ်လာပါတယ်။ သင်အမြဲတမ်း သိပါတယ်။ ဟိုး အစအဦးကတည်းက ကာဣနရဲ့သားသမီးတွေဟာ အဲဒီလိုမျိုး ဉာဏ်ပညာတွေ ရှိပါတယ်။ ရှေသရဲ့ သားသမီးတွေ မဟုတ်ပါဘူး။ သူတို့ကတော့နှိမ့်ချတဲ့ သိုးထိန်း တွေဘဲ ဖြစ်ပါတယ်။ ရှေသရဲ့သားသမီးတွေဟာ ဘုရားတရားကို ကြည်ညိုလေးစားတဲ့သူတွေဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကာဣနရဲ့သားသမီးတွေဟာ အမြဲဘဲတော်တယ်။ မြင့်တယ်။ သိပ္ပံပညာရှင်တွေ၊ ဆရာဝန်ကြီးတွေ၊ တော်တဲ့ပုဂ်ဂိုလ်ကြီးတွေဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာ မိန့်တော်မူပါတယ်။သမ္မာကျမ်းစာကလည်း ထိုအရာကိုဘဲ သွန်သင်ပါ တယ်။ အင်မတန်မှဘဲ ဘာသာတရား ကိုင်းရှိုင်းတယ်။ဒါပေမဲ့လည်း အဆုံးမှာတော့ ကယ်တင်ခြင်း ဆုံးရှုံးရပါတယ်။ ကျွန်တော်တို့ဟာ ကျောင်းကိုတက်ပြီးပညာတွေသင် တယ်။ ပညာတက်တွေဖြစ်တယ်၊ ပညာသင်ဆုတွေရတယ်၊ စသည်ဖြင့် ကျွန်တော်တို့ဟာ တော်တယ်တက်တယ် အရာရာတိုင်းကို လုပ်ဆောင်နိုင်တယ် ပြောနိုင်တယ် တစ်ခါတစ် ရံမှာ သန့်ရှင်းသောဝိညာဉ်တော်နဲ့ပြည့်ဝတဲ့လူကိုတောင်မှ ရစရာမရှိအောင် ပြောပစ် လိုက်ကြပါတယ်။ သခင်ယေရှုမိန့်တော်မူပါတယ်။ ဒီကမ္ဘာလောကကြီးရဲ့ သားသမီးတွေ က ကောင်းကင်နိုင်ငံတော်ရဲ့ သားသမီးတွေထက်ပိုပြီးတော့ပညာအရာမှာ သာနေကြပါ တယ်။ မှန်ပါတယ်။ သူတို့အဲလိုမျိုးတော်နေကြတာ သူတို့ရဲ့အသိပညာတွေအသိတရား တွေ သူတို့စကားပြောဆိုနိုင်တာတွေ သူများကို အနိုင်ယူပြီးပြောနိုင်တာတွေ သူများထက်ပိုတော်တာတွေဟာ သမ််္မာကျမ်းစာကို လှည့်ဖျားလိုက်ပြီးတော့ သမ္မာကျမ်းစာမှာ မဖေါ်ပြထားတဲ့အရာတွေကိုပြောဆိုနေခြင်းပဲဖြစ်ပါတယ်။

52 ၅၂။ အဲဒါကို တစ်ကယ်ပြောနေတာမဟုတ်ဘူးလို့ဆိုမှာပါ။ အဲလိုမျိုး လူတစ်ယောက်က ပြောတယ် သူ့ထံကထွက်သွားဖို့ကြိုးစားတယ် ဘုရားသခင်ကသူ့ရဲ့နှုတ်ကပတ်တော်ကို သူသိပါတယ်။ သမ််္မာကျမ်းစာမိန့်တော်မူပါတယ်။ ရေးသင့်ရေးထိုက်တဲ့အတိုင်းဘဲ ရေးသားထားပါတယ်။ လှည့်ဖျားလို့ရနိုင်တဲ့ နည်းအတိုင်း ဖြစ်နေပါတယ်။ ပညာတတ်တွေအတွက် ထိမိ၍လဲစရာ ဖြစ်နေပါတယ်။ သိပ်ကို ရိုးရှင်းပါတယ်။ အဲဒီရိုးရှင်းလွန်း အားကြီးလို့သူတို့ ထိမိ၍လဲကြရပါတယ်။ (ယောဘ ၄း၁)

ဤဉာဏ်ပညာများအားလုံး သူတို့ ရရှိထားခြင်းမှာဒီလောကရဲ့ပညာများသာ ဖြစ်ပါတယ်။ လေကတွင် မွေးဖွားလာတဲ့အခါ ရရှိလာခြင်းဘဲ ဖြစ်ပါတယ်။ကမ္ဘာမြေကြီး က ရတဲ့အရာဘဲ ဖြစ်ပါတယ်။ ဘုရားသခင် ဝိညာဉ်တော်နဲ့ ဆန့်ကျင်တဲ့အရာ ဖြစ်ပါတယ်။ ပထမဖွားမြင်ခြင်းခံတဲ့အခါမှာ ကျွန်တော်တို့ ဒီလောကကြီးမှာ လှုပ်ရှားသွားလာ ပြီးတော့လူသားတွေ ဖြစ်လာပါတယ်။ ကျွန်တော်တို့ရဲ့ ဧဒင်ဥယျာဉ်ကြီးထဲမှာ ပြုလုပ်ခဲ့ တဲ့အပြစ်ကြောင့်ကမ္ဘာလောကကြီးကို လူသားတွေ ရောက်ရှိလာတဲ့အခါမှာ မိန်းမအား ဖြင့် မွေးဖွားပြီး ရောက်ရှိလာပါတယ်။မိန်းမအားဖြင့် မွေးဖွားလာတဲ့လူတွေဟာ ရက်အ နည်းငယ်ကြာတဲ့အခါမှာ လူသားတစ်ယောက်ဖြစ်လာပါတယ်။ သို့သော်လည်း ခရစ်တော်အားဖြင့် ဖွားမြင်တဲ့လူကတော့ ထာဝရအသက်ပဲဖြစ်ပါတယ်။ ယောဘပြောတဲ့စကားရှိပါတယ်။ မိန်းမအားဖြင့် ဖွားမြင်တဲ့သူဟာ ရက်အနည်းငယ်သာ အသက်ရှင်ခွင့်ရ ပြီး ပြဿနာပေါင်းစုံနဲ့ပြည့်စုံနေတဲ့ဘဝဖြစ်ပါတယ်။ ဒါပေမဲ့လည်း ခရစ်တော်အားဖြင့် မွေးဖွားလာတဲ့လူတစ် ယောက်ကတော့ဟိုးအထက်က မွေးဖွားလာခြင်းဖြစ်တယ်။ လော ကနဲ့ဆိုင်ပြီး မွေးဖွားလာတဲ့အရာကတော့ ပညာတက်မယ်တော်မယ် ဒါပဲရှိပါတယ်။

53 ၅၃။ နတ်ဆိုးဟာမည်မျှ လိမ်လည်လှည့်ဖျားပြီးတော့ ရုပ်ရည်ကြမ်းတမ်းသလဲဆို တာကို ကြည့်ပါ။ သူဟာ ယဇ်ပုရောဟိတ်တိုင်းကို အရူးလုပ်ပါတယ်။ ကမ််္ဘာလောကကြီး ပေါ်မှာရှိနေတဲ့ ယဇ်ပုရောဟိတ်တိုင်းကိုသူတစ်ကယ်ပဲ လှည့်ဖျားလိုက် ပါတယ်။ ယနေ့ လည်း ဆက်လက်လုပ်ဆောင်နေဆဲပဲ ဖြစ်ပါတယ်။ အမှန်ဘဲဖြစ်ပါတယ်။သူကအလွန် တော်ပါတယ်။ ဒါပေမဲ့ တစ်နေ့သောအခါမှာ သူ့ရဲ့ပြိုင်ဘက်ကို သူတွေ့ရပါတယ်။ သူ့ရဲ့ပြိုင်ဘက်ကသူ့ကိုအနိုင်ယူသွားပါတယ်။ ကျွန်တော်တို့ လုပ် နိုင်တဲ့ တစ်ခုတည်းသော အရာကတော့ သူ့ကိုဆန့်ကျင်ဖို့ပဲဖြစ်ပါတယ်။သူဟာ ကိုယ်တော်ရှင်ကို ရှုံးနိမ့်ပြီးသား ဖြစ်ပါတယ်။

သို့သော်လည်း အောက်အရပ်မှလာသော ဤပညာသည် လူတို့တီထွင်ဖန်တီးမှုဖြစ်ပြီးတော့ ဤအရာများအားလုံးကို သက်သေပြခြင်းဖြစ်ပြီး လူတို့ဘာကြောင့် ထိုသို့လုပ်သင့်ကြောင်းနှင့်လူတို့ဘာကြောင့် ဤသို့လုပ်သင့်ကြောင်းတို့ကို ဖေါ်ပြပါ သည်။ သို့သော်လည်း ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ဇာတိပကတိစိတ်မှာ ဘုရားသခင်၏ ရန်သူပင်ဖြစ်သည်။ သမ္မာကျမ်းစာ ဖေါ်ပြထားပါသည်။မည်မျှပင် သင်သည် တော်ပါစေတက်ပါစေ မည်မျှပင် သင်သည်လှည့်ဖျားတက်ပါစေ ကျွန်တော် တစ်စုံတစ်ယောက်သောသူကိုဖေါ်ပြလိုပါသည်။ ဘုရားသခင်မှာ အဖွဲ့အစည်း ဒါမှမ ဟုတ်ရင်လည်း အမိန့်ပေးထားသောအရာ မရှိပါဘူး။ သမ္မာကျမ်းစာထဲမှာ မည်ကဲ့သို့ အပြစ်ပေးထားပါသနည်း? မည်မျှပင်သင်သည် ကြိုးစားပါစေ တော်ပါစေ ဘုရားသခင် နဲ့ ဆန့်ကျင်ဘက်ပင်ဖြစ်ပါသည်။ဉာဏ်ပညာ မည်သို့ရပ်တည်နိုင်ကြောင်း သင့်အား မည်ကဲ့သို့ပွင့်လင်းစွာ အငြင်းအခုံဖြစ်စေကြောင်းတွေ့ရပါသည်။ ထိုအရာနှင့်ပတ်သက် ၍ ပြောပြသောအခါ သင်မည်ကဲ့သို့ ခံစားရမည်ကို ကျွန်တော်နားလည်ပါသည်။ သို့သော်လည်း သမ္မာကျမ်းစာနှင့်တော့ ဆန့်ကျင်ဘက်ဖြစ်နေပါသည်။

54 ၅၄။ တစ်စုံတစ်ယောက်သောသူက ကျွန်တော့်ကိုပြောပါသည်။ဘာရာသာဘရမ်ဟမ် သင်နဲ့ပတ်သက်လို့ ကျွန်တော် မကြိုက်တာရှိပါတယ်။ ကျွန်တော်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေတာရှိပါတယ်။ သင်က သခင်ယေရှုတစ်ပါးတည်းသာ ရှိပါတယ်။ သင်မရှိပါဘူး။ ကျွန်တော်ကလည်း ကျွန်တော်မဟုတ်ပါဘူး။ကျွန်တော်ကတော့ ဘယ်အဖွဲ့အစည်းနဲ့မှ မဆိုင် ဘူးလို့ ပြန်ပြောပါတယ်။ ပြည်နယ်တစ်ခုက အသင်းတော်လူကြီးတစ်ယောက်ကိုစေလွှတ်လိုက်ပြီးတော့ ပြောခိုင်းလိုက်ပါတယ်။ ဘာရာသာဘရမ်ဟမ် တစ်စုံတစ်ယောက် သောသူက ဘာပြောသလဲဆိုတော့ခင်ဗျားက သခင်ယေရှုလို ဖြစ်နေတယ်လို့ ပြောပါတယ်။ ကျွန်တော်ကလည်း အဲဒါမဟုတ်ပါဘူး။ မှားပါတယ်ဆန့်ကျင်ဘက်ကိုဖြစ်နေပါတယ်။

ခင်ဗျားပြောသလို ခင်ဗျားဟာ လွတ်လပ်တဲ့မေတ္တာကိုယုံကြည်တယ်။ သူတို့ဇနီးသည်တွေကို ပစ်ပယ်ပြီးတော့ သူတို့ အမဲလိုက်သွားရမယ်လို့ ဆိုထားပါတယ်။ဒါတွေ ဟာ နတ်ဆိုးရဲ့ လှည်းဖျားမှုတွေပါပဲ ခင်ဗျားသိပါတယ်။

ကျွန်တော်က ဘာပြောသလဲဆိုတော့ ကျွန်တော်ကတော့ကျမ်းစာနဲ့မကိုက်ညီ တဲ့အရာတွေကို လုံး၀ဆန့်ကျင်ပါတယ်။ သန့်ရှင်းခြင်း မြင့်မြတ်ခြင်းတို့ကိုကျွန်တော်ယုံ ကြည်ပါတယ်။ ဇနီးသည်နဲ့ ခင်ပွန်းသည်ဟာ အသက်ရှင်သမျှကာလပတ်လုံး တစ်ဦးနဲ့တစ်ဦးချည်နှောင်ပေါင်းစပ်ထားတဲ့သူတွေ ဖြစ်ပါတယ်။ သူမကို ပထမဆုံး ဆုတောင်း ပြီးမှသာ လက်ခံယူလို့ရပါတယ်။

55 ၅၅။ သခင်ယေရှုတစ်ပါးတည်းသာသခင်ယေရှုနဲ့ဆိုင်တဲ့ အုပ်စုတစ်ခုတည်းသာ ရှိပါတယ်။ သူတို့ကို ဘယ်သူကမှ ဆန့်ကျင်လို့မရပါဘူး။ သူတို့ဟာ ကောင်းမြတ်တယ် တစ်ခြားအုပ်စုတွေလိုပဲ ကောင်းမြတ်ပါတယ်။ ဒါပေမဲ့လည်း သူတို့ဗတ္တိဇံခံတာ မှားယွင်းနေပါတယ်။ သူတို့အသက်တာ ပြောင်းလဲဖို့အတွက် ဗတ္တိဇံခံပါတယ်။ကျွန်တော်တို့ ဟာ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အသက်တာပြောင်းလဲတယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ ရေအားဖြင့် ပြောင်းလဲတာ မဟုတ်ပါ ဘူး။ ဗတ္တိဇံပေးတဲ့အခါမှာ ကျွန်တော်ဟာသခင်ယေရှုခရစ်တော်ရဲ့နာမကို အမှီပြုပါတယ်။ ဒါကြောင့်မို့လို့ သမ္မာကျမ်း စာမှာကြည့်မယ်ဆိုရင်ဘယ်နေရာမှာမှ ကျမ်းစာကို ဆန့်ကျင်တဲ့အရာကို မတွေ့ရပါဘူး။ ခမည်းတော် သားတော် သန့်ရှင်းသောဝိညာဉ်တော်နာမဖြင့်ဗတ္တိဇံခံတယ်ဆိုတာကို လည်း သမ္မာကျမ်းစာထဲမှာ မတွေ့ရပါဘူး။ သမ္မာကျမ်းစာထဲမှာ အဲလိုမျိုးဗတ္တိခံတာရှိ သလားဆိုတာကို ကျွန်တော့်ကို ထောက်ပြစေလိုပါတယ်။ အဲဒါ သမ္မာကျမ်းစာနဲ့မကိုက် ညီဘူးဆို လို့ရှိရင် မလုပ်တော့ဘဲ နေဘို့ကောင်းပါတယ်။ သင်ပြောတဲ့အတိုင်းဘဲ ဘာမှကွာခြားမှုမရှိဘူးလို့ သင်ကပြောပါတယ်။

ပေါလုအတွက်တော့ ကွာခြားမှုရှိပါတယ်။ သူကသူတို့ကိုတစ်ဖန်ပြန်ပြီး ဗတ္တိဇံ ခံခိုင်းပါတယ်။ ယေရှုရဲ့နာမဖြင့် ဗတ္တိဇံခံခိုင်းပါတယ်။ နောက်ပြီးတော့သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံစေပါတယ်။ ပေါလုဘာပြောသလဲဆိုတော့ ကောင်းကင်ကနေ ကောင်းကင်တမန်လာမယ်ဆိုရင် (ဂလာတိ၁း၈)ဖြစ်ပါတယ်။ တစ်ခြားသော ဧဝံဂေလိ စကားကို ဟောကြားမယ်ဆိုရင် သူဟောပြောတာနဲ့မတူတဲ့ဟာဖြစ်မယ်ဆိုရင် ကျိန်ခြင်း ကိုခံပါစေဟု ဆိုထားပါတယ်။

အဲဒါ အစဉ်အလာပဲဖြစ်ပါတယ်။

56 ၅၆။ ကျွန်တော်ဟာလူပုဂ္ဂိုလ်ကြီးတစ်ဦးကို စကား ပြောတယ် သိပ်မကြာခင်ကာလကပဲ ဖြစ်တယ်။ ဘာရာသာဘရမ်ဟမ် အဲဒါမှန်တယ်ဆိုတာကျွန်တော်သိတယ်လို့ သူကပြောပါတယ်။ ဒါပေမဲ့လည်း အဲဒါနဲ့ပတ်သက်လို့ ကျွန်တော် ဘာလုပ်နိုင်မှာလဲလို့ သူကပြန်ပြောတယ်။ ကျွန်တော်ကတော့ နာခံပါလို့ဘဲ ပြန်ပြောလိုက်ပါတယ်။ သူ့အဖြေကတော့ကျွန်တော်ကတော့ ကျွန်တော့်လူအုပ်တွေအ ကြားထဲမှာ နေရာရထားပြီးသားလူဖြစ်နေတော့ မဖြစ်နိုင်ဘူးလို့သူကပြန်ပြောပါတယ်။

ကျွန်တော်က ဘုရားနဲ့ပတ်သက်လို့ ကျွန်တော်နေရာရချင်ပါတယ်။ ထို့ကြောင့် ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို လက်ခံပါ။ ခင်ဗျားဖါသာခင်ဗျားရွေးချယ်ဖို့လိုပါ တယ်။ ခင်ဗျား ဘုရားကိုအစေခံမလား ဒါမှမဟုတ် လူကိုအစေခံမှာလား?

သူတို့ရဲ့အဖွဲ့အစည်းတွေ သူတို့ဖွဲ့စည်းကြပါတယ်။ကြွေကြော်ချက်တွေထုတ်တယ်။ ထိုကြွေကြော်ချက်တွေကိုလည်း သူတို့လိုက်နာ ပါတယ်။ ပထမဦးဆုံး အသုံးပြုခဲ့တဲ့အသင်းတော်ကတော့ ရောမကာသိုလ်လိတ်အသင်းတော်ဘဲ ဖြစ်ပါတယ်။ ကျွန်တော် တစ်စုံတစ်ယောက်သောသူကိုခြားနားတဲ့အရာကို ပြစေလိုပါတယ်။ ကျွန်တော်သမိုင်းကို ဖတ်ကြည့်ပါတယ်။ ခင်ဗျားတို့ လည်းသိကြပါတယ်။ ကက်သလစ်တွေရဲ့ ဗတ္တိဇံခံတာကို မှတ်မိပါသလား? ထိုနည်းအားဖြင့် ဗတ္တိဇံခံတဲ့အခါမှာ ကက်သလစ်မိတ်သဟာယထဲကို ဗတ္တိဇံခံထားခြင်းဘဲ ဖြစ်ပါတယ်။ နောက်တစ်ညကျလို့ရှိရင် ထိုအကြောင်းနဲ့ပတ်သက်လို့ကိုယ်တော်အ လိုတော်ရှိမယ်ဆိုရင် ကျွန်တော် သက်သေအခိုင်အလုံနဲ့ ပြောပြပါ့မယ်။ ထိုအကြောင်းကြောင့်ခင်ဗျားတို့ ဒီဘက်ကိုလှည့် လာဖို့ လိုပါတယ်။

သခင်ယေရှုတစ်ပါးတည်းသာ မဟုတ်ပါဘူး။ သခင်ယေရှုရဲ့အသင်းတော်ထဲမှာ လူကောင်းတွေမြောက်များစွာ ရှိပါတယ်။ အေဂျီဘုရားကျောင်း ချက်စ်အော့ဂေါ့ မက်သဒစ်နှစ်ခြင်း ပက်ပတီးတီးယမ်း ကက်သလစ် ထိုဘုရားကျောင်းထဲမှာ လူတော် လူကောင်းတွေ အများကြီးရှိပါတယ်။ဒါပေမဲ့လည်း သူတို့ဟာ အသင်းတော်မဖြစ်ပါဘူး။ တစ်ယောက်မှမဖြစ်ပါဘူး။ အသင်း တော်ထဲမှာရှိနေတဲ့လူပေါင်းမြောက်များစွာရှိပါ တယ်။ ဒါပေမဲ့လည်း ထိုဂိုဏ်းဂဏမှာတော့ အသင်းတော်မဖြစ်လာပါဘူး။လူတွေက အဲလိုနည်းလမ်းနဲ့ ဖြစ်အောင်ကြိုးစားကြပါတယ်။ အဲဒါမှားပါတယ်။ ကျွန်တော် ခဏလေးနေလို့ရှိရင်ကျမ်းချက် တွေရှာပေးပါမယ်။

57 ၅၇။ ကမ္ဘာလောကကြီးမှာလုပ်ရှားတဲ့အခါမှာ သဘာဝအတိုင်း မွေးဖွားလာဖို့လိုပါ တယ်။ အဲဒါမှဘဲ လှုပ်ရှားလို့ရမှာပါ။ အဲလိုမွေးဖွားလာတဲ့အခါမှာ ကျွန်တော်ပြောခဲ့သလိုဘဲ ညာဏ်ပညာနဲ့ ပြည့်စုံမှာဖြစ်ပါတယ်။ကျွန်တော်တို့ကတော်မယ် စူးစမ်းလေ့လာတက်မယ် ကျွန်တော်တို့ရဲ့ အသိပညာတွေဟာ ကျွန်တော်တို့ကိုအဲလိုစူးစမ်းလေ့လာမှု တွေ ပေးမှာဖြစ်ပါ တယ်။ သို့သော်လည်း အဲဒီလိုမွေးဖွားလာခြင်းအားဖြင့်အစအဦးက တည်းက ဆန့်ကျင်ဘက်ဖြစ်နေပါပြီ။ အဲဒီလောကနဲ့ ဆိုင်တဲ့အရာတွေဟာ ဘုရားသခင် နှုတ်ကပတ်တော်နဲ့ဆန့်ကျင်ပါတယ်။ ဘုရားသခင်ရှေ့မှာ မိုက်မဲတဲ့အရာဖြစ်တယ် ကိုယ်တော်ရှင်ရဲ့ အကြံအစည်နဲ့လည်းမကိုက်ညီပါဘူး။ ဘုရားသခင်အကြံအစည်ကို လည်း သိကြမှာမဟုတ်ပါဘူး။ အဲလို မဖြစ်တဲ့အတွက်ကြောင့်မို့လို့နိကောဒင်က သခင်ယေရှုအကြောင်းကို ပိုပြီးတော့သိဖို့လိုပါတယ်။ သင်ဟာ ဣသရေလနိုင်ငံရဲ့ဆရာတစ်ပါးဖြစ်တယ်။ သင့်ရဲ့ဂိုဏ်းဂဏတွေဘယ်ကိုသွားလဲ သင့်ရဲ့ကြီးမြတ်လှတဲ့ လူတော်ကြီးတွေဘယ်သွားလဲ ? သူတို့အတူတူစုဝေးပြီးတော့သူတို့ဟာနဲ့သူတို့ အစီအစဉ်တွေ ဆွဲကြတယ်။ အခုသူတို့ဘယ်မှာလဲလို့ မေးပါတယ်။

58 ၅၈။ ခင်ဗျားကိုကျွန်တော်ဒီအကြောင်းပြောပြလိုပါတယ်။ ဘုရားသခင်က ဒီကမ္ဘာ လောကကြီးကို အလင်းတရားစေ လွှတ်တဲ့အခါတိုင်းသမ္မာကျမ်းစာအားဖြင့် ဖေါ်ပြပါ တယ်။ သူတို့ကလည်း ထို သမ္မာကျမ်းစာကနေ လမ်းလွဲသွားကြပါတယ်။အဲလို လမ်းလွဲ ပြီးတော့သွားတဲ့အခါမှာ သူတို့ဟာ အဖွဲ့အစည်းတွေ ဖွဲ့စည်းကြပါတယ်။ အဖွဲ့အစည်းတွေဖွဲ့စည်းတာနဲ့တပြိုင်တည်း သမိုင်းပညာရှင်တစ်ဦးကို ကျွန်တော်မေးလိုပါတယ်။ဒီနေရာမှာရှိပါတယ်။ဒါမှမဟုတ်လည်း တိပ်ခွေတွေကို နားထောင်နေပါတယ်။ ကျွန်တော့်ကိုလာပြီးတော့ပြပါ။ ဘယ်အချိန်မှာဘဲဖြစ်ဖြစ်လူဟာ အသင်းတော်ကို ဖွဲ့စည်း လိုက်တဲ့အခါမှာ ချက်ချင်းဘဲသေသွားပြီး ဘယ်တော့မှ ပြန်မရှင်တော့ပါဘူး။ ဘုရားသခင်နဲ့ ဆန့်ကျင်ဘက်ဖြစ် ပါတယ်။ သမ္မာကျမ်းစာနဲ့လည်း ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ထို့ကြောင့်ကျွန်တော်က ဆန့်ကျင်ရခြင်းဖြစ်ပါတယ်။ ဘုရားသခင်နဲ့ ဆန့်ကျင်ဘက်အ ရာအားလုံးကို ဆန့်ကျင်ပါတယ်။အကယ်၍ ဘုရားသခင်က ကျွန်တော့်အတွင်းမှာ ကျိန်းဝပ် တယ်ဆိုရင် ဘုရားသခင်ဆန့်ကျင်တဲ့အရာကိုကျွန်တော်ကလည်း ဆန့်ကျင် မှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်၏ရန်သူဟာ ကျွန်တော်၏ရန်သူဖြစ်ပါသည်။ကိုယ်တော် ၏အသင်းတော်ဟာ ကျွန်တော်၏အသင်းတော်ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏အ သက်မှာ ကျွန်တော်၏အသက်ဖြစ်ပါသည်။ကိုယ်တော်ရှင်သည် သူ၏အသက်ကို ပေးပါသည်။ ကိုယ်တော်ရှင်သည် ကျွန်တော်ဖြစ်၍ ကျွန်တော်သည်ကိုယ်တော်ရှင်၏ကျေးဇူး တော်အားဖြင့် ကိုယ်တော်ရှင်ကဲ့သို့ ဖြစ်မည်ဖြစ်ပါသည်။ ကျွန်တော်တို့နေရာချင်းလဲ လိုက်ကြပါသည်။ ကိုယ်တော်ရှင်သည် အပြစ်သား ကျွန်တော်ကဲ့သို့ အပြစ်သားဖြစ်ပြီးကျွန်တော့်အတွက်အသေခံပါသည်။ ကျွန်တော့်နေရာမှာ အသေခံပါသည်။ သို့မှသာ ကျွန်တော်သည် ကိုယ်တော်ရှင်ကဲ့သို့ဘုရားသားဖြစ်ရသောအခွင့်ကိုရပါမည်။

59 ၅၉။ ယခုအခါမှာ သင်ရဲ့ဂိုဏ်းဂဏများ ဘာဖြစ်သလဲဆိုတာကိုသင်သိမှာဖြစ်ပါ တယ်။ ကျွန်တော်တို့ စတောင်မစရသေး ပါဘူး။ လောကမှာ လောကပညာနဲ့ပတ်သက် လို့ကျွန်တော်တို့ဟာ ပညာရှိပေမဲ့လည်း ဘုရားသခင်ရဲ့အကြံအစည်မှာတော့ အသေ ဖြစ်ပါတယ်။ ယခုတစ်ဖန်ပြန်လည်၍သုံးသပ်ကြည့်ကြပါစို့။ ဒီနေရာမှာ ခဏနားကြ ပါစို့။

အာဒံသည် ဘုရားသခင်အကြံအစည်နဲ့ ဆန့်ကျင်ဘက်ဖြစ်ပါသည်။အကြောင်း မှာ နှုတ်ကပတ်တော်ကို သူကမနာခံခြင်း ကြောင့်ဖြစ်ပါသည်။ သူ့ကိုယ်သူ ဖုံးအုပ်ဖို့ကြိုးစားခဲ့ပါသည်။ ဘာသာရေးနှင့် ဖုံးအုပ်ခဲ့ပါသည်။ မအောင်မြင်ခဲ့ပါ။ အမြဲတမ်းမ အောင် မြင်ပါ။ လူကြိုးစားသမျှအမြဲတမ်း မအောင်မြင်ပါ။ နမ်းမဝေ့လည်း မှားခဲ့ပါသည်။ ကောရလည်း ပျောက်ဆုံးရပါသည်။သူတို့ ဘာကိုလုပ်ဖို့ ကြိုးစားကြပါသလဲ ?အဖွဲ့အ စည်းဖွဲ့စည်းဖို့ ကြိုးစားကြပါတယ်။

၎င်းနောက် သူတို့ နောက်ဆုံးသူတို့ကိုယ်သူတို့အဖွဲ့အစည်းဖွဲ့စည်းပြီးတဲ့အခါမှာ သခင်ယေရှု သူတို့ကို အသေကောင်အဖြစ် တွေ့မြင်ရပါတယ်။ဘာပြောလဲဆိုတော့ မျက်စိရှိလျှက်နှင့်ပင်မမြင် နားရှိလျှက်ဖြင့်မကြားလို့ ဆိုပါတယ်။သင်သည် မျက်စိကွယ်တယ် မျက်စိကွယ်တဲ့လူကလည်း မျက်စိကွယ်တဲ့လူကို လမ်းပြပါတယ်။ အဲလိုမျိုးမျက်စိ မမြင်တဲ့လူက မမြင် သောသူကိုလမ်းပြလို့ရှိရင် သူတို့နှစ်ဦးစလုံး တွင်းထဲကိုကျမှာဖြစ်ပါတယ်။ သင်ဟာ ဣသရေလမှာ ဆရာတစ်ပါးဖြစ်ပါတယ်။ ဒါတောင်မှ ဒုတိယမွေးခြင်း ဟာ ဘာလဲဆိုတာကိုနားမလည်ပါဘူး။ သူတို့ရဲ့အစဉ်အလာတွေကနေ သူတို့ဝေးကွာပြီး တော့ သူတို့အစဉ်အလာတွေကို သူတို့ဖယ်ရှားမယ်ဆိုရင် နောက်ပြီးတော့ နှုတ်ကပတ် တော်ကို စွဲကိုင်မယ်ဆိုရင် ဒုတိယမွေးခြင်းရရှိနိုင်ဖို့ ကျွန်တော် ရောက်လာတယ်ဆိုတာကို သိမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့နေ့ရက်ကိုသင်တို့သိပါတယ်။ သင်ဟာ မောရှေကို သိမယ်ဆိုရင် ကျွန်တော့်ကိုလည်း သိမှာဖြစ်ပါတယ်။ မောရှေကကျွန်တော့်ကိုစကား ပြောပါတယ်။ သူကြွလာ မယ်လို့ပြောပါတယ်။ အခု ကျွန်တော်ရောက်လာပြီဖြစ်ပါတယ်။ဒီအရာများကို ကျွန်တော်မလုပ်ဘူး မောရှေနဲ့ ပရောဖက်တွေ လုပ်တဲ့အရာတွေကို ကျွန်တော်လုပ်မယ်ဆိုရင်ကျွန်တော့်ကိုမယုံပါနဲ့ ဘုရားသခင်ရဲ့အလုပ်များကို ကျွန်တော်မလုပ်ဘူး ဆိုရင် ကျွန်တော့်ကိုမယုံပါနဲ့။ ကျွန်တော့်ကို သင်မယုံနိုင်ဘူး ကျွန်တော်ဟာ လူသားတစ်ဦးဖြစ်တယ်။ ကျွန်တော့်ကိုမယုံနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန် တော်ဟာ အပြစ်သားဖြစ်ပြီးတော့ ဘုရားအမှုများပြုတယ်ဆိုရင်သင်မယုံနိုင် ပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်ပြုတဲ့အမှုတွေဟာ သက်သေဖြစ်တယ် ထို့ကြောင့်ဒီအလုပ်တွေ အမှုတွေကိုတော့ ယုံကြည်ပါ။

60 ၆၀။ ယနေ့ခေတ်ကာလကဲ့သို့ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကမ္ဘာလောကကြီးပေါ်မှာ အသက်ရှင်ခဲ့ပါတယ်။ အေဂျီများမှာ လည်းရှိမှာပါ။ တစ်ပါးတစ်ဆူ ယုံကြည်သော သူများမှာလည်းရှိပါတယ်။ လူတိုင်း သခင်ယေရှုကို လက်ခံယုံကြည်ပါတယ်။ သူတို့ရဲ့ ဂိုဏ်းဂဏတွေဟာ အထုတ်ပြင်ရတော့မှာ ဖြစ်ပါတယ်။ အဲဒါမဖြစ်ဘူးဆိုရင်သူတို့မ ဟုတ်လို့ဘဲ ညီအစ်ကိုချင်း ကွဲကွာစေဘို့ဘဲဖြစ်ပါတယ်။

ကျွန်တော်ဟာ ဒါဝိဒ်ကလေးဆိုတဲ့ လူငယ်ကလေးတစ်ယောက်ကိုမှတ်မိပါတယ်။ သူဟာ လူကြီးဖြစ်သွားပြီး အိမ်ထောင်ကျ သွားပြီး မိသားစုနဲ့ ဖြစ်သွားပါပြီ။ကျွန်တော်မှတ်မိတာကတော့ သူပထမဆုံးစတင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်စိန့်လူး ဝစ်စ်ကိုသွားပါတယ်လူငယ်ကလေးတစ်ယောက် တရားဟောတာကိုကြားရပါတယ်။ သူကရပ်ပြီး ဘာပြောသလဲဆိုတော့ သခင်ယေရှုဟာလူငယ်ကလေးတစ်ယောက်ဖြစ် တယ် နွားစခွက်ထဲမှာဖွားမြင်တယ် မာမီ ကျန်တဲ့ဟာတွေကဘာတွေလဲလို့သူကမေးပါတယ်။ ထိုလူငယ်ကလေးမဟုတ်ပါဘူး။ သူ့ရဲ့ကုပ်အင်္ကျီကို ချွတ်လိုက်ပါတယ် ကျမ်းစာကိုယူပြီးတော့ တရား ဟောပါတယ်။ ဒါပေမဲ့လည်း သူကဘာလဲ? သူဟာ သခင်ယေရှုတစ် ပါးတည်းသာ ဖြစ်ပါတယ်။ သူ့ဖခင် မစ်စတာဝယ် ကယ်လ်ကတော့သခင်ယေရှုတစ်ပါး တည်းသာဆိုတဲ့ အဖွဲ့နဲ့ပတ်သက်ပါတယ်။ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ အစမ်မလီတွေက အဲဒါကို မကြိုက်ပါဘူး သူတို့က ဒါဝိဒ်ကလေးကို လိုချင်ပါတယ်။ ကျန်တဲ့လူတွေအားလုံးကတော့ ထိုဒါဝိဒ်ကလေးကိုပဲ လိုချင်ပါတယ်။ တစ်ချိန်သောအခါမှာ ထိုလူငယ်လေး ဟာ ဖလော်ရိန်တယ်မှာစည်းဝေးပွဲတစ်ခု ကျင်းပပါတယ်။ ကျွန်တော့်ကို ဆင်းလာဖို့ ခေါ်ပြီး သူ့ကိုလာပြီးတော့ကူညီခိုင်းပါတယ်။ ရော်ဘာယ်မိုးနဲ့ကျွန်တော်က စာရွက်ရဲ့ ပထမဆုံးစာမျက်နှနှစ်ခုကို ဖတ်လိုက်ပါတယ်။ဘာမှမပါဘဲနဲ့ ဒါဝိဒ်ကလေးတွေရဲ့အ ကြောင်းဘဲပါပါတယ်။ အသင်းတော်တိုင်းမှာလည်း ဒါဝိဒ်ကလေးတွေရှိနေပါတယ်။အသင်းတော်လူကြီးတစ်စုကထိုလူငယ်ကလေးရဲ့ ဝိညာဉ် ဆုကျေးဇူးကို အသိအမှတ်ပြု တယ်ဆိုရင် သူဟာ ထောင်ပေါင်းများစွာသောလူတွေရဲ့ဝိညာဉ်တွေကို ကောင်းကင်နိုင် ငံထဲကို သွင်းပေးနိုင်မှာဖြစ်ပါတယ်။ သူ့ရဲ့အစဉ်အလာကိုသူမေ့သွားပါတယ်။ လူတွေ အကြောင်းကို သူမေ့သွားပြီးတော့ ဒီလိုဘဲဖြစ်သွားပါတယ်။ ဘုရားသခင်ထံမှာသူ့ရဲ့အ သက်တာအတွက်အသုံးပြုဖို့ ဆုကျေးဇူးရှိပါတယ်။

61 ၆၁။ အနာရောဂါငြိမ်းစေခြင်းကပထမဆုံးဖြစ်ပေါ်တဲ့အခါမှာ လူတိုင်းက သူတို့ရဲ့ လက်တွေမှာ ရောဂါအနံ့တွေရနေကြ ပါတယ်။ ဘာကြောင့်လဲ သူတို့အဲလိုဘဲလုပ်ရမှာဖြစ်ပါတယ် သူတို့ရဲ့အဖွဲ့အစည်းကတော့ ထိုအထဲမှာရှိနေပါတယ်။ သင့်မှာ လည်း အဖွဲ့အစည်းများရှိပြီးတော့ဘုရားသခင်အကြံအစည်ရဲ့ရှေ့ ရောက်နေမှာပါ။ ဘုရားသခင်ရဲ့ အကြံအစည်ရှိနေတယ်လို့ သင်ထင်နေမှာပါ။ ဒါပေမဲ့လည်း ဘုရားသခင်က သူ့ရဲ့အ သင်းတော်ကို အဲလိုဘဲ လျှို့ဝှက်နက်နဲတဲ့ ကိုယ်ခန္ဓာအဖြစ်နဲ့ရှိနေစေပါတယ်။ သင်က ထိုအထဲကိုမဝင်ဘူးဆိုရင် သင်အဲဒီအထဲမှာ မမွေးဖွားလာလို့ဘဲ ဖြစ်ပါတယ်

ကမ္ဘာလောကကြီးရဲ့ အသိညာဏ်ပညာတွေနဲ့ ကြွယ်ဝပြီးပညာတက်ကြီးဖြစ်နေ ပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်ရဲ့ အကြံအစည်ထဲမှာတော့ အသေဘဲဖြစ်ပါတယ်။ကျွန်တော့်ကိုပြောပါသူတို့ကိုပြောပြီးတော့ သူတို့မှားနေတယ်ဆိုတာကို သက်သေပြနိုင် ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဂတိတော်များအားဖြင့် သက်သေပြနိုင်ပါ တယ်။ အဲဒါတောင်မှ သူတို့ကလက်ခံမှာ မဟုတ်ပါဘူး။ ကျွန်တော်ထိုင်ပြီးတော့နှုတ်က ပတ်တော်ကို သင့်ကိုဖေါ်ပြမယ် ဂိုဏ်းဂဏတွေဟာ မှားယွင်းတယ်ဆိုတာကို ပြမှာဖြစ်ပါတယ်။ ယုံကြည်ချက်တွေ ဩဝါဒတွေကိုလည်း ပြနိုင်ပါတယ်။ ဒီနေ့သင်တို့ ယုံကြည်လက် ခံထားတဲ့ဟာတွေဟာမှားယွင်းနေပါတယ်။ ဒီအသင်းတော်တွေရဲ့ ယုံကြည်ချက်တွေ မှားယွင်းတယ်ဆိုတဲ့အ ကြောင်းကိုပြမှာဖြစ်ပါတယ်။ သူတို့က ဘာပြောမလဲဆိုတော့ ကျွန်တော်တို့ ဒါတွေကိုယုံကြည်ဖို့အတွက်သွန်သင်ခြင်းခံရ ပါတယ်။ ကျွန်တော့်အယူ အဆအရတော့ အဲဒါ အချည်းနှီးသက်သက်ပဲ ဖြစ်ပါတယ်။ ကျွန်တော်ဘာပြောမလဲဆို တာ ခင်ဗျား သိမယ်ဆိုရင် အချည်းနှီးသက်သက်ဖြစ်တယ်ဆိုတာကို သိရမှာဖြစ်ပါတယ်။သူတို့မသိကြပါဘူး။ သခင်ယေရှု မိန့်တော် မူသည်မှာ သင်တို့သိမြင်ကြမှာမဟုတ်ပါဘူး။ သင်တို့ငါ့ထံသို့လာပြီးတော့အသက်တာကိုရမှသာ သိရှိကြမှာဖြစ်ပါ တယ်။

62 ၆၂။ နိကောဒင်မှာအလွန်ပင်လေးစားရသော ပုဂ္ဂိုလ် ကြီးတစ်ဦး ဖြစ်ပါတယ်။ ကြီးမြတ်သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်တယ်။ သူ့အသင်းတော်မှာ သူဟာ ဘီးရှော့ဖြစ် တယ် လူသိထင်ရှားကျော်ကြားသောပုဂ္ဂိုလ် ဖြစ်တယ်။ လူတိုင်းကချစ်ခင် လေးစားကြ တယ် နောက်ပြီးတော့သူကသခင်ယေရှုထံကိုလာပြီးတော့ ဘာကိုမှ ဒီအသက်တာနဲ့ ပတ်သက်တဲ့ အကြောင်း ကို သူမသိပါဘူး။သူဟာ တစ်ကယ်ကိုမသိတဲ့အတွက် သခင် ယေရှုက ထိုမသိခြင်းကို သွန်သင်ဆုံးမပါတယ်။ဒါပေမဲ့လည်း သူဟာ ကိုယ်တော်ရှင်ထံ တော်ပါးကို လာဖို့အတွက် တစ်ကယ်ပဲစိတ်ရင်းစေတနာရှိခဲ့ပါတယ်။ ကျန်တဲ့သူတွေက တော့ လုံးဝမလာကြပါဘူး။ယဇ်ပုရောဟိတ်အကြီးများနဲ့အတူ သူတို့က ဝေးကွာစွာဘဲ ရပ်တည်နေကြပါတယ်။ ဘီးရှော့ဘယ်သူဘယ်ဝါ စသည်တို့နဲ့ဘဲဖြစ်ပါတယ်။ သူတို့နဲ့ဝေး ကွာစွာ သူကရပ်တည်ပါတယ်။သူတို့ရဲ့အစဉ်အလာ တွေကိုသာ ဆက်လက် ကျင့်သုံးပြီးတော့ ဘုရားသခင်နှုတ်ကပတ်တော်ကိုတော့နာခံမှုမရှိပါဘူး။

63 ၆၃။ ယခုအခါမှာသင်ကသူတို့ကို ပြောနိုင်ပါတယ်။ ဒါပေမဲ့လည်း သူတို့နားထောင် မှာမဟုတ်ပါဘူး။သင်ပြောနိုင်တယ်။ သင်စဉ်းစားကြည့်ပါ။ သင့်ကိုကျွန်တော် တစ်ခု မေးချင်ပါတယ်။ကျွန်တော်ဆိုလိုတဲ့အရာကတော့ ဘာသာရေးကို ခွဲခြားခြင်းမဟုတ်ပါ ဘူး။ ညီအစ်ကိုတို့ဒီတိတ်ခွေကို နားထောင်နေတယ်ဆိုရင် ကျွန်တော်ဆိုလိုတဲ့အရာက တော့ခွဲခြားခြင်းမဟုတ်ပါဘူး။ ကျွန်တော် အပြင်ကိုထွက်သွားပြီးတော့ သစ်ပင်ပေါ်က အဖုံးနဲ့ပတ်သက်လို့ ခင်ဗျားတို့ကျွန်တော့်ကိုမေးနိုင်ပါတယ်။ ဒီကမ္ဘာလောကကြီးကို ခင်ဗျားရှောက်ပတ်သွားပြီးတော့ဒီလိုလုပ်နိုင်သလားလို့ မေးနိုင်ပါတယ်။ ကျွန်တော့်မှာ အသက်ရှိပါတယ် ကျွန်တော်ဟာဒီသစ်ပင်ပေါ်က အဖုံးမဟုတ်ပါဘူး။ သူ့မှာအသက်ရှိ တဲ့အကြောင်း သက်သေပြနိုင်ပါတယ်။ဒါပေမဲ့လည်း အဲဒါက မှားယွင်းတဲ့အမျိုးအစား ဖြစ်ပါတယ်။ သူကလှည့်ပတ်ပြီးသွားလိုတယ်ဆိုရင် သူသွားနိုင်တဲ့ နည်းတစ်နည်းက တော့သူလျှောက်ခဲ့တဲ့နည်းဘဲဖြစ်ပါတယ်။ အရသာ၊ ခံစားချက်၊ အနံ့၊ အကြား၊ စသည်တို့ဖြစ်ပါတယ်။ သူစကားပြောနိုင်ပြီးတော့ ပြောမယ်ဆိုရင် မေးနိုင်ပါတယ်။ တစ်လမ်းတည်းကိုသာ မေးနိုင်ပါတယ်။ သူဟာအလားတူ မွေးဖွားလာနိုင်ပါတယ်။ ကျွန်တော်မွေး သလိုဘဲမွေးလာနိုင်ပါတယ်။ အာမင်။ သူကတစ်ခြားနည်းလမ်းကို နားမလည်ပါဘူး။ သူအလားတူမွေးဖွားလာတယ်ဆိုရင် ကျွန်တော်မွေးဖွားသလိုဘဲ မွေးလာတယ်ဆိုရင်ကျွန်တော်သိတဲ့အရာတွေကို သူသိမှာဖြစ်ပါတယ်။ အာမင်။ဟုတ်ပါတယ်ဆရာသမားတို့သစ်ပင်ပေါ်ကအထုတ်လို့ ဆရာတို့မပြောနိုင်ပါဘူး။ ကျွန်တော်တို့ သွားလာလှုပ်ရှားနေတယ် ကျွန်တော်တို့ ဘယ်လိုသွားလာလှုပ်ရှားလဲဆိုတာကို ကျွန်တော်တို့ရဲ့ အသက်တာ ကိုကြည့်ခြင်းအားဖြင့် လက်ခံရရှိနိုင်ပါတယ်။ နားလည်နိုင်ပါတယ် ဝိညာဉ်တော်နဲ့အတူတူဘဲဖြစ်ပါတယ်။ အလားတူအရာကတော့ ဝိညာဉ်တော်နဲ့အတူရှိပါတယ်။ သို့မ ဟုတ်ပါကသင်နားလည်နိုင်မှာမဟုတ်ပါဘူး။ အဲဒါကိုညွှန်ပြဖို့အတွက် မလိုအပ်ပါဘူး။ကိုယ်တော်ရှင်ထံတော်ပါးကိုသာ ပထမဆုံးလာခဲ့ပါ။ ဒုတိယမွေးခြင်းမခံရတဲ့သူဟာကောင်းကင်နိုင်ငံကိုတောင် မမြင်ရဘူးလို့ ကိုယ်တော်ရှင်ကပြောပါတယ်။

အဲဒါကတော့နားလည်ခြင်းပဲဖြစ်ပါတယ်။ အဲဒါကိုသိမြင်ဖို့အတွက် သင်က ဒုတိယမွေးခြင်းခံဖို့လိုပါတယ်။

64 ၆၄။ သင်ကပြောမယ်ကျွန်တော် ဒုတိယမွေးခြင်းခံပြီးဖြစ်ပါတယ်။ နောက်ပြီးတော့ နှုတ်ကပတ်တော်ကိုငြင်းပယ်ပါတယ်။ ဘယ်လိုဖြစ်နိုင်မလဲ?သင့်ရဲ့အသက်ကိုယ်တိုင်က သင်ကို သင်ဘာလဲဆိုတာပြနေပါတယ်။ သင့်ရဲ့အုပ်စုကတော့သင်ပါဝင်လှုပ်ရှားတဲ့ အုပ်စုပဲဖြစ်ပါတယ်။ အသွေးအရောင်တူတဲ့ငှက်ကလေးများတစ်အုပ်စုတည်းဖွဲ့နေပါ တယ်။ ကျွန်တော်တို့ မကြာခင်အချိန်မှာဘဲဒီအကြောင်းအရာတွေအားလုံးကို ဆက် လက်ပြောပြသွားမှာဖြစ်ပါတယ်။ (ယောဝ၃း၈)

ဝိညာဉ်တော်အားဖြင့် လာခြင်းဖြစ်ပါတယ်။ဝိညာဉ်တော်အားဖြင့် မဖွားမြင်သေးသောသူများကို ဝိညာဉ်တော်နဲ့ဆိုင်သော အရာများကိုသင်မည်ကဲ့သို့ ပြောပြနိုင်ပါ မည်နည်း?ဝိညာဉ်တော်အားဖြင့် ဖွားမြင်ခြင်းကိုခံမှသာ ဝိညာဉ်တော်နဲ့ဆိုင်သောအ ရာတွေကိုနားလည်နိုင်မှာ ဖြစ်ပါတယ်။ သခင်ယေရှုမိန့်တော်မူသည်မှာ လေတိုက်တဲ့အ ခါမှာမိမိမှတ်သားထားတဲ့နေရာမှ လာခြင်းဖြစ်ပြီးတော့ ဘယ်နေရာကိုသွားပြီးတော့ဘယ်နေရာမှလာလဲဆိုတာတွေကို ပြောလို့မရပါဘူး။ ဝိညာဉ်တော်အားဖြင့် ဖွားမြင်တဲ့သူတိုင်းလည်း ထိုကဲ့သို့ဘဲဖြစ်ပါတယ်။ ဘုရားသခင်ကို သူကစဉ်းစားခွင့်ပေးပါတယ်။

65 ၆၅။ ကျွန်တော်ဟာ ဒီတရားဟောပလ္လင်မှာရပ်နေနိုင်တယ်လို့ သင်ထင်ပါသလား?ကျွန်တော်စဉ်းစားတဲ့အတွေးတွေကို ဟိုးနောက်မှာရှိတဲ့လူတွေကို ပြောပြမယ်လို့ထင်သလား? သူ့ရဲ့အမည်ကတော့ဂျွန်ဒိုးဖြစ်ပါတယ်။ သူကထိုနေရာ ထိုနေရာမှလာတယ် သူ ဒါတွေကိုလုပ်ခဲ့တယ်တစ်ခြားအမျိုးသမီးတစ်ယောက်ကို သူလက်ထပ်ပြီးတော့ လွန်ခဲ့ တဲ့နှစ်ဆယ် ခန့်ကအိမ်ထောင်ကျခဲ့တဲ့သူဖြစ်တယ်။ ကလေးတွေမွေးဖွားခဲ့ပါတယ်။ ဒီအရာတွေကို သူပြန်လည်ယူဆောင်လာပြီးတော့လုပ်နိုင်ပါတယ်။ အဲဒီလိုလုပ်နိုင် တယ်လို့ သင်ထင်ပါသလား? ထိုအတွေးကို သင်တွေးနိုင်ပါသလား? ကျွန်တော်တွေး နိုင်ပါတယ်။အဲလိုမျိုးအသိဉာဏ်မျိုး ဒီလောကမှာ မွေးဖွားလာတဲ့အခါမှာ ရရှိခြင်း ဘဲဖြစ်ပါတယ်။အဲတာထက်သာလွန်ပါတယ်။ ဟိုးအထက်ကလာရမဲ့အရာ ဖြစ်ပါတယ်။ဝိညာဉ်တော်အားဖြင့်သင်မွေးဖွားလာတဲ့အခါမှာ အထက်ကနေမွေးဖွားလာတဲ့အခါ မှာကိုယ်တော်ရှင်အထဲမှာရှိတဲ့အသက်ဟာ ဒီအရာတွေအားလုံးကို ပြုလုပ်သွားမှာဖြစ် ပါတယ်။ ငါပြုသောအမှုတို့ကို သင်လည်းပြုမည်လို့ ဆိုထားပါတယ်။ (မာကု၁၆း၁၅-၁၇)

66 ၆၆။ သင့်ဖွားမြင်ခြင်းကိုပြောင်းလဲပြစ်ရမှာ ဖြစ်ပါတယ်။ သင်လှည့်ဖျားခြင်းခံနေရ ပါပြီး။ သင်အခြားသောဘာသာစကားများ ပြောပေလိမ့်မယ်။ ထခုန်လိုက်ပြန်ထိုင်လိုက် ဖြစ်မယ်အော်ဟစ်နေမိမှာလည်းဖြစ်မယ် ဒါတွေအားလုံး သင်ပြုမှာဖြစ်ပါတယ်။ ထိုအရာတွေ ဟိုအရာတွေဒီအရာတွေ သင်လုပ်မိမှာဖြစ်ပါတယ်။ သင်ဟာ သစ္စာရှိတဲ့ အ သင်းသား တစ်ဦးလည်းဖြစ်မှာပါ။ နိကောဒင်လည်း ထိုကဲ့သို့ပဲဖြစ်ခဲ့ပါတယ်။ သို့သော်လည်းဒုတိယမွေးခြင်းမခံခဲ့ရပါဘူး။ နှုတ်ကပတ် တော်ကို သင်ငြင်းပယ်ပါက ငြင်းပယ် ပြီးတော့တစ်နေရာရာမှာ တစ်ခြားအရာနဲ့အစားထိုးတယ် တစ်ခုခုပြုလုပ်တယ်ဆိုလို့ရှိ ရင် အားလုံးဟာပျောက်ပျက်သွားမှာ ဖြစ်ပါတယ်။ သခင်ယေရှုမိန့်တော်မူသည်မှာ ယုံကြည်သောသူတို့အတွက်နိမိတ်လက္ခ ဏာတို့ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ လူမျိုးတကာတို့ကိုသွားပြီးတော့ဧဝံဂေလိတရားကို ဟောကြားလော့ဟု ဆိုထားပါတယ်။ လူတွေ ဧဝံဂေလိတရားဟောတာ ကြာခဲ့ပါပြီ။ ဒီနိမိတ်လက္ခဏာတွေလည်း ဖြစ်ပေါ်လာပါ တယ်။ အသင်းတော်က နေပြီးတော့ဒါတွေအားလုံးကိုယ်တော်ရှင် ဘယ်တုန်းကသိမ်းယူ လိုက်သလဲဆိုတဲ့ နေရာကိုပြောပြပါ။ကိုယ်တော်ရှင် မိန့်တော်မူထားတဲ့ ကျမ်းချက်ကို လည်းပြပါ။ အလွန်ကြာမြင့်ပြီဆိုတဲ့ကျမ်းပိုဒ်ပဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်မိန့်တော်မူ တဲ့အ ရာကတော့ လူမျိုးတကာတို့ကိုသွားပြီးတော့ လူသတ္တဝါတိုင်းကို ဟောကြားဖို့ပဲဖြစ် ပါတယ်။

67 ၆၇။ ဟုတ်ပါတယ်သင်သည် ထိုကဲ့သို့သောအသက်တာမျိုးကို လက်ခံရမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ထံမှာရှိတဲ့အ သက်တာမျိုးဖြစ်ပြီးတော့ ကိုယ်တော်ရှင်အသက်ရှင်တဲ့ အသက်တာမျိုးဖြစ်ပါတယ်။ကိုယ်တော်ရှင်ရဲ့အသက်တာမျိုး သင်တွေ့ပါက ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ကိုသင်သိမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ နာမ်စားဖြစ် ပါတယ်။ အတွေး မဟုတ်ပါဘူး။ စိတ်ကူးယဉ်ခြင်းလည်းမဟုတ်ပါဘူး။ အာရုံခံစားမှု လည်းမဟုတ်ပါဘူး။သူဟာသန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာတဲ့အခါမှာ ဒီအရာတွေအားလုံးကိုငါပြောထားတဲ့အရာတွေအားလုံးကို သင်တို့ကိုဖေါ်ပြမယ် နောင်ဖြစ်လတံ့ သောအရာတို့ကိုလည်း ဖေါ်ပြမယ်လို့ဆိုပါတယ်။အဲဒါကတော့ ဒုတိယ မွေးခြင်းဘဲဖြစ်ပါတယ်။နှုတ်ကပတ်တော်ဖြစ်တဲ့အ ကြောင်းကို ဖေါ်ပြထားခြင်းဘဲဖြစ်ပါ တယ်။ လူတစ်ယောက်ဟာသူ့မှာသန့်ရှင်းသောဝိညာဉ်တော် ရှိတယ်လို့ပြောတဲ့အ ခါမှာ နှုတ်ကပတ်တော်ကိုလည်းငြင်းပယ်နေမယ်ဆိုရင် သူဟာသန့်ရှင်းသောဝိညာဉ် တော်ဖြစ်ပြီးတော့သူ့ရဲ့နှုတ်ကပတ်တော်ကို သူကပဲပြန်ပြီးတော့ ဘယ်လိုငြင်းပယ်နိုင်မှာ လဲ? နှုတ်ကပတ်တော်ထဲမှာရှိတဲ့ အဖွဲ့အစည်းကိုကျွန်တော့်ကိုပြောပါ။

68 ၆၈။ စီးပွားရေးသမားတစ်ယောက်အကြောင်းစဉ်းစားပါ။ ကျွန်တော်တို့အသင်း တော်ကတော့ အများကြီးနောက်ကျပြီး ကျန်ခဲ့ပါသည်။ စီးပွားရေးသမားတစ်ယောက်က စီးပွားရေးတစ်ခုကို စတင်တည်ထောင်လိုက်ပါတယ်။ တစ်ကယ်လည်းအောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းပဲ ဖြစ်ပါတယ်။ သူဟာအကူအညီတွေကို ရယူဖို့လိုပါတယ်။သူ့မှာ သေနေတဲ့လူတွေ အ လောင်းကောင်တွေ အုပ်စုလိုက်ရှိနေမယ် ရှိနေပြီးတော့ သူတို့ဘာပြောမလဲဆိုတော့ လာပြီးတော့ ငါတို့အတွက်အလုပ် လုပ်ပါလို့ ပြောမယ်ဆိုရင် သူ့အ တွက်ဘာမှအကျိုးမရှိပါဘူး။

ထိုအကြောင်းကြောင့် အဖွဲ့အစည်းတွေဟာဘယ်တော့မှပြန်လည်ပြီး နိုးထ လာမှာမဟုတ်ပါဘူး။ သေနေတဲ့ မယုံကြည်တဲ့ပရိသတ်ပဲဖြစ်ပါတယ်။ သူတို့ကိုယ်တိုင် နိမ်းမဝေ့လိုပဲ ဖြစ်တယ် ကောရလိုပဲဖြစ်ပါတယ်။သေနေတဲ့ အုပ်စုတစ်စုဖြစ်ပါတယ်။ ခေတ်ကာလတောက်လျှောက် ထိုကဲ့သို့ပဲဖြစ်ပါတယ်။ကိုယ်တော်ရှင်က သူတို့ကိုအသုံး မပြုပါဘူး။ ဘယ်တော့မှ အဖွဲ့အစည်းကိုအသုံးမပြုပါဘူး။အသုံးမပြုနိုင်ပါဘူး။ ဘုရားသခင်ရဲ့ အလိုတော်နဲ့လည်း ဆန့်ကျင်နေပါတယ်။ ဘယ်လိုမှလက်လှမ်းမမီပါဘူး။ ရှာဖွေလို့ လည်း တွေ့ရှိနိုင်မှာမဟုတ်ပါဘူး။

69 ၆၉။ သင်ဟာလူတစ်ဦးထံကိုသွားပြီးတော့ထိုလူဟာ လုံးဝမလှုပ်ရှားနိုင်ဘူး ခေါင်းကလည်း အကြောသေနေတယ် ခြေထောက်တွေလက်တွေအကုန်လုံးသေနေတယ် ဆိုရင် သူ့ကိုသွားပြီးတော့ ပြေးပါ ခြေထောက်နဲ့ပြေးပါအပြေးပြိုင်ပွဲဝင်ပေးပါ စိတ်ရှည်သည်းခံပြီးတော့ ပြေးပေးပါလို့ ပြောပြီးတော့ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ? သူဟာမလှုပ်ရှားနိုင်ဘူး သူဟာအကြောသေနေတယ် ဘယ်လိုလုပ်လုပ်နိုင်မှာလဲ? သူ့မှာရှိနေတဲ့ အကြောသေလက်ခြေသေနေခြင်းတွေအားလုံးကို ဖယ်ရှားလိုက်ရပါမယ်။ အဲဒါမှသူပြေးနိုင်မှာဖြစ်ပါတယ်။

အဖွဲ့အစည်းမှာလိုအပ်တဲ့အရာကတော့အဲဒါပဲဖြစ်ပါတယ်။ အနာရောဂါငြိမ်း ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ အင်မတန်မှဝေဖန်ပြောဆိုမှုတွေများတယ်လို့ ခင်ဗျားတို့ထင်မှာဖြစ်ပါတယ်။ကျွန်တော်ဝေဖန်ပြောဆိုမှုတွေများတယ် အပြစ်ရှာမှုတွေများတာမဟုတ်ပါဘူး။ထိုလက်သည်းဟာ မကုပ်နိုင်တော့ဘူးဆိုရင် ထိုလက်သည်းဟာ လွယ်လွယ်နဲ့ပဲကျွတ်ထွက်သွားမှာ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က ဂိုဏ်းဂဏကိုအသုံးမပြုနိုင်ပါဘူး။ (ယောဒ္ုး၁၆၊ ယော၆ုး၄၇)

70 ၇၀။ မာတင်လူသာမှာသန့်ရှင်းသောဝိညာဉ်တော်ရှိပါတယ်။ တစ်ကယ်ပဲရှိပါ တယ်။ ဒီခေတ်မှာရှိနေတဲ့ အတိုင်းအတာတော့မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပေးထုတ်လိုက်ခြင်း မဟုတ်သောကြောင့်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါတွေ အားလုံးကို ကျော်လွှားသွားနိုင်ခဲ့ပါပြီတဲ့တော်ရဲ့လူစုပဲဖြစ်ပါတယ်။ ဒီကျောက်သင်ပုန်းအမဲပေါ်မှာ ရှိပါတယ်။ သို့သော်လည်း သူကဘုရားသခင်ကို ယုံကြည်ပါတယ်။ ယုံကြည်သောသူမှာ ထာဝရအသက်ရှိတယ်လို့ ဆိုထားပါတယ်။ကျွန်တော့် လိုယုံကြည်တဲ့သူ မရှိတော့ဘူးလို့ ထင်ပါတယ်။ ဒီမနက်အထိပဲ ကျွန်တော်ချားစ်ကိုလန်ပြောတာကို ကြားမိတော့မှဘဲ သိရပါတယ်။ ကျွန်တော်ကတောင်အရှုံးပေးရမှာဖြစ်ပါတယ်။ သူလည်း သခင်ယေရှုကို ယုံကြည်ပါတယ်။ အသစ်သောအ သက်တာဗတ္တိဇံအားဖြင့် သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံအားဖြင့် မဟုတ်ပါဘူး။ အသစ်သောအသက်တာ ဆိုတာ မွေးဖွားလာရမှာဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံပဲ ဖြစ်ပါတယ်။

71 ၇၁။ ကျွန်တော်တို့သိရှိရသည့်အကြောင်းအရာမှာ ဤသူသည် ဒုတိယမွေးခြင်းခံပြီး မှသာ လှုပ်ရှားလာမည်ဖြစ်ပါသည်။ အသွေးအသားအားဖြင့် မွေးဖွားလာရမည်ဖြစ်ပါ သည်။ သို့မှသာ လောကရဲ့အသိပညာသင်ရရှိမှာဖြစ်ပါတယ်။ လောကရဲ့အ သိပညာဟာ လောကဆိုင်ရာဆရာကို နာခံမှုရှိပါတယ်။လူတစ်ဦးသည် အသစ်တစ်ဖန်ပြန်လည် မွေးဖွာခြင်း ဘာကြောင့် မရှိရမှာလဲ? အဲလိုမရှိတဲ့သူကို ဘုရားသခင်ရဲ့နှုတ်ကပတ်တော် ကို ပြောပြလိုက်ပါ။ ဘာမှ အကြောင်းထူးမှာ မဟုတ်ပါဘူး။ သူတို့ရဲ့ဘိုးဘေးတွေ၊ သူတို့ရဲ့အဖွဲ့အစည်းတွေ၊ သူတို့ရဲ့ အသင်းတော် လူကြီးတွေကိုသာသူတို့နာခံမှာ ဖြစ်ပါ တယ်။ အသက်တာရဲ့ နှုတ်ကပတ်တော်ကို သူတို့နာခံမှာ မဟုတ်ပါဘူး။ သူဘာကြောင့် လဲ? ဘာကိုမှ မသိဘဲထိုအရာကိုသာ သိသောကြောင့်ပင် ဖြစ်ပါတယ်။ တစ်နေ့သော အခါမှာ ကျွန်တော်လည်းအသင်းတော်လူကြီး ဖြစ်လာမှာ ဖြစ်ပါတယ်။ နိကောဒင်ဟာ ဆရာကြီးတစ်ပါး ဖြစ်ပါတယ်။အသင်းတော်လူကြီးထက်တောင် သာ၍ကြီးမြတ်ပါ တယ်။ သင်းအုပ်ထက် သာ၍ ကြီးမြတ်ပါတယ်။ဣသရေလနိုင်ငံရဲ့ ဆရာတစ်ပါးဘဲဖြစ် ပါတယ်။ သူဟာတစ်ကယ် ကြီးမြတ်တဲ့ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါတယ်။ သူဟာ ဟိုအုပ်စု မှာလည်းပါတယ်။ဘုရားသခင်အကြောင်းလည်း ဘာမှမသိပါ။ သမိုင်းကြောင်းအချို့ ကိုသာသိပါတယ်။

72 ၇၂။ သမိုင်းဝင်ဘုရားဖြစ်ပြီး ဘာမှ မနေ့၊ယနေ့ အတူတူမဖြစ်ရင် ဘာကောင်းမှာ လဲ?မောရှေအတွက် ဘုရားဖြစ်ပြီးတော့ ဒီကနေ့ လူသားတွေအတွက် ဘုရားမဟုတ်ရင် လည်းဘာကောင်းမှာလဲ? ကားတိုင်ပေါ်မှာအသေခံတော်မူသောသူကို ယနေ့ခေတ် ကာလ အခြေအနေမျိုးမှာ ဘာမှမကယ်တင်နိုင်ဘူးဆိုရင်ဘာကောင်းတော့မှာလဲ? ကျွန်တော်အမြဲတမ်းဘဲ ပြောခဲ့သလိုပင် ဖြစ်ပါတယ်။ သင့်ရဲ့ ငှက်ကလေးတစ်ကောင်ကို မျိုးစေ့ကောင်းကောင်းတွေကျွေးပြီးတော့ ဗီတာမင်တွေ ကျွေးပြီးထားတယ်။ သူ့ရဲ့ တောင်ပံတွေပိုပြီးသန်မာလာနိုင်အောင် လုပ်ပေးတယ်။ ဒါပေမဲ့လည်း သူ့ကိုထောင် ချောက်ထဲမှာထားတယ်ဆိုရင် ဘာအကျိုးရှိမှာလဲ? ကျွန်တော် နားမလည်နိုင်ပါဘူး။ ဘုရားသခင်ရဲ့ တန်ခိုးတော်နဲ့ပြည့်စုံခြင်းအကြောင်းတွေကို သူ့ကို ပြောပြပါ။ နောက်ပြီး တော့ သူ့ကို အဖွဲ့အစည်းတစ်ခုထဲမှာကတ်ထားလိုက်ပါ။ အဲဒီအဖွဲ့အစည်းကလည်း ဘုရားနဲ့ပတ်သက်လို့ ဘာမှမသိဘူး။ နားမလည်ဘူး။မယုံကြည်ဘူးဆိုရင် ဘာအကျိုးရှိ မှာလဲ၊ အားလုံးဟာ အသုံးမဝင်ဖြစ်သွားမှာသာဖြစ်ပါတယ်။အဲဒီအကြောင်းကြောင့် သူက ကျဆုံးရခြင်းဖြစ်ပါတယ်။ သူသေဆုံးရခြင်း ဖြစ်ပါတယ်။ သူ့ကိုသင်အသုံးပြုနိုင် မှာ မဟုတ်ပါဘူး။ ဘုရားသခင်ကလည်း ဘယ်တော့မှ အသုံးမပြုပါဘူး။

သေချာစွာ စဉ်းစားကြည့်ပါ။သန့်ရှင်းသောဝိညာဉ်တော် ဘယ်သောအခါမှ ဘယ်အချိန်တုန်းကမှ အသုံးမပြုခဲ့ပါဘူး။ သမ်္မာကျမ်းစာကိုဘဲကြည့်ကြည့် သမိုင်း ကျောင်းကိုဘဲကြည့်ကြည့် ဘယ်နေရာမှာမှမတွေ့ရပါဘူး။ ဒီတိတ်ခွေပေါ်မှာ ယခုလက် ရှိအချိန်မှာ ဘယ်သူဘဲဖြစ်ဖြစ် ကျွန်တော့်ကိုသန့်ရှင်းသောဝိညာဉ်တော် ဘယ်အဖွဲ့အ စည်းမှာ ဘယ်လိုလှုပ်ရှားသလဲ၊ ဒီကမ္ဘာလောကကြီးမှာဘယ်လိုလှုပ်ရှားသလဲဆိုတာကို ပြောပြပါ။ ဖေါ်ပြပါ။ ကျွန်ုပ်မှာ လာပြီးပြပါ။အဲဒီသမိုင်းကျောင်းစာအုပ် ဘယ်ကလာသလဲဆိုတာ ခင်ဗျားကို ကျွန်တော် ပြောပြလိုပါတယ်။သမ္မာကျမ်းစာထဲမှာ မရှိပါဘူး။ ဒါကြောင့်မို့ ဘယ်သမိုင်းကျောင်းက လာသလဲဆိုတာကျွန်တော်ပြောပြလိုပါတယ်။ ဘုရားသခင်က ထိုကဲ့သို့သော အရာမျိုးကို ဘယ်တော့မှအသုံးမပြုပါဘူး။ အမြဲတမ်း လူတစ်ဦးတစ်ယောက်ကိုသာ အသုံးပြုပါတယ်။

73 ၇၃။ ဝိညာဉ်တော်အားဖြင့် မွေးဖွားဘို့ဖြစ်ပါတယ်။ ဇာတိအားဖြင့် မွေးဖွားလာတဲ့အ ခါမှာ ကမ္ဘာလောကကြီးအကြောင်းကိုသိလာပါတယ်။ ဇာတိဆိုင်ရာ ဆရာရဲ့ ပြောဆိုမှုတွေကို နာခံမှာ ဖြစ်ပါတယ်။ဝိညာဉ်တော်အားဖြင့် မွေးဖွားလာတဲ့သူကတော့ ယုံကြည် မယ်၊ နာခံမယ်။ သမ္မာကျမ်းစာရဲ့သွန်သင်မှုတွေကိုလက်ခံမှာ ဖြစ်ပါတယ်။ သန့်ရှင်း သော ဝိညာဉ်တော်အားဖြင့်ဘဲဖြစ်ပါတယ်။ ဝိညာဉ်တော်အားဖြင့် မွေးဖွားလာတဲ့သူက ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုနာခံမှာ ဖြစ်ပါတယ်။ သူတို့ရဲ့အစဉ်အလာ ဘာတွေဘဲ ရှိနေရှိနေ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုနာခံပါတယ်။ ထိုကဲ့သို့ဘဲ ဖြစ်ပါတယ်။ သင်ဟာ အသစ်တစ်ဖန် မွေးဖွားလာပါတယ်။ဒါကြောင့်လည်းသင်သ ဘောပေါက်နားလည်ခြင်း ဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခုမှာပါဝင်ခြင်းဟာ သင့်ရဲ့ ယုံကြည်ချက်၊ မြော်လင့်ခြင်းတွေအားလုံး ...

အဖွဲ့အစည်းထဲမှာ ရှိသောသူများဒုတိယမွေးခြင်း မခံရသေးဘူးလို့ ကျွန်တော် ပြောလိုခြင်း မဟုတ်ပါ။ ထိုအကြောင်းအရာနှင့်ပတ်သက်လို့ မိနစ်အနည်းငယ်အတွင်း ကျွန်တော်ပြောပါမယ်။ ကိုယ်တော်ရှင်အလိုတော်နဲ့အညီ ပြောခွင့်ရမယ်လို့ မျှော်လင့်ပါတယ်။ တစ်ကယ်ဘဲ သူတို့ဟာတစ်ဦးတစ်ယောက်စီ ဖြစ်ကြပါတယ်။ အဖွဲ့အစည်း မဟုတ်ပါဘူး။ အဖွဲ့အစည်းက ဒုတိယမွေးခြင်းမခံနိုင်ပါဘူး။ အဲဒီအဖွဲ့အစည်းထဲမှာရှိ တဲ့သူတစ်ယောက်စီဟာ ဒုတိယမွေးခြင်းခံရပါတယ်။ ဒါပေမဲ့လည်း အဖွဲ့အစည်းကတော့ ဘုရားသခင်ထံကနေပြီး လမ်းလွဲသွားပါတယ်။အဲဒါဘဲဖြစ်တယ်။ လိုင်းကွဲသွား ခြင်းဘဲ ဖြစ်တယ်။ ဇာတိသဘောမှလွဲ၍ ဂိုဏ်းဂဏတွေကဇာတိဆိုင်ရာတွေကိုဘဲ သွန်သင်ပေးပါတယ်။ အမြဲတမ်းဘဲ ဘုရားသခင်ရဲ့ အလို တော်နဲ့ဆန့်ကျင်ဘက်ဘဲ ဖြစ်ပါတယ်။

74 ၇၄။ ဒုတိယမွေးခြင်း ခံရမယ်ဆိုတဲ့အဓိပ်ါယ်ကတော့ အထက်အရပ်ကလာတဲ့ ဖွား မြင်ခြင်းဘဲ ဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့အထက်မှဟု အဓိပ်ါယ်ရပါတယ်။ ခင်ဗျားတို့ သိမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ဒုတိယမွေးခြင်းခံနိုင်ဘို့ရန်အတွက် အထက်အ ရပ်မှ မွေးဖွားခြင်းကို ခံရပါမယ်။ ယခုသင်တို့တွေ့မြင်ကြမှာ ဖြစ်ပါတယ်။ သင်တို့ လေ့လာကြရမှာ ဖြစ်ပါတယ်။ ဂရိ၊ ဟေဗြဲဒါမှမဟုတ် ဂရိအဘိဓါန်ထဲမှာ လေ့လာနိုင်ပါ တယ်။ ဒုတိယမွေးခြင်းဆိုသည်မှာအထက်အရပ်ကလာတဲ့ အရာဘဲ ဖြစ်ပါတယ်။ သင်တို့သည် ဤလောကမှာ မွေးဖွားလာပါတယ်။ ဒုတိယအကြိမ်မွေးဖွားလာဘို့အ တွက်ကတော့ အထက်အရပ်ကနေ မွေးဖွားလာရမှာ ဖြစ်ပါတယ်။ အထက်အရပ်ကလာရမှာ ဖြစ်ပါတယ်။ ထိုနိုင်ငံတော်သည် အလွန်မြင့်မားသော နိုင်ငံတော် ဖြစ်ပါတယ်။ဒီကမ်ဘာလောကကြီးရဲ့ နိုင်ငံထက် ပိုမိုမြင့်မားပါတယ်။ ပိုမိုလည်း ကြီးမားပါတယ်။ထိုနိုင်ငံတော်နှင့်ယှဉ်လျှင် ဤလောကနိုင်ငံသည် မိုက်မဲမှုသက်သက်သာ ဖြစ်ပါတယ်။

75 ၇၅။ ကျွန်တော် ရံဖန်ရံခါပြောခဲ့တဲ့အတိုင်းဘဲ ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ဇနီးတို့ဟာ ဒီကိုရောက်လာတာ သိပ်မကြာသေးပါဘူး။ ဘယ်ကိုသွားလည်းဆိုတော့ ကုန်စုံဆိုင်တွေ ကိုသွားပါတယ်။ လွန်ခဲ့တဲ့လအနည်းငယ်က ဖြစ်ပါတယ်။ အမျိုးသမီး တစ်ယောက်ကို ကျွန်တော်တွေ့ပါတယ်။အဲဒီအမျိုးသမီးက စကပ်ဝတ်ထားပါတယ်။ အဲဒီစကပ်ကတော့ ကျွန်တော်တို့ ကြာမြင့်စွာမမြင်ခဲ့ရဘူးတဲ့ အထူးဆန်းဆုံး အရာဘဲ ဖြစ်နေပါတယ်။

ဒီမနက်လည်း ဘာသာရေးအရခွဲခြားတယ်လို့လည်း ကျွန်တော် မဆိုလိုပါဘူး။ ကျွန်တော် အင်မတန်ကြီးမားပြီးထင်ပေါ်ကျော်ကြားတဲ့ အဖွဲ့အစည်းအကြောင်း ကြား ဘူးပါတယ်။ ကျွန်တော့်သမီးငယ်နှင့်ကျွန်တော်က ရေဒီယိုကို နားထောင်နေပါတယ်။ အသင်းတော်ကို ဆက်ကပ်ဖို့သွားရင်းနဲ့ရေဒီယိုမှတစ်ဆင့် ကြားရပါတယ်။ သူတို့သီဆို တဲ့သီချင်း ကတော့ ဘာလဲဆိုတော့တစ်မျိုးထူးခြားနေပြီး ဆက်လက်ပြီးတော့ ဖြစ်ပျက် နေတဲ့အကြောင်းအရာတွေကိုဆိုနေပါတယ်။ ရှေးဆန်တဲ့သီချင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော် ကြားရတဲ့အသံကတော့အမျိုးသမီးကြီးတစ်ယောက်ဟာ မျက်နှာတွေပြာ နှမ်းသွားတဲ့အထိ အသက်ရှုမဝတဲ့အခါထွက်တဲ့အသံမျိုးဘဲဖြစ်ပါတယ်။ အဲဒီသီ ချင်းအ ကြောင်းကို ကျွန်တော် စဉ်းစားမိလိုက်တဲ့အခါမှာ အင်မတန်မှ ရီစရာကောင်းပါတယ်။ ကြက်ကလေး၊ ဘဲကလေးများအော်တဲ့အသံတွေဘဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ရှေး ဟောင်း ပင်တီကော်စတယ်တွေသီချင်းဆိုတဲ့အသံကို နှစ်သက်ပါ တယ်။ နှလုံးသားထဲက ထွက်ပေါ်လာတဲ့ အသံတွေဘဲဖြစ်ပါတယ်။ သင်ဟာဆိုရင် မီးသွေးသယ်တဲ့ခြင်းနဲ့သီ ချင်းကို သယ်သွားလို့ မရပါဘူး။ဒါပေမဲ့လည်း သင်ဟာ သီချင်းဆိုနေဆဲဘဲ ဖြစ်ပါ တယ်။ ဘုရားသခင်ကိုလည်းဝမ်းမြောက်ပျော်ရွှင်စွာနဲ့ ချီးမြှောက်သီဆိုခြင်းဘဲ ဖြစ်ပါ တယ်။ အဲဒါဟာဝိညာဉ်ရေးရာနဲ့ ပြည့်ဝတယ်လို့ ကျွန်တော်ထင်ပါတယ်။ နှစ်သက်ပါ တယ်။ ဒါပေမဲ့လည်းအသက်ရှုသံကို ထိန်းချုပ်ပြီးတော့ မျက်နှာတွေ ပြာနှမ်းလာတဲ့အ ထိ သေလုမြောပါးဖြစ်နေတဲ့အသံမျိုး အဲဒါမျိုးကိုတော့ ကျွန်တော် မကြိုက်ပါဘူး။သင်သီချင်းဆိုနေတဲ့အသံကို သင်မသိတော့ လောက်အောင် ဖြစ်နေတဲ့ အသံမျိုးဘဲ ဖြစ်ပါတယ်။အဲဒီလိုအသံမျိုးကို ဘယ်သူက လက်ခံနိုင်မှာလဲ၊ သခင်ယေရှု မိန့်တော်မူ သည်မှာကျွန်ုပ်တို့ သိတဲ့အရာတွေကို ကျွန်ုပ်တို့ ပြောဆိုပါတယ်။ မှန်ပါတယ်။ ကျွန်တော်တို့ သီချင်းဆိုတဲ့အခါမှာ ဆိုသင့်ဆိုထိုက်တဲ့ သီချင်းကို ဆိုရမှာ ဖြစ်ပါတယ်။နှလုံးသား ထဲကနေခံစားပြီးတော့ ကျွန်တော်တို့ သီဆိုရမှာ ဖြစ်ပါတယ်။သူတို့သီဆိုပြီးတဲ့အခါမှာ ကျွန်တော့် သမီးငယ်လေးက ဂီတသံစဉ်ကို လေ့လာပါတယ်။ပြီးတော့ ဘာပြောသလဲဆို တော့ ဟာ. တစ်ကယ်ဘဲ အဲဒီသီချင်းဟာ ရှေးဟောင်းသီချင်းဘဲလို့ဆိုပါတယ်။

76 ၇၆။ ကျွန်တော်က ကောင်းပြီ. ဟုတ်ပါတယ်။ဒီကွာယာသံစုံ သီချင်းဆိုတဲ့အထဲက ဘယ်နှစ်ယောက်လောက်၊ အယောက်(၅၀)လောက်ကများစီးကရက်တွေ သောက်ကြ သလဲလို့ မေးပါတယ်။ ဒီသံစုံသီချင်း အဖွဲ့ထဲမှာ ပါတဲ့သူတွေဘယ်နှစ်ယောက်လောက် ထင်သလဲ။ ညက မနေ့ညက သူတို့ အပျော်အပါး လူမှုရေးအရ နည်းနည်းပါးပါးမ သောက်စားခဲ့ဘူးလား ? အဲဒီအထဲမှာပါတဲ့အမျိုးသမီးတွေကော ဆံပင်တိုတိုလေးတွေ ဘယ်နှစ်ယောက်ပါကြသလဲ၊ ဘယ်နှစ်ယောက်မျက်နှာကို မိတ်ကပ်တွေ ချယ်သထားသ လဲ၊ အဲဒီ အသင်းတော်က သင်းအုပ်ဆရာကလွန်ခဲ့တဲ့ရက်အနည်းငယ်က ဘုရားသခင် ဟာ ကမ်ဘာလောကကြီးကိုပိုမိုလှပစေချင်တဲ့အတွက်မို့ သူက မိတ်ကပ်တွေကို ဖန်ဆင်း တယ်လို့ တရားဟောခဲ့ပါသလား၊သမ်မာကျမ်းစာထဲမှာ ကျွန်တော်တို့ တွေ့ခဲ့ရတဲ့မိန်းမ တစ်ယောက်ကတော့ သူ့မျက်နှာကိုမိတ်ကပ်ချယ်သပါတယ်။ ခွေးတွေစားဘို့အတွက် သူမကို ကျွေးလိုက်ပါတယ်။ သူမကိုခွေးစာကျွေး လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ အသင်းတော် နဲ့တကွ တစ်ပါးအမျိုးသားရုပ်တုဆင်းတုတွေ ကိုးကွယ်တဲ့အကြောင်း ဘယ်နှစ် ယောက် သိကြသလဲ၊ မျက်နှာကိုလိမ်းချယ်တဲ့အရာကတော့ တစ်ပါးအမျိုးသားတွေရဲ့ အစဉ်အလာဘဲ ဖြစ်ပါတယ်။ အမြဲတမ်းဘဲထိုကဲ့သို့ဘဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေကလည်း ထိုကဲ့သို့ ပြုလုပ်ပါတယ်။အမျိုးသားတွေက အရက်တွေ သောက်တယ်။ စီးကရက်တွေ သောက်တယ်။ စသည်တို့ကို ဆက်လက်ပြုလုပ်နေကြပါတယ်။ အဲဒီမှာ ရပ်ပြီးသီချင်းဆို တဲ့အခါမှာ အသံတွေကလည်း အဲဒီလိုမျိုးအသက်ထွက်တော့မယ့် အသံမျိုးဖြစ်နေပါ တယ်။ အဲဒီအကြောင်းအရာ နဲ့ပတ်သက်လို့ကျွန်တော်တို့ မိနစ်အနည်းငယ်အတွင်းမှာ ဆက်လက် လေ့လာကြဦးမှာ ဖြစ်ပါတယ်။အဖွဲ့အစည်းမှာ ပါဝင်ခြင်းဘဲ ဖြစ်ပါတယ်။ တရားစီရင်တဲ့အခါမှာ စိတ်ပျက်ဖွယ်ရာ တွေ့ရမှာဖြစ်ပါတယ် လို့ဘဲ ကျွန်တော့်အမြင်နဲ့ ကျွန်တော် ပြောချင်ပါတယ်။

77 ၇၇။ ဝိညာဉ်တော်အားဖြင့်မွေးဖွားခြင်းဆိုသည်မှာ ယုံကြည်ပြီးတော့ ဝိညာဉ်တော်၌ မိမိတို့က လုပ်ဆောင်မှုဘဲဖြစ်ပါတယ်။ အဲဒါကတော့

ဘာလဲဆိုတော့ နားလည်မှုရှိဘို့နဲ့သင့်ရဲ့စိတ်နှလုံးအကြွင်းမဲ့နဲ့ ယုံကြည်ဘို့ဘဲဖြစ်ပါတယ်။ သခင်ယေရှုဟာ ခရစ်တော်ဖြစ်တယ်ဆိုတာ ယုံကြည်ရမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။ တစ်ခြားနှုတ်ကပတ်တော်ကို အဲဒီအထဲမှာ ပေါင်းထည့်လို့ မရပါ ဘူး။ဒါမှမဟုတ်လည်း ထုတ်ယူလို့ မရပါဘူး။ သင့်ရဲ့နံမည်ကို အသက်စာစောင်ထဲမှာ ထုတ်ယူလို့မရသကဲ့သို့ဘဲ ဖြစ်ပါတယ်။ တစ်ကယ်ဘဲ ခိုင်မာတဲ့ အကြောင်းအရာဘဲ ဖြစ်ပါတယ်။ သင်ကတစ်ခုခု ပေါင်းထည့်ပြီးတော့ သင့်ရဲ့အစဉ်အလာအတိုင်းလုပ်မယ် ဆိုရင် ဒါမှမဟုတ်လည်းတစ်ခုကို ထုတ်ယူဘို့ ကြိုးစားမယ်ဆိုရင် သခင်ခရစ်တော် မိန့်တော်မူပါတယ်။အသက်စာစောင်ကနေ အမည်စာရင်း ပယ်ရှင်းခြင်းခံရမှာ ဖြစ်ပါ တယ်။ အခုအခါမှာအဖွဲ့အစည်းကို ရှာဖွေပါ။ ဂိုဏ်းဂဏကိုလည်း ကျမ်းစာထဲမှာ ရှာဖွေပါ။ ရှာလို့တွေ့မှာမဟုတ်ပါဘူး။ ဇာတိနဲ့ဆိုင်တဲ့အရာတွေ ဖြစ်တဲ့သွန်သင်မှုတွေ ဟာ ဘုရားသခင်ရဲ့သမ္မာကျမ်းစာနဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ဒုတိယအကြိမ်မွေးဖွား ခြင်းဆိုသည်မှာအထက်အရပ်က ဖွားမြင်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ကအထက်အရပ်နဲ့ဆိုင်တဲ့ အရာတွေမှာ ကျွန်တော်တို့ လှုပ်ရှားလာမှာ ဖြစ်ပါတယ်။ကိုယ်တော်ရှင် ကိုယ်တော်တိုင် သူ့ရဲ့နှုတ်ကပတ်တော်ကို သင့်အထဲမှာ အမှုပြုမှာဖြစ်ပါ တယ်။ ကိုယ်တော်ရှင်ရဲ့ အကိုင်းအခက် စပျစ်နွယ်ကတော့ သင်ဘဲဖြစ်ပါတယ်။

78 ၇၈။ ထိုအကြောင်းကြောင့် သခင်ယေရှုမိန့်တော်မူသည်မှာ ငါသည် ငါ့ခမည်းတော်၏ အမှုကို မဆောင်ရွက်လျှင် သင်တို့လည်းငါ့ကို မယုံကြည်ကြနှင့်ဟု ဆိုထားပါသည်။ အမှန်တစ်ကယ်ဘဲ ဖြစ်ပါသည်။ ကိုယ်တော်ရှင်မိန့်တော်မူပါသည်။ ကောင်းကင်ဘုံမှ ဆင်းသက်လာသူမှတစ်ပါး မည်သူမှ ကောင်းကင်ဘုံသို့မတက်ကြွနိုင်ဟု ဆိုထားပါ သည်။ နိကောဒင်ကို ကိုယ်တော်ရှင် မိန့်တော်မူသည်ကိုသေချာစွာကြည့်ပါ။ သူတို့ အတွေးအမြင်က ကိုယ်တော်ရှင်ဟာ လူသားတစ်ဦးဘဲ ဖြစ်ပါတယ်။ဘုရားမဖြစ်နိုင်ဘူး လို့ဘဲ သူတို့တွေးကြပါတယ်။ ကိုယ်တော်ရှင် မိန့်တော်မူသည်မှာကောင်းကင်ဘုံမှ ဆင်းသက်လာသူမဟုတ်လျှင် မည်သူမှ ကောင်းကင်ဘုံသို့ မတက်ကြွနိုင်ဟုဆိုထားပါ သည်။ ဘုရားသားတော်ပင်လျှင် ယခုအခါမှာ ကောင်းကင်ဘုံမှာ ရှိနေပါသည်။ သူတို့အတွက် အလွန်ပင် လွန်ကဲသွားပါသည်။ ကိုယ်တော်ရှင်သည် လူသားဖြစ်လျှက် မည်ကဲ့ သို့ကောင်းကင်ဘုံမှ ဆင်းသက်လာနိုင်ပါမည်နည်း? ကောင်းကင်ဘုံသို့လည်း မည်ကဲ့သို့ တက်ကြွနိုင်ပါမည်နည်း? ဤအိမ်ရဲ့ထိပ်မှာ ရပ်နေသောသူဟာကိုယ်တော်ရှင်တစ်ဦး တည်းသာ ဖြစ်ပါသည်။ နောက်ပြီး နိကောဒင်ကို စကားပြောနေပါသည်။ယခုအခါမှာ မည်ကဲ့သို့ ကောင်းကင်ဘုံမှာ ရှိနိုင်ပါမည်နည်း? သူက ဘုရားကို မြင်ခဲ့သည်ဟု သူ့ကိုယ် သူစဉ်းစားသင့်ပါသည်။ ကိုယ်တော်ရှင်သည် နေရာတိုင်းမှာရှိသည်။ နေရာတိုင်းမှာကိုယ်တော်ရှင် ရောက်နေပါသည်။ သို့သော်လည်း သူသည် သူ၏အစဉ်အလာများအရ ထိုအရာကိုမသိပါ။ သူသည် ဝိညာဉ်ရေးရာနှင့် ပြည့်ဝနေသူမဟုတ်ပါ။ ဇာတိပကတိလူ သားတစ်ယောက်ဘဲဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်တော်ရှင် ပြောသည့်အရာကို နားမလည်ပါ။

သူပြောသည့်အရာမှာ မည်သည့် သူက ငါသည်လူသားဖြစ်သည်ဟု ပြောသနည်း? ဟုမေးထားပါသည်။

အချို့သောသူ များကလည်း သူသည်ဒါဝိဒ်သားတော် ဖြစ်သည်ဟု ဆိုကြပါသည်။

ဒါဝိဒ်သည် ဝိညာဉ်တော်၌ ကိုယ်တော်ကိုဘာကြောင့် ကိုယ်တော်ဟု ခေါ်ပါသ နည်း?ကိုယ်တော်ရှင်မိန့်တော်မူသည်မှာ ငါ့လက်ယာဘက်မှာထိုင်သော ငါ့ရန်သူတွေကိုငါ့ခြေဖဝါးအောက်မှာခြထားသည့်တိုင်အောင်ရှိပါတယ်လို့ဆိုပါတယ်။ သူသည်ဒါဝိဒ်၏ အမြစ်၊ ဒါဝိဒ်၏အမျိုးအနွယ်ပင်ဖြစ်ပါသည်။ ဒါဝိဒ်မရှိခင်ကတည်းက သူရှိပါတယ်။သူသည်ဒါဝိဒ်ပင်ဖြစ်ပါ တယ်။ ဒါဝိဒ်နောက်မှာလည်းဖြစ်ပါတယ်။ ကိုယ်တော်ရှင်သည်အမြစ်ဖြစ်တယ်၊ ဒါဝိဒ်ရဲ့အမျိုးအနွယ်လည်းဖြစ်တယ်လို့ သမ္မာကျမ်းစာဆိုထားပါတယ်။ ဒါဝိဒ်၏အမြစ်နှင့်အမျိုးအနွယ်နှစ်မျိုးစလုံးဖြစ်ပါတယ်။ သူသည်မည်ကဲ့သို့ဒါဝိဒ်၏သားဖြစ် နိုုင်ပါမည်နည်း။ သူသည်မည်ကဲ့သို့ သူ၏သခင်ကဲ့သို့ဖြစ်နိုုင်ပါမည်နည်း။သမ်ွာကျမ်းစာဆိုထားသည်မှာ ထိုသို့ဆိုသော ကြောင့်သူတို့က ကိုယ်တော်ကို ဘာမှမမေးတော့ကြပါလို့ဆိုထားပါတယ်။ ဤအရာမှာကောင်းသောအရာဖြစ်တယ်လို့ ကျွန်တော် ထင်ပါတယ်။မှန်ပါတယ်။

79 ၇၉။ အထက်အရပ်မှမွေးဖွားခြင်းဖြစ်ပါတယ်။ထို့ကြောင့်ကျွန်တော်တို့သည် လှုပ်ရှား ပါတယ်။ အထက်အရပ်မှအရာများ၌ လှုပ်ရှားပါတယ်။အကြောင်းမှာကိုယ်တော်ရှင်၏ အသက်တာ ကျွန်တော်တို့အထဲမှာရှိသောကြောင့်ဖြစ်ပါတယ်။ သူ၏နှုတ်ကပတ်တော်သည် သူ၏နှုတ်ကပတ်တော်ကိုပင် ပြန်လည်၍ ဖေါ်ပြနေခြင်းဘဲ ဖြစ်ပါတယ်။သင့်အထဲမှာ ကျိန်းဝပ်တဲ့ ဝိညာဉ်တော်ဟာ နှုတ်ကပတ်တော် ဖြစ်ပြီးတော့ သင့်အထဲမှာ ဇာတိကို ခံယူပါတယ်။ ဝိညာဉ်တော်က နှုတ်ကပတ်တော်ကို အလေးထားပါတယ်။ နှုတ်က ပတ်တော်ကိုဖေါ်ပြရန်အတွက် တက်ကြွလှုပ်ရှားလျှက် ရှိပါတယ်။

ဝိညာဉ်တော်မှာ ဂိုဏ်းဂဏများထဲမှာလှုပ်ရှားမှု မရှိပါဘူး။ မည်သည့်အဖွဲ့အစည်းကိုမှလည်း လှုပ်ရှားမှုမရှိပါဘူး။အကြောင်းမှုကား ဝိညာဉ်တော် ကိုယ်တိုင်သည် အဖွဲ့အစည်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေသောကြောင့် ဖြစ်ပါတယ်။ အဖွဲ့အစည်းမှာ လောကဆိုင်ရာ အရာများကိုသာရှာဖွေလျှက်ရှိပါတယ်။ လောက စိတ်ဓါတ်ရှိပါတယ်။ သူတို့ဟာ ကြီးမားတဲ့ဗိမာန်တော်ကြီးတွေ တည်ဆောက်တယ်၊ အရောင်တင်တယ်။ လှလှပပဖြစ်အောင်လုပ်တယ်။အင်မတန်ကြီးမားတဲ့ အရောင်တင်ထားတဲ့ အဖွဲ့အစည်း ကြီးများ ရှိတယ်။ အရောင်တင်ထားတဲ့တရားဟောဆရာကြီးများ ရှိတယ်။ စသည်ဖြင့် ဖြစ်ပါတယ်။ မြို့တော်တစ်ခုရဲ့အကောင်းဆုံးလူတန်းစားကို ဖန်တီးပါတယ်။ ဝိညာဉ် တော်ကတော့အင်မတန်ရိုးသားဖြောင့်မတ်တဲ့ နှလုံးသားများကိုသာ ရှာဖွေပါတယ်။ ဝိညာဉ်တော်ကဖေါ်ပြရန်အတွက် အင်မတန် တက်ကြွနေတဲ့ နေရာကတော့ ဘုရား သခင်သည်သမ်ွာတရားဖြစ်တယ်ဆိုတာကို သက်သေပြတဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါ တယ်။အဖွဲ့အစည်းထဲမှာ သင်မည်ကဲ့သို့ လှုပ်ရှားနိုင်မည်နည်း? ဝိညာဉ်တော်လည်း မည်ကဲ့သို့အလုပ်လုပ်နိုင်ပါမည်နည်း? ထိုအဖွဲ့အစည်းမှာဘုရားသခင်၏ နှုတ်ကပတ် တော်ကို ငြင်းပယ်ပြီး ယုံကြည်ခြင်းတွေ၊ ခံယူချက်တွေကိုအစားထိုးကြပါတယ်။ ဘယ်လို မှ မလှုပ်နိုင်ပါဘူး။ အသေဖြစ်နေပါတယ်။ ဘုရားသခင်ဟာအဲဒီလိုမျိုး လူအုပ်စုတွေထဲ မသွားပါဘူး။ လူအုပ်စုတွေအတွက်လည်းကိုယ်တော်ရှင်အလုပ်မလုပ်ပါဘူး။အကြောင်း မှာ သူတို့ဟာ သေဆုံးနေသောကြောင့်ဖြစ်ပါတယ်။ သူတို့ဟာ မယုံကြည်သူများဖြစ် ပါတယ်။ နှုတ်ကပတ်တော်ကို မယုံကြည်ကြပါဘူး။နှုတ်ကပတ်တော်ကိုသာ သူတို့ယုံ ကြည်ကြမယ်ဆိုရင် သူတို့ အဲဒီနေရာမှာ ရှိမှာမဟုတ်ပါဘူး။ ယခုအခါမှာ ကျွန်တော် တို့သည် အထက်အရပ်မှ လာသောအရာများအတွက် လှုပ်ရှားနေကြပါတယ်။ဝိညာဉ်

တော်က နှုတ်ကပတ်တော်ကို အလေးထားပါတယ်။ ဝိညာဉ်တော်က နှုတ်ကပတ်တော် ကိုအသက်ပေးပါတယ်။ စာစောင်ကသာ သေဆုံးစေပါတယ်။ ဒါပေမဲ့လည်း ဝိညာဉ် တော်ကတော့အသက်ပေးပါတယ်။

80 ၈၀။ ကျွန်တော် ယနေ့မနက် တက်လာပြီးတော့အင်မတန်လှပတဲ့ သစ်ပင်ကြီးများကို ကြည့်ပါတယ်။ သစ်တောကြီးတွေ၊ ကုန်းမြင့်ကြီးတွေပေါ်မှာ အညိုရောင်၊ အဝါရောင် အမြဲတမ်းစိမ်းလန်းနေပြီးတော့လှပနေတဲ့ သစ်ပင်ကြီးများ ဖြစ်ပါတယ်။ အဲဒါဘာလဲဆို တာကို သင်သိပါသလား ?ကျွန်တော်တို့မှာ သေခြင်းတရားဘဲရှိပါတယ်။ ဘုရားသခင် ကတော့ သူ့ရဲ့ပန်းစည်းလေးကို ထည့်ထားလိုက်ပါတယ်။ တောင်တန်းတွေပေါ်မှာကိုယ် တော်ရှင်ကပ်ထားပါတယ်။ အဲဒါတွေဟာ အသုဘပန်းကလေးများဘဲ ဖြစ်ပါတယ်။ အသက်တာဟာမြေကြီးထဲကို ပြန်သွားပါတယ်။ ကိုယ်တော်ရှင်ဟာ သူ့ရဲ့မျိုးစေ့တွေ အားလုံးကိုမြှုပ်နှံလိုက်ပါတယ်။ သားနှင့်အရာတဝတ္ထုအားလုံးကို မြှုပ်နှံလိုက်ပါတယ်။နောက်ပြီးတော့မှကိုယ်တော်ရှင် ဟာသူ့ရဲ့ ပန်းစီးကလေးထဲမှာ ပြန်လည်ပြီးပေါ်ထွက်လာပါတယ်။ ကိုယ်တော်ရှင်ဟာမြေကြီးပေါ်ကို မြော်ပြီးကြည့် လိုက်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ အဲဒီအသုဘပန်းကလေးများရှိလို့ပါဘဲ။ ဒါပေမဲ့လည်း နေထွက်လာတဲ့ အခါမှာအစေ့တွေဟာ အသက်ပြန်ရှင်လာဦးမှာပါ။ အာမင်။

ဝိညာဉ်တော်က ဖော်ပြထားတဲ့နှုတ်ကပတ်တော်ကို စိတ်ဝင်စားပါတယ်။ သင် ဟာ အစဉ်အလာကိုဘဲ လက်ခံပြီးတော့ ဝိညာဉ်တော်နှုတ်ကပတ်တော်ကို အစဉ်အလာ နဲ့ဘဲ အစားထိုးမယ်ဆိုရင် ကျွန်တော်တို့လည်း အားလုံးကိုယုံကြည်လက်ခံပါတယ်။ သို့သော်လည်း ဘာရာသာဘရမ်ဟမ် ကျွန်တော်တို့သိတာကတော့ကျွန်တော်တို့ ဒါကို မယုံကြည်ဘူးဆိုတာဘဲ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ခင်ဗျားဟာအဲဒီနေရာမှာဘဲ ရပ်တန့်နေရမှာ ဖြစ်ပါတယ်။

81 ၈၁။ သင်းအုပ်ဆရာတစ်ယောက်က ကျွန်တော့်ကိုတစ်ချိန်က ပြောဖူးပါတယ်။ စစ်တပ်က ချက်ပလင်တစ်ယောက်ဘဲ ဖြစ်ပါတယ်။ ဗိုလ်ကြီးတစ်ယောက်ဘာပြောလဲ ဆိုတော့ အဓိကကိုတော့ ကျွန်တော် ယုံကြည်ပါတယ်။ ချက်ပလင်ကိုလည်း ကျွန်တော်ဘာပြန်ပြောလည်းဆိုတော့ ဆက်ပြီးတော့ ယုံပါ။ အဲဒီမှာ ဗိုလ်ကြီးက သေဆုံးသွားပါပြီလို့ ပြောလိုက်ပါတယ်။

သူကစက်သေနတ်မှန်ပြီးတော့သေဆုံးသွားခြင်းဘဲ ဖြစ်ပါ တယ်။ သူကလည်း ဆက်ပြောပါတယ်။ ဗိုလ်ကြီးက ရှန်းကန်နေတယ်။

သူ့ကို ဆွဲပြီးတော့ သူနာပြုတဲထဲကိုသွင်းလိုက်ပါတယ်။

နောက်ပြီးတော့ သူကဗိုလ်ကြီးလို့ခေါ်လိုက်ပါ တယ်။ သူမော့ကြည့်ပြီးတော့ သွေးတွေအန်ထွက်ပါတယ်။

နောက်ပြီးတော့ သူကဟုတ်ကဲ့ ပါဆရာလို့ပြောပါတယ်။ ခင်ဗျားကတော့ စစ်တပ်ရဲ့ချက်ပလင် တစ်ယောက်ဘဲဖြစ် တယ်လို့ သူက ပြောပါတယ်။ဟုတ်ပါတယ်။

သင်က သေလုမြောပါးဖြစ်နေတဲ့ ဗိုလ်ကြီးတစ်ယောက်ဘဲလို့ ပြောတဲ့အခါမှာ သူက ကျွန်တော် သိပါတယ်လို့ ဆိုပါတယ်။

ခင်ဗျား ခရစ်ယာန်လားလို့သူကမေးတဲ့အခါမှာ ခရစ်ယာန်ဖြစ်ခဲ့တာဘဲလို့ သူကဖြေပါတယ်။

သူ့ကို ဘယ်မှာ ထားခဲ့တာလဲကက်ပတင် လို့မေးတဲ့အခါမှာ သူက ဘာပြန် ဖြေလဲဆိုတော့ သူ့ကို ထားခဲ့တဲ့နေရာမှာဘဲ သူရှိနေမှာပါလို့ဖြေပါတယ်။ မှန်ပါတယ်။ ဗိုလ်ကြီးက ဘာပြန်ပြောလဲဆိုတော့ ကျွန်တော်မစဉ်းစားတတ်တော့ဘူးလို့ ဆိုပါတယ်။

အဲဒီတော့ ချက်ပလင်က ဘာပြောလဲဆိုတော့ခင်ဗျားဆက်ပြီးတော့ မိနစ်အ နည်းငယ် အချိန်ရပါသေးတယ်။ ခင်ဗျား အခုတော့ရှန်းကန်နေရတယ်။ အဲဒီအချိန်မှာ ပါးစပ်ပေါက်ပြီးတော့ သွေးတွေ အန်ထွက်ပါတယ်။နားရွက်ထဲကလည်း သွေးတွေထွက် တယ်။ စက်သေနတ် ကျည်ဆံတွေလည်း ထွက်လာပါတယ်။ခင်ဗျားမြန်မြန် လုပ်ရမယ်။ ခင်ဗျားရဲ့ အဆုတ်တွေက ပြည့်နေပြီလို့ ပြောတယ်။ အဲဒီအချိန်မှာ ဗိုလ်ကြီးလုပ်တဲ့သူက အံ့သြနေပါတယ်။ သူရှန်းကန်ပြီးတော့လည်း ဈေးရောင်းနေတယ်။ကျွန်တော် အခု သိပါပြီလို့လည်း ပြောပါတယ်။ ဘယ်နေရာမှာ ကိုယ်တော်ကို ထားခဲ့ပါသလဲ။အဲဒီထားခဲ့ တဲ့ နေရာကဘဲ စပါ။ သူက ဘာပြောလဲဆိုတော့ ဒီနေရာမှာတော့ ကျွန်တော့်ကိုအိပ်ဖို့ရန်အတွက် သိပ်ထားလိုက်ပါလို့ဘဲ ပြောပါတယ်။ အဲဒီနေရာမှာ ကိုယ်တော်ရှင်ကိုသူထားခဲ့ပါတယ်။ အဲဒီနေရာမှာဘဲ ကိုယ်တော်ရှင်ကို သူတွေ့ခဲ့ပါတယ်။

သင်၏အဖွဲ့အစည်းကနှုတ်ကပတ်တော်နှင့်ဆန့်ကျင်၍ တစ်စုံတစ်ရာကို သွန်သင်ပေးပါက ကိုယ်တော်ရှင်ကို သင်ကထိုနေရာမှာဘဲ ထားခဲ့ပြီး ဖြစ်ပါတယ်။ ချက်ချင်းပြန်လာပါ။ ဘာကြောင့်လဲဆိုတော့ကိုယ်တော်ရှင်ဟာ စစ်မှန်တဲ့နှုတ်ကပတ် တော်ကို ဖော်ပြရန်နှင့် ပြုလုပ်ရန်အတွက်ကိုယ်တော်ရှင်ဘဲသွက်လက်လှုပ်ရှားပါတယ်။ သခင်ယေရှုအမြဲတမ်းဘဲ ခမည်းတော်ဘုရားသခင်ရဲ့အလိုတော်ကို လိုက်နာပါတယ်။

82 ၈၂။ နိကောဒင်ရဲ့ အဖွဲ့အစည်းကတော့ဘုရားသခင်အတွက် ဘာမှအဓိပ်ပ္ပါယ်မရှိပါ ဘူး။ ဘယ်လောက်ဘဲ သူဟာ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်ပါစေ။ ကျွန်တော်တို့ ခေါ်သ လိုဘဲ လူကြီးတစ်ယောက် ဖြစ်နေပါတယ်။ အဖွဲ့အစည်းထဲမှာဒါပေမဲ့ လည်း သူဟာ ဣသရေလနိုင်ငံရဲ့ ဆရာတစ်ပါးလည်း ဖြစ်တယ်။ သူ့ရဲ့ပညာတတ်ခြင်းတွေ၊နားလည် ခြင်းတွေဟာ ဘာမှ အဓိပ္ပါယ်မရှိပါဘူး။ ဘရာသာဘရမ်ဟမ်က လက်ချောင်းကလေးနဲ့လက်ဖြောက်တီးလိုက်ပါတယ်။ သခင်ခရစ်တော်ရှေ့မှာ သူဟာ ဘာမှ မဟုတ်ပါဘူး။ ကိုယ်တော်ရှင်က သူ့ကို သွန်သင်ဆုံးမပါတယ်။ လူတွေအားလုံးပြောနေတဲ့အရာကို ကျွန်တော်စဉ်းစားမိပါတယ်။ သန့်ရှင်းသောအဖ နိကောဒင်၊ သန့်ရှင်းတဲ့အဖ နိကောဒင်ကိုယ်တော်ကိုကျွန်တော်တို့ဦးညွတ်ကြပါ တယ်လို့ကျွန်တော်တို့ပြောကြပါ တယ်။ဒါပေမဲ့လည်း သခင်ယေရှုဟာ ဘုရားရှေ့မှာ ရပ်တဲ့အခါမှာ သူ့ရဲ့မသိနားမလည် ခြင်းအတွက်သူ့ကိုသွန်သင်ဆုံးမပါတယ်။ အဲဒါတွေအားလုံးဘာဖြစ်သွားသလဲဆိုတာ သင်သိမှာဖြစ်ပါတယ်။အားလုံးကို မေ့ပစ်လိုက်ပါ။ ဘုရားသခင်ထံတော်ပါးသို့ဘဲသွား ကြပါစို့။

ကိုရက်(စ်)ထက်ကြီးမားတဲ့နားလည်မှုတွေဟာဘာမှအခါပွါယ်မရှိပါဘူး။ အာဒံလည်း ထိုနည်းလည်းကောင်းဘဲဖြစ်ပါတယ်။ တစ်ဦးစီဟာဘုရားသခင်ပြောတဲ့ သတင်း စကားကိုငြင်းပယ်ကြပါတယ်။ ယခုအခါမှာ ကျွန်တော်တို့သေခြာစွာနားထောင် ကြရမှာဖြစ်ပါတယ်။ ယခုအချိန်အနည်းအတွင်းမှာဘဲ နက်နဲတဲ့အရာတွေ၊မြင့်မားတဲ့အရာ တွေကို ကျွန်တော်တို့လေ့လာ ကြမှာ ဖြစ်ပါတယ်။ သူတို့တစ်ဦးစီဒုက်ခရောက်ရတဲ့အ ကြောင်းရင်းကတော့ ဘာလဲဆိုတာကို ပြောပြချင်ပါတယ်။သူတို့ကတော့ နိကောဒင်၊ ကိုးရက်(စ်)နဲ့ နင်းမ်ရို့တို့ဘဲဖြစ်ပါတယ်။သူတို့ဘာကြောင့်ဒုက်ခရောက်ရသလဲဆိုတော့ ဘုရားသခင်ရဲ့သတင်းစကား ပို့ဆောင်သူဟာ သတင်းစကားနဲ့ထိုနှစ်ကာလကရောက် လာတာကိုသူတို့က အသိမှတ် မပြုခြင်းကြောင့်ဘဲဖြစ်ပါတယ်။အားလုံးအဲဒီအကြောင်း သိကြပါတယ်။ ကျွန်တော်တို့အဲ ဒီလိုဘဲ အချိန်ကြာမြင့်စွာအချိန်ဆွဲပြီး နေနိုင်ပါတယ်။ ဒါပေမဲ့လည်းဘုရားသခင် ကြိုတင်ဖော်ပြပြီးတော့အဲဒီအရာတွေဖြစ်ပျက်လာမယ် ဆိုတာကို ဖော်ပြပါတယ်။ လူတွေကအဖွဲ့စည်းတွေကိုဖွဲ့စည်းကြပါတယ်။ လူတွေကိုလည်းအဖွဲ့စည်းထဲမှာ ပါငင်စေချင်ပါတယ်။မေရှိယကြွလာမယ်ဆိုတာကို သူတို့ယုံ ကြည်ပါတယ်။ ဂျူးတွေလည်းသေချာပေါက်ယုံကြည်ကြပါတယ်။ ဒါပေမဲ့လည်းသခင် ယေရှုကြွလာတဲ့အခါမှာ သူလာတဲ့အတိုင်းကိုယ်တော်ရှင်လာတဲ့အခါမှာ ဘာပြောကြ သလဲဆိုတော့ ကိုယ်တော်ရှင်မဖြစ်နိုင်ဘူးလို့ပြောကြပါတယ်။ သူတို့ဟာနှုတ်ကပတ် တော်ကို နားမလည်နိုင်ကြပါဘူး။ သခင်ယေရှုကနှုတ်ကပတ်တော်ကို ဆန့်ကျင်ပြီး မလာပါဘူး။ လာခဲ့ဘူးပါသလား။ကိုယ်တော်ရှင်ဟာ အဖွဲ့စည်းတွေထဲကနေပြီးနှုတ်က ပတ်တော်ကို အနက်ဖွင့်ဆိုတာကိုဘဲဆန့်ကျင်ခြင်း လာဘို့ဖြစ်ပါတယ်။ မောရှေကတော့ နှုတ်ကပတ်တော်ကို ဆန့်ကျင်ပြီးလာတာမဟုတ်ပါဘူး။ သူဟာ နှုတ်ကပတ်တော်အ တိုင်း အတိအကျလာတာဘဲ ဖြစ်ပါ တယ်။ကိုးရက်(စ်)ကတော့ အဲဒါကို မသိခဲ့ရပါဘူး။ တောက်လျှောက်ဘဲ အဲဒီနည်းလမ်းအတိုင်းဘဲလမ်းမှားခဲ့ကြပါတယ်။

83 ၈၃။ ယခုအခါမှာ သေချာသတိပြုပါ။ဒီနေ့ရက်ကာလရဲ့ သတင်းစကားကတော့ ကျွန်တော်တို့ အမှန်တရားကို သိပါတယ်။ ဒါရှိတယ်၊ ဟိုဟာရှိတယ် စသည်ဖြင့် ဟောပြောပေမဲ့လည်း အဲဒီအတိုင်း ဖြစ်မလာပါဘူး၊ သူတို့ပြောသလိုမဟုတ်ပါဘူး၊ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ထဲမှာပဲ ကြိုတင်ဖော်ပြရမှာဖြစ်ပါတယ်။ အဲဒါပြီးနောက်မှနှုတ်ကပတ်တော်ပေါ်ထွက်လာမှာဖြစ်ပါတယ်၊ နှုတ်ကပတ်တော်အားဖြင့် သေသေချာချာဖော်ပြထားရမှာဖြစ်ပါတယ်။

သခင်ယေရှုမှာဘုရားသခင်ဖော်ပြချက်ပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်အားဖြင့် သေချာစွာဖော်ပြထားပါသည်။ကိုယ်တော်ရှင်မိန့်တော်မူသည်မှာသင်တို့သည်မော ရှေကိုသိမြင်ပါကငါ၏နေ့ရက်ကိုလည်းသင်တို့သိမည်ဟုဆိုပါသည်။ပရောဖက်များ ကိုယ်တော်ရှင်ကိုပြောဆိုသကဲ့သို့ပင်ဖြစ်ပါသည်။ကိုယ်တော်ရှင်မည်သို့ဖြစ်မည်ကို ပရောဖက်များအားလုံးက ပြောဆိုခဲ့ပါ သည်။သို့တိုင်သူတို့မှာ ဝိညာဉ်မျက်စိကွယ်ကြရပါသည်။ သူတို့နားမလည်နိူင်တော့ပါ။တိတ်ခွေနဲ့ပတ် သက်ပြီးတော့ ကျွန်တော်ပြောကြား လိုပါတယ်။ ခင်ဗျားတို့အတွက်ပဲဖြစ်ပါတယ်၊ ဒီနေ့ရက်ကာလရဲ့သတင်းစကားပို့ ဆောင်သူအနေနဲ့ဖြစ်ပါတယ်။

84 ၈၄။ယခုအခါမှာသင်တို့သွားကြမယ်ဆိုလို့ရှိရင် သတ္တမနေ့ဥပုပ်အသင်းသားများကဘာပြောမလဲဆိုတော့ ‘သူမကိုကျွန်တော်တို့ရရှိပါတယ်၊ဥပုဒ်နေ့ကိုစောင့်ရှောက်ပါလို့ဆို ကြမှာဖြစ်ပါတယ်၊’ သမ္မာကျမ်းစာထဲမှာ သင်ကျွန်တော့်ကိုပြပါ၊ မစ်အယ်ဒီဘေကယ်ကဘာပြောခဲ့လဲဆိုတော့သူမှာရှိတယ်လို့ပြောထားပါတယ်။ ကျွန်တော့်ကိုပြပါ။ ယေဟောဝါသက်သေခံများကလည်း သူတို့မှာရှိတယ်လို့ပြောကြပါတယ်။ ကျွန်တော့်ကိုပြောပါ။ကျွန်တော့်ကိုပြပါ။ မက်သရစ်များကလည်းသူတို့မှာရှိတယ်လို့ပြောကြပါတယ်၊ ကျွန်တော့်ကိုပြကြပါ၊ နှစ်ခြင်းများကလည်းသူတို့မှာရှိတယ်လို့ပြောကြပါတယ်၊ ကျွန်တော့်ကိုပြပါ။ဘယ်အဖွဲ့အစည်းကိုမဆိုကျွန်တော့်ကိုပြပါ။ ကျွန်တော်သက်သေပြပါ့မယ်၊ သူတို့အားလုံးတစ်ယောက်စီ ၤဟာ ဘုရားသခင်ရဲ့အလိုတော်နဲ့ညီ ၤမညီဆိုတာကို ကျွန်တော်သက်သေပြပါ့မယ်၊ သူတို့အားလုံးတစ်ယောက်စီဟာ ဘုရားသခင်နဲ့ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။လူသားတွေရဲ့သွန်သင်မှုတွေကိုခံယူကြပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုခံယူမယ့်အစား လူသားတွေရဲ့အစဉ်အလာနဲ့အစားထိုးကြပါတယ်။ သူတို့တစ်ယောက်မှကျွန်တော်မသိခဲ့ပါဘူး။ တစ်ကယ်ပဲသမ္မာကျမ်းစာထဲမှာရေးထားတဲ့အရာတွေကို တစ်ကယ်သူတို့လက်ခံ၊ မလက်ခံဆိုတာကို ကျွန်တော်မသိပါဘူး၊ တစ်စုံတစ်ယောက်သောသူကလာပြီးတော့ပြောတဲ့အခါမှာ ဒီ ၤနေ့ရက်ကာလရဲ့သတင်းစကားကျွန်တော့်မှာရှိတယ်လို့ပြောလို့ရှိရင် အမှန်တစ်ကယ်ပဲ ပထမဆုံးလားပြီးတော့အဲဒီအကြောင်းကိုကြိုတင်ပြောရမှာဖြစ်ပါတယ်။

ဗတ္တိဇံယောဟန်က အပြင်ကိုရှောက်ထွက်သွားတဲ့အခါမှာသူတို့ဘာပြောလဲဆိုတော့ ခင်ဗျားဟာသခင်ယေရှုခရစ်လားလို့သူတို့မေးကြပါတယ်။

ယောဟန်က ငါမဟုတ်ပါဘူးလို့ပြန်ဖြေပါတယ်။

ခင်ဗျားဟာ ‘ဧလိယ’ လားလို့တစ်ခါပြန်မေးကြပါတယ်။

သူကကျွန်တော်မဟုတ်ပါဘူးလို့ပြန်ဖြေပါတယ်။

သူက ခင်ဗျားတို့ဘယ်သူလဲလို့မေးပါတယ်။

သူ့ကိုယ်သူဖော်ပြနိူင်ပါတယ်။နေ့ရက်ကာလရဲ့သတင်းစကားလည်းသူ့မှာရှိပါ တယ်။ ကျွန်တော်ဟာတောထဲမှာလည်နေတဲ့ကြွေးကြော်နေတဲ့အသံပဲဖြစ်ပါတယ်။ ပရောဖက်ဟေရှာယပြောကြားသလိုပဲ သူပြောပါတယ်။ ငါ့ရဲ့မွေးဖွားခြင်းနဲ့အသက် တာဟာ ကိုယ်တော်နဲ့မနှိုင်းယှဉ်နိူင်ပါဘူး။ငါ့ကိုလက်မခံပါနဲ့လို့သူကဆိုပါတယ်။

85 ၈၅။ သခင်ယေရှုကြွလာတော်မူတဲ့အခါမှာအလားတူပဲဖြစ်ပျက်ပါတယ်။ သတင်းစကားနဲ့အတူ သတင်းစကားပို့ဆောင်သူ

ရောက်လာပါတယ်။ဘုရားခင်ရဲ့ သတင်းစကားကလည်းကြိုတင်ဖော်ပြ ထားပြီးသားဖြစ်ရပါမယ်။ ဘုရားသခင်ဟာဒီသတင်းစကားပို့ဆောင်သူအားဖြင့် စကားပြောပါတယ်။ သမ္မာတရား ဖြစ်တယ် ဆိုတာကိုဖော်ပြ ပါတယ်။ ခင်ဗျားတို့ကြားရပါသလား။ ခင်ဗျားတို့နားလည်ပါသလား။ နားလည်ကြပါ။ပထမဆုံးအနေနဲ့ ကိုယ်တော်ရှင်မိန့်တော် မူတယ် ဆိုပြီးတော့ကြိုတင်ဖော်ပြထားရမှာဖြစ်ပါတယ်။ သတင်းစကားနဲ့အတူသတင်းစကားပို့ဆောင်သူဟာ အတိအကျပဲဖြစ်ပါတယ်။ဘုရားသခင်ပြောတဲ့အတိုင်းပဲ အဲဒီအချိန်မှာ တစ်ကယ်ဖြစ်ပေါ်လာမှာဖြစ်ပါ တယ်။

အဲဒီအုပ်စုကနေသင်တို့ကိုသင်တို့ခွဲခွာပြီးနေပါလို့ သူကမိန့်တော်မူပါတယ်။

ကျွန်တော်ဘာကိုဆိုလိုသလဲဆိုတာကိုသဘောပေါက်ပါသလား? အမြဲတမ်းဘဲ လူတွေရဲ့စိတ်နှလုံးကိုလှည့်ဖျားလိုက် တဲ့အရာပဲဖြစ်ပါတယ်။ ဘုရားသခင်အလိုတော်ကနေဝေးကွာသွားစေခြင်းပဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော် ကကြိုတင်ပြီးပြောပြထားတဲ့အရာနဲ့သေသေချာချာဖော်ပြထားတဲ့အရာကတော့ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်အားဖြင့် ပဲဖြစ်ပါတယ်။ သခင်ယေရှုမိန့်တော်မူသည်မှာ ငါပြုသောအမှု တို့သည်ဘုရားသခင်ထံမှလာတဲ့အမှုမဟုတ်ဘူး ဆိုလို့ရှိရင်ငါ့ကိုမယုံကြည်ကြနဲ့။ တစ်နေ့အတွင်းမှာ ငါ့ရဲ့အပြစ်နဲ့ပတ်သတ်လို့ စီရင်နေမယ့်လူရှိပါသလား? ငါဟာမယုံကြည်သူဖြစ်တယ်ဆိုတာကိုလည်းတစ်နေ့မှာဖော်ပြနိုင်မယ့်လူရှိမလား?

86 ၈၆။ နီကောဒင်က ကျွန်တော်တို့သိပါတယ်၊ဆရာ..။ ကိုယ်တော်ရှင်ဟာဘုရား သခင်ထံမှလာပါတယ်။ ဘာကြောင့်လဲဆိုတော့ဘုရားသခင်ကိုယ်တော်တိုင်သာပြုလုပ် နိုင်တဲ့အရာတွေကို ကိုယ်တော်ရှင်ပြုလုပ်ပါတယ်။ကိုယ်တော်ရှင်ပြုလုပ် တဲ့အရာတွေကို ဘယ်သူမှမပြုလုပ်နိုင်ပါဘူးလို့ ဆိုပါတယ်။သူဟာယုံကြည်သူဖြစ်ကြောင်းဖော်ပြထား ခြင်းပင်ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာအသင်းတော်သမိုင်းကိုသိကြပါတယ်။သင်တို့ရဲ့အတွေးအခေါ် များကိုသင်တို့သေသေချာချာ စဉ်းစားပြီး တွေးခေါ်ကြပါ။ အခုနောက်မကြသေးပါဘူး။ သေသေချာချာနားထောင်ပါ။ ကျွန်တော်အတတ်နိုင် ဆုံးမြန်မြန်ပြောမှာဖြစ်ပါတယ်။ တိတ်ခွေကိုသေသေချာချာအနီးကပ်ပြီးတော့နားထောင်ကြည့်ပါ။အသင်းတော်သမိုင်း ကိုဘယ်သူကပဲဖတ်ဖတ် ဖတ်တဲ့အခါမှာ ဟိုး..ပထမဆုံးအချိန်ကာလကခရစ်ယာန် တွေဟာဆိုလို့ရှိရင်အဖွဲ့စည်း ဖွဲ့စည်းမှုရှိမရှိ သူတို့သိကြပါတယ်။အဲဒီအဖွဲ့အစည်းကတော့ရောမကယ်သိုလိပ်အသင်းတော်ပဲဖြစ်ပါတယ်။ အဲဒီအချိန်ထက်စောတဲ့အချိန်ရှိ ပါသေးသလား? ကျွန်တော်ကတော့သမိုင်းကြောင်းကိုသေသေချာချာပြန်လည်ဖော် ထုတ်ပြီးပြောပြမယ့် လူလိုပါတယ်။ ကျွန်တော်ဟာပေါလ်ဘွိုက်နဲ့အလွန်ရင်းနီးတဲ့မိတ် ဆွေတစ်ဦးပဲဖြစ်ပါတယ်။နောက်ပြီးတော့တခြားခရစ်ယာန် သမိုင်းဆရာတွေများစွာလည်းရှိပါတယ်။ကျွန်တော်ရဲ့စာဖတ်ခန်းထဲမှာကျွန်တော်ထားထားပါတယ်။ နိစိန် ကောင်စီနောက်ပိုင်းအချိန်နဲ့ပတ်သတ်တဲ့အကြောင်းအရာကိုလေ့လာကြည့်နိုင်ပါတယ်။ နိစိန်ကောင်စီကတော့နိစိန်ဖခင် များပဲဖြစ်ပါတယ်။ အသင်းတော်ရဲ့မြင့်မြတ်တဲ့အရေး အသားများပဲဖြစ်တယ်။ ကျွန်တော်သိရလောက်ဆိုလို့ရှိရင် ကျွန်တော်ဟာ(၃၃)နှစ်ကြာ အောင် အဲဒီဟာတွေကိုကျွန်တော်လေ့လာခဲ့ပါတယ်။ သေသေချာချာပြန်ပြီးတော့ကြည့် နိုင်ပါတယ်။ ဘယ်သောအခါမှအဖွဲ့အစည်းမရှိခဲ့ဖူးပါဘူး။ကက်သလစ်အသင်းတော်ကတော့အဖွဲ့စည်းတွေရဲ့မိခင်ပဲဖြစ်ပါတယ်။အဲဒါဟာသမ္မာတရားဖြစ်တယ်ဆိုတာကိုကျွန် တော်တို့သိရပါတယ်။ ဘယ်သောအခါမှအဖွဲ့အစည်းအသင်းတော်တွေဟာ အဖွဲ့အစ စည်း မဖြစ်ခဲ့ပါဘူး။ဂိုဏ်းဂဏလည်းမရှိခဲ့ပါဘူး။ နောက်ဆုံးမှာဒီကက်သိုလိပ်အသင်းတော်ရှိ မှသာဖြစ်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ကက်သိုလပ်အသင်းဆိုတဲ့အဓိပ္ပါယ်ကတော့ စကြဝဠာတစ်ခုလုံးကိုဆိုလိုပါတယ်။သူတို့ဟာဆိုလို့ရှိရင်နိုင်ငံတော်နှင့်အသင်းတော်ပေါင်းစည်း ထားတဲ့ဘာသာကြီးပဲဖြစ်ပါတယ်။ နောက်ပြီးတော့သူတို့ရဲ့ရောမအုပ်ချုပ်မှုအောက်မှာ အားလုံးကိုထားထားပါတယ်။ အဲဒီတုန်းကကမ္ဘာလောကကြီးတစ်ခုလုံးရဲ့အကောင်းဆုံးအစိတ်အပိုင်းတွေကိုတိုက်ခိုက်အောင်မြင်နိုင်ခြင်းပဲဖြစ်ပါတယ်။အဲဒါဟာနိုင်ငံတော်နဲ့ဆိုင်တဲ့အသင်းတော်ပဲဖြစ်ပါတယ်။ အကယ်၍အဲဒီအရာကိုနာခံခြင်းမရှိလို့ရှိရင်အသေသတ်ခြင်းခံရပါတယ်။ နိစိန်ကောင်စီဟာ (၁၅) ရက်အတွင်းမှာသွေးထွက်သံယိုဖြစ်တဲ့တိုက်ပွဲကိုတိုက်ခဲ့ပါတယ်။ ဘုရားခင်ရဲ့စစ်မှန်တဲ့ပရောဖက်တွေဟာ အဲဒီအချိန်မှာထရပ်လိုက်တဲ့အခါမှာ ......

87 ၈၇။ ကက်သလစ်အသင်းတော်ဖြစ်ပါတယ်။ပထမဆုံးအကြိမ်စတင်တဲ့အခါမှာကျွန် တော်တို့သိတဲ့အတိုင်းပဲ ကျွန်တော်သင်ပေးဖူးတဲ့အတိုင်း၊ ဒီမှာလည်းကျွန်တော်သင်ပေး ခဲ့ဘူးပါတယ်။တစ်ကယ်ပဲအမှန်အကန်ပဲဖြစ်ပါတယ်။ အခွဲလာလ်နဲ့ခရစ်ဆေးလာလ်တို့ ဟာသင်းအုပ်ဆရာတွေဖြစ်ပါတယ်။ အခွဲလာလ်ကတော့ရောမမြို့မှာရှိတဲ့အသင်းတော်ရဲ့သင်းအုပ်ဆရာပဲဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က ပင်တေကုတေ္တနေ့မှာသက်ရောက်တဲ့အခါမှာ ယုဒလူတွေအပေါ်ကိုသက်ရောက်ပါတယ်။ အဲဒီယုဒလူတွေပေါ်ကိုသက်ရောက်ပြီးတော့ နိုင်ငံတကာ ဒီဧကောင်းကင်အောက်မှာရှိတဲ့နိုင်ငံတွေအားလုံးထဲမှာ ဂျူးတွေအပေါ်သက်ရောက်ခြင်းပဲဖြစ်ပါတယ်။ ဒါပေမယ့် ရက်အနည်းငယ်အတွင်းကြာတဲ့အခါမှာ ပေတရုက ရှုပါရုံတစ်ခုကိုမြင်ရပါတယ်။ အဲဒီရှုပါရုံကိုအိမ်ခေါင်မိုး ပေါ်မှာနေတဲ့အခါမှာ ရရှိခြင်းပဲဖြစ်ပါတယ်။ သူဟာကောနေလိဆိုတဲ့လူရဲ့လူထံကိုသွား တဲ့အခါမှာ တွေ့ရတဲ့ရှုပါရုံပဲဖြစ်ပါတယ်။ ကောနေလိကတော့ ရောမလူပဲဖြစ်ပါတယ်။ ဖြောင့်မတ်တဲ့လူဖြစ်တယ်။ သူဆုတောင်းပြီးတော့သန့်ရှင်းသောဝိညာဉ်တော်သူ့ပေါ် ကိုသက်ရောက်ပါတယ်။ မကြာခင်မှာပဲ လူကြီးလူကောင်းတွေအပေါ်မှာသန့်ရှင်းသောဝိညာဉ်တော်သက်ရောက်ပါတယ်။ သူတို့အားလုံး လက်ခံရရှိကြပါတယ်။ ဖရီစေးလာနှင့်အီခွေးလာတို့ဟာ ရောမမြို့ကိုသွားပြီး သူတို့အဖွဲ့အစည်းကို ဖွဲ့စည်းပါတယ်။ တစ်ကယ့်တစ်ကယ်တော့ ဖွဲ့စည်းခဲ့ခြင်း မဟုတ်ပါဘူး။ ဘာကိုလုပ်ခဲ့သလဲဆိုတော့ ပထမဆုံးရောမအသင်းတော်ကလေးကို တည်ထောင်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ အဲဒီလိုပြုလုပ်လိုက်တဲ့အခါမှာ သူတို့နဲ့အတူ ညီကိုမောင်နှမတွေ ပါသွားပါတယ်။

88 ၈၈။ခလောဒီးယပ်စ်ဟာဆိုရင်သူအုပ်ချုပ်တဲ့အချိန်မှာ ဂျူးတွေအားလုံးကို ရောမမြို့ ကနေ မောင်းထုတ်လိုက်ပါတယ်။အဲဒီအချိန်တုန်းကဘဲ ရောမကာသိုလိပ်အသင်းတော် ဟာ တည်ထောင်ပြီးတော့ ပေတရုကလည်းရောမမြို့မှာ ရှိနေတဲ့အချိန် ဖြစ်ပါတယ်။ ကျွန်တော့်ကို ကျမ်းပိုဒ်တစ်ပိုဒ်ပြပါ။ပေတရုဟာ ရောမမှာရှိတယ်ဆိုတဲ့အကြောင်းကို ပြပါ။ ဒါမှမဟုတ် သမိုင်းကျောင်းအရအထောက်အထား ခိုင်လုံစွာနဲ့ ဖေါ်ပြထားပါ။ သူအဲဒီမှာ တစ်ကယ်ရှိ၊ မရှိဖေါ်ပြစေလိုပါတယ်။ တစ်ကယ့်တစ်ကယ် သူအဲဒီမှာမရှိပါ ဘူး။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်အရ ကျွန်တော် လုံးဝယုံကြည်ပါတယ်။ ပေတရု တည်းဟူသော ယုဒလူတစ်ယောက်ကဘယ်လိုလုပ်ပြီးတော့ ရုပ်တုဆင်းတုတွေကို တည်ထောင်ပြီးတော့ သူတို့ကိုးကွယ်တဲ့ဝတ်ပြုကိုးကွယ်မှုမျိုးနဲ့ ကိုးကွယ်ပြီး ရုပ်တု တွေကို ကိုးကွယ်မှာလဲ ? သူကိုယ်တိုင် သွန်သင်ခဲ့တဲ့အရာတွေကိုဆန့်ကျင်ဘက်သူ ဘယ်လိုလုပ်နိုင်မှာလဲ ?အဓိပ္ပါယ်မရှိတဲ့အရာတွေဘဲ ဖြစ်ပါတယ်။ ပရိတက်စတင့် တို့ကလည်းထိုနည်းအတိုင်းဘဲ ဖြစ်ပါတယ်။ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ သင်နည်း နည်းယူပြီးတစ်ခုပြီးတစ်ခု ပြောကြားလိုပါတယ်။ ကိုယ်တော်အလိုတော်ရှိပါက ကျွန်တော်အားလုံးကိုရှင်းပြလိုတဲ့ ဆန္ဒရှိပါတယ်။ သတိပြုရမဲ့အချက်ကတော့ ကျွန်တော် တို့အခုတွေ့ရှိရတဲ့အရာဟာ အသင်းတော်ကဘာပြောသလဲဆိုတဲ့ အကြောင်းဘဲ ဖြစ်ပါ တယ်။ ပေတရုဟာရောမမှာရှိပါတယ်။ သမိုင်းကြောင်းကလည်း ခလောဒီးယပ်စ် က ဂျူးတို့အားလုံးကိုရောမမြို့က ထွက်သွားဘို့ ပြောတယ်ဆိုတဲ့ အကြောင်းကိုလည်း တွေ့ရပါတယ်။ သမ္မာကျမ်းစာထဲမှာလည်း ဖေါ်ပြထားတာကို တွေ့ရပါတယ်။

89 ၈၉။ ပေါလု ဇေက်မြို့ကိုဖြတ်သွားတဲ့အခါမှာ ပင်လယ်ငမ်းခြေကို သူရောက်လာပါ တယ်။ အဲဒီအချိန်မှာဒီတပည့်တော်တွေနဲ့ သူကတွေ့ပါတယ်။ သူအဲဒီမှာ ရောက်ရှိနေ တဲ့အခါမှာအခွေးလားနဲ့ဖရီစေးလားတို့ကို သူက တွေ့ဆုံနုတ်ဆက်ပါတယ်။ သူတို့ထွက်သွားပြီးတဲ့နောက်မှာ ရောမညီကိုတွေဟာ ဒီအသင်းတော်ထဲမှာ သူတို့ရဲ့ အတွေးအခေါ်တွေကို သူတို့ ပုံစံဖေါ်ပြီးစတင်ဖို့ ကြိုးစားပါတယ်။ နောက်ပြီးတော့ရုပ်တုဆင်းတု တွေအကြောင်းကို ပြောပြီး ရုပ်တုဆင်းတုတွေကို ထည့်ပြီးကိုးကွယ်ကြပါတယ်။ ကွန်စ တင်တိုင်းမြို့မှာလည်း အဲဒီအတိုင်းဘဲ ဖြစ်ပါတယ်။သူ့ရဲ့မိခင်က တစ်ကယ်စစ်မှန်တဲ့ ခရစ်ယာန်ဖြစ်ပြီး သူ့ရဲ့သားငယ်လေးကို တစ်ကယ်ဘဲ မြှော်လင့်ချက်ထားပါတယ်။ ဒါပေမဲ့လည်း သူဟာ နိုင်ငံရေးသမားတစ်ဦး ဖြစ်နေပါတယ်။ သူတွေ့ရှိတဲ့အချက်ကတော့ များသောအားဖြင့် ဒီရောမမှာဒါမှမဟုတ် ရောမရဲ့ကျယ်ပြန့်တဲ့အပိုင်းတွေမှာဒါမှမဟုတ်လည်း ဆင်းရဲသားလူတန်းစားတွေမှာ ခရစ်တော်အားဖြင့် ကယ်တင်ခြင်း အကြောင်းကိုလက်ခံပြီးသားတွေ့မြင်ရပါတယ်။ အဲဒီအခါမှာ သူတို့ကနေပြီးတော့ ဘာလုပ်သလဲဆိုရင်အင်မတန်ဘဲ ရေပန်းစားတဲ့အရာတစ်ခုကို လုပ်လိုက်ပါတယ်။ သူတို့ဟာ ဗီးနပ်စ် နတ်ဘုရားကိုဖယ်ချလိုက်ပြီးတော့ မာရိကို ချီးမြှောက်လိုက်ပါတယ်။ ဂျူပီတာနတ်ဘုရားကိုလည်းဖယ်ချလိုက်ပြီးတော့ ပေတရုကို မြှောက်တင်လိုက်ပါတယ်။ အဲဒီလိုဘဲ သူတို့က လုပ်ပါတယ်။ တပည့်တော်တွေကိုလည်း အဲဒီလိုဘဲ အစားထိုးတင် မြှောက်လိုက်ပါတယ်။ အဲဒါဟာ အင်မတန်ရေပန်းစားတဲ့ ဘာသာရေးတစ်ရပ် ဖြစ်ပါ တယ်။ သူတို့တွေကလည်း အရမ်းနှစ်သက်ကြပါတယ်။အဲဒီတော့ ခရစ်ယာန်တွေဟာ အသက်ဆုံးရှုံးခြင်းကို ခံရပါတော့တယ်။

90 ၉၀။ ကက်သလစ် အသင်းတော်ကဘာပြောသလဲဆိုတော့ ငါတို့က အစဘဲဖြစ်ပါ တယ်။ သူတို့ပြောတာ မှန်ပါတယ်။ ကက်သလစ်အသင်းတော်က ပင်တေကုတေ်္တနေ့မှာ ဘဲ စတင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့အထဲကနေကျွန်တော်တို့ ဘာရသလဲ ? သူဟာအဖွဲ့အစည်း ဖွဲ့စည်းတယ်။ နှုတ်ကပတ်တော်ထဲကနေပြီး ဩဝါဒတွေကို သူက ခိုးသွင်း တယ်။နောက်ဆုံးဩဝါဒကတော့ သင်တို့ သိခဲ့တဲ့အတိုင်းဘဲ လွန်ခဲ့တဲ့ဆယ်နှစ်ခန့်ကြာပြီဖြစ်တဲ့ နောက်ဆုံးဩဝါဒဘဲ ဖြစ်ပါတယ်။ မာရိကနေပြီး တက်ကြွတော်မူခဲ့ပါတယ်။လွန်ခဲ့တဲ့ ဆယ်နှစ်ခန့်က ဖြစ်ပါတယ်။ နောက်ထပ် ဩဝါဒတစ်ခုကို အသင်းတော်ထဲကိုထပ်မံပြီး ပေါင်းထည့်ပါတယ်။ နှုတ်ကပတ်တော်အစား ဩဝါဒတွေချည်း ဖြစ်ပါတယ်။သူတို့ရဲ့သွန်သင်ချက်တွေဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ သင်တို့ကို နားလည်နိုင် အောင်ချက်ချင်းဘဲ သူတို့က ပြုလုပ်မှာ ဖြစ်ပါတယ်။ သမ္မာကျမ်းစာ ဘာပြောထား သလဲဆိုတာသူတို့က ဂရုမစိုက်ပါဘူး။ အသင်းတော် ဘာပြောထားသလဲဆိုတဲ့ အ ကြောင်းဘဲ ဖြစ်ပါတယ်။အဲဒီဘုန်းကြီးက ကျွန်တော့်ကို ဘာပြောသလဲဆိုတော့ ဘုရား သခင်ဟာ သူ့ရဲ့အသင်းတော်ထဲမှာရှိတယ်လို ပြောထားပါတယ်။ ကျွန်တော့်ကလည်း ဘုရားသခင်ဟာ သူ့ရဲ့နှုတ်ကပတ်တော်ထဲမှာရှိတယ်လို့ ပြန်ပြောပါတယ်။ သူက ဒါဆိုရင် ကျမ်းစာက ဟိုးကနဦး ကက်သလစ်အသင်းတော်ရဲ့သမိုင်းပါဘဲလို့ ပြန်ပြော ပါတယ်။

ကျွန်တော်ကလည်း ဘာပြောလဲဆိုတော့ဒါဆိုရင် ကျွန်တော်ဟာ ကနဦးကက် သလစ်ဘဲ ဖြစ်ပါတယ်လို့ ကျွန်တော် ပြောလိုက်ပါတယ်။ ကျွန်တော်ဟာ ခင်ဗျားထက် တောင် ပိုပြီးကက်သလစ်ဖြစ်ပါတယ်။ ခင်ဗျားကတော့ဘုန်းကြီးဖြစ်တယ်။ ဘုန်းကြီးဖြစ် တဲ့ ခင်ဗျားထက်ကို ကျွန်တော်က ကက်သလစ်ပိုပြီးဖြစ်ပါတယ်လို့ကျွန်တော်ပြောလိုက် ချင်းဘဲဖြစ်ပါတယ်။ အဲဒီထဲမှာ ရှိတယ်ဆိုရင် ကျွန်တော်ကလည်းအဲဒါဘဲဖြစ်တယ်လို့ ကျွန်တော် ပြောပါတယ်။ ကျွန်တော်ဟာ တမန်တော်တွေသွန်သင်တဲ့အတိုင်းဘဲ အတိအကျ ယုံကြည်ပါတယ်။ ခင်ဗျားကတော့ လူတွေထိုးသွင်းထားတဲ့အရာတွေကို ခင်ဗျားယုံကြည်ခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ အဲဒီအတိုင်းဖြစ်လာတဲ့အရာအ တိုင်း အတိအကျဘဲဖြစ်ပါတယ်။ အတိအကျဘဲ အဲဒိလိုဖြစ်သွားပါတယ်။

91 ၉၁။ သမိုင်းကြောင်းကို သတိပြုပြီးကြည့်ပါ။ သူတို့က စတင်ပြီးတော့ ဩဝါဒများ၊ ဩဝါဒစသည်တို့ကို စတင်ပေါင်းထည့်ပါတယ်။ ပေါလုရောက်လာတဲ့အခါမှာ ကျွန်တော် တို့ သမိုင်းကျောင်းအရ သိရတဲ့အကြောင်းကတော့အဲဒီပထမဦးဆုံးတည်ထောင်ထား တဲ့အသင်းတော်လေးကို သူက သွားပြီးလည်ပတ်ကြည့်ရှုပါတယ်။ဘာကြောင့်လဲဆိုတော့ သူက ရုပ်တုကိုးကွယ်ခြင်းကို လုံးဂ မနှစ်သက်လို့ပါဘဲ။နောက်ပြီးသူဟာ ဒုတိယမြောက် တည်ထောင်ထားတဲ့ အသင်းတော်လေးကို သူက သွားကြည့်ပါတယ်။သူတို့ တည် ထောင်ထားတဲ့ အသင်းတော်လေးဘဲဖြစ်ပါတယ်။ ရောမမြို့မှာရှိတဲ့ ဒုတိယမြောက်တည်ထောင်ထားတဲ့ ဘုရားကျောင်းလေးဘဲဖြစ်ပါတယ်။

နိစိန်ကောင်စီ ခေတ်ကာလရောက်လာတဲ့အခါမှာကွန်စတင်တိုင်ကတော့ သူ့ရဲ့ နိုင်ငံတော်ကို စည်းလုံးညီညွတ်အောင် လုပ်ရမယ်ဆိုတဲ့အတွေးသူ့မှာရှိနေပါတယ်။ အဲဒီအချိန်မှာ အာဟပ်နဲ့ယေဇဗေလတို့ လုပ်တဲ့အရာအတိုင်းဘဲ သူတို့ကလုပ်လိုက်ပါ တယ်။ နှစ်ခုကို ထိမ်းမြားပေးလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူဟာအခွင့်အရေးရတဲ့အ တိုင်းဘဲ သူ့ရဲ့လူတွေနဲ့ အင်မတန် တန်ခိုးရှိတဲ့ နိုင်ငံကြီးတစ်ခုဖြစ်ပေါ်လာအောင် သူက ပေါင်းစည်းမှုကိုလုပ်လိုက်ပါတယ်။ သူတို့ရဲ့ဘာသာရေးကိုသူတို့ကရမယ်လို့ထင် နေပါတယ်။

ဒါကြောင့်သူတို့ကဘာလုပ်မလဲဆိုတော့အသင်းတော်နဲ့နိုင်ငံတော်ကိုပေါင်း စပ်လိုက်ခြင်းပဲဖြစ်ပါတယ်။
သူတို့အဲဒါကိုရရှိတဲ့အခါမှာနိစန်ကောင်စီမှာဒီမေးခွန်းတွေ မေးစရာဖြစ်လာပါတယ်။ဘုရားတစ်ပါးတည်းလား၊ ဒါမှမဟုတ် ဘုရားသုံးပါးလား?
သူတို့ယေရှုခရစ်တော်ရဲ့နာမဥ္ဇတ်ဖွဲ့ခံရမှာလား? ဒါမှမဟုတ် ခမည်းတော်၊သားတော်၊သန့်ရှင်းသောဝိညာဉ်တော်နာမဥ္ဇတ်ဖွဲ့ခံရမှာလား?
အခြားမေးခွန်းတွေအမျိုးမျိုးပေါ် ထွက်လာပြီးတော့အဲဒီနိစိန်ကောင်စီမှာအငြင်းပွားကြပါတယ်။ အဲဒီအချိန်မှာ တချို့
သောသူတွေကပရောဖက်အိုကြီးတွေဖြစ်ပါတယ်။ သူတို့ကဘာမှမပြောပါဘူး။ ဒါပေ မယ့်လည်းသိုးရည်ခြုံထားပြီးတော့သူတို့ဟာ
ဟင်းသီးဟင်းရွက်တွေကိုပဲစားပါတယ်။ ဒါပေမယ့်လည်းအင်မတန်ကြီးမားမြင့်မြတ်တဲ့ လူတွေ၊
ပုဂ္ဂိုလ်တွေကတော့သူတို့နည်းလမ်းအတိုင်းပဲသူတို့အသင်းတော်တွေထဲမှာ ဆက်လက်ကျင့်သုံးလုပ်ဆောင်ပါတယ်။
အဲဒီပရောဖက်အိုကြီးတွေကိုဝင်ပြီးမပါခိုင်းဘဲနဲ့သူတို့ရဲ့လောကဆိုင်ရာပညာတွေနဲ့ပဲသူတို့ဆုံးဖြတ်ကြပါတယ်။
သူတို့မှာဘုရားသခင်မိန့်တော်မူတယ်ဆိုတာတော့ရှိပါတယ်။အသင်းတော်လေးဟာမှောင်မိုက်တဲ့
တစ်ပါးအမျိုးသားကိုးကွယ်တဲ့မှောင်မိုက်ထဲမှာပဲဆက်လက်ပြီးတော့နှစ်တစ်ထောင်ခန့်လောက်ကျင်လည်ခဲ့ရပါတယ်။

ဒါပေမယ့်လည်းသူဟာအဲဒီကနေခွဲထွက်ခဲ့ပါတယ်။ ဒီအသင်းတော်လေးကိုသတ် ဖြတ်ပစ်လို့မရပါဘူး။
ကိုယ်တော်ရှင်မိန့်တော်မူတဲ့အတိုင်းပဲငါကပြန်လည်ပြီးတော့သင့် မြတ်စေမယ်။သူတို့အားလုံးဒီအရားတွေကိုနှစ်ပေါင်းများ
စွာစားသုံးခဲ့ရပေမယ့်လည်းသူတို့ကိုငါပြန်လည်ပြီးတော့ ကယ်တင်မယ်လို့ဆိုခဲ့ပါတယ်။

92 ၉၂။ ဂိုဏ်းဂဏတွေကနေပြီးတော့ ဩဝါဒတွေ၊သွန်သင်ချက်တွေပေါင်းပြီးတော့ထည့် ကြပါတယ်။
ဒီလိုဩဝါဒတွေပေါင်းထည့်နိုင်ဖို့ဘယ်အသင်းတော်ကပဲဖြစ်ဖြစ်ပြုလုပ်နိုင်
တဲ့တစ်ခုတည်းသောနည်းလမ်းကတော့ဘုရားသခင်နှုတ်ကပတ်တော် ကနေပြီးတော့ ဝေးကွာသွားခြင်းပဲဖြစ်ပါတယ်။
ဘယ်ဂိုဏ်းဂဏမဆိုတစ်ခုတည်းသောနည်းလမ်းက တော့အဲဒီနည်း လမ်းပဲဖြစ်ပါတယ်။
ဘုရားသခင်ရဲ့သန့်ရှင်းတဲ့နှုတ်ကပတ်တော်တွေအစားသူတို့ရဲ့ဩဝါဒတွေကိုပေါင်းထည့်ခြင်းပဲဖြစ်ပါ တယ်။
သူတို့ရဲ့အစဉ်အလာတွေသူတို့ရဲ့အသင်းတော်ကခံယူချက်၊ ယုံကြည်ချက်တွေကိုပေါ်ထွက်လာဖို့သူတို့ကြိုးစား ပါတယ်။
အဲဒီသွန်သင်ချက်အစဉ်အလာတွေဟာဘုရားသခင်ရဲ့နှုတ်ကပတ်တော်နဲ့ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ဒါကြောင့် ကျွနုပ်တို့ဟာ
ကက်သလစ်အသင်းတော်ကိုဘယ်လိုစီရင်စစ်ကြောနိုင်မှာလဲ။ သူတို့လုပ်သလိုပဲကျွန်တော်တို့ပြုလုပ်နေ တယ်ဆိုရင်ဘယ်လိုမှ
လုပ်နိုင်တော့မှာမဟုတ်ပါဘူး။ နားလည်ပါသလား၊ ဒါကြောင့် စဉ်းစားပါ။ကျမ်းချက် တွေကဘယ် တော့မှ မှားယွင်းတယ်ဆိုတာမရှိပါဘူး။
ဩဝါဒတွေ၊ သွန်သင်ချက်တွေကတော့ လှည့်ဖျားခြင်းတွေဘဲဖြစ်ပါတယ်။ စတင်ကတည်းကိုက လှည့်ဖျားဖို့ဘဲဖြစ်ပါ တယ်။
ဂိုဏ်းဂဏတစ်ခုကို သင်ကယုံကြည်လက်ခံတဲ့အခါမှာ အဲဒီဂိုဏ်းဂဏရဲ့သွန်သင်ချက်တွေကိုသင်ကလက်ခံပြီးသားဖြစ်ပါတယ်။ အဲဒါကတော့
ပေါင်းထည့်ထားခြင်းပဲဖြစ် ပါတယ်။သမ္မာကျမ်းစာမဟုတ်ပါဘူး။ နှုတ်ကပတ်တော်မဟုတ်ပါဘူး၊

93 ၉၃။အဖွဲ့အစည်းလိုမျိုးအရာမျိုးမရှိပါဘူး။ သခင်ယေရှုဘယ်တုန်းကမှမပြောခဲ့ပါ ဘူး။
ငါပေးအပ်တဲ့တာဝန်ကတော့သင်တို့ကကမ္ဘာလောကကြီးသို့သွားပြီးတော့အဖွဲ့ စည်းများဖွဲ့စည်းကြပါလို့ကိုယ်တော်ရှင်ကမိန့်တော်မမူပါဘူး။
ထိုကဲ့သို့အရာမျိုးလည်း မပြောခဲ့ပါဘူး။အဲဒီလိုပြုလုပ်ခြင်းဟာ မြင့်မြတ်တဲ့ကျမ်းချက်တွေကိုငြင်းပယ်ခြင်းပဲဖြစ် ပါတယ်။
အဲလိုပြုလုပ်လိုက်တဲ့အခါမှာ ဟိုးအစကတည်းကိုကအသင်းတော်မွေးဖွား ကတည်းကိုကပြောင်းလဲခဲ့ပြီးဖြစ်ပါတယ်။ ဩဝါဒတွေ၊
ယုံကြည်ချက်တွေအားဖြင့်အသင်းတော်ဖြစ်ခြင်းပဲဖြစ်ပါတယ်။ တစ်ကယ်တန်းမွေးဖွားတဲ့အသင်းတော် မဟုတ်ပါဘူး။
တစ်ကယ့်အသင်းတော်အစစ်မဟုတ်ပါဘူး။ ကျွန်တော်တောင်းပန်ပါရစေ။ အဲဒါက
တော့အသင်းတော်မဟုတ်ဘဲနဲ့တည်းခိုခန်းပဲဖြစ်နေပါတယ်။ သင်ဟာအသင်းတော်ထဲ ကိုမွေးဖွားလာပါတယ်။တည်းခိုခန်းထဲမှာသွားနေထိုင်
နေခြင်းမဟုတ်ပါဘူး။ အဲဒါဟာ နှစ်ခြင်းလဲမဟုတ်ဘူး၊မသဒစ်လဲမဟုတ်ဘူး၊ ပင်တေကုတ္တေအသင်းတော်လဲမဟုတ် ပါဘူး။
အဲဒါကတော့နှစ်ခြင်းတည်းခိုခန်း၊ မတ်သဒစ်တည်းခိုခန်း၊ ပင်တေကုတ္တေတည်း ခိုခန်းပဲဖြစ်ပါတယ်။
သင်အဲဒီတည်းခိုခန်းတွေထဲမှာသွားပြီးတည်းခိုနေတာပါ။ သင်ဟာ အသင်းတော်ထဲမှာပါဝင်လို့မရပါဘူး။ ထိုသို့သောအရာမျိုးမရှိပါဘူး။
သင်ဟာမွေးဖွားပြီးတော့အသင်းတော်ထဲကို ရောက်ရှိခဲ့ပါတယ်။ နိကောဒင်ကို ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ဒါကြောင့်
သင်ဘယ်နေရာမှာရောက်နေလည်းဆိုတာ သင်သိမှာပဲဖြစ်ပါတယ်။

ထိုအကြောင်းကြောင့်ကျွန်တော်ဆန့်ကျင်ခြင်းပဲဖြစ်ပါတယ်။ ထိုအထဲမှာရှိတဲ့လူတွေကိုဆန့်ကျင်ခြင်းမဟုတ်ပါဘူး။
ကျွန်တော်ဆန့်ကျင်တာကတော့ စနစ်ကိုပဲဖြစ်ပါတယ်။ သူတို့ထဲမှာလူကြီးတွေထဲကတစ်ယောက်က ဒါမှမဟုတ်လို့ရှိရင်
အခြားတစ်ရောက်ကဘာတွေတရားဟောလည်းဆိုတော့ သမ်မ္မာကျမ်းစာထဲမှာရှိတဲ့အကြောင်းကိုပဲ ဟောပါတယ်။ဒါပေမယ့်လည်း
ဩဝါဒနဲ့ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ သူတို့ရဲ့အသင်း တော်ထဲမှာအဲဒီလိုပုံစံမျိုးရှိပါတယ်။ အဲလိုလုပ်လို့ရှိရင်
အသင်းတော်ထဲကနေနှင်ထုတ်ခြင်းခံရပါတယ်။ သူတို့ထဲကအချို့သောသူတွေဟာ ဘယ်လောက်အထိဆိုးရွားလဲဆိုလို့
ရှိရင်အသင်းတော်တွေနိုးထမှုမရှိအောင် အသင်းတော်တစ်ခုကနေတစ်ခုကူးစက်မှုမ ရှိအောင်သူတို့ပြုလုပ်ကြပါတယ်။
သူတို့ရဲ့လူတွေဖြစ်လာအောင်လည်းသူတို့ကကြိုးစား ကြပါတယ်။

94 ၉၄။ တစ်ချိန်ကလူတစ်ယောက်ကတရားဟောဆရာတစ်ယောက်ကို ဒီနိုင်ငံထဲမှာပဲ ဖြစ်ပါတယ်။
နည်းနည်းအသက်ကြီးတဲ့တရားဟောဆရာအိုကြီးတစ်ယောက် လမ်းမပေါ်
မှာမတ်တတ်ရပ်ပြီးတော့နောင်တရဖို့အတွက်ငိုကြွေးပြီးတော့တောင်း ပန်နေပါတယ်။ ဘာပြောလဲဆိုတော့လာပါ၊
သခင်ယေရှုကိုလာပြီးလက်ခံပါ။ သန့်ရှင်းသောဝိညာဉ်တော် နဲ့ပြည့်ဝပါလို့ပြော ပါတယ်။အဲဒီလိုဟောပြောတဲ့အခါမှာ ပင်တေကုတ္တေအဖွဲ့စည်းထဲ
ကလူတစ်ယောက်ကထွက်လာပြီးတော့အဲဒီလူရဲ့လက်ထဲကိုဒေါ်လာတွေထည့်ပေးပါ တယ်။ ဆက်ပြီးတော့နောင်တရမှာပဲဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့သူက သူ့ရဲ့အသင်းတော်ကို သူကျူးလွန်ထားလို့အသင်းတော်ပေါ်မှာသူ့သား၊မယား ပြစ်မှားတဲ့အမှု မျိုး၊ မတရားသောမေထုန်ပြုမှု မျိုးပြစ်မှားထားသောကြောင့်ပဲဖြစ်ပါတယ်။ ကက်သလစ် အကြောင်းကိုပြောပါ။ ကျွန်တော်ဘာပြောနေသလဲဆိုတာ ခင်ဗျားတို့ သိကြမှာဘဲ ဖြစ်ပါတယ်။ အဲဒီအသင်းတော်ဟာလည်း အဲဒီလိုဘဲဖြစ်နေပါတယ်။

95 ၉၅။ ဒါတွေ ပြုလုပ်ပါ။ နှုတ်ကပတ်တော်ကိုဆန့်ကျင်ပါ။ အဲလိုလုပ်ပြီးတဲ့အခါမှာ ပြောင်းလဲမှုတွေ ဖြစ်လာမှာ ဖြစ်ပါတယ်။နောက်ပြီးတော့ သင်ဟာ ဩဝါဒတွေကို ပေါင်းထည့်လိုက်ပါ။ အဖွဲ့အစည်းထဲမှာပါဝင်လိုက်ပါ။ အလိုအလျောက်ဘဲ ပထမဆုံး ဩဝါဒကို လက်ခံပြီး ဖြစ်မှာပါ။ ဘာကြောင့်လဲဆိုတော့ သမ်္မာကျမ်းစာနဲ့ မကိုက်ညီ လို့ပါဘဲ။ တစ်စုံတစ်ခုကိုပေါင်းထည့်ခြင်းဘဲ ဖြစ်ပါတယ်။ ဩဝါဒကတော့ တစ်စုံတစ်ခု ကို ပေါင်းထည့်ခြင်းဘဲဖြစ်ပါတယ်။ အစားထိုးနေရာယူခြင်းဘဲ ဖြစ်ပါတယ်။ မွေးဖွား ခြင်းကိုအစားထိုးလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ မွေးဖွားခြင်းကို နေရာယူလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ဂိုဏ်းဂဏတစ်ခုကို သင်က လက်ခံလိုက်တဲ့အခါမှာ ပေါင်းထည့်ထားတဲ့ ဩဝါဒတွေ သင်ရရှိမှာဖြစ်ပါတယ်။ အဲလိုပြုလုပ်ပြီးတဲ့အခါမှာ ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။မွေးဖွားခြင်းအားဖြင့် ဖြစ်ပေါ်လာတဲ့ အသင်းတော်ကနေပြီး ဩဝါဒတွေနဲ့ ပြည့်နှက်နေတဲ့တည်းခိုခန်းကို ပြောင်းသွားခြင်းဘဲ ဖြစ်ပါတယ်။ တစ်ကယ့်တစ်ကယ် ပြောရမယ်ဆိုရင်သွန်သင်ချက်တွေ ဖြစ်ပါတယ်။ ကျမ်းစာ မဟုတ်ပါဘူး။

သခင်ယေရှုက ဘယ်တော့မှ မပြောခဲ့ပါဘူး။လောကကြီးထဲကိုသွား ဂိုဏ်းဂဏ တွေဖွဲ့စည်း၊ လူတွေကို ဖွဲ့စည်း၊ အဲဒီဂိုဏ်းဂဏတွေထဲကိုလူတွေကို ထည့်သွင်းပါလို့ သခင်ယေရှုက ဘယ်တော့မှ မပြောခဲ့ပါဘူး။ သူပြောတာကတော့သင်တို့သည် သွား၍ ငါ့တပည့်ဖြစ်စေလော့လို့ ပြောပါတယ်။ သင်ယုံကြည်ပါသလား၊ အာမင်။အဲဒါကို သင်သဘောပေါက်ရင် သင်ဟာ အပြင်ဘက်မှာ ရောက်နေခြင်း မဟုတ်တော့ပါဘူး။

96 ၉၆။ သေချာနားထောင်ပြီးတော့ ကြည့်ပါ။ကျွန်တော်တို့ နိဂုံးချုပ်ဘို့ တစ်ခုရှိပါသေး တယ်။ တစ်ခုခုကို ကျွန်တော်တို့ဒီအချိန်မှာ သေသေချာချာ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဘယ်နှစ်ယောက်များ ဂရိကျမ်းစာအုပ်ရှိပါသလဲ? အွန်ဖေ့ါတစ်ဒိုင်ယာလော့တ် ရှိ ပါသလား? လက်ရေးစာမူနဲ့ရေးထားတဲ့ ဂရိဘဲဖြစ်ပါတယ်။ ဘယ်နှစ်ယောက်မှာ ရှိ ပါသလဲ? ဖတ်ကြည့်ပါ။ကျမ်းတတ်ပုဂ်္ဂိုလ်တစ်ယောက်ကိုလည်း သင်ခေါ်ချင်တဲ့ ကျမ်းးတတ်ပုဂ်္ဂိုလ်တစ်ယောက်ကိုခေါ်လိုက်ပါ။ စာကြည့်တိုက်ထဲကို သွားလိုက်ပါ။ သွားပြီးတော့ အဲဒီ ဂရိကျမ်းစာအုပ်၊ ဂရိလက်တီကွန်ကို ရှာပါ။ ဖတ်ကြည့်ပါ။ (ဗျာဒိတ် ၁၇) ကို ဖတ်ကြည့်ပါ။ အဲဒါကိုဖတ်ပြီးတဲ့အခါမှာ ကင်းဂျင်းဗားရှင်း မှာရေးသားထား တဲ့အရာကို ကြည့်ပါ။ ကျွန်ုပ်ကိုဝိညာဉ်ထဲ၌ ချီဆောင်ထားတယ်လို့ ရေးသားထားပါ တယ်။ အဲဒီအချိန်မှာကျွန်တော်တွေ့ရတဲ့အရာကတော့ အမျိုးသမီးတစ်ယောက် ထိုင်နေပြီးတော့ သူဟာဆိုရင်ခရမ်းရောင် ဝတ်ထားတဲ့ သားရဲအပေါ်မှာ ထိုင်နေပါ တယ်။ ဘုရားသခင်ရဲ့နာမတော်ကို်ရှုံ့ချတဲ့အရာတွေနဲ့ ပြည့်နှက်နေတဲ့ သားရဲဘဲဖြစ်ပါ တယ်လို့ ရေးထားတာကိုတွေ့ရပါတယ်။ ကင်းဂျိမ်းစ်ဗားရှင်းက ဘာဆိုထားသလဲဆိုတာ ကို ကျွန်တော်တို့ဖတ်ကြည့်ရင် သိပါတယ်။ တစ်ကယ့်မူရင်း အနက်ဖွင့်ဆိုချက်က ဘာလဲဆိုရင် ဝိညာဉ်တော်၌ကျွန်ုပ်ကို ဆောင်သွားပြီးတော့ ကျွန်တော်ဟာ မိန်းမတစ် ယောက်ကို တွေ့တယ်။အဲဒီမိန်းမမှာ ဘုရားသခင်ရဲ့ ဝိညာဉ်တော်ကို ရှုံ့ချတဲ့နာမတော် နဲ့ ပြည့်နေပါတယ်။

97 ၉၇။ ဘုရားသခင်၏ နာမတော်ကိုရှုံ့ချသောအမည်များ ဆိုသည့်စကားလုံးနှင့် ဘုရားသခင်၏အမည်ကို ရှုံ့ချသောအမည်ဆိုသည့်စကားလုံး အကြားမှာ ကွာခြားချက် များစွာရှိပါတယ်။ သတိပြုရမဲ့အကြောင်းအရာကတော့ကျွန်တော်တို့အားလုံး နားလည် ပြီး သိနေတဲ့အရာကတော့ ရောမအသင်းတော်ဟာတောင်တန်း(၇)တန်းရှိတဲ့ မြို့ပေါ် မှာ တည်နေပြီးတော့ ကမ္ဘာလောကကြီးတစ်ခုလုံးရဲ့တန်ခိုးအာဏာစက်တွေကို ထိန်း ချုပ်နေတယ်ဆိုတာဘဲ ဖြစ်ပါတယ်။ သူမကိုပြည်တန်ဆာလို့ခေါ်ပါတယ်။ ပြည်တန်ဆာ များရဲ့မိခင်ဘဲ ဖြစ်ပါတယ်။ သတိပြုပြီးတော့ကြည့်ပါ။ ပြည်တန်ဆာဆိုတာ ဘာလဲ?အမျိုးသားတစ်ဦး ဖြစ်နိုင်ပါ့မလား၊ အမျိုးသမီးတစ်ဦးဘဲ ဖြစ်ရပါမယ်။ အမျိုးသမီးဖြစ်တဲ့အတွက်ကြောင့် အသင်းတော် ဖြစ်ရပါမယ်။ သူမဟာ ပြည်တန်ဆာများရဲ့မိခင်ဖြစ်ပါတယ်။ သူမဖြစ်ခဲ့သလိုဘဲ ဖြစ်ခဲ့ခြင်းဘဲ ဖြစ်ပါတယ်။ သေချာကြည့်ပြီးတော့လေ့လာပါ။ သူမအထဲမှာလို့ ဆိုထားပါတယ်။ စုတ်ယူခွင့်ပြုပါ။ သူမအထဲမှာ ဘုရား သခင်ရဲ့အသရေတော်ကို ရှုံ့ချတဲ့နာမများစွာ ရှိပါတယ်။ အဲဒါဘာလဲ? အမှုတော် ဆောင်များ အမှုတော်ဆောင်များ ဒီနေရာမှာ ရောက်ရှိနေတဲ့သူတွေအားလုံး နောက်ပြီး တော့ တိတ်ခွေတွေ နားထောင်နေတဲ့အမှုတော်ဆောင်တွေအားလုံး ငြိမ်သက်ခြင်းနဲ့ ပြည့်စုံပါစေ။ အဲဒီ နာမတော်ကိုရှုံ့ချတဲ့နာမများဆိုတာဘာလဲ?မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စ်ဘီတေးရီးယန်း၊ လူသာရင်၊ ပင်တေကုတ္တေများ စသည်တို့ဖြစ်ပါတယ်။ နာမ တော်ကို ရှုံ့ချတဲ့နာမများ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့အဖွဲ့အစည်းများ ဖြစ်နေ လို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရှေ့တော်မှာ ပြည်တန်ဆာကဲ့သို့ဖြစ်ပါတယ်။ သူမကဲ့သို့ ဘဲ ဖြစ်ပါတယ်။

98 ၉၈။ အဲဒီအုပ်စုတွေထဲမှာ ရှိနေတဲ့သူတို့ဟာ လူတွေဟာ ဘာပြောသလဲဆိုတော့ ကျွန်တော်ကတော့ မက်သဒစ်ဖြစ်တယ်။ ဒါလုပ်ရမယ်။ သူကတော့ ပင်တေကုတေ်္တဖြစ် တယ်။ ဒီဥစ်္စာလုပ်ရမယ်။ သူကတော့ ပရက်စ်ဘီတေးရီးယန်းဖြစ်တယ်။ ဒါလုပ်ရမယ်။ စသည်တို့ဖြင့် ပြောကြပါတယ်။ ပြက်္ခဒိန်ပေါ်မှာတွေ့တဲ့အရာအားလုံးကို သူတို့လုပ်ပါ တယ်။ ပြက်္ခဒိန်အတိုင်းဘဲ လုပ်သွားကြပါတယ်။အဲဒါဘာလဲ? ခရစ်တော်ကဲ့သို့ဖြစ်ရ မယ်လို့ သူ့ရဲ့နာမည်တွေအားလုံးဟာလည်း ခရစ်တော်ရဲ့နာမဖြစ်ပြီးတော့ခရစ်ယာန်လို့ ခေါ်ရမှာ ဖြစ်တယ်။ အဲဒီနာမတွေအမျိုးမျိုး သူတို့ကိုယ်သူတို့ နာမည်တွေတပ်ထားတာ ဟာ ဘုရားသခင်ရဲ့ အသရေတော်ကို ရှုံ့ချတဲ့နာမည်တွေဘဲ ဖြစ်ပါတယ်။ သူတို့ဟာအသင်းတော်တွေ မဟုတ်ပါဘူး။ သူတို့ဟာ အသင်းတော်လို့ မှားယွင်းစွာ ခေါ်ဆိုခြင်းခံရပါတယ်။ သူတို့ဟာ တည်းခိုခန်းတွေဖြစ်ပါတယ်။ အခုအခါမှာ ကျွန်တော် ဘာကြောင့်အဖွဲ့အစည်းတွေကို ဆန့်ကျင်သလဲဆိုတာကို သိရမှာဖြစ်ပါတယ်။ လူတွေကို တော့ဆန့်ကျင်တာ မဟုတ်ပါဘူး။ အဖွဲ့အစည်းတွေ၊ စံနစ်တွေကိုဘဲ ဆန့်ကျင်ခြင်း ဖြစ်ပါတယ်။အသရေတော်ကို ရှုံ့ချတဲ့နာမများ တည်းခိုခန်းများကို ကြည့်ပါ။ မှားယွင်း တဲ့အသင်းတော်များဖြစ်ပါတယ်။ မက်သဒစ်အသင်းတော်၊ နှစ်ခြင်းအသင်းတော်၊ ပရက်စ်ဘီတေးရီးယန်း အသင်းတော်၊ ပင်တေကုတ္တေ အသင်းတော်၊ လူသာရင် အသင်း တော်၊ညီညွတ်သောညီကိုများအသင်းတော်၊

စသည်တို့ မရှိရပါဘူး။ အဲဒါဟာ သမ်္မာ ကျမ်းစာနဲ့မကိုက်ညီရပါဘူး။

အသင်းတော် တစ်ပါးတည်းဘဲရှိပါတယ်။အဲဒီအသင်းတော်ထဲကို သင်မဝင်နိုင် ပါဘူး။ သင်အဲဒီအသင်းတော်ထဲကို မွေးဖွားလာရမှာဖြစ်ပါတယ်။ သင့်ကို ဘုရားသခင် က ရှေးကပင် ကြိုတင်ပြီးတော့ ရွေးချယ်ထားပါတယ်။သခင်ခရစ်တော်ရဲ့ နက်နဲတဲ့ ကိုယ်ခန္ဓ်ာဘဲ ဖြစ်ပါတယ်။ လို့ဝှက်နက်နဲတဲ့ကိုယ်ခန္ဓာဖြစ်တယ်။ ဒီကမ္ဘာလောကကြီးမှာ ရှိတဲ့ သခင်ခရစ်တော်ဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော် ဖေါ်ပြပါရှိခြင်းလည်း ဖြစ်ပါ တယ်။ ဘုရားသားသမီးတွေဘဲ ဖြစ်ကြပါတယ်။ဘာနဲ့မှ သူတို့က မတူပါဘူ္း။ သူတို့ အထဲကနေ ထွက်လာပါ။ မှန်ပါတယ်လို့ ကိုယ်တော်ရှင်မိန့်တော်မူပါတယ်။

လျှင်မြန်စွာဘဲ ယခုအခါမှာ သေသေချာချာကြည့်ပါ။ သင်တို့ကို ကျွန်တော် မောပန်းစေခြင်း မဟုတ်ပါဘူး။ အချိန်အနည်းငယ်၊ မိနစ်အနည်းငယ် ကျွန်တော့်ကို ထပ်ပေးပါ။ ကျွန်တော် အတတ်နိုင်ဆုံး အမြန်ဆုံးဘဲပြောပါမယ်။ ဒါပေမဲ့လည်း ဒီ အကြောင်းအရာနဲ့ပတ်သက်လို့ ခင်ဗျားတို့ မသိလိုက်ရဘဲနဲ့မဖြစ်စေချင်ပါဘူး။ သေချာ ပေါက်ကို ခင်ဗျားတို့ သိရှိသွားစေချင်ပါတယ်။

99 ၉၉။ မိခင်တည်းဟူသော ရောမမှာဆိုရင်သူမအထဲမှာ ကျွန်တော်တို့ တွေ့ရပါတယ်။ အသရေတော်ကို ရှုံ့ချတဲ့နာမည်တွေ အများကြီးပါနေပါတယ်။ ပြည်တန်ဆာတွေရဲ့ မိခင်တွေ ဖြစ်ပါတယ်။ သူတို့ဟာပြည်တန်ဆာတွေဖြစ်ကြလို့ရှိရင် ပြည်တန်ဆာရဲ့ အဓိပ်္ပါယ်ကဘာဖြစ်ပါသလဲ။ ပြည်တန်ဆာနဲ့မကောင်းတဲ့မိန်းမဆိုတာအတူတူဘဲ ဖြစ် ပါတယ်။ သူမဟာ အမျိုးသမီးတစ်ဦးဖြစ်ပြီးတော့မမှန်ကန်တဲ့ လက်ထပ်ထိမ်းမြားတဲ့ သူလည်းဖြစ်ပါတယ်။ ဘယ်အသင်းတော်မှာ ဖြစ်ဖြစ်သခင်ယေရှုရဲ့အသင်းတော်လို့ ခေါ်ပြီးတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုငြင်းပယ်လို့ရှိရင် သူမဟာသူမရဲ့ မင်္ဂလာဆောင်တဲ့အချိန်မှာ ပြုထားတဲ့ ပဋိညာဉ်ကိုသစ္စာဖောက်ခြင်းဘဲဖြစ်ပါတယ်။ အဲဒီအခါမှာ သူမဟာ မှားယွင်းသော မတရားသောမေထုန်ကိုကျူးလွန်သောသူဖြစ် ပါတယ်။ ဘာအားဖြင့်လဲ်ဆိုရင် ဩဝါဒတွေပေါင်းထည့်ခြင်းကြောင့်ဘဲဖြစ်ပါတယ်။ ကမ္ဘာလောကကြီးနဲ့ပေါင်းစပ်ခြင်း၊ နောက်ပြီးတော့သူမရဲ့အသိတရားအားဖြင့်စသည် တို့ဟာ ဖောက်ပြန်ခြင်းပင်ဖြစ်ပါတယ်။ သခင်ယေရှုခရစ်ကိုလက်ခံမဲ့အစား သခင်ယေရှုတန်ခိုးတော်နဲ့ ရှင်ပြန်ထမြောက်ခြင်း သန့်ရှင်းသောဝိညာဉ်တော်စသည်တို့ကိုလက်ခံမည့်အစား လောကအရာများကို လက်ခံထားခြင်းဖြစ်ပါတယ်။ သူမဟာ ပြည်တန်ဆာရဲ့မိခင်ဖြစ်ပါတယ်။ အလားတူအပြုအမူကို ပြုမူခဲ့ပါတယ်။ သူတို့ဟာ ဘုရားကိုအဆီတွေများတယ်လို့ မခေါ်ပါဘူး။ ခြောက်ခုမှ တစ်ခု နောက်ပြီးတော့ ဒါဇင်ဝက်ဖြစ်ပါတယ်။ ဒီလူများဟာ ကက်သလိပ်အသင်းတော်ကို ဟာသပြုတယ်။ ပျက်ရယ်ပြုကြပါ တယ်။ဒါပေမဲ့လည်းသူတို့ကိုယ်တိုင်ကသူတို့ ပြုလုပ်နေတဲ့အတိုင်းဘဲ ဖြစ်နေပါတယ်။ သူမဟာမှားယွင်းသော ရေဗတ်္တိဇံတို့ရဲ့မိခင်ဖြစ်ပါတယ်။ မှားယွင်းတဲ့ဝိညာဉ်တော်သက်သေရဲ့မိခင်လည်းဖြစ်ပါတယ်။ နောက်ပြီးတော့ သူမနောက်ကိုသင် လိုက်သွားပါတယ်။

ကျွန်တော်တို့ထပ်ပြီးတော့ကြည့်ကြပါစို့ဘုရာသာဘရန်ဟမ်အဲဒါ အမှန်ဘဲ လားလို့ ခင်ဗျားတို့စိတ်အေးအေးလေး ထားကြပါအုန်း။

100 ၁၀၀။ သူမဟာအသရေတော်ကိုရှုံ့ချတဲ့နာမည်များရဲ့မိခင်ဖြစ်ပါတယ်။ လူတွေသွား ပြီးတော့တည်းခိုတဲ့တည်းခိုခန်းလည်းဖြစ်ပါတယ်။ ပြန်လည်ရောက်ရှိလာခြင်းကို ဆောင် ယူလာပါတယ်။ဘယ်လိုအသက်ရှင်ရှင်ရပါတယ်။ ဘောင်းဘီတိုတိုလေးဝတ်မယ်။ ဆံပင်တိုတိုလေးညှပ်မယ်။မျက်နှာကိုချယ်သမယ်။ ကွာရာသီချင်းတွေဆိုမယ်။ စီးကရက် တွေသောက်မယ်။ ပွဲတော်ယူမယ်။ လောကအရာတွေအားလုံးကိုပြုလုပ်ပါတယ်။ မ ယုံ်ကြည်သူတွေတွက်ဒီအရာတွေဟာထိမိ၍လဲစရာပင်ဖြစ်ပါတယ်။ တိမောသေပြော ခဲ့သလိုဘဲဖြစ်ပါတယ်။သန့်ရှင်းသောဝိညာဉ်တော်မိန့်မူသကဲ့သို့ဘဲ ဖြစ်ပါတယ်။ ရောမ က သူတို့အားလုံးရဲ့မိခင်ဖြစ်ပါတယ်။ သင့်အဖွဲ့အစည်းမှာလည်း သင်ထိုအတိုင်းဘဲ ပြုမူပါတယ်။သူမပြုလုပ်တဲ့အတိုင်းဘဲသင်လည်းပြုလုပ်ပါတယ်။ ဩဝါဒတွေကို နှုတ် ကပတ်တော်အစားထိုးသွင်းလိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူစုတစုကအဲဒီလိုဘဲသက်မှတ်လိုက်လို့ဖြစ်ပါတယ်။ အသင်းတော်လူကြီးတွေနဲ့ဘိရှော့တွေက ပြော တဲ့အတိုင်းဘဲဒီလိုဘဲလုပ်ရမယ်ဆိုတဲ့အတိုင်းဘဲ လုပ်ပါတယ်။ ရောမမှာလည်း ထိုကဲ့သို့ဖြစ်ပျက်ခဲ့ပါတယ်။ သင်ကလည်းထိုသို့ဖြစ်အောင် လုပ်ပါတယ်။ ကျွန်မရဲ့ညီအစ်ကိုသင်းအုပ်ဆရာတွေ သန့်ရှင်းသောဝိညာဉ်တော် ဖော်ပြထားတဲ့ နှုတ်ကပတ်တော်အပြည့်အဝကိုလက်ခံပါ။ သင်ဘယ်ကိုရောက်နေလဲဆိုတာသတိထားပါ။ တံခါးဝကို ရောက်နေပါပြီ။ ဘုရားသခင်ပြောသလား မပြောသလားဆိုတာ ယခုမိနစ်အနည်းငယ်တွင်း မှာဘဲကျွန်တော်တို့ဆက်လေ့လာသွားမှာဖြစ်ပါတယ်။

101 ၁၀၁။ သူမဟာလူတိုင်းရဲ့မိခင်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပထမဦးဆုံး အချိန်မှာအဲဒီအရေးအသားတွေ ကျမ်းစာတွေ သမ္မာကျမ်းစာတွေကို သူမကပထမ ဦးဆုံးဖယ်ရှားပြီးတော့ဩဝါဒတွေကို ပြောင်းထည့်ထားခြင်းဖြစ်ပါတယ်။ သူမကဘိတ် သိပ်ပေးခြင်းခံရတဲ့ပရောဖက်တွေအားလုံးကိုငြင်းပယ်ပြီးတော့ အဲဒီပရောဖက်တွေ ဖော်ပြထားတဲ့နှုတ်ကပတ်တော်ကိုလည်းငြင်းပယ်ပါတယ်။ သူတို့ရဲ့အသိပညာတွေ သူတို့တော်တယ်၊တတ်တယ်လူတော်တွေ ရောမဇာကရစ်မင်း စသည်တို့သူတို့အားလုံးသခင်ခရစ်တော်ရဲ့ခရစ်ယာန်ဘာသာရေးကို လက်ခံပါတယ်။ ဒါပေမဲ့သူတို့နည်းသူတို့ဟန်နဲ့ဘဲလက်ခံခြင်းပင်ဖြစ်ပါတယ်။ အဲဒါအမှန်ဘဲဖြစ်ပါတယ်။ သူတို့နည်းလမ်းအတိုင်းဘဲသူတို့လုပ်ချင်ကြပါတယ်။

နေမင်းဟာသူ့ရဲ့နှုနာရောဂါကိုသူရဲ့နိုင်ငံမှာရှိတဲ့ရေတွေနဲ့ဘဲ ဆေးကြောသန့် ရှင်းစေချင်ပါတယ်။သူဆန္ဒ်အဲဒီလိုရှိပါတယ်။ ယောဒန်မြစ်ရဲ့ညစ်ပတ်နေတဲ့မြစ်ရေထဲ မှာသူမဆေးကြောချင်ပါဘူး။ ဒါပေမဲ့လည်းသူ့ရဲ့နှုနာရောဂါကို တကယ်ဘဲပျောက်ကင်းချင်တယ်ဆိုလို့ရှိရင် သူဟာအဲဒီရွံ့နွံထဲကနေပြီးတော့ ထွက်လာရမှာဖြစ်ပါတယ်။ ပရောဖက်သူကိုပြောတဲ့အတိုင်းဘဲသူလုပ်ရမှာဖြစ်ပါတယ်။ ဘုရားသခင်ဟာလူတွေကိုမျက်နှာမလိုက်ပါဘူး။ လူတွေရဲ့မျက်နှာကိုလည်းမထောက်ထားပါဘူး။

102 ၁၀၂။ သူမဟာပထမဦးဆုံးဂိုဏ်းဂနဖြစ်ပါတယ်။သူမကိုကြည့်ပါ။ သူမလုပ်သလိုဘဲ လုပ်ပါတယ်။ ဩဝါဒတွေပေါင်းထည့် တယ်။

ယုံကြည်ချက်တွေပေါင်းထည့်တယ်။ နှုတ်ကပတ်တော်ကိုအစားထိုးခြင်းဘဲဖြစ်ပါတယ်။ကျွန်တော်ကိုမပြောပါနှင့်။ ကျွန်တော်ကို သာပြပါ။ အဲဒါတွေနဲ့ကင်းရှင်းတဲ့ဟာဘာတခုမှမရှိဘူး။ ရှိမယ်ဆိုလို့ရှိရင်လည်းကျွန်တော်ကိုပြပါ။ ကျွန်တော်ကိုသင်းအုပ်ဆရာတစ်ပါးပြပေးပါ။ သမ္မာတရားကိုလက်ခံတဲ့သင်းအုပ်ဆရာတစ်ပါးကိုပြပေးပါ။ သင့်ကိုလည်း သူတို့မလှည့်နိုင်အောင်ဖြစ်ပါတယ်။ သင်ဟာအလွန်ဘဲရေပန်းစားနေတယ်ဆိုလို့ရှိရင် သင့်ကိုသူတို့ကဆွဲကိုင်ပြီး သင့်ရဲ့ရေပန်းစားမှု၊ ဒါမှမဟုတ် တစုံတခုကို အခွင့်အရေးယူမှာဖြစ်ပါတယ်။

103 ၁၀၃။ ဗျာဒိတ်၁၈ကြည့်ပါ။ အချိန်အနည်းငယ်ကိုဘဲကြည့်ပါ။ တပိုဒ်ပြီးတပိုဒ် ဖတ်ကြည့်ပါ။ ဗျာဒိတ်ကျမ်း၁ရမှာ ပြထားတဲ့ အရာကတော့ ဘာဘုလုံရဲ့ နက်နဲရာကို ဖော်ပြထားခြင်းဘဲဖြစ်ပါတယ်။ အခန်းကြီး၁၇မှာ ဘာကိုဖော်ပြထားသလဲဆိုတော့ သူမဟာအသင်းတော်ဖြစ်ပြီးတော့တောင်တန်းခုနှစ်တန်းမှာထိုင်နေတယ်။ အဲဒါကတော့ ဘကေတန်မြို့တော်ဘဲဖြစ်ပါတယ်။ ဒီကမ္ဘာလောကကြီးမှာရှိတဲ့ ဘုရင်တွေကို အုပ်ချုပ်တယ်။ အဲဒါကတော့တကယ်အမှန်ဘဲဖြစ်ပါတယ်။ နောက်ပြီးတော့ သမ္မတတွေ အားလုံးဟာလည်း ပါဝင်ပါတယ်။သူမဟာထိုနေရာမှာရှိပါတယ်။ ကမ္ဘာလောကကြီး ရဲ့စည်းစိမ်ချမ်းသာခြင်း အားလုံးကိုချုပ်ကိုင်ထားပါတယ်။ အဲဒါလည်း အမှန်ပါဘဲ။ ဘယ်သူကသူမနဲ့စစ်ဖြစ်ရဲမှာလဲ။အဲဒါလည်းမှန်ပါတယ်။ ကျွန်တော်တို့အားလုံး သိကြ ပါတယ်။ ဒါပေမဲ့လည်းသူမနဲ့ဆက်နွယ်နေတဲ့တစ်စုံတရာ ဘာကြောင့်ကျွန်တော်တို့ ပတ်သက်ရမှာလဲ။ ဗျာဒိတ်၁၇ ပြီးရင်နောက်အခန်းကြီးတစ်ခုမှာလည်းသူမရဲ့နက် နဲတဲ့အရာတွေကိုလည်းရှင်းပြထားပါ တယ်။ ဘုရားသခင်ရဲ့ဗိမ်ာန်တော်ထဲမှာ ထိုင် တယ်လို့ ဆိုထားပါတယ်။

104 ၁၀၄။ ဆဲလာဘရိတ်မဲလ်ဒီနေ့ညခင်ဗျားရောက်လာသလား ဆဲလာ ဒီအခန်းထဲမှာ ရောက်လာပါတယ်။ ကျွန်တော်တို့ရဲ့တနင်္ဂနွေ ဧည့်သည်ဘဲဖြစ်ပါတယ်။ ကက်သလိပ် ပတ်သက်တဲ့စာတမ်း ဖြစ်ပါတယ်။ကက်သလိပ်စာတမ်း ကတော့ တရားဟောဆရာကို အဖြေပေးမဲ့အရာဘဲ ဖြစ်ပါတယ်။ သိက္ခာရဆရာတော်သင်ဘာပြောသလဲ? နံပါတ်တွေနဲ့ပတ်သက်လို့ ဗာတီကန်မြို့တော်မှာ ဒါမှမဟုတ် ပုပ်ရဟန်းမင်းရဲ့ပလ်လ္လင်ပေါ်မှာဘယ်လိုရေးထားသလဲဆိုတော့ ဇာခဲရီးယပ်စ်ဟေလေဒီးလို့ ရေးထားပါတယ်။ အခိပ္ပါယ်ကတော့ကက်သလစ်သာသနာတွေမှာဆိုရင် ဘာအဓိပ္ပါယ်ရသလဲဆိုတော့ သားရဲ ရဲ့နံပါတ်ဖြစ်ပါတယ်။ဒီဗျာဒိတ်ကျမ်းထဲမှာ ဖေါ်ပြတဲ့ သားရဲရဲ့နံပါတ်ဘဲ ဖြစ်ပါတယ်။

ဘာကြောင့်လဲလို့ သူကမေးပါတယ်။ တစ်ကယ်အမှန်ဘဲ ဖြစ်ပါတယ်။ တစ်ကယ် အတိအကျဘဲ ဖြစ်ပါတယ်။ အားလုံးနံပါတ်တွက်ကြည့်လိုက်တဲ့အခါမှာ (၆၆၆) ထွက် လာပါတယ်။ အတိအကျဘဲ ဖြစ်ပါတယ်။ရောမသာသနာကလည်း ဝန်ခံပါတယ်။ ဟုတ်တယ်ဆိုပြီးတော့ ဝန်ခံပါတယ်။ ဒါပေမဲ့လည်းသူတို့ရဲ့အဖြေကတော့ အင်မတန် ကောင်းပါတယ်။ ညဏ်ပညာနဲ့ ပြည့်စုံပါတယ်။ သို့ပေမဲ့လည်းခင်ဗျားတို့ သိထားရမှာက တော့ အဲဒီ ဘာသာနဲ့ပြောဆိုထားတဲ့ နံမည်ကတော့ စာလုံးပေါင်းပေါင်းလိုက်ရင်အ လားတူအရာဘဲ ထွက်လာမှာလို့ ဆိုပါတယ်။

ဒီလူက ဘာဆက်ပြောသလဲဆိုတော့ တစ်ချို့သောဘာသာစကားတွေမှာ အဲလိုဘဲ အဓိပ်ပ္ပါယ်ထွက်တယ်ဆိုတာ ဟုတ်ပါသလား? သူကတော့ စာလုံးပေါင်းပြလိုက် ပါတယ်။ကျွန်တော်ဟာ (၆၆၆) နီးပါးဖြစ်နေပါတယ်လို့ ဆိုပါတယ်။ သူတို့ ရာနဲ့ချီပြီးရှိကြပါတယ်လို့လည်း ဆိုပါတယ်။ တစ်စုံတစ်ခု ပေါ်ထွက်လာတဲ့ အချိန်အခါတိုင်းတစ်စုံတစ်ယောက်သောသူက (၆၆၆) ရရှိပါတယ်။ သိက္ခာရဆရာတော် ခင်ဗျား ဘာ သာစကားတစ်ခုကိုသိပါသလား? သင့်ရဲ့နံမည်ကိုယ်တိုင်ကအန္တိခရစ်ဆိုပြီးတော့ စာလုံးပေါင်းလိုက်ရင် ထွက်လာမယ်ဆိုတာ သိရဲ့လားလို့မေးပါတယ်။ ခင်ဗျားဘာ ကြောင့် အဲဒါတွေကို မြင်နေရသလဲလို့ လဲဆိုပါတယ်။ ညဏ်ပညာကိုစဉ်းစားကြည့်ပါ။

105 ၁၀၅။ သန့်ရှင်းသောဝိညာဉ်တော်ကပိုသိပါသည်။ ကြည့်ပါ။ ကျွန်တော့်ရဲ့နံမည် (၆၆၆) လို့ ထွက်လာမယ်ဆိုရင် ကျွန်တော်ဟာတစ်ခြားအရည်အချင်းတွေအားလုံးနဲ့ လုံး၀ ပြည့်စုံတော့မှာ မဟုတ်ပါဘူး။ ကျွန်တော်ဟာတောင်တန်းပေါ်မှာ မထိုင်ပါဘူး။ ကျွန် တော် ဒီအကြောင်းအရာတွေကိုလည်း မပြောပါဘူး။ကျွန်တော်ဟာ အုပ်ချုပ်ရေးမှူး တစ်ဦးလည်း မဟုတ်ပါဘူး။ သူပြောနေတာကတော့ကိုယ်တော်ရှင် ပြောနေတဲ့သူဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ရဲ့ လောကဆိုင်ရာပညာတွေအားလုံးဟာ ဘာမှ အသုံးမဝင်ပါ ဘူး။ ဘုရားသခင်ရဲ့ သန့်ရှင်းသောဝိညာဉ်တော်ရှေ့မှာ ဘာမှမဟုတ်ပါဘူး။ ကျန်တဲ့အ ရာတွေကို ကျွန်တော် ဘာမှရနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်းကိုယ်တော်ရှင်က ရနိုင်ပါတယ်။ ဘုရားသခင်ရဲ့ ဗိမာန်တော်ထဲမှာ ထိုင်တယ်။ကိုယ်တော်ရှင်ဟာ ဘုရား ဖြစ်တယ်ဆိုတာကို မိမိကိုယ်ကို မိမိပြသပြီးတောင်တန်း(၇)တန်းပေါ်မှာ ထိုင်နေပါ တယ်။ ကျွန်တော်ကတော့ တောင်တန်း(၇)တန်းပေါ်မှာမထိုင်ပါဘူး။ အကယ်၍ (၆၆၆)ဆိုပြီးတော့ ထွက်သည့်တိုင်အောင် ကျွန်တော် မထိုင်ပါဘူး။တစ်ခြားအရာတွေ အားလုံးကိုလည်း ကျွန်တော် မပြည့်စုံစေပါဘူး။ ကျွန်တော့်မှာမရှိပါဘူး။ ဒါပေမဲ့ သူ့မှာ ရှိပါတယ်။ သင် သဘောပေါက်ပါသလား? သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်တော်တို့ အားကိုးကြပါစို့။ ခင်ဗျားပြောတဲ့အခါမှာ ဘာကိုမှမစဉ်းစားပါနဲ့။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားပြောနေတာ မဟုတ်ပါဘူး။ ခမည်းတော်က ပြောနေခြင်းဘဲ ဖြစ်ပါ တယ်။

106 ၁၀၆။ သင့်ရဲ့ အသိပညာ၊ သင်ဒုတိယအကြိမ်မွေးဖွားခြင်း၊ စသည်တို့ကို ဒီလောကမှာ ရှိတဲ့အရာတွေနဲ့ နှိုင်းယှဉ်လိုက် မယ်ဆိုရင်အထက်ကအရာတွေက သာလွန်ပါတယ်။ ဒီလောကမှာရှိတဲ့ မျက်လှည့်ဆရာတွေ၊ နတ်ဝိဇ္ဇာဆရာတွေထက်အများကြီး သာလွန်ပါ တယ်။ သူတို့သိတဲ့ အကြောင်းအရာလေးတွေကတော့ ဟိုနားဒီနား၊ဟိုစပ်စပ်ဒီစပ်စပ် ဘဲ သိပါတယ်။ ဘုရားသခင်ရဲ့ပညတ်တော်တွေအတိုင်း လိုက်နာတဲ့အခါမှာမောရှေ မည်ကဲ့သို့ ရပ်တည်ခဲ့ပါသလဲ?သူ့ရဲ့တောင်ဝှေးကို ပစ်ချလိုက်တဲ့အခါမှာ မြွေအဖြစ် ပြောင်းလဲသွားပါတယ်။နောက်ပြီး မျက်လှည့်ဆရာတွေ ရောက်လာတဲ့အခါမှာလည်း အလားတူအရာတွေကိုဘဲ ပြုလုပ်ပါတယ်။ဒါပေမဲ့လည်း မောရှေကတော့ ဆက်လက် ပြီးရပ်တည်နေပါတယ်။ သူဟာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို လိုက်နာနေတယ် ဆိုတာကိုသူသိနေပါတယ်။ သူ့ရဲ့မြွေကနေပြီး သူတို့ရဲ့မြွေတွေ အားလုံးကို ဝါးမြိုပစ်လိုက်ပါတယ်။ သင်က နာခံမှုရှိတဲ့အခါမှာ ဂတိထားတော်မူတဲ့ပြည်ကို သူတို့က သင့်ကိုခေါ်သွားမှာ ဖြစ်ပါတယ်။ ပင်လယ်နီ ရှိနေပါတယ်။ ပင်လယ်နီက သူတို့ကို စောင့်ကြိုနေပါ တယ်။ဒါပေမဲ့လည်း ဘုရားသခင်က အဲဒီပင် လယ်နီကို

ဖြတ်သန်းသွားစေပါတယ်။ အာမင်။ကိုယ်တော်ရှင် မိန့်တော်မူသည်မှာ ခိုင်ခန့်စွာ ရပ်တည်ပြီး ဘုရားဘုန်းတော်ကိုစောင့်မြော်ကြည့်ရှုပါလို့ဘဲ ဆိုထားပါတယ်။

ကျွန်တော်တို့ ဒီတာဝန်အရလျှောက်သွားရတဲ့လမ်းပေါ်မှာ နှုတ်ကပတ်တော်ကို လိုက်နာခြင်း၊ နောက်ပြီး၊ ရပ်ပြီးဘာတွေဖြစ်နေသလဲဆိုတာကို ကြည့်နေခြင်းဘဲ ဖြစ်ပါ တယ်။ အာမင်၊ ကျွန်တော် အသက်(၅၃)နှစ်ရှိပါပြီ။ ကိုယ်တော်ရှင်ကို အစေခံတဲ့ နှစ်ပေါင်းကတော့ (၃၃)နှစ် ရှိပါပြီး။ကျွန်တော့်မှာ နှစ်သန်းပေါင်းများစွာ ကိုယ်တော် ရှင်ကို အစေခံနိုင်ဘို့ အချိန်တွေကျွန်တော် လိုချင်ပါတယ်။ ကိုယ်တော်ရှင် မအောင်မြင် ဘဲနဲ့ ကျဆုံးသွားတာကိုကျွန်တော် တစ်ခါမှ မတွေ့ခဲ့ရပါဘူး။ ကိုယ်တော်ရှင်ဟာ သူ့ဂတိတော်အတိုင်းဂတိတည်ပါတယ်။

107 ၁၀၇။ သူမအပြစ်ပြုလုပ်ပြီးတာနဲ့ချက်ချင်းသူမရဲ့လို့ဝှက်ချက်တွေ အားလုံးကို တွေ့မြင် ရပါတယ်။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ကျွန်တော် တို့ သိခဲ့ရပါတယ်။

အခုဆက်လက်ပြီးတော့ (ဗျာဒိတ်၁၈)မှာရှိတဲ့အကြောင်းအရာတွေကို ကြည့်ကြ ပါစို့။ ကျွန်တော် မိနစ်အနည်းငယ် အချိန်ယူပါမယ်။ ထိုကဲ့သို့ ပြုလုပ်ခြင်းမှာ ကျွန်တော် ကောင်းမယ်လို့ ကျွန်တော် ယူဆပါတယ်။ကျွန်တော်တို့ အချိန်ကြာကြာ ယူတာမဟုတ် ပါဘူး။ မိနစ်အနည်းငယ်ပါဘဲ။ ခင်ဗျားတို့အတွက်အဓိပ်ါယ်နည်းနည်းတော့ ရှိမှာဖြစ် ပါတယ်။ ကျွန်တော် အဓိပ္ပါယ်ရှိမယ်လို့လည်းမြော်လင့်ပါတယ်။

ကျွန်တော်တို့ ဒီနေရာမှာ တွေ့နေရပါတယ်။(ဗျာဒိတ် ၁၈း၅) ဘဲဖြစ်ပါတယ်။ နဖူး၌အက္ခရာတင်သောဘွဲ့မူကား နက်နဲသောအရာ၊ ဗာဗုလုန်မြို့ကြီး၊ ပြည်တန်ဆာတို့၏အမိမြေ၌စက်ဆုပ်ရွံရှာဘွယ်သောသူ၏ အမိပေတည်း။ ထို မိန်းမသည်သန့်ရှင်းသူတို့၏သွေး၊ ယေရှု၏သက်သေခံတို့၏သွေးနှင့် ယဇ်မူးသည်ကို ငါမြင်၏။ထိုသို့မြင်သောအခါ အလွန်အံ့ဩမိန်းမော၍နေ၏။

သူမကို တွေ့ရသောအခါ သူမမှာအင်မတန်ကြီးမားတဲ့ အလှအပတွေ ရှိနေပါတယ်။ သူမဟာ ပြည်တန်ဆာတို့ရဲ့ မိခင်ဖြစ်ပါ တယ်။ ပြည်တန်ဆာ ဘာသာဖြစ်ပါတယ်။ ဂိုဏ်းဂဏများ ဖြစ်ပါတယ်။ သူက ပြုခဲ့တဲ့အရာများကြောင့်ဘဲဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့သူမကဲ့သို့ဘဲ သူတို့ကလည်းဩဝါဒတွေကို ထိုးသွင်းထား ခြင်းဘဲ ဖြစ်ပါတယ်။ ဗျာဒိတ်ကျမ်းကို ယခုအခါကြည့်ပါ။ အခန်းကြီး ၁၇ အဆုံးသတ် တဲ့အပိုင်းနဲ့ ၁၈အပိုဒ်ငယ်ကို ကြည့်ရင်တွေ့ရပါတယ်။

108 ၁၀၈။ ယခုမြင်သောမိန်းမသည်လည်းလောကီရှင်ဘုရင်တို့ကို အုပ်စိုးသောမြို့ကြီး

ဖြစ်သတည်းဟုကောင်းကင်တမန်ပြောဆို၏။

ယခုအခါမှာ အခြားသောသတင်းစကားပို့ဆောင်သူတစ်ဦးဆင်းသက်လာပါတယ်။ နောက်အခန်းကြီးတခုမှာ တွေ့ရပါတယ်။ သူမ၏နက်နဲရာတွေအားလုံးပျောက် ကွယ်သွားပါတယ်။ ဒီအရာတွေကသူမရဲ့နက်နဲသောအရာတွေကို တွေ့ရှိပြီးတော့သူမရဲ့သမီးတွေရဲ့နက်နဲတဲ့အရာတွေလည်းတွေ့ရှိရပါတယ်။ ကျွန်တော်တို့အတိအကျနားလည်ရမဲ့အရာက တော့ သူမဘာကြောင့်ပြည်တန်ဆာဖြစ်ရသလဲဆိုတဲ့အကြောင်း ဘဲဖြစ်ပါတယ်။ဘာကြောင့်လည်းဆိုတော့သူမဟာ ဘုရားသခင် ရဲ့နှုတ်ကပတ်တော်ကိုဆန့်ကျင်သောကြောင့်ဖြစ်ပါတယ်။ သူမကိုအဖွဲ့အစည်းဖြစ်စေပါတယ်။ သူမဟာသမ္မာကျမ်းစာကိုယုံကြည်တဲ့အသင်းတော် မဟုတ်ပါတဘူး။ တခြားသော ဘယ်အဖွဲ့အစည်းမှလည်းနှုတ်ကပတ်တော်ကို မခံယူကြပါဘူး။ သမ္မာကျမ်းစာထဲမှာ ရေးထားတဲ့အတိုင်း ဘဲဖြစ်ပါတယ်။တကယ်ဘဲနှုတ်ကပတ်တော် ကိုခံယူကြတဲ့အ သင်းတော်တွေဖြစ်မလာကြပါဘူး။ သူတို့တစ်ဦးမှသူတို့နည်းလမ်းကိုမလိုက်ပါဘူး။ ကျွန်တော်ထိုအရာနဲ့ ပတ်သက် လို့မသိရပါဘူး။ တခုမှကိုမသိပါဘူး။ အဖွဲ့အစည်းဖွဲ့စည်းလိုက်တဲ့အခါမှာ သူမပြုလုပ် တဲ့အရာတွေကတော့ကျမ်းစာအရရော၊ အထောက်အရရော၊ သူမဟာသေဆုံးသွားပြီ။ သူမဟာ ဩဝါဒတွေကိုလက်ခံခြင်းဘဲဖြစ်ပါတယ်။ ကြည့်ပါ၊ သေချာကြည့်ပါ။ ဘာဖြစ်လာမလဲဆိုတာကိုစောင့်ကြည့်နေပါ။

109 ၁၀၉။ ဘုရားသခင်ကအခန်းကြီး ၁၈ မှာခွန်အားကြီးမားသောကောင်းကင်တမန် တပါးကို စေလွတ်ပါတယ်။အဲဒီနက်နဲတဲ့အရာတွေကို သိပြီးတဲ့အခါမှာ ခွန်အားကြီးတဲ့ ကောင်းကင်တမန် သို့မဟုတ်သတင်းစကားပို့ဆောင်သူဖြစ်ပါ တယ်။ သမ္မာကျမ်းစာကိုသေချာဖတ်ရှုလေ့လာကြည့်ပါ။

ထိုနောက်မှကောင်းကင်တမန်တစ်ပါးသည်ကြီးစွာ သောတန်ခိုး နှင့်ပြည့်စုံ၍ကောင်းကင်ကဆင်းသက် သည်ကိုငါမြင်၏။ သူ၏ရောင်ခြည် အားဖြင့်မြေကြီးထွန်းလင်းလျက်ရှိ၏။

သူသည်ကျယ်သောအသံနှင့် ကြွေးကြော်၍ဗာဗုလုန်မြို့ကြီးပြိုလဲပြီ၊ ပြိုလဲပြီ။နတ်ဆိုးနေရာဖြစ်လေ၏။ ညစ်ညူးသောဝိညာဉ်၏တွင်း ဖြစ်လေ၏။ ညစ်ညူး၍စက်ရွံဖွယ်ဖြစ်သော ငှက်မျိုး၏တွင်းဖြစ်လေပြီ။

အကြောင်းမူကားလူမျိုးအပေါင်းတို့သည်မတရားသောမေထုန်၏ အဆိပ်အတောက်စပျစ်ရည်ကိုသောက်ကြပြီ။ လောကီရှင်ဘုရင်တို့သည် မတရားသော မေတုန်ကိုသူနှင့်အတူပြုကြပြီ။ လောကီကုန်သည် တို့သည် သူ၏ကာမကုန်စည်း စိမ်ကြွယ်ဝခြင်းဖြင့်ဥစ္စာရတဲ့ကြ ၏ဟု ပြောဆို၏။

110 ၁၁၀။ သေချာစွာကြည့်ပါ။ချက်ချင်းပင် သူမရဲ့နက်နဲရာတွေကို ဖော်ပြပါတယ်။ သူမည်သူဖြစ်တယ်။သူမ၏သမီးတွေကဘယ်သူတွေလဲ။ နက်နဲတဲ့အရာတွေအားလုံး ကိုဖွင့်ပြတယ်။နောက်ပြီးတော့ကောင်းကင်တမန်တစ်ပါး၊ သတင်းစကားပို့ဆောင်သူ တစ်ပါးကို စေလွတ်တယ်။ စေလွတ်ပြီးတော့ ရွေးနုတ်ထားတဲ့သူတွေကို ခေါ်ထုတ်ပါ တယ်။ ထွက်လာခဲ့ပါ။ အချိန်ကာလရဲ့သတင်းဘဲဖြစ်ပါတယ်။

…အခြားသောကောင်းကင်အသံကငါ၏အမျိုးတို့သူ၏အပြစ်တို့ကို ဆက်ဆံခြင်း၌ငှင်း၊သူ၏ဘေးဒဏ်ကိုခံ ခြင်းနှင့်ငှင်း၊ ကင်းလွတ်အပ်သောငှာ၊ သူ၏အထဲကထွက်ကြလော့။

ကိုယ်တော်ရှင်ကသူမကို ကျိန်ဆဲပါတယ်။သူမအထဲကထွက်လာကြပါလို့ ခေါ် ထုတ်ပါတယ်။ ဘုရားသခင်ကခွန်အားကြီး တဲ့ကောင်းကင်တမန်သို့မဟုတ် သတင်းစကားပို့ဆောင်သူတစ်ဦးကို စေလွတ်ပါတယ်။ သူရဲ့အလင်းကတော့ကမ္ဘာတစ်ဝှမ်းလုံးကို ဖြန့်ကြပ်ပြီးတော့လင်းသွားပါတယ်။ သူမအထဲကထွက်လာပါ။ဘာဖြစ်ပါသလဲ။ သူမနဲ့သူမရဲ့ညီမ များအားလုံးပါပါတယ်။ ကမ္ဘ္ဘာလောကကြီးအလင်းရဖို့အတွက်သူမ အထဲကသူမလူမျိုးတော်ကို ကိုယ်တော်ရှင်ခေါ်ထုတ်ပါ တယ်။ အဲဒါဟာသမ္မာတရားဘဲဖြစ်ပါတယ်။ ကောင်းကင်မှသတင်းစကားစေလွတ်သူကို စေလွတ်ပါတယ်။ ဗာဗုလုန်မြို့ ကြီးကနေဘုရားသခင်ရဲ့လူမျိုးတော်ကိုခေါ်ထုတ်ပါတယ်။ သူ့ရဲ့အလင်းကတမ်ဘ္ဘာလုံးကို လင်းစေပါတယ်။ကြီးမြတ်သော သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါတယ်။

111 ၁၁၁။ သမ္မာကျမ်းစာမိန့်မှာတော်မူသည်မှာသူမသည်ထောင်ချောက်ဖြစ်၍ အလွန် မုန်းတီး ရွံရှာဖွယ်ကောင်းသောမသန့်ရှင်းသည့်ငှက်များကို ဖမ်းဆီးထားသည်ဟု ဆိုထားပါသည်။ လင်းယုန်ငှက်များမဟုတ်ပါ။လုံးဝမဟုတ်ပါ။ လဒများဖြစ်ပါတယ်။ မသန့်ရှင်းသော စက်ရှုတ်ရွံရှာဖွယ်ကောင်းသောငှက်များဖြစ်ပါတယ်။ လင်းယုန်ငှက် များမဟုတ်ကြပါဘူး။ လုံးဝမဟုတ်ပါဘူး။လဒများသာဖြစ်ပါတယ်။ ဆက်ရှုတ်ရွံ့ရှာဖွယ် ကောင်းသော ငှက်များဖြစ်ပါတယ်။သူမပတ်ပတ်လည်မှာ ထောင်ချောက်နဲ့သူမက လှောင်ပိတ်ထားပါတယ်။ သူမကိုယ်တိုင်လည်းထောင်ချောက်ဖြစ်ပြီးတော့ ထောင် ချောက်တွေအားလုံးနဲ့ပြည့်နေပါတယ်။ဘာနဲ့ပြည့်နေပါသလဲ။ နာမတော်ကိုရှုတ်ချ သောသမ်ဓ္ဓာကျမ်းစာနဲ့ဆန့်ကျင်ဖက်အရာများဖြစ်ပါတယ်။ ၂တိ ၃ တွင်ဖော်ပြထား သည့်အတိုင်းဘဲသန့်ရှင်းသောဝိညာဉ်တော်ဖော်ပြထားတဲ့အကြောင်းအရာကတော့ နောက်ဆုံးသောနေ့ရက်ကာလများမှာသူတို့ဟာယုံကြည်ခြင်းကနေဝေးကွာသွားပြီး ညစ်ညူးတဲ့ဝိညာဉ်တွေကို နာခံမှာဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကလည်း ဆက်လက်ဖော်ပြထားပါတယ်။ နောက်ဆုံးကာလများမှာ သူတို့ဟာခေါင်းမာမယ်။ ဘဝင်မြင့်မယ်။ မုန်းတီးရွံ့ရှာတဲ့စိတ်တွေပေါ်လာမှာဖြစ်တယ်။ဘုရားကောင်းကြီးပေး ပါစေ။ ကျွန်တော်တို့နဲ့တဖွ့ဲတည်းဖြစ်ပါတယ်။ ဒါမှမဟုတ်လို့ရင်ကျွန်တော်တို့ရဲ့စာအုပ် ထဲမှာ သင့်နာမည်ရှိမှာမဟုတ်ပါဘူး။ သင်ပျောက်ဆုံးနေပါပြီ။မုန်းတီးဖွယ်ရာသန့်ရှင်း ခြင်းမရှိဘဲ စက်ရှုတ်ရွံ့ရှာဖွယ်ရာဖြစ်နေပါတယ်။ကျွန်တော်ပုတ်ခတ်ပြောဆိုနေခြင်း မဟုတ်ပါဘူး။ကျွန်တော်အမှန်ကိုဘဲပြောဆိုနေခြင်းဘဲဖြစ်ပါတယ်။ မုန်းတီးဖွယ်ရာမသန့်ရှင်းသောငှက်များ အားလုံးကိုသူမကလှောင်ပိတ်ထားပါတယ်။

112 ၁၁၂။ ဘုရားသခင်သည်လင်းယုန်ငှက်ဖြစ်ပါတယ်။ကိုယ်တော်ရှင်ကမိမိကိုယ်ကို မိမိလင်းယုန်ငှက်လို့ခေါ်ဆိုထားပါတယ်။ ယာကုပ်ကိုလည်းလင်းယုန်လို့ခေါ်ဆိုပါတယ်။ ကျွန်တော်တို့ဟာလည်း သူရဲ့လင်းယုန်ပေါက်ကလေးများဖြစ်ပါတယ်။အာမင်။ သူရဲ့ ပရောဖက်တွေကိုလည်း လင်းယုန်များလို့ ခေါ်ပါတယ်။ဒီကောင်းကင်တမန်ဆင်းသက် လာသောအခါ ဘာကိုဖော်ပြဘို့လည်းဆိုတော့ရွေးချယ်ထားတဲ့သူတွေကိုခေါ်ထားဖို့ ဘဲဖြစ်ပါတယ်။

ကျွန်တော်ရဲ့တရားဟောချက်လေးတပိုဒ်ဖြစ်တဲ့လင်းယုန်ငှက်သည် မိမိအ သိုက်ကို ဖွသကဲ့သို့ ဆိုတဲ့သတင်းစကားလေးရှိပါတယ်။ လင်းယုန်ငှက်အိုကြီးက ကြက် အိုမကြီးနောက်ကို လိုက်ပြီးတော့ အချိန်လုံးဘဲယာတဲနားမှာသွားလာနေပါတယ်။ ကြက်တွေလိုဘဲလိုက်ပြီးတော့အော်ပြီးတော့ သွားနေပါတယ်။ ဒါပေမဲ့လည်းကြက်မကြီး စားတဲ့အစာကို မစားနိုူင်ပါဘူး။ ကြက်မကြီးကတော့လူမှုရေးတွေများတယ်။မျက်နှာ ကို ချယ်သထားတယ်။ ဆံပင်တိုတိုဖြစ်တယ်။ ဘောင်းဘီတိုလေးဝတ်တယ်။ သူကတော့အဲဒါကိုလိုက်မလုပ်နိုင်ပါဘူး။ သူဘာမှမသိပါဘူး။ သူသိတာကတော့ ဒီကြက်အိုမကြီးရဲ့အော်သံကိုဘဲသိနေပါတယ်။ ဒါပေမဲ့တစ်နေ့သောအခါမှာ မိခင်လင်းယုန်မကြီးသူ့ကိုတွေ့သွားပါတယ်။ သူမကအော်ခေါ်လိုက်တဲ့အခါမှာ သားရေ.. သူတို့နဲ့မင်းကဘာမှ မဆိုင်ဘူးထွက်လာခဲ့တော့ဆိုပါတယ်။ အဲဒီအချိန်မှာ လင်းယုန်ငှက်ကလေးက မေမေကျွန်တော်ဘာလုပ်နိုင်မှာလဲပြန်မေးလိုက်ပါတယ်။

အတောင်ပန်တွေကို ဖြန့်ပြီးတော့ခတ်လိုက်ပါလို့မိခင်ကြီးကပြောတဲ့အခါမှာ ပထမဦးအကြိမ် ထခုန်လိုက်ပါတယ်။ တိုင်တတိုင်ကိုသွားပြီးတော့တိုက်မိပါတယ်။ အဖွဲ့ အစည်းရဲ့အလယ်တခုဘဲဖြစ်ပါတယ်။အဲဒီအခါမှာ သူ့အမေက သားဒီထက်ပိုပြီးမြင့် မြင့်မားမားခုန်ရမယ်။ အဲဒါမှဘဲငါမင်းကိုဖမ်းမိမှာလို့ပြောပါတယ်။ ခြေထောက်ကတော့မြေကြီးပေါ်ကနေမြင့်တက်သွားအောင်လုပ်ရမယ်လို့ဆိုပါတယ်။ သူမက သူ့ရဲ့လင်းယုန်ငှက်ကလေးကို ပြန်သန်းတဲ့အ ခါမှာ ချီဆောင်သွားမှာဖြစ်ပါတယ်။ သူပြန်နိုင်တယ်ဆိုတာသူကိုယ်သူသိပါတယ်။ သူမိခင်လာပြီးသူကို ခေါ်ထုတ်သွားပါတယ်။

113 ၁၁၃။ ဒါပေမဲ့လည်းမိခင်ဗာဗုလုန်ကတော့သူမကိုယ်သူမကြက်တစ်အုပ်ကြားမှာ ရောက်နေပါတယ်။ ကြက်တွေကလည်း မျက်နှာခြည်တွေ၊နုတ်ခမ်းနီ၊ ပါးနီတွေ၊ ဆံပင် တိုတွေနဲ့ သူတို့ခရစ်ယာန်လို့ခေါ်ပါတယ်။ သူမမှာလည်းသူမရဲ့ထောင်ချောက်ထဲမှာ အဲဒီကြက်မျိုးတွေပြည့်နေပါတယ်။ တရားဟောဆရာတွေကလည်းတရားပလ်ပ္လင်ပေါ် မှာတက်ပြီးတော့မတ်တပ်ရပ်ပြီးတော့အဲဒီအမျိုးသမီးတွေကိုလည်းလာခိုင်းပါတယ်။ ရှက်စရာကောင်းပါတယ်။ ဂိုဏ်းဂဏဆိုင်ရာအလုပ်တွေကိုလုပ်ကြပါတယ်။ ဘုရားသ ခင်သင့်ရဲ့လက်ကမ်းကြိုဆိုမှုကိုလိုလားပါတယ်။ ထွက်လာခဲ့ပါ။ ငှါသိုးတို့သည်ငှါအ သံကိုသိတယ်လို့ဆိုထားပါတယ်။ထောင်ချောက်ထဲမှာမုန်းတီးဖွယ်ရာ၊ ခေါင်းမာပြီး ဘဝင်မြင့်နေတဲ့လောကအရာကိုဘုရားသခင်ထက်ပိုချစ်တဲ့ လူတွေရှိနေပါတယ်။ ခရစ် တော်နဲ့မတူဘဲလောကပုံသဏ္ဍာန်နဲ့တူနေပါတယ်။ မိတ်ကပ်တွေချယ်သထားတဲ့အမျိုး သမီးကိုတွေ့တဲ့အခါမှာ သူမဟာ အတွင်းထဲမှာဘာမှမရှိဘူးဆိုတာသိရမှာဖြစ်ပါတယ်။အထဲမှာအတုအပဘဲဖြစ်ပါတယ်။ အကယ်အမှန်အကန်ဘဲဖြစ်ပါတယ်။ တနေ့ကကျွန်တော်အမျိုးသမီးတစ်ဦးကို တွေ့ပါတယ်။ ဆံပင်ကတော့အစိမ်းရောင်ခြည်ထားပါတယ်။ သူမရဲ့မျက်လုံးတွေရဲ့အောက်မှာလည်းအစိမ်းတွေချယ်ထားပါတယ်။

114 ၁၁၄။ သင့်မှာတခြားဆံပင်မရှိတော့ဘူးဆိုရင်ဆံပင်အတုတပ်ချင်ပါတယ်။ ကောင်း ပါပြီ။ ဒါပေမဲ့လည်း လူနဲ့တူတဲ့ဆံပင်

အတုကိုတော့တပ်ထားပါ။ သင့်မှာလက်သဲတွေ မရှိဘူးဆိုလို့ရှိရင် လက်သဲအတုတွေတပ်လိုပါတယ်။ဒါပေမဲ့လည်း ပဲစေ့အ ခွံတွေလိုမျိုး ပုံစံမျိုး
တပ်မထားပါနှင့်။တကယ်စစ်မှန်တဲ့လက်သဲတွေဘဲတပ်ထားပါ။ သင့်မှာ အဲဒီလို အရာတွေမရှိလည်းကိစ္စမရှိပါဘူး။
သွားမရှိလည်းကိစ်္စမရှိပါဘူး။ သွားအတုတပ်ရ မည်ဆိုလို့ရှိရင်လည်းသွားနဲ့တူတဲ့သွားတွေကို တပ်ထားပါ။ ဘုရားသခင်ဖန်ဆင်းထား
တဲ့သွားတွေကိုမကောင်းဘူးဆိုပြီးတော့နုတ်မပစ်ပါနှင့်။ သူတို့ဟာ ကောင်းတဲ့ သွား တွေဖြစ်ပါတယ်။ဆံပင်တွေကိုဆေးမဆိုးပါနှင့်။
ဘာနဲ့တူသလဲဆိုတော့ တစ်နေရာ ရာကနေထွက်လာတဲ့သရဲရုပ်ပေါက် နေပါတယ်။ မလုပ်သင့်တာတွေမလုပ်ပါနှင့်။
သင့်မှာအရောင်အသွေးမရှိဘူးဆိုလို့ရှိရင်လည်း ကိုယ်ကိုကိုယ်အရောင် တက်လာအောင်လုပ်ချင်တယ်ဆိုလို့ရှိရင်
သဘာဝကျကျလုပ်ပါလို့ကျွန်တော်စဉ်းစားမိပါတယ်။ ဒါပေမဲ့လည်း ကိုယ်ကိုကိုယ် ယေဇဗေလနဲ့တူအောင်တော့မလုပ်ပါနှင့်။
ဘာနဲ့တူသလဲဆိုတော့ဆာခြောက်ရုပ်ကို ဆေးဆိုးထားဒါနဲ့တူနေပါတယ်။

115 ၁၁၅။ ပင်တေကုတ္တေညီအစ်ကိုများကိုကျွန်တော်ပြောချင်ပါတယ်။ အမျိုးသမီးတွေ ကို ဆံပင်ညှပ်ခွင့်ပေးထားပါတယ်။
သမ္မာကျမ်းစာဆိုထားချက်ကတော့သူမ၏ဘုန်းဖြစ်တယ်။သူမဆံပင်တိုတိုလေးနဲ့သူမနဲ့ဆုတောင်းရတာဟာ ပုံမှန်မဟုတ်ဘူး
လို့ဆိုထားပါတယ်။သူမကိုတရားဟောပလ္လင်ပေါ်တက်လာပြီးတော့ ဧဝံဂေလိတရားဟောတာတို့ သီချင်းဆိုတာတို့ဥပုဒ်စာဖြေကလေးများ
သင်ကြားခြင်း တို့လုပ်ခိုင်းပါတယ်။ သင်တို့ခွင့်ပြုထားပါတယ်။ရှက်ဖွယ်ဖြစ်ပါတယ်။ ကိုယ်ကိုကိုယ် ရှက်ရမှာဖြစ်တယ်။
ကျွန်တော်ဘာကြောင့်အဖွဲ့အစည်းကို ဆန့်ကျင်ရပါသနည်း။ကျွန်တော်ထိုကဲ့သို့ဆန့်ကျင်ရခြင်းကို သင့်စိတ်ထဲမှာ
မလိုလားကောင်းဖြစ်ကောင်းဖြစ်ပေလိမ့်မည်။သင်ထိုကဲ့သို့ဖြစ်ရခြင်းအကြောင်းအရင်းကို
ကျွန်တော်သိပါတယ်ညီအစ်ကိုများသင်ကပိုသိပါတယ်။ ဒါပေမဲ့လည်းသင်ကအဲဒါတွေကိုဆန့်ကျင်ပြီးသွန်သင်နေမယ်ဆိုရင်
သင်ဟာဘာဖြစ်သွားမလဲဆိုတော့ ဌာနချုပ်တွေကိုရောက်မယ်။ ထိုလူတွေကသင့်ကိုမောင်းထုတ်လိုက်မှာဖြစ်ပါတယ်။
ဘုရားသခင်ကိုကျေးဇူးတင်ပါတယ်။ သင့်ရဲ့ရဲရင့်မှုအတွက် သင်ထိုကဲ့သို့ပြုလုပ်တဲ့အတွက်ဖြစ်ပါတယ်။
ဘုရားသခင်သင့်ကိုချီးမြှောက်မှာဖြစ်ပါတယ်။

116 ၁၁၆။ ဒီကောင်းကင်တမန်ကဘာပြောပါသလဲ။ ‘သူမထဲကထွက်ခဲ့ပါလို့ပြောတယ်။ဒီကောင်းကင်တမန်ဒီမြေကြီး
ပေါ်ဆင်းသက်လာပါတယ်။ အလင်းတရားကိုယူဆောင်နိုင်ဘို့ဘဲဖြစ်ပါတယ်။ ဒီကမ္ဘာလောကကြီးမှာသူဟာထွန်းလင်း ထောက်ပပေးပါတယ်။
သူဟာကြီးမြတ်တဲ့ကောင်းကင်တမန်တပါးဖြစ်ပါတယ်။ သူကြွလာပြီးသတင်းစကားကိုသယ်ဆောင်လာပါတယ်။
ဗာဗုလုန်မြို့ထဲကထွက်လာပါလို့သူကပြောတယ်။ သူမနဲ့သက်ဆိုင်တဲ့မသန့်ရှင်းတဲ့အရာတွေကို မထိပါနှင့်လို့လဲပြောထားပါတယ်။ ’

သူတို့နဲ့ပြည့်ဝနေတဲ့လှောင်အိမ်ကိုယူပြီးတော့ပြောပါ။ သူမဟာမုန်းတီးဖွယ် ကောင်းတဲ့ အားလုံးကိုလှောင်အိမ်နဲ့လှောင်ထားပါတယ်။
သူမအထဲမှာလှောင်ထားပါ တယ်။ သူမအထဲမှာသူတို့အားလုံးပြည်နေပါတယ်။ ကမ္ဘာအသင်းတော် ကော်စီဖြစ်ပါတယ်။
တည်းခိုခန်းလို့ပြောလို့ရပါတယ်။သူမလှောင်အိမ်ထဲမှာ ပိတ်လှောင်နေပြီးတော့ အားလုံးရှိနေပါတယ်။
သူတို့အားလုံးအတူတကွရောက်လာပါတယ်။ သူမဟာလှောင် အိမ်ဖြစ်နိုင်ပါတယ်။မုန်းတီးဖွယ်ကောင်းတဲ့ငှက်များနှင့် ပြည့်နေပါတယ်။
တချိန်တခါသောအချိန်မှာသူတို့အကြောင်းကိုပြောဖို့ကြိုးစားပါ။ ပြောရုံသက်သက်ကြိုးစားပါ။လောကမှာ ဆိုင်တဲ့ပညာမှာသူတို့ကအင်မတန်မှ
ပြည့်ဝနေပါတယ်။ ဒါပေမဲ့လည်းဘုရားသခင်နဲ့ဆိုင်တဲ့အရာကိုတခုမှမသိပါဘူး။ ဒီနှင်းတောထဲမှာ
စီးတဲ့ဖိနပ်အကြောင်းတွေကိုယုန်ကလေးတွေကမသိသလိုဘဲ သူတို့တကယ်ကိုဘာမှမသိကြပါဘူး။ သူတို့
သိတဲ့အရာတွေကတော့သူတို့ဟိုဟာလုပ်မယ် ဒီဟာလုပ်မယ် စသည်ဖြင့် ပညာတွေဘဲဖြစ်ပါတယ်။
ဒါပေမဲ့လည်းကိုယ်တော်ရှင်နဲ့ပတ်သက်တဲ့အရာတွေကတော့ သူမရဲ့ဩဝါဒ ထောင်ချောက်ထဲမှာပိတ်မိနေပါတယ်။ အသင်းတော်များ
ကလည်းဒီလိုဘဲဖြစ်နေပါ တယ်။ သူမရဲ့သမီးတွေကိုခေါ်လာပါတယ်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ငြင်း ပယ်ပါတယ်။
သူမထိုကဲ့သို့ဘဲပြုလုပ်ပါတယ်။သူမကနှုတ်ကပတ်တော်ကိုငြင်းပယ်ပါ တယ်။ အကယ်၍သင်က
တစုံတခုသောအရာကိုနှုတ်ကပတ်တော်အတိုင်း လက်ခံမယ် ဆိုလို့ရှိရင် သင့်ကိုသင်ငြင်းပယ်တာဘဲဖြစ်မယ်။
သူတို့အထဲမှာသင်သွားပြီးတော့ပါဝင် မယ်ဆိုလို့ရှိရင်ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုငြင်းပယ်ခြင်းဘဲဖြစ်ပါတယ်။
ဘုရားသခင်ကသင့်ကိုဒီလိုမဖြစ်စေ လိုပါဘူး။ သမ္မာကျမ်းစာထဲမှာ ထိုကဲ့သို့မရေးထားပါဘူး။

117 ၁၁၇။ အလင်း၏ကောင်းကင်တမန်ဖြစ်ပါသည်။နောက်ဆုံးကောင်းကင်တမန်လည်း ဖြစ်ပါသည်။ လောဒိကိအသင်း
တော်ခေတ်ကာလအတွက်ကောင်းကင်တမန်လည်း ဖြစ်ပါသည်။ လောဒိကိသတင်းစကားပို့ဆောင်သူဖြစ်ပါသည်။နောက်ဆုံးဘဲဖြစ်ပါတယ်။
နောက်ဗျာဒိတ်ကျမ်း အခန်းကြီး၁၉ မှာဆိုလို့ရှိရင်သတိုးသားကြွလာတော်မူ ခြင်းဘဲဖြစ်ပါတယ်။
သမ္မာကျမ်းစာထဲမှာဖော်ပြထားတဲ့အတိုင်းဘဲဖြစ်တယ်။ နောက်ဆုံးကောင်းကင်တမန်ကအလင်းတရားကိုယူဆောင်လာ မှာဖြစ်ပါတယ်။
သတိုးသမီးက သတိုးသားနဲ့တွေ့ဆုံဖို့အတွက်ရောက်မလာသူ နောက်ဆုံးသတင်းပို့ဆောင်မဲ့ ကောင်းကင်တမန်များဖြစ်ပါတယ်။
သတို့သမီးဟာသခင်ခရစ်တော်တည်းဟူသော သတိုးသားနဲ့တွေ့ဆုံရမှာဖြစ်ပါတယ်။လောဒိကိအသင်းတော်ခေတ်ကာလဖြစ်ပါတယ်။
လောဒိကိသတင်းစကားပို့ဆောင်သူ ဖြစ်ပါတယ်။ဗာဗုလုန်မြို့ထဲမှခေါ် ထုတ်ခြင်းဖြစ် ပါတယ်။ သေချာလေ့လာကြည့်ပါ။
သူမရဲ့လှောင်အိမ်ထဲမှာပိတ်နေတဲ့အသင်းတော် တွေအားလုံးကတော့သူမရဲ့ဩဝါဒအစာတွေနဲ့ပိတ်လှောင်နေပြီးတော့ နှုတ်ကပတ်
တော်ကိုငြင်းပယ်ပါတယ်။ဩဝါဒတွေ၊ ယုံကြည်ချက်တွေကို လက်ခံကြပါတယ်။ လော
ဒိကိအသင်းတော်အတွက်အလင်းရဲ့ကောင်းကင်တမန်ဘဲ ဖြစ်ပါတယ်။ လောဒိကိအ သင်းတော် မှာသူ့ရဲ့နှုတ်ကပတ်တော်ကိုငြင်းပယ်ပါတယ်။
ဘာအတွက်ငြင်းပယ်သလဲ ဆိုတော့ဩဝါဒတွေတွက်ငြင်းပယ်တယ်။ သူတို့ကိုအပြင်မှာထုတ်ထားပါတယ်။
ကိုယ်တော်ရှင်ဟာတံခါးရဲ့အပြင်ဖက်မှာရပ်ပြီးတော့တံခါးခေါက်နေပါတယ်။ အထဲကိုဝင်နိုင်ဖို့ကြိုးစားနေပါတယ်။
အသင်းတော်ခေတ်ကာလမှာ ခရစ်တော်ကိုငြင်းပယ်တဲ့အသင်းတော်သာဖြစ်ပါတယ်။ ခရစ်တော်ဟာနှုတ်ကပတ်တော်ဖြစ်ပါတယ်။
အဲဒီနှုတ်ကပတ်တော်ကိုငြင်းပယ်နေခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က အပြင်ဖက်မှာရောက်နေရပါတယ်။

အသင်းတော်ခေတ်ကာလတွေမှာ တခုတည်းသောခေတ်ကာလဖြစ်ပြီး တော့ခရစ်တော်အပြင်ကိုရောက်နေတဲ့ကာလဖြစ်ပါတယ်။ အပြင်ကိုရောက်ပြီးတော့ တံခါးခေါက်ပြီးအထဲကိုဝင်နိုင်ဖို့ကြိုးစားတဲ့တခု တည်းသောအသင်းတော်ခေတ်ကာလ ဖြစ်ပါတယ်။ ဒီကောင်းကင်တမန်ရဲ့သတင်းစကားကိုပို့ဆောင်တဲ့သူကတော့ ဘုရားသခင်ထံမှ လာပါတယ်။ကိုယ်တော်ရှင်ရဲ့သတင်းစကားကို မြေကြီးပေါ်မှာဟောပြောကြေ ငြာပါတယ်။ ဗာဗုန်လုန်မြို့ထဲကထွက်လာပါ။ အဖွဲ့အစည်းတွေထဲကထွက်လာပါလို့ ဆိုပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကယနေ့ဖော်ပြပါတယ်။ ကောင်းကင်တမန် လူတွေအပေါ်မှာဒီနှုတ်ကပတ်တော်ဖက်ပြန်လှည့်ဖို့ရန်အတွက် ကြိုးစားပါတယ်။ သန့် ရှင်းသောဝိညာဉ်တော်ကပို့ဆောင်ပါတယ်။ ဖော်ပြပါတယ်။ ဘာကြောင့်လဲဆိုတော့ သန့်ရှင်းသောဝိညာဉ်တော်ဟာနှုတ်ကပတ်တော်ကိုဖော်ပြမှာဖြစ်သောကြောင့် ဖြစ်ပါတယ်။ ဩဝါဒတွေကိုမဖော်ပြနိုင်ပါဘူး။ သူတို့အထဲမှာအသက် မရှိပါဘူး။ ကိုယ်တော်ရှင်က အသက်ဖြစ်ပါတယ်။လောဒိကိအသင်းတော်ခေတ်ကာလမှာ ကိုယ်တော်ရှင်ကို ငြင်းပယ်ပါ တယ်။ လက်မခံကြပါဘူး။ ကိုယ်တော်ရှင်ကိုအပြင်မှာထုတ်ထားကြပါတယ်။

118 ၁၁၈။ ဤကောင်းကင်တမန်မှာနောက်ဆုံးသတင်းစကားပို့ဆောင်သူဖြစ်ပြီး သခင်ခရစ်တော်ကြွမလာခင် နောက်ဆုံးစေတမန်ဖြစ်ပါတယ်။ ဗျာဒိတ်အခန်းကြီး ၁၉မှာ ဖော်ပြထားပါတယ်။သတင်းစကားပို့ဆောင်သူရဲ့အသံဘဲဖြစ်ပါတယ်။ ကျွန်တော်တို့သ တိပြုပြီးကြည့်မယ်ဆိုလို့ရှိရင်သင်၏အသံကိုကမ်ဘ္ဘာလောကကြီးကြားအောင် ကြွေးကြော် တဲ့အခါမှာ ကောင်းကင်မှာလည်းတဖန်ပုံတင်သံကြားရပါတယ်။ အခန်းကြီး၁၉း၄ မှာဖြစ်ပါတယ်။ ဖတ်ကြည့်ချင်လို့ရင်ဖတ်ကြည့်လို့ရပါ တယ်။ ဒီသတင်းစကားပို့ဆောင် သူဟာ ကမ္ဘာလောကကြီးမှာဘုရားသခင်နှုတ် ကပတ်တော်ကိုဆွဲကိုင်ပြီး ဒီကမ္ဘာလော ကကြီးမှာ ဟောပြောတဲ့အခါမှာဘုရားသခင်ကလည်းကောင်းကင်မှာ အလားတူအရာကို ပဲ့တင်သံအဖြစ်နဲ့ဟောပြောပါ တယ်။ အခန်းငယ်ကိုဘယ်လိုဘာသာပြန်မှာလဲ။ ဘာအဓိပ္ပါယ်ရှိပါသလဲ။ ဘုရားသခင်ရဲ့အသင်းတော်ဟာသူရွေးချယ်ထားသောသူများကို စကားပြောလေ့ရှိပါတယ်။ သူမအထဲကထွက်လာခဲ့ပါလို့ဆိုပါတယ်။အသံတော်ကလည်း ထိုအတိုင်းဘဲဆိုလိုပါတယ်။ လူတွေအများကြီးအပြင်ကိုထွက်နေပါတယ်။ဗာဗုလုန်မြို့ ထဲကနေထွက်လာကြပါတယ်။ သူမအ ထဲကနေထွက်လာကြပါတယ်။ သူမရဲ့အပြစ်တွေထဲမှာသူမပါဝင်ဖို့မဟုတ်ပါဘူး။ ဩဝါဒတွေ၊ ယုံကြည်ချက်တွေဘဲဖြစ်ပါ တယ်။အဲဒီထဲကထွက်လာပြီးတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်သန့်ရှင်းသောဝိညာဉ်တော်နဲ့အသက်တာထဲကိုလာ ကြဖို့ဖြစ်ပါတယ်။ အာမင်။

119 ၁၁၉။ အခန်းကြီး၁၉ မှာ တခြားဖော်ပြထားတဲ့အရာကိုကြည့်ပါ။ ဩဤအရာများပြီး နောက်လို့ဆိုထားပါတယ်။အခန်းကြီး ၁၉ မှာ ဤအရာများနောက်ဆိုတဲ့စကားကို သတိပြုကြည့်ပါ။ ဘာဖြစ်ပါသလဲ။ဘာရဲ့နောက်မှာဖြစ်ပါသလဲ။ သတင်းစကားရဲ့ နောက်မှာဖြစ်ပါတယ်။ သူမထဲကထွက်လာကြပါ။ဒီအရာကိုအားလုံးပြီးသွားလို့ရှိရင် သေချာကြည့်ပါ။ သတိုးသမီးသန့်ရှင်းသူများရဲ့အသံကိုကြားရပါတယ်။ နောက်ပြီးတော့ သတိုးသားနှင့်အတူ ရှိနေပါတယ်။သိုးသူငယ်ရဲ့မင်္ဂလာ ဆောင်ပွဲကိုသွားကြပါတယ်။

ဘယ်လောက်များနီးစပ်မှုရှိပါသလဲ။နောက်ဆုံးဆင့်ခေါ်ခြင်းကဘာလဲ။ ဗာဗုလုန်ထဲ ကထွက်လာခြင်းဘဲဖြစ်ပါတယ်။

ကျွန်တော်တို့ညီအစ်ကိုတွေကျွန်တော်ဘာကြောင့်ဆန့်ကျင်ရသလဲဆိုတဲ့အ ကြောင်းရင်းကတော့ သမ္မာကျမ်းစာ နဲ့မကိုက်ညီလို့ပါဘဲ။ လုံးဝကိုမကိုက်ညီဘူး၊ သမ္မာကျမ်းစာနဲ့ ဆန့်ကျင်ဖက်ဖြစ်နေလို့ပါဘဲ။ သက်သေသာဓကအထောက် အထားအရ ဆိုလို့ရှိရင် မှားယွင်းနေတယ်လို့ဆိုလို့ရပါတယ်။ဘုရားသခင်ထိုအထဲမှာမရှိပါဘူး။ ဘယ်တုန်းကမှ ဘယ်တော့မှလဲရှိမှာမဟုတ်ပါဘူး။ အဲဒီအဖွဲ့အစည်းထဲမှာ လူတွေမပါ ဝင်ရဘူးလို့ ကျွန်တော်ဆိုလိုနေခြင်းမဟုတ်ပါဘူး။အသင်းတော်ရဲ့အခြေအနေကဘယ် လိုအခြေအနေမျိုးရောက်နေသလဲဆိုတာပြောလိုခြင်းဘဲဖြစ်ပါတယ်။သူဟာအဲဒီပညတ် တွေထဲမှာရှိနေတဲ့ကာလပတ်လုံး အဲဒီစနစ်နဲ့သက်ဆိုင်နေတာဖြစ်ပါတယ်။

120 ၁၂၀။ ကျွန်တော်အမေရိကန်ပြည်ထောင်စုမှာနေထိုင်တဲ့အခါမှာကျွန်တော်ဟာအ မေရိကန်လူမျိုးဖြစ်ပါတယ်။ ကျွန်တော် နိုင်ငံသားဖြစ်နေသမျှ ကာလပတ်လုံးကျွန်တော်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ အသင်းသားတစ်ယောက်၊ နိုင်ငံသား တစ်ယောက်ဖြစ်ပါတယ်။ တစ်စိတ်တစ်ဒေသ ဖြစ်နေပါတယ်။ ကျွန်တော် ဂျာမဏီနိုင်ငံကို ကျွန်တော်ရဲ့နိုင်ငံသားကို ငြင်း ပယ်မယ်ဆိုရင် ကျွန်တော်ဟာ လုံးဝပြောင်းလဲသွားပါသည်။ ဂျာမဏီ နိုင်ငံမှာသွားပြီးကျွန်တော် ဂျာမဏီနိုင်ငံသား ခံယူမှာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ အမေရိကန်မဟုတ်တော့ပါဘူး။ ကျွန်တော်ဟာ ဂျာမန်တစ်ယောက်ဖြစ်သွားပါပြီ။ နောက်ပြီး ကျွန်တော်ဟာဂျပန်ကိုသွားမယ်။ ဘယ်ကိုဘဲဖြစ်ဖြစ် ရပ်ရှားဘဲဖြစ်ဖြစ် ကျွန်တော်ဟာ အဲဒီနိုင်ငံရဲ့နိုင်ငံသား ဖြစ်သွားပါပြီ။

သင်သည် စံနစ်တစ်ခုထဲတွင် ပါဝင်ပြီးတော့ထိုစံနစ်ရဲ့ နိုင်ငံသားဖြစ်နေတယ်ဆို ရင် သင်ဟာ ဘာဖြစ်သလဲဆိုတာ သင့်ကိုယ်သင်ဖေါ်ပြနေခြင်းဘဲ ဖြစ်ပါတယ်။ ဒီ နောက်ဆုံးသော ကာလများမှာ ဘုရားသခင်ဟာ ထိုအထဲကထွက်လာဘို့ လူတွေကို ခေါ်နေပါတယ်။ သမ္မာကျမ်းစာကလည်း ဆိုထားပါတယ်။ သူမအထဲကထွက်လာပါ။ သူ့မနဲ့အတူ မပါဝင်ပါနဲ့။ သို့မှသာ သင်တို့ကို ငါလက်ခံမယ်။ သူမရဲ့မသန့်ရှင်းတဲ့အရာ တွေကို လုံးဝမတို့မထိပါနဲ့။ သို့မှသာ သင်တို့ကို ငါလက်ခံမယ်။သို့မှသာ သင်တို့သည် ငါ၏သားသမီးများ ဖြစ်ကြပြီးတော့ ငါလည်း သင်တို့အတွက်ဘုရားဖြစ်မှာလို့ဆိုထား ပါတယ်။

121 ၁၂၁။ ထိုအကြောင်းကြောင့် ကျွန်တော်အသင်းတော်ကို ဆန့်ကျင်ပြီးတော့ ပြောရခြင်း ဖြစ်ပါတယ်။ အသင်းတော် ဆိုသည်မှာတည်းခိုခန်းကဲ့သို့ ဘုရားကျောင်းမျိုးကို ကျွန် တော်ပြောခြင်း ဖြစ်ပါတယ်။ကျွန်တော် ဘုရားကျောင်း အသင်းတော်လို့တောင်မှ ခေါ်လို့ မရပါဘူး။ အသင်းတော်ဆိုသည်မှာတစ်ပါးတည်းဘဲ ရှိပါတယ်။ သခင်ခရစ် တော်ရဲ့ ကိုယ်ခန္ဓာတည်းဟူသောအသင်းတော်ဖြစ်ပါတယ်။ ဒီတည်းခိုခန်းတွေကတော့ ဘုရားကျောင်းတွေလို့ ခေါ်ကြပါတယ်။ ကျွန်တော်ရဲ့ကျမ်းစာအုပ်တွေထဲမှာ ဖေါ်ပြထား တဲ့အရာကတော့ သူတို့အားလုံးဟာနာမတော်ကို ရှုံ့ချတဲ့ နာမည်များဘဲ ဖြစ်ပါတယ်။ အားလုံးသူတို့ ပါပါတယ်။အဖွဲ့အစည်းများအားလုံး ပါပါတယ်။ သူတို့ ဘယ်သူ့နာမတော် ကို ရှုံ့ချပါသလဲ? ဆန့်ကျင်ဘက်ပြုလုပ်ခြင်း၊

ဆန့်ကျင်ဘက်ပြောဆိုခြင်းဆိုတဲ့ အသရေ တော်၊ နာမတော်တွေကို ရှုံ့ချခြင်းဘဲ ဖြစ်ပါတယ်။ဘုရားသခင်က လာပြီး ဒုတိယမွေး ခြင်းကို ခံပါလို့ပြောရင် သူတို့က လာပါ ငါတို့အထဲမှာအသင်းထဲမှာ ပါဝင်ပါလို့ပြော ကြပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က ဗတ္တိဇံအကြောင်းကိုပြောရင်ဘယ်လိုပြော သလဲဆိုတော့ ကက်သလစ်အသင်းတော်တွေမှာ လာပြီးဝေဖာကို ခံယူပါလို့သူတို့ပြော ကြမှာ ဖြစ်ပါတယ်။ ပင်တေကုတ္တေအသင်း တော်မှာလည်း ထိုကဲ့သို့ဘဲ ဖြစ်ပါတယ်။ပင်တေကုတ္တေအသင်းတော်မှာ စိတ်ခံစားချက်တွေနဲ့ လက်လှုပ်မှုတွေရှိပါတယ်။သခင်ခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်ထံကိုလာမဲ့အစား သူတို့ထံ ပိရမစ်အဆောက်အဦတွေသူတို့ခေတ်ကာလမှာရှိတဲ့ အရာတွေဆီကို သူတို့သွားကြပါတယ်။

သင့်ရဲ့ယုံကြည်ခြင်းထဲကိုသင်ဘာပေါင်းထည့်ရမလဲဆိုတော့ အပြစ်ကင်းစင်ခြင်း စသည်တို့ကို ပေါင်းထည့်ရမှာဖြစ်ပါတယ်။ (၁ပေ ၁း၅-၇) မှာပါဝင်တဲ့ အကြောင်းအရာတွေဘဲ ဖြစ်ပါတယ်။သင့်ရဲ့ယုံကြည်ခြင်းထဲကို ထပ်မံပေါင်းထည့်ရမဲ့ အရာတွေဘဲ ဖြစ်ပါတယ်။ ဒီအရာတွေအားလုံး ဘုရားတရား ကြည်ညိုခြင်းတွေ၊ သန့်ရှင်းခြင်းတွေ မြင့်မြတ်ခြင်းတွေပါဝင်ပါတယ်။ အားလုံးပါဝင်ပါတယ်။ ဒါမှသာ သန့်ရှင်းသောဝိညာဉ်တော် တံဆိပ်ခတ်ခြင်းကိုခံရပါမယ်။

122 ၁၂၂။ တစ်စုံတစ်ယောက်သောသူကဲ့သို့ဖြစ်ပါတယ်။ လူတွေဟာ ဒီအရာကို ရဘို့ကြွေး ကြော်တယ်။ သူတို့မှာ မရှိတဲ့အခါမှာသူတို့ရဘို့ ကြွေးကြော်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ကို မှားယွင်းစွာသွန်သင်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ မက်သဒစ်တွေကလည်း ရီစရာ ခံစားချက်တွေ ရှိပါတယ်။သူတို့ လုပ်နေကျ သူတို့နည်းနည်းပါးပါး လှုပ်ရှားမှုလေးတွေလုပ်ပါတယ်။သန့်ရှင်းဝိညာဉ်တော်၌ကခုန်ခြင်း၊ လှုပ်ရမ်းခြင်းတွေရှိပါတယ်။ပင်တေကုတ္တေနေ့ကျရင် အခြားသောဘာသာစကားတွေပြောတယ်။ စိတ်လှုပ်မှုတစုံ တရာကိုလည်းလုပ်ကြပါတယ်။ ဒီအရာတွေအားလုံးဟာ တကယ်တမ်းတော့ ဘာလဲဆိုတော့ဘာမှအဓိပ္ပါယ်မရှိပါဘူး။ ဘာမှကောင်းတာလည်းမရှိပါဘူး။

ဟိုတနေ့ကကျွန်တော်ပြောခဲ့တဲ့အတိုင်းဘဲဖြစ်ပါတယ်။ ဒေါင်းကဲ့သို့ဖြစ်ပါတယ်။ ဒါမှမဟုတ်လို့ရှိရင်လည်း လုံ့နေတဲ့ငှက်တစ်ကောင်လိုဘဲကျီးကန်းဖြစ်ပြီးတော့ ဒေါင်းတောင်တွေကိုသူကိုသူတပ်ထားပါတယ်။ ဒါမှမဟုတ်လို့ရှိရင်လဒတစ်ကောင်ဟာ ဂျိုးငှက်ကလေးတွေရဲ့တောင်ပံကို အသုံးပြုသကဲ့သို့ဘဲ ဖြစ်ပါတယ်။ဘယ်တော့ မှအတောင် မပေါက်ပါဘူး၊ ကြီးထွားမလာပါဘူး။ သူအထဲကိုသူများအမွေးတွေထိုးထည့်နေခြင်းသာဖြစ်ပါတယ်။ သူတို့ကြိုးစားပြီးတော့ စိုက်ပျိုးပါတယ်။ သူတို့က ဂိုဏ်းဂဏတွေဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်းဘုရားသခင်ကသူတို့အထဲကို တစ်ခုခုထည့်လိုက် တယ်ဆိုရင်သဘာဝကျပါတယ်။ သင့်ကိုသင်ဘာပြောသလဲဆိုတော့ မနေ့ညကဘဲကျွန်တော်ဘုရားကျောင်းတက်ခဲ့ပါတယ်။ ကျွန်တော်ဘယ်လိုမှမသွားနိုင်တော့ပါဘူး။ ကျွန်တော်ဘယ်တော့မှမသောက်နိုင်တော့ပါဘူး၊ ဒါကိုမလုပ်နိုင်တော့ပါဘူး။ ဘုရားကျောင်းထဲမှာကျွန်တော်ပါဝင်ထားလို့ပါလို့ကျွန်တော်ပြောပါတယ်။သင်ဟာဆိုလို့ရှိရင် ဒေါင်းတောင်ပံတွေကို သင့်ကိုသင်တပ်ထားပါတယ်။သင့်ရဲ့လဒအရေခွံထဲမှာ ထပ်ထားဖို့ ကြိုးစားနေခြင်းဘဲဖြစ်ပါတယ်။သင်ဟာဒုတိယမွေးခြင်းခံရမှာဖြစ်ပါတယ်။ ခရစ်တော်ကိုလက်ခံဖို့လိုပါတယ်။သင်ဟာခရစ်တော်ကို လက်ခံလို့ရှိရင် ခရစ်တော်ရဲ့နှုတ်ကပတ်တော်ကိုလက်မခံဘဲခရစ်တော်ကိုတော့လက်မခံလို့မရပါဘူး။ ဘာကြောင့်လဲဆိုတော့သူကနှုတ်ကပတ်တော်ဘဲဖြစ်လို့ဖြစ်ပါတယ်။ သင့်မှာဘုရားတရားကြည်ညိုတဲ့ပုံစံဖြစ်ပေမဲ့လည်း သင်ငြင်းပယ်ထားတဲ့အရာတွေရှိပါတယ်။ ဒါကြောင့်မို့လို့အံ့သြဖွယ်ဖြစ်နေပါတယ်။ သင်ဟာဂိုဏ်းဂဏအဖွဲ့အစည်းထဲမှာ ပါဝင်ပြီးတော့ ဘုရားတရားကြည်ညိုနေတဲ့ပုံဖမ်းနေပေမဲ့လည်း တကယ်ဘုရားတရားကြည်ညိုနေတဲ့သူမဟုတ်ပါဘူး။

123 ၁၂၃။ မိတ်ဆွေတို့အဲဒီအကြောင်းအရာအားလုံးကိုကျွန်တော်ဖော်ပြခဲ့ပြီး ဖြစ်ပါ တယ်။ ဘုရားသခင်ကောင်းကြီးပေးပါစေ။ ဘုရားသခင်သင်တို့ကိုကူညီစောင့်ရှောက် ပါစေ။အသင်းကွဲပြီးတော့ခြားနားဖို့ကျွန်တော်ပြောနေခြင်းမဟုတ်ပါဘူး။ ကျွန်တော်သက်သက်ကျွန်တော်အကြောင်းကို ရှင်းပြနေခြင်းသာဖြစ်ပါတယ်။ ဒီနေ့ကတော့ကျွန်တော်တို့ရဲ့အာဇာနည်နေ့ဘဲဖြစ်ပါတယ်။ ကျွန်တော်ဟာငြိမ်းချမ်းရေးလက်မှတ်ကို ကျွန်တော်အမှုတော်ဆောင်များနှင့်အတူ လုံးဝမထိုးပါဘူး။ အဲဒီလက်မှတ်ကိုကျွန်တော်မထိုးပါဘူး။ ခင်ဗျားတို့ကသာ ကျွန်တော်ဆီကိုလက်မှတ်ထိုးသင့်ပါတယ်။တကယ့်တကယ်တော့ကျွန်တော်နဲ့လက်မှတ်ထိုးတာမဟုတ်ပါဘူး၊ ဘုရားသခင်နဲ့လက်မှတ်ထိုးခြင်း၊နှုတ်ကပတ်တော်နဲ့ လက်မှတ်ထိုးခြင်းသာဖြစ်ပါတယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်း ဘဲအဲဒီနည်းလမ်းအတိုင်းဆိုထားခြင်းဖြစ်ပါတယ်။ သမ်ာကျမ်းစာကဘာပြောထားသလဲဆိုတော့ဘယ်သူကယူဆောင်မှာလဲ။ ဒါမှမဟုတ်လို့ရှိရင်လည်း ပေါင်းထည့်မှာလဲ။ခင်ဗျားတို့သိထားဖို့ကတော့အဖွဲ့အစည်းကကျမ်းစာမကိုက်ညီဘူးလို့ ဆိုလိုလို့မရပါ ဘူး။ ခင်ဗျားတို့ပထမဦးသြဝါဒခံယူတဲ့အခါမှာ အဲဒီနည်းလမ်းအတိုင်းဘဲပြန်လျှောက်သွားရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ခင်ဗျားတို့ကမှန်ကန်တဲ့နည်းလမ်းကဖြတ်ခဲ့လို့ဖြစ်ပါတယ်။ ဒုတိယမွေးခြင်းခံဖို့ပြန်လာတဲ့အခါမှာ သမ္မာကျမ်းစာထဲကို ခင်ဗျားတို့လျှောက်ဝင်နေခြင်းဘဲဖြစ်ပါတယ်။

124 ၁၂၄။ ခင်ဗျားဟာဂိုဏ်းဂဏထဲကိုဝင်သွားပါပြီ။သူတို့ဘာပြောသလဲဆိုတော့ ကျွန် တော်သိပါတယ်။ ကျွန်တော်ဒါကိုမယုံကြည်ပါဘူး၊ ကျွန်တော်တို့ရဲ့ဘီးရှော့တွေ၊ ကျွန် တော်တို့ရဲ့အသင်းတော်ဆရာတွေအားလုံးကတော့ရှေးအကျဆုံးဘုရားကျောင်းထဲမှာ ပါဝင်ပါတယ်။ ကျွန်တော်တို့သွန်သင်ခြင်းမလုပ်ပါဘူးလို့ဆိုပါတယ်။ သူတို့မသွန်သင်ဘူးဆိုတဲ့အကြောင်းအရာတွေကို ကျွန်တော်ဂရုမစိုက်ပါဘူး။ ကျမ်းစာကသွန်သင်တယ်ဆိုလို့ရှိရင် သန့်ရှင်းသောဝိညာဉ်တော်ကသင့်အထဲမှာ နှုတ်ကပတ်တော်ကိုခံယူမှာဘဲ ဖြစ်ပါတယ်။ မည်မျှပင်သင်တို့သည်တော်နေပါစေ၊ မည်မျှပင်ရှင်းလင်းဖို့ကြိုးစားနေပါ စေ၊သူတို့ရှင်းလင်းပြီးသားဘဲဖြစ်ပါတယ်။ သမ္မာကျမ်းစာကိုလက်မခံတဲ့သူတစ်ယောက် ကကျမ်းစာကိုယူပြီးတော့ ရှင်းလင်းပြီးတော့ ဘုရားသခင်နဲ့သင်နဲ့ကို ဝေးကွာစေမှာဖြစ်ပါတယ်။

ထို့ကြောင့်ဘယ်သူမှဧဝံဂေလိတရားကိုဟောပြောဖို့ရန်အတွက်အခွင့်အရေး မရှိပါဘူး။ မောရှေကဲ့သို့ဖြစ်မှသာလျှင် ဟောပြောခွင့်ရှိမှာဖြစ်ပါတယ်။အင်မတန်မြင့် မြတ်သန့်ရှင်းတဲ့ သဲသောင်ပြင်ပေါ်မှာ ဘုရားသခင်နှင့်သူသာရပ်တည်ခဲ့ပါတယ်။ လူတစ်ဦးဟာ

ဒုတိယမွေးခြင်းကိုခံပြီးနောက် ဘုရားသခင်နဲ့မျက်နှာချင်းဆိုင်ရပ်တည်နိုင်မှာဖြစ်ပါတယ်။ သိမြင်နိုင် မှာဖြစ်ပါတယ်။ ဘုရားသခင်ကိုဆန့်ကျင်နိုင်မဲ့သူမရှိပါ ဘူး။ စိတ်ပညာလည်းမရှိပါဘူး။ရှင်းလင်းပြသခြင်းလည်းမရှိပါဘူး။ ကမ္ဘာလောကကြီး ပေါ်မှာကျမ်းတတ်ပုဂ္ဂိုလ်မည်သူ့မျှမရှိပါဘူး။ သင့်ကိုဘယ်သူမျှဝေးကွာအောင်လုပ် မဲ့သူမရှိပါဘူး။အဲဒီအဖြစ်အပျက်ဖြစ်ပျက်စဉ်ကပင် သင်ထိုနေရာမှာပင်ရှိပါတယ်။ဘာဖြစ်ပျက်ခဲ့သလဲဆိုတာသင်သိပါတယ်။

ပြီးတော့သင်ကဘာပြောမလဲဆိုတော့အဲဒီအတွေ့အကြုံမျိုးကျွန်တော့်မှာရှိပါ တယ်။ ကျွန်တော်မှာဝိညာဉ်တော်ရှိပါတယ် လို့ပြောပါတယ်။ ဒါပေမဲ့လည်းနှုတ်ကပတ်တော်ကိုနည်းမျိုးစုံငြင်းပယ်နေမယ်ဆိုလို့ရှိရင် သင်၌ရှိသောဝိညာဉ်ကမှားယွင်းတဲ့ဝိညာဉ်ဘဲ ဖြစ်ပါတယ်။ သင်ကဘာပြောမလဲဆိုတော့ဒီလိုဟာမျိုးကျွန်တော်မလုပ်နိုင် ပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်တို့အသင်းတော်ကလုပ်နိုင်တယ်။ အဲဒါဟာမှားတဲ့ဝိ ညာဉ်ဘဲဖြစ်ပါတယ်။ အဲဒီနေရာမှာခင်ဗျားရဲ့အမှတ်အသားရှိပါတယ်။ ကာဣနဖြစ် ပါတယ်။ သင့်ကိုမှတ်သားထားပြီးသားဖြစ်ပါတယ်။

ဇဝဟာ စကားလုံးလေးတစ်လုံးလေးကိုသံသယဖြစ်ခဲ့ပါတယ်။ ဘုရားသခင် ပြောသမျှအားလုံးကို သံသယဖြစ်တာ မဟုတ်ပါဘူး။ စကားလုံးလေးတစ်လုံးကိုသာ သံသ ယဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ဘာဖြစ်သွားသလဲဆိုတော့ စိတ်နှလုံး ကြေကွဲဖွယ်ရာတွေ၊ သေဆုံးဖွယ်ရာတွေ၊ အပြစ်တွေ၊တိုက်ပွဲတွေ၊ အရာခပ်သိမ်းဖြစ်ခဲ့တယ်။ သချိုင်းဂူတွေလည်းဖြစ်ခဲ့တယ်။အော်ဟစ်ငိုကြွေးခြင်းတွေ၊ လူနာတင်ယာဉ်တွေ၊ ဆေး ရုံတွေ၊လူနာအတွက်ဆောက်လုပ်ပေးရတာတွေ၊ ဖြစ်လာခဲ့ပါတယ်။ သူမရဲ့သံသယလေးတစ်ခုဘဲ ဖြစ်ပါတယ်။ ဘုရားသခင်၏နှုတ်ကပတ်တော်စာလုံးတစ်လုံးလေးကို သံသယဖြစ်လိုက်ခြင်း အားဖြင့်ဘာတွေဖြစ်လာသလဲဆိုတော့ ဒီအရာတွေအားလုံး ဖြစ်လာခြင်းပင်ဖြစ်ပါတယ်။သူမကိုထုတ်လိုက်ပါတယ်။ ဘယ်တော့မှအဲဒီအဖြစ်အပျက် မဖြစ်ရအောင်လို့ထုတ်လိုက်ပါတယ်။ သင်ကဘယ်လိုလုပ်ပြီးရနိုင်မှာလဲ။ စကားလုံး လေးတစ်လုံးထဲကို သံသယဝင်ပြီးဘယ်လိုသိနိုင်မှာလဲ။ကျွန်တော်အဲဒါပြောထားဒါကို သိပါတယ်။ ဒါပေမဲ့လို့ပြောပါတယ်။အဓိပ္ပါယ်ကတော့ဒါဘဲဖြစ်ပါတယ်။

125 ၁၂၅။ ယခုသေချာစွာလေ့လာပါ။ဘုရားသခင်က ကမ္ဘာလောကကြီးကို တရားစီရင် တော့မှာ ဖြစ်ပါတယ်။တရားစီရင်တော့မယ့်အချိန်မှာ ပထမဆုံး ပညတ်တရားတွေ ရှိဘို့လိုပါတယ်။ တစ်စုံတစ်ခုရှိဘို့လိုပါတယ်။ တရားစီရင်ခြင်း ခံရဘို့အတွက် တစ်စုံတစ် ခုသော ဥပဒေကို ချိုးဖေါက်ဘို့လိုပါတယ်။ အဲဒီလိုမှမဟုတ်ရင် တရားစီရင်လို့ မရပါဘူး။ မှန်ကန်မှု မရှိပါဘူး။ပင်နယ်တီလည်း မရှိပါဘူး။ မြို့ထဲမှာ ဥပဒေမရှိရင် တစ် ဒေါ်လာ ဒါဏ်ကြေးဆောင်ရမယ်။မီးနီကိုဖြတ်ပြေးရင် တစ်ဒေါ်လာ ဒါဏ်ကြေး ဆောင်ရမယ်လို့ ဥပဒေတပ်ထားပါတယ်။ နောက်ဥပဒေတစ်ခုကတော့ ရပါတယ်။ သူလွတ်လွတ် လပ်လပ် သွားနိုင်ပါတယ်လို့ ဆိုထားပါတယ်။သင် ထိုသို့ ပြုလုပ်လို့မရပါဘူး။ တစ်ချိန်ထဲမှာ ဥပဒေ နှစ်ခုပြဒါန်းထားလို့မရပါဘူး။ ဥပဒေဆိုတာ တစ်ခုတည်းဘဲ ရှိပါတယ်။ ဘုရားသခင်ဆိုတာ တစ်ပါးတည်းဘဲ ရှိပါတယ်။ စာအုပ်လည်း တစ်အုပ် တည်းဘဲ ရှိပါတယ်။ ခရစ်တော်လည်း တစ်ပါးတည်းဘဲ ရှိပါတယ်။ယုံကြည်ခြင်းလည်း တစ်ခုတည်းဘဲရှိတယ်။ မြော်လင့်ခြင်းလည်း တစ်ခုတည်းဘဲ ရှိတယ်။အဲဒါကတော့ သမ္မာကျမ်းစာတည်းဟူသော ခရစ်တော်ဘဲ ဖြစ်ပါတယ်။

ဒီအထဲမှာ သေချာသတိပြုပြီး ကြည့်ပါ။တစ်စုံတစ်ခု ပေါင်းထည့်ဘို့ လိုမယ် ဆိုရင် လူအားဖြင့် ပေါင်းထည့်ရမှာ ဖြစ်ပါတယ်။

126 ၁၂၆။ ဘုရားသခင်ဟာ ကမ္ဘာလောကကြီးကိုအသင်းတော်အားဖြင့် တရားစီရင်မယ်ဆိုရင် ကက်သလစ်တွေ ပြောတဲ့အတိုင်းဘဲ ပြောရမယ်ဆိုရင်ကက်သလစ်အသင်းတော် က ဘယ်လိုလုပ်ပြီး ကိုယ်တော်ရှင် အဲဒီအသင်းတော်ကို တရားစီရင်မှာဖြစ်ပါသလဲ? သူတို့များစွာရှိပါတယ်။တစ်ယောက်ထဲလည်း ရှိပါတယ်။ ရောမ၊ ဂရိစသည် တို့ဖြစ်ပါ တယ်။ အမျိုးမျိုးရှိနေပါတယ်။ ဘယ်ကက်သလစ်အသင်းတော်အားဖြင့် ကိုယ်တော်ရှင် က တရားစီရင်မှာလဲ? လူသာရင်အားဖြင့် ကိုယ်တော်ရှင်ကတရားစီရင်မှာလား? ပရက်စ်ဘီတေးရီးယန်းတွေအားဖြင့်ကိုယ်တော်ရှင်က တရားစီရင်မှာလား?ဘယ်လို ကိုယ်တော်ရှင် ပြုလုပ်မှာလဲ?အသင်းတော်အားဖြင့် ကိုယ်တော်ရှင် တရားစီရင်မှာ မဟုတ်ပါဘူး။ ကိုယ်တော်ရှင်ကသူ့ရဲ့နှုတ်ကပတ်တော်အားဖြင့်သာ တရားစီရင်မှာ ဖြစ်ပါတယ်။

လူအုပ်စုတစ်စုကို ကိုယ်တော်ရှင်ကထိန်းထားပြီးတော့ တစ်ခြားဟိုတစ်နေ့ညက ညီမတစ်ဦး ရူပါရုံရသကဲ့သို့ဘဲလူအုပ်စုတစ်စုကို သူထိန်းထားလို့ မရပါဘူး။ သန့်ရှင်း သောဝိညာဉ်တော်သွန်းလောင်းတဲ့အခါမှာ အဲဒီဖုံးထဲကို ဝင်သွားပါတယ်။ ဘယ်သူမှ တားဆီးလို့ မရပါဘူး။အဲဒါဟာ လူတစ်ဦးစီဘဲ ဖြစ်ပါတယ်။ သန့်ရှင်းစင်ကြယ်စေဘို့ အသင်းတော်ကိုသန့်ရှင်းစင်ကြယ်စေဘို့ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကန့်သတ်တား ဆီးထားလို့လည်းမရပါဘူး။ ဘယ်အဖွဲ့အစည်းကမှလည်း တားဆီးလို့မရပါဘူး။ ဘာမှ မလုပ်နိုင်တဲ့အရာဘဲဖြစ်ပါတယ်။ အဲဒီမှာ သင်အားလုံး ရရှိထားပါတယ်။ သင်ပြုလုပ်လို့ မရပါဘူး။အဖွဲ့အစည်းကလည်း လုပ်လို့မရပါဘူး။ တစ်ဦးကနေပြီးတော့ သန့်ရှင်းသော ဝိညာဉ်တော်ကိုရရှိမှာ ဖြစ်ပါတယ်။

127 ၁၂၇။ ဘုရားသခင်သည် ကမ္ဘာကြီးကိုသူ၏နှုတ်ကပတ်တော်အားဖြင့် တရားစီရင်မယ် ဆိုရင် နဂိုကတည်းက ကိုယ်တော်ရှင် သေချာစွာလေ့လာထားပြီးသားဖြစ်ပါတယ်။ အခြေအနေကိုလည်း သိထားပြီးသားဖြစ်ပါတယ်။ သို့မဟုတ်ပါက အားလုံးကိုသေချာစွာ လေ့လာထားပြီးဆိုရင် မည်ကဲ့သို့ တရားစီရင်ခြင်းကို ကိုယ်တော်ရှင်ပြုလုပ်မည်ဖြစ် ပါသနည်း? တစ်ခုခုတော့လုပ်ရမည်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က ဘယ်တော့မှ မပြောခဲ့ပါဘူး။ အသင်းတော်အားဖြင့်ကိုယ်တော်ရှင် မပြောခဲ့ပါဘူး။ ကိုယ်တော်ရှင် မိန့်တော်မူသည်မှာငါ့ရဲ့နှုတ်ကပတ်တော်က ဗိန္ဒုတစ်လုံး၊ အက္ခရာတစ်လုံးကို ထုတ်လုပ် လိုက်တယ်၊ဒါမှမဟုတ် ပေါင်းထည့်လိုက်တယ်ဆိုရင် အသက်စာစောင်ကနေပြီး နံမည်ကိုပယ်ထုတ်လိုက်မယ်လို့ဘဲ ဆိုပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အတွက် ဘုရားဘဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ တရားစီရင်ခြင်းဘဲဖြစ် ပါတယ်။ကျွန်တော်က တရားစီရင်ပြီးတော့ နှုတ်ကပတ်တော်ကို လက်ခံမယ်ဆိုရင် ခရစ်တော်ကျွန်တော့အတွက် အသေခံပါတယ်။ နောက်ပြီးတော့ ကျွန်တော်ဟာ ကိုယ် တော်ရှင်အတွက်အသက်ကိုတောင်းဆိုမှာ ဖြစ်ပါတယ်။ ကျွန်တော့်ထံသို့လာပြီးတော့ ကျွန်တော့်ကို လမ်းပြဘို့ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့အသက်တာဟာ နှုတ်ကပတ်တော်ဖြစ်မယ်ဆိုရင် ကိုယ်တော်ကနှုတ်ကပတ်တော်ကို ရေးသားပါတယ်။ မည်ကဲ့သို့

ကိုယ်တော်ရှင်ရဲ့အ သက်တာဟာကျွန်တော့်အထဲမှာ ရှိနိုင်ပါမည်နည်း?သန့်ရှင်းသော ဝိညာဉ်တော်ရှိတယ်လို့ ကျွန်တော် မည်ကဲ့သို့ ပြောဆိုနိုင်ပါမည်နည်း? နောက်ထပ်နှုတ် ကပတ်တော်အစား ဩဝါဒကိုမည်ကဲ့သို့ ပေါင်းထည့်နိုင်ပါမည်နည်း?ဘယ်လိုမှ အလုပ် မဖြစ်ပါဘူး။ ကျွန်တော်ဟာ ဂိုဏ်းဂဏတစ်ခုကို ကိုယ်တော်ရှင်နဲ့ဆန့်ကျင်နေပါက မည်ကဲ့သို့ ပေါင်းထည့်ပြီး သက်သေ ပြနိုင်ပါမလဲ? သမိုင်းမှာလည်း ဘယ်လိုလုပ်ပြီးဖေါ်ထုတ်နိုင်မှာလဲ? ဘယ်အချိန်မှာဘဲဖြစ်ဖြစ်သူတို့ဟာ ဂိုဏ်းဂဏဖွဲ့စည်း တဲ့အခါမှာ ဝိညာဉ်ရေးရာအရ သေဆုံးရပါတယ်။ သူတို့အသင်းသားတွေများလာပါတယ်။ ဒါကတော့သေချာပါတယ်။ သူတို့ အသင်းသားတွေများလာပါတယ်။ ဒါပေမဲ့လည်း ဝိညာဉ်ရေးရာအရ ဘယ်မှာမှသူတို့မသွားနိုင်ပါဘူး။ သမိုင်းကြောင်း ကို ပြန်ကြည့်မယ် ဆိုရင်ဘယ်အသင်းတော်များရှိသလဲဆိုတာ ကျွန်တော့်ကို ပြပါ။ အဖွဲ့အစည်း ဖွဲ့စည်းပြီးနောက်ပိုင်း သူတို့ ဝိညာဉ်ရေးရာအရ သေဆုံးပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က လည်းသူတို့ကို စွန့်ခွာသွားပါတယ်။ အံ့ဘွယ်နိမိတ် လက္ခဏာတွေ ဘာမှ မရှိတော့ပါဘူး။ရုပ်ရှက်ခတ်မှုများတွေနဲ့ဘဲ ဆက်လက်ရပ်တည်သွားပါတယ်။

128 ၁၂၈။ ပင်တေကုတ္တေအသင်းတော်များကိုထိုကဲ့သို့ ဖြစ်ပျက်နေတာကို တွေ့ရပါတယ်။ သူတို့ရဲ့ မိခင်သေဆုံးသွားတဲ့အခါမှာသူတို့ ထိုအတိုင်းဘဲ ဖြစ်သွားပါတယ်။ အစမှာ တော့ သူတို့ထွက်လာပါတယ်။ သူတို့ဟာဆိုရင်ဂိုဏ်းဂဏတွေကနေ ဖယ်ရှားခြင်းခံရတဲ့ လူအုပ်စုဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့တတွေအထဲမှာ ဒီတိတ်ခွေကိုနားထောင်ပြီးတော့ လူကြီးပိုင်းအနေနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကလွန်ခဲ့တဲ့နှစ်ပေါင်း လေးဆယ်၊ ငါး ဆယ်လောက်က ခင်ဗျားတို့ကို အဖွဲ့အစည်းအကြောင်းသူတို့ပြောတယ်။ အဲဒီအချိန်မှာ ခင်ဗျားတို့က ဒါနာမတော်ကို ရှုံ့ချတာဘဲလို့ပြောခဲ့မှာကို သတိရကြပါသလား?ဒီနေ့ မှာတော့ အဲဒီဟာနဲ့ဘဲ သင်က ပတ်သက်နေပါတယ်။ နာမတော်ကို ရှုံ့ချတဲ့အရာလို့ကိုယ်ထင်တဲ့အရာတွေဘဲ ကိုယ်က ပါဝင်နေရပါတယ်။ အမျိုးသမီးတွေက ဆံပင်တိုတိုတွေညှပ်တယ်။ မျက်နှာတွေ ဆေးခြယ်ပြီးတော့ သင့်ရဲ့မိခင်ကတော့ အဲဒါတွေကို ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။ ပင်တေကုတေ်ာ သန့်ရှင်းသူကြီး ဖြစ်နေပါတယ်။ သင့်အတွက်ဘာဖြစ်ပါသလဲ? ပေါလုကလည်းဘာပြောသလဲဆိုတော့ သင်ကောင်းကောင်းပြေးနိုင် ပါတယ်။ သင့်ကို ဘာကတားဆီးထားပါသလဲ? အဲဒီအရာကနေ ကင်းကွာတဲ့ဟာတွေကိုမတွေ့ရပါဘူး။ ဒါပေမဲ့လည်း သူတို့နဲ့ သင်က တူချင်နေပါတယ်။

129 ၁၂၉။ ရှမွေလ ပြောသကဲ့သို့ဘဲ ဖြစ်ပါတယ်။ဣသရေလမှာ ဘုရင်ရှိပါတယ်။ အဲဒီ ဘုရင်ကတော့ ဘုရားသခင်ဘဲ ဖြစ်ပါတယ်။ သူတို့ဘာပြောသလဲဆိုတော့ ရှမွေလ ခင်ဗျားအသက်ကြီးပြီ။ ကျွန်တော်တို့ကို ဘုရင်ပေးပါ။ကမ္ဘာလောကကြီးမှာရှိတဲ့ တစ် ခြားလူတွေလိုဘဲ ကျွန်တော် ဖြစ်ချင်ပါတယ်။တစ်ခြားနိုင်ငံတွေလိုဘဲ ကျွန်တော်တို့ လိုချင်ပါတယ်။ ဘုရင်လိုချင်ပါတယ်။အဲဒီဘုရင်ရှိရင် ကျွန်တော်တို့ စစ်တိုက်လို့ရတယ်။ ကျွန်တော်တို့ကို စစ်ပွဲတွေမှာဦးဆောင်နိုင်တဲ့ဘုရင်ကို လိုချင်ပါတယ်လို့ သူတို့က ပြောပါတယ်။ အဲဒီအခါမှာရှမွေလရဲ့စိတ်ထဲမှာ စိတ်တိုင်းမကျ ဖြစ်ရပါတယ်။

သူဘာပြန်ပြောသလဲဆိုတော့ ခင်ဗျားတို့ဆီကကျွန်တော် ဘာတစ်ခုခုများ ယူထားသလဲ?ခင်ဗျားတို့ဆီက ပိုက်ဆံများ ယူထားသလား? ကျွန်တော့်ကို မြည်းက လေး တစ်ကောင်ပြန်ပေးပါ။ ဒါမှမဟုတ် တစ်ခုခုပေးပါလို့များတောင်းဘူးသလား? တစ်စုံတစ်ခုရဘို့အတွက် ကျွန်တော်တောင်းဘူးသလားလို့ သူကပြန်မေးပါတယ်။

သူတို့ကလည်း မတောင်းဘူးပါဘူး၊တစ်ခါမှမတောင်းဖူးပါဘူးလို့ ပြန် ဖြေကြပါတယ်။

ဒါမှမဟုတ်လည်း ဘယ်လိုပြောကြသလဲဆိုတော့သခင်ဘုရားရဲ့နာမဥ္စ ခင်ဗျား တို့ကို ကျွန်တော် တစ်ခုခု ပြောဘူးသလား? မဖြစ်နိုင်တဲ့အရာ တစ်ခုခုကို ပြောဖူးသလားလို့ မေးပါတယ်။ အဲဒါမှန်ပါသလား?သူကလည်း ဘာပြောသလဲဆိုတော့ သူတို့ အဲဒီဘုရင်ကို လက်မခံပါဘူး။ဘာကြောင့်လဲဆိုတော့ သူတို့အတွက် အင်မတန်ရှုပ်ထွေး မှု ဖြစ်စေမှာဖြစ်လို့ဘဲလို့ပြန်ပြောပါတယ်။

130 ၁၃၀။ အခုအခါမှာ ကျွန်တော်ခင်ဗျားတို့ကို တစ်စုံတစ်ခုကို တောင်းဆိုလိုပါတယ်။ ဘရမ်ဟမ်တဲတော်ဘဲ ဖြစ်ပါတယ်။ခင်ဗျားတို့ဟာ အင်မတန်ကြီးတဲ့ တဲတော်ကြီးတစ် ခု ဖြစ်လာပါပြီ။ ကျွန်တော်ဟာတစ်နေရာရာကို သွားတယ်ဆိုရင် တစ်နေရာရာ ခင်ဗျားတို့နဲ့ ဝေးကွာနေရတယ်ဆိုရင်ဘုရားသခင် ကျွန်တော့်ကို ခေါ်မယ်ဆိုရင် ကျွန်တော့်ကို မတွေ့ရတော့ဘူးဆိုရင်ကျွန်တော်ဟာလည်း ကွင်းထဲမှာ ပြန်ရောက်နေ မယ်ဆိုရင် ကိုယ်တော်ရှင် ကျွန်တော့်ကိုတောထဲကို ခေါ်ကောင်းခေါ်နိုင်ပါတယ်။ ဘယ်နေရာမှာ ကိုယ်တော်ရှင် ကျွန်တော့်ကိုခေါ်မလဲ? သခင်ယေရှုကြွလာတဲ့အထိ ဘယ်အချိန်ခေါ်မလဲ?ဒါကြောင့်မို့ ခင်ဗျားတို့ကို ကျွန်တော်တစ်ခု မေးချင်ပါတယ်။ ခင်ဗျားတို့ကိုကျွန်တော် တစ်ခုခုများတောင်းဆိုဖူးပါသလား?ပရိသတ်ကလည်း မ တောင်းဆိုဖူးပါဘူးလို့ ဖြေပါတယ်။ ခင်ဗျားတို့ကိုကျွန်တော်ပိုက်ဆံ တောင်းဖူးပါသ လား?မတောင်းဖူးပါဘူး။ ခင်ဗျားတို့ကို တစ်ခုခု ပြောဖူးပါသလား? ယေရှုရဲ့နာမဥ္စ ကျွန်တော်ထောင်ပေါင်းများစွာသော အရာအတွက် တောင်းဖူးပါသလား? ဒါပေမဲ့ လည်း အဲဒီလိုဘဲဖြစ်လာပါတယ်။ အာမင်။ သူတို့ဟာအဖွဲ့အစည်းထဲမှာ ဘယ်တော့မှ မပါဝင်ကြပါဘူး။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်နဲ့ဘဲဆန့်ကျင်နေလို့ဖြစ်ပါတယ်။ အဲဒီအထဲက ခင်ဗျားတို့ ထွက်လာကြပါ။ သီးခြားခွဲနေပါ။နှုတ်ကပတ်တော်ကို လက်ခံ ပါ။ ကျွန်တော်တို့ ခေါင်းငုံ့ပြီးတော့ ဆုတောင်းကြပါစို့။

131 ၁၃၁။ ပရောဖက်များ၏ ကြီးမြတ်တော်မူသောဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇက် ၏ဘုရား၊ ဣသရေလ၏ဘုရား ထံတော်ကို ကောင်းမြတ်ခြင်းပေါင်းထည့်ပါကိုယ်တော်၊ ဤသတင်းစကားကလေးထဲကို ကောင်းမြတ်ခြင်း ပေါင်းထည့်ပြီး တော့နှစ်ပေါင်းကြာ ရှည်စွာ ကျွန်တော့်နှလုံးသားထဲမှာ ခိုင်မြဲနေပါစေ၊ကျွန်တော့်ညီကိုများရဲ့ နှလုံးသားထဲ မှာလည်း ခိုင်မြဲနေပါစေ။ ဟိုးအပြင်မှာရှိတဲ့လူတွေအတွက်လည်း ကိုယ်တော်ရှင်ဘုရား ကျွန်တော့်ကို အထင်မှားနေတဲ့လူတွေရှိကောင်းရှိမှာပါ။ ကျွန်တော်ဟာ တမူထူးခြား နေတယ်လို့ သူတို့ထင်ကောင်းထင်မှာပါ။ကျွန်တော်ဟာ အားလုံးကို သိကောင်းသိနေ တယ်လို့ သူတို့ကြိုးစားထင်နေမှာပါ။ သူတို့ဟာလူတွေကို ဘယ်လိုပြောသလဲဆိုတော့ လူတွေကို ကျွန်တော် လှည့်ဖျားနေတယ်လို့သူတို့ပြောပါတယ်။ အထူးသဖြင့် ရေဗတ္တိဇံ ကို ယေရှုနာမဥ္စ ခံယူခြင်းနဲ့ပတ်သက်တဲ့အကြောင်းအရာများနဲ့ ပတ်သက်လို့ဘဲ ဖြစ်ပါ တယ်။ မြွေရဲ့မျိုးစေ့နဲ့ပတ်သက်တယ်။ကြီးမားတဲ့ ပြည်တန်ဆာနဲ့လည်း ပတ်သက်တယ်။ အဲဒီလူတွေအားလုံး ဒီတိတ်ခွေတွေကိုနားထောင်ပြီးတော့ သူတို့ထွက်သွားကြပါတယ်။ နှလုံးသားထဲမှာ ဘာမှ မပါပါဘူး။ ဒါပေမဲ့လည်း သမ္မာတရားကို တစ်ခြားအရာတွေနဲ့ ရောယှက်ထားခြင်းဘဲ ပါသွားပါတယ်။သမ္မာတရား၊ မတရားသောမေထုန်ပြုခံရခြင်းဘဲ

ဖြစ်ပါတယ်။ သူတို့ကိုလည်း ကျွန်တော်မေးပါတယ်။ ခင်ဗျားတို့လာကြပြီးတော့ ကျွန် တော့်ကို အပြစ်ဘယ်မှာလဲလို့ ပြခိုင်းတယ်။ မယုံကြည်ခြင်း နှုတ်ကပတ်တော်အနက် မှားယွင်းစွာဖွင့်ခြင်းတို့ကို ဘာလဲဆိုတာကိုဖေါ်ပြခိုင်းတယ်။ အခုအခါမှာတော့ ဖေါ်ပြ ပါတယ်။ ကျွန်တော် ကိုယ်တော်ရှင်ထံတော်ပါးကို ဆုတောင်းပါတယ်ကိုယ်တော်၊ အဖဘုရားသခင် သူတို့ ဒီအချိန် ဒီကာလမှာဒီလူတွေဟာ ကိုယ်တော်နဲ့လွဲသွားတယ်ဆို တာကို သိကြပါစေ။ သူတို့ စောင့်နေရပြီးတော့သူတို့ အရမ်းကြာနေပါတယ်။ သူတို့ ဂရုပြုမထားဘဲ၊ သတိမမူဘဲ နေနေပါတယ်။

132 ၁၃၂။ ကိုယ်တော်ရှင်ဘုရားကျွန်တော့်ဘက်ကတော့ သေချာပါတယ်။ ကျွန်တော့် နှလုံးသားက ဒီကျမ်းချက်မှားနေတယ်။ဒီကျမ်းချက်က ကျွန်တော့အတွက် အဓိပ်ျါယ်မ ရှိဘူးလို့ ပြောနေတယ်ဆိုရင်ကျွန်တော့်နှလုံးသား ကြေကွဲမှာ ဖြစ်ပါတယ်။ ကိုယ်တော် ရှင် ဘာပြောသလဲဆိုတော့ဘုရားသခင် ခမည်းတော်ဘုရား ငါ့ကိုပေးသမျှအရာအား လုံး ငါ့ထံကို ရောက်လာမယ်။ငါ့သိုးတို့ဟာ ငါ့အသံကို ကြားရတယ်လို့ဆိုထားပါတယ်။ ကိုယ်တော်ရှင် အဖဘုရားသခင်နိုင်ငံတော်ဟာ တစ်ကယ်ဘဲ ကိုယ်တော်ရှင် ပြောတဲ့ အတိုင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်သိပါတယ်။ ဘာနဲ့တူသလဲဆိုတော့ ပိုက်ကွန်ကိုယူ သွားတဲ့သူ ဖြစ်ပြီးတော့ အဲဒီပိုက်ကွန်ကိုသူဟာ ကန်နားအထိ ယူသွားပါတယ်။ အဲဒီပိုက် ကွန်ကို သူက ကန်ထဲကို ပစ်ချလိုက်ပြီးတော့ဆွဲလိုက်တဲ့အခါမှာ သံသယဖြစ်စရာ မလိုပါဘူး။ ငါးကိုမိပါတယ်။ ငါးမိရုံတင်မက လိပ်တွေ၊ရေဘဝဲတွေ၊ မြွေတွေအားလုံး မိပါတယ်။ အဲဒီဧဝံဂေလိပိုက်ကွန်နဲ့ ဖမ်းမိတာတွေကတော့အမျိုးစုံဘဲ ဖြစ်ပါတယ်။ဒါပေမဲ့လည်း နောက်ဆုံးအခါမှာ ရေထဲကိုဘဲ ပြန်ရောက်သွားပါတယ်။လိပ်ကလည်း ထွက်ပြေးသွားပါတယ်။ မြွေကလည်း မြွေတွန်သံကို ကြားရပြီးသူ့ရဲ့ရွှံ့အပေါက်ထဲကို ပြန်ဝင်သွားပါတယ်။ ခွေးဟာ သူ့အံဖတ်ကို သူပြန်စားသလိုဘဲဖြစ်ပါတယ်။ ဝက်က လည်း သူ့ရဲ့ဝက်စာကို စ ားသလိုဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်းတစ်ကယ်စစ်မှန်တဲ့ငါးတွေ ရှိပါတယ်။ ကျွန်တော် အဲဒါကို ပြောပြချင်လို့ဘဲ ဖြစ်ပါတယ်။ အဲဒါကိုသိလို့ဘဲဖြစ်ပါ တယ်။ ဒီပိုက်ကွန်နဲ့ သူတို့အားလုံးကိုအုပ်ပြီးဖမ်းလိုက်ပါတယ်။ အဲဒီအချိန်မှာတော့ သူတို့ဟာ ငါးတွေပါဘဲ။ သူတို့မွေးဖွားလာတယ်။ ငါးအနေနဲ့ သူတို့ကို ဘုရားသခင်က သူတို့ကိုရွေးချယ်ခန့်အပ်ထားပါတယ်။

ဝံဂေလိပိုက်ကွန်များဖြင့်နိုးကြားရေးစည်းဝေးများမှာ ဝိညာဉ်များကို ဖမ်းကြပါ တယ်။ သင်လည်းသင်ပိုင်ဆိုင်ရာကို သင်သိပါတယ်။ တစ်ခုတည်းသော ကျွန်တော့်မှာ တာဝန်ရှိမှုကတော့ခမည်းတော်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်သိသလောက်ဆိုရင် နှုတ်ကပတ်တော်အပေါ်မှာသစ္စ်ာရှိဘို့ဘဲ ဖြစ်ပါတယ်။ သင်သည် ဆုံးဖြတ်ချက်ချရမဲ့ သူဘဲဖြစ်ပါတယ်။ လိပ်ကတော့ဘယ်လိုနည်းနဲ့မှ ငါးစဉ်ရိုင်းကလေးတစ်ကောင် ဖြစ်မ လာပါဘူး။ ထိုနည်းတူဘဲလူပုဂ်ုဂ်လ်တစ်ဦးဟာလည်း နားမကြား ဖြစ်နေတဲ့အခါမှာ ဧဝံဂေလိတရားကို ကြားရမှာ မဟုတ်ပါဘူး။သမ်္မာတရားကို နားလည်မှာ မဟုတ်ပါဘူး။ ဖခင်တစ်ဦးဟာ ကြိုတင်သိမြင်သကဲ့သို့ကိုယ်တော်ရှင်ကလည်း ကိုယ်တော်ရှင်ထံသို့ လာမဲ့လူတွေကို ကိုယ်တော်ရှင်ပေးထားတယ်လို့ ဂတိတော်ရှိပါတယ်။

133 ၁၃၃။ ကောင်းကင်ဘုံရှင် အဖဘုရားသခင်၊ကျွန်တော်ဆုတောင်းတဲ့အခါမှာ လူတိုင်း တစ်ယောက်စီရဲ့ နှလုံးသားထဲမှာဒီသတင်းစကားလေးကို သိဘို့ ဆုတောင်းပေးပါတယ်။ ဒါကြောင့်မို့အလင်းတရားကိုဟောကြားဘို့အတွက်ဘဲ ဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့ ကျွန်တော့နှလုံးသားလေးထဲမှာရှိတဲ့အရာဘဲ ဖြစ်ပါတယ်။ ကျွန်တော်နဲ့ပတ်သက်တဲ့သူ သိနိုင်ဘို့အတွက် ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင် အသေခံသောသူများအတွက် ဖြစ်ပါ တယ်။ ဟိုးအပြင်မှာ ထွက်နေတဲ့သူများရှိပါတယ် ကိုယ်တော်ရှင်၊ ခိုရာရဲ့အဖွဲ့ကဲ့သို့ဘဲဖြစ် ပါတယ်။စစ်မှန်တဲ့သူတွေဖြစ်တယ်။ ဒါပေမဲ့လည်း လမ်းမှားကို ရောက်သွားပါတယ်။ သူတို့ကိုသန့်ရှင်းစွာနဲ့ဘဲ သူတို့ရဲ့ လက်တွေနဲ့ သူတို့ဟာ နောက်ဆုံးပျောက်သွားကြရ ပါတယ်။သူတို့ ဘာကြောင့်လဲဆိုတော့ နောက်ဆုံး မီးလောင်ခြင်းခံရကြလို့ပါဘဲ။ သူတို့အတွင်းထဲကမီးနဲ့ဘဲလောင်ကျွမ်းခံရခြင်းဘဲ ဖြစ်ပါတယ်။ အာရုန်ရဲ့သား ဧလာဇာကလည်းအဲဒါတွေအားလုံးကို လိုက်ကောက်သိမ်းရပါတယ်။ သူတို့ဟာ ပလ်ပ္လင်တော်အ တွက်ထွက်ပေါ်လာတဲ့ ရေနွေးခရားထဲက ထွက်ပေါ်လာတဲ့ အလံကလေးများကဲ့သို့ဘဲ ဖြစ်ပါတယ်။သူတို့ဟာ ဒိုင်းကလေးများဘဲ ဖြစ်ပါတယ်။ သူတို့ ဘာကို ဖေါ်ပြသလဲဆို တော့အဲဒီကြောက်မက်ဖွယ်အရာကို ဖေါ်ပြတဲ့ သတိရစေတဲ့အရာဘဲ ဖြစ်ပါတယ်။ ခိုရာကတော့အဖွဲ့ဖွဲ့ပြီးတော့ ဘုရားသခင်ရဲ့ သတင်းစကားကို ဆန့်ကျင်ဘို့ ကြိုးစားပါ တယ်။ ကျွန်တော်တို့ထိုကဲ့သို့ မဖြစ်စေရန် ကိုယ်တော်ရှင် မစပါ။ သန့်ရှင်းသောဝိညာဉ်တော်ကကျွန်တော်တို့ကို အမြဲတမ်းကာကွယ်စောင့်ရှောက်ပါစေ။

134 ၁၃၄။ ကိုယ်တော်ရှင်ကို ကျွန်တော်တို့ကျေးဇူးတင်ပါတယ် ကိုယ်တော်၊ ကျွန်တော်တို့ရဲ့ အသင်းတော်ငယ်ကလေး အင်မတန်သေးငယ်ပြီးသန့်ရှင်းမြင့်မြတ်တဲ့ ပလ္လင်ကလေးဘဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကလွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)လောက်က ဒီရေ ကန်လေးနားမှာ ကျွန်တော်ဒူးထောက်ဆုတောင်းပြီးတော့ ဆက်ကပ်တဲ့အခါမှာ ဒီကန် လေးထဲမှာ ပေါင်းပင်တွေ အင်မတန်မှရေထဲမှာလည်း ညစ်ညျူးမှုတွေ ရှိပါတယ်။ကျွန်တော် ဒူးထောက်ပြီးတော့ ကိုယ်တော်ရှင်ထံတော်ပါးကို ဆုတောင်းခဲ့ပါတယ်။ ဒီတဲတော်လေးရဲ့ဒေါင့်မှာ ကျွန်တော်ရခဲ့တဲ့ရူပါရုံအတိုင်းဘဲ အတိအကျ ဖြစ်ပျက်ခဲ့ပါ တယ်။ သူတို့ဟာ ဒီတဲလေးကိုဖျက်ပစ်မှာ မဟုတ်ပါဘူး ကိုယ်တော်၊ တဖြည်းဖြည်းနဲ့ ဟောင်းပြီးတော့ အိုမင်းလာပြီးဖြစ်ပါတယ်။ အဲဒါလေးကို သူတို့က ထိန်းသိမ်းထားမှာ ဖြစ်ပြီးတော့ အဲဒီအပေါ်မှာတစ်ဆင့်ပြီးတစ်ဆင့် ကျောက်တုံးလေးများကို တင်သွားမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်အဖဘုရားသခင်၊ ဒီရွှေကဲ့သို့ တန်ဘိုးရှိတဲ့ ဧဝံဂေလိတရား လေးကိုအမှတ်တရဖြစ်စေနိုင်ဘို့ မစပါ။ အခုဒီစာအုပ်ရဲ့ စာမျက်နှာတွေပေါ်မှာ မှတ်တမ်းတင်ပေးပါ။ ဒီအသင်းတော်လေးကိုလည်း ဘယ်တော့မှ စွန့်ခွာမသွားဘဲနဲ့ ခရစ်တော်ဘုရားကြွလာတဲ့အထိတည်တန့်ခိုင်မြဲဘို့ မစတော်မူပါ။ အသင်းသားတိုင်း ခရစ်တော်ရဲ့ကိုယ်ခန္ဓာဖြစ်စေပါ။သူတို့ ဒီအထဲကိုလာပြီး နိုင်ငံများကို ကျော်ဖြတ်ပြီး ကမ်ဘ္ာတစ်ဝှမ်းလုံး၌ရောက်လာကြခြင်းဘဲဖြစ်ပါတယ်။ သူတို့အားလုံး အလင်းတရားကို ရရှိစေရန် ကိုယ်တော်ရှင်မစတော်မူပါ။ ဧဝံဂေလိတရားကို ရရှိစေပါ။ နောက်ပြီး ခရစ်တော်ဘုရားကို လက်ခံပြီးအလင်းတရား၌ လိုက်လျှောက်နိုင်ဘို့ ဘုရားသခင် မစတော်မူပါ။

ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်များတစ်ကယ်ဖြစ်ပျက်လာမယ်ဆိုတာကို တစ်ကယ်ကို ခံစားရရှိနိုင်ဘို့ မစတော်မူပါ။ ငါပြုသောအမှုတို့ကို သူတို့ပြုကြလိမ့်မည်။ ငါ့စကားသံကို ကြား၍ယုံကြည်သောသူတို့သည်ထာဝရအသက်ကို ရမည်ဆိုတဲ့အတိုင်း

ဘဲဖြစ်ပါတယ်။ ထာဝရအသက် ရောက်လာတဲ့အခါမှာအထက်အရပ်ကမွေးဖွားလာ ခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင် ကိုယ်တော်တိုင် ဖေါ်ပြတဲ့အမှုများဘဲ ဖြစ်ပါတယ်။ အဲဒီဘဝအသက်တာကတော့ ကိုယ်တော်ရှင်၌ရှိသော အသက်တာဘဲဖြစ်ပါတယ်။ တစ်ခြားဘာမှ လုပ်နိုင်မှာ မဟုတ်ပါဘူး။

135 ၁၃၅။ အဖဘုရားသခင် ဒီအသင်းတော်ဘယ်သောအခါမှ သူ့ရဲ့ထာဝရဦးတည်သွားရ မဲ့နေရာကို မရောက်ဘဲ မရှိပါစေနဲ့။
အဖွဲ့အစည်းလည်းမဖြစ်ပါစေနှင့်။ အာရုံခံစားမှု လည်းမဖြစ်ပါစေနှင့်။ခရစ်တော်တကယ်ဘဲသူတို့အထဲမှာ အသက်ရှင်ခွင့်ပေးပါ။
ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ကိုဖော်ပြပါ။ သူတို့အားဖြင့်ဖော်ပြပါ။ ကိုယ်တော်ရှင်၏ဂုဏ်တော်အားဖြင့် ဖော်ပြပါ။
ဒီနေရာမှာရောက်ရှိနေတဲ့ ဒီညရောက်ရှိနေတဲ့လူတွေအားလုံးထဲမှာ အငယ်ဆုံးသောခလေးလေးမှာစပြီးအသက်အရွယ်အကြီးဆုံးအထိ ဒီအတွေ့
အကြုံကိုခံစားရရှိစေပါ။ ယော်ကျားတိုင်း၊ မိန်းမတိုင်း၊ လူငယ်လေးတိုင်း၊ ခလေးမ လေးတိုင်း၊လူကလေးတိုင်း ဒီတိတ်ခွေကို
ကြားနာလို့ရှိရင် သူတို့နဲ့အတူကိုယ်တော်ရှင်ပါရှိတော်မူပါ။ သူတို့ကိုနားလည်ရတဲ့အခွင့်ကိုပေးတော်မူပါ။
ကျွန်တော်သတိပေးတဲ့အရာအားလုံးကိုလည်း ကိုယ်တော်ရှင်သူတို့ကိုသတိပေးတော်မူပါ။ သူတို့ကိုရွေးနုတ်တော်မူပါ။
ဒီနေ့ရက်ဒီကာလအချိန်မှာ ကိုယ်တော်ရှင်ကျွန္ုပ်တို့ထင်ထားတဲ့အတိုင်းဘဲကိုယ်တော်ရှင် အမှုပြုတော်မူပါ။

ဗာဗုလုန်ကိုကျွန်တော်တို့တွေ့ရပါသည်။ပြည်တန်ဆာမိခင်ကြီးဖြစ်ပါသည်။ သူမရဲ့ပြည်တန်ဆာသမီးများအားလုံးအတူတကွ စုဝေးကြပါသည်။သမ်ွာကျမ်းစာက ဘာပြောသလဲဆိုတာ ကျွန်တော်တို့သိပါပြီ။ ဂျုံထဲမှဂျုံကြမ်းများကိုရွေးနှုတ်ခြင်းဘဲ ဖြစ်ပါတယ်။ မကောင်းတဲ့ဂျုံတွေကိုဖယ်ထုတ်ပြီးတော့ကောင်းတဲ့ဂျုံနှံများကိုစုစည်းခြင်းပြုလုပ်ပါတယ်။ အစီးလိုက်အစီးလိုက် စီးထားပါတယ်။ သူတို့ကိုယ်သူတို့လည်းဘာပြောသလဲဆိုတော့ နာမတော်၊ အသရေတော်ကို ရိုတ်ချတဲ့ အမည်တွေအားလုံး ကိုခေါ်ဆို ပါတယ်။ သူတို့အတွက်တော့တကယ်ဘဲအခိပ်ွါယ်မရှိပါဘူး။ အသင်းတော်အတွက်လား၊ အသင်းတော်နှင့်မသက်ဆိုင်ပါ။ တည်းခိုခန်းများသာဖြစ်ပါသည်။ သူတို့အထဲမှာတခု ဘဲရှိပါသည်ဘုရား။အဲဒါကတော့ကိုယ်တော် အားလုံးအတွက်အသေခံခြင်းဘဲဖြစ်ပါ တယ်။

136 ၁၃၆။ ကျွန်တော်ဆုတောင်းပါတယ်အဖဘုရားသခင်၊သူတို့အားလုံးစုစည်းပြီးတော့ နေကြပါတယ်။ ယခုအခါမှာ
အနုမြူမီးအတွက်စုဝေးနေခြင်းဘဲဖြစ်ပါတယ်။ ကျွန်တော် ဆုတောင်းပါတယ်ကိုယ်တော်၊ ဂျုံ၊ ဆန်တွေအားလုံးပြည့်ပြီးတော့အလေးချိန်စီးနိုင်ဖို့
ကိုယ်တော်ရှင်ခွင့်ပြုတော်မူပါ။ မစတော်မူပါအဖဘုရားသခင်။ကျွန်တော်တို့ကြီးထွား ပြီးတော့အလင်း လင်းစေဖို့ဘဲဖြစ်ပါတယ်။
ကိုယ်တော်ရှင်သခင်ခရစ်တော်ကဲ့သို့ဘဲ ဖြစ် စေရန်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်တို့အားအမှုပြုစေတော်မူသောအရာအားကျွန်တော်မ ပြုခဲ့ပါက
ကျွန်တော်အထဲမှာအသက်မရှိပါ။ဘုရားသခင်ရဲ့မိန့်တော်မူတဲ့အ ခါမှာ သူ၏ အသက်တာကိုပြသပါတယ်။ အဲဒီအခါမှာမိမိပြောဆိုတဲ့အတိုင်းဘဲ
ဖော်ပြနေခြင်းဘဲ ဖြစ်ပါတယ်။ မစတော်မူပါ ကိုယ်တော်၊ဒီသတင်းစကားကိုကိုယ်တော်ရှင်ထံသို့ကျွန်တော် ဝန်ချပါတယ်။
ကိုယ်တော်ရှင်ပြန်ပြီးတော့ကြည့်ပြီးတော့စစ်ဆေးကြည့်ရှုတော်မူပါ။ ထောင်သောင်းများစွာကိုယ်တော်ရှင်ဆောင်ယူတော်မူပါ။
ဒါမှမဟုတ်လို့ရှိရင်လည်း ကိုယ်တော်ရှင်ရွေးချယ်ခန့်အပ်ထားသောသားသမီးများအားလုံးကိုဧဝံဂေလိတရားရရှိ နိုင်ဖို့မစတော်မူပါ။
သခင်ယေရှုနာမ၌ဆုတောင်းပါတယ်။ သခင်ယေရှုတည်းဟူသောနှုတ်ကပတ်တော်တည်းဟူသော ကိုယ်တော်ရှင်၏နာမ
တော်မြတ်၌ဆုတောင်းပါတယ်။ အာမင်။

137 ၁၃၇။ ကိုယ်တော်ကိုကျွန္ုပ်ချစ်သည်။

ကိုယ်တော်ကိုကျွန္ုပ်ချစ်သည်။

ကိုယ်တော်ကကျွန်တော်ကိုပထမစ၍ချစ်သောကြောင့်ဖြစ်သည်။

ကျွန္ုပ်ရဲ့ကယ်တင်ခြင်းကိုကိုယ်တော်ရှင်ဝယ်ယူပေးသည်အရာမှာကားတိုင်ပေါ်မြတ်ပေါ်တွင်ဖြစ်ပါသည်။

ကျွန်တော်မေးခွန်းတခုမေးလိုပါသည်။ဒီပရိသတ်ကြီးထဲမှာ ဘယ်နှယ်ယောက်များဒီလိုအင်မတန်ကြီး မားတဲ့ဘုရားကျောင်းကြီးဒါမှမဟုတ်လူစုလူဝေးလုပ်တဲ့အိမ်ကြီး၊ ဒါမှမဟုတ်ရင်လည်းဝတ်ပြုကိုးကွယ်တဲ့ဒီလိုနေရာမျိုးမှာ စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ပြီးတော့ဘုရားသခင်ရဲ့အလိုတော်အတိုင်းသင့်ရဲ့နှလုံးသားကလည်း ပြည့်ဝမှုရှိဖို့ရန် နောက်ပြီးသမ္မာကျမ်းစာကိုလည်းယုံကြည်ဖို့ရန် နောက်ပြီးတော့မိမိအသက်တာကိုကြည့် ပြီးတော့ကိုယ်တော်ရှင်ကိုယုံကြည်ဖို့ ဝိညာဉ်တော်ဘယ်လိုလှုပ်ရှားသလဲဆိုတာတွေ့မြင်နိုင်ဖို့နှုတ်ကပတ်တော်အားလုံးကိုယုံကြည်ပြီးတော့ ရေးသားထားတဲ့အ တိုင်းခံယူဖို့၊လက်တွေ့ကျင့်သုံးဖို့ဘယ်နှယ်ယောက်များရှိပါသလဲ။ ယုံကြည်ပါသလား၊ ဘုရားကောင်းကြီးပေးပါစေ။ ကိုယ်တော်ရှင်ဝိညာဉ်ကျွန်တော်အပေါ်မှာအမြဲသက်ရောက်ပါစေ။

တိတ်ခွေနားထောင်နေတဲ့မိတ်ဆွေကျွန်တော်ဆန််ုပြုလိုတာကတော့ ဒီမှာရှိ တဲ့ပရိသတ်တွေကို ကြည့်ပြီးတော့အနည်းဆုံးကိုးဆယ်ရာခိုင်နှုန်းကတော့ သူတို့လက် ကိုထောင်ထားကြပါတယ်။ သူတို့ယုံကြည်တယ်သမ်ွာကျမ်းစာကိုလည်း ဖတ်တယ်။ ဘုရားကျောင်းကသွန်သင်ပေးတဲ့အတိုင်းမဟုတ်ဘဲနဲ့သမ္မာကျမ်းစာသွန်သင်ပေးတဲ့ အတိုင်း တည်းခိုခန်းကသွန်သင်ပေးတဲ့အတိုင်းမဟုတ်ဘဲနဲ့သမ္မာကျမ်းစာအတိုင်း သူတို့ကခရစ်တော်ကို မိမိတို့အသက်တာမှာ ရောင်ပြန်ဟပ်တာကိုတွေ့ကြရပါတယ်။

138 ၁၃၈။ ဟိုးရှေးနေ့ရက်ကာလတွေဟာအဲဒီအချိန်မှာ ရွှေကိုအရည်ကြိုတဲ့ရွှေပန်းတိမ် ဆရာတွေရှိပါတယ်။ သူတို့ကရွှေကိုပုံ သွင်းပြီးတော့ တူသေးသေးလေးနဲ့ထုပါတယ်။အဲဒီအကြောင်းကိုခင်ဗျားတို့ကြားဖူးကြမယ်လို့ ကျွန်တော်ထင်ပါတယ်။ရွှေရည်ကိုမကြိုခင် သူတို့ကထုလိုက်ပါတယ်။ရွှေဆိုတာအလေးချိန်အစီးဆုံးသတ်္တုတစ်မျိုးဖြစ်တယ်။ ခဲထက်ကိုပိုပြီးလေးပါ တယ်။ဒါကြောင့်မို့လို့ ကျွန်တော်က နည်းနည်းလေ့လာသုံးသပ် ပါတယ်။ခင်ဗျားတို့ဟာသဲကန္တာရထဲမှာ သဲတွေကိုယူပြီးရေဆေးကြည့်လိုက်ပါ။ နောက်ပြီးတော့ကိုယ်လက်တစ်ခုလုံးကိုလည်းသဲနှင့် သုတ်လိမ်းကြည့်လိုက်ပါ။ အဲဒီအချိန်မှာလေတိုက်လိုက်လို့ရှိရင် ဖုန်မှုန့်တွေနဲ့

အခြားအမိုက်သရိုက်တွေအားလုံး ကျောက်အစအနလေးတွေကအစ လက်ကနေပြီးတော့အဝေးကို လွှင့်ထွက်သွားကြပါတယ်။ ဒါပေမဲ့လည်းရွှေကအင်မတန်လေးတဲ့အတွက်ကြောင့် ရှိမြဲနေရာမှာ ရှိနေပါတယ်။ ခင်ဗျားကရွှေကိုကောက်ယူလိုက်တဲ့အချိန်မှာ အညစ်အကြေးတွေထဲမှာသူကလိန့်ပြီးသွားပါ တယ်။အဲဒီအညစ်အကြေးတွေအားလုံးကို ရွှေတွေနဲ့အကုန်လုံးရောစပ်သွားပါတယ်။ ဟိုးမီးတောင်တွေပေါက်ကွဲတဲ့ ခေတ်ကာလဆိုလို့ရှိရင် တော်တော်လေးကိုရွှေတွေဟာတခြားအညစ်အကြေးတွေနဲ့ရောစပ်ပါတယ်။ နောက်ဆုံးမှာ အညစ်အကြေးတွေများ လွန်းအားကြီးလို့အားလုံးဟာသံခဲတွေ၊ သံဓာတ်ပေါင်းတွေဟာ ရွှေထဲမှာရောကုန်ပါ တယ်။ ဒီတူနဲ့ထုတဲ့လူကတော့ရွှေကိုတူနဲ့ထုပြီးတော့ ရွှေတုံး၊ ရွှေသား၊ ရွှေခဲရအောင်ပြု လုပ်ပါတယ်။ လှည့်ပတ်ပြီးတော့အမျိုးမျိုးတူနဲ့ထုပါတယ်။ ဒါမှရွှေစစ်စစ်ကိုရမှာဖြစ်ပါ တယ်။ရွှေမှာကပ်ညိနေတဲ့အမိုက်သရိုက်တွေကျသွားပါတယ်။ သူကအဲဒီ အမိုက်သရိုက် အားလုံးကိုဖယ်ရှားသွားပြီဆိုတာဘယ်လိုသိပါသလဲ။ သူ့ရဲ့အပေါ်မှာ ရောင်ပြန်ဟပ်တာကိုသူတွေ့တဲ့အခါမှာ သူသိပါတယ်။

139 ၁၃၉။ ဘုရားသခင်ကလည်းအသင်းတော်ကိုအဲဒီလိုဘဲလုပ်ပါတယ်။ယုံကြည်ချက် တွေ၊ ဂိုဏ်းဂဏတွေ၊ လူလုပ်တဲ့ဩဝါဒတွေ၊ အားလုံးကိုကိုယ်တော်ရှင်ရိုက်ထုတ်လိုက် ပါတယ်။ နောက်ပြီးတော့မိမိကိုယ်မိမိသင့်အထဲမှာ ရောင်ပြန်ဟပ်နေတာကို ကိုယ်တော်ရှင်တွေ့တဲ့အထိဘဲသူကရိုက်ထုတ်ဖိထုတ်ပါတယ်။ ခမည်းတော်ရဲ့အလုပ်ကိုမ လုပ်ဆောင်ဘဲသူမှာငါ့ကိုမယုံကြည်သောသူသာဖြစ်တယ်လို့ဆိုထားပါတယ်။ အသင်း တော်အတွက်ဘာပြောထားပါသလဲ။ ခရစ်တော်ရဲ့ရှိတဲ့အသက်တာမှာ သင့်အထဲမှာ ရောင်ပြန်မဟပ်ဘူးဆိုလို့ရှိရင် သင့်မှာစိတ်ရှည်ခြင်း၊ ကောင်းမြတ်ခြင်းစတဲ့အရာတွေ သည်းခံခြင်း၊ ဘုရားတရားမြဲခြင်း၊ကြင်နာခြင်း၊ အဲဒီအရာတွေအားလုံး သင်တွေ့ရမှာ ဖြစ်ပါတယ်။သင်တွေ့လည်းတွေ့ရမှာဖြစ်ပါတယ်။ သင်ဘယ်လောက်ဘဲလုပ်ခဲ့ပါစေ ဘယ်လောက်ဘဲအော်ပါစေ၊ဘယ်ဘုရားကျောင်းမှာလည်း မပါဝင် သင့်ရဲ့အတောင်ပံတွေကတော့သင့်အထဲမှာဘဲစိုက်ဝင်နေပါတယ်။ သင်ဘာမှလုပ်လို့မရပါဘူး။ နောက်ဆုံးမှာစောင့်နေပြီးတော့ သင်စစ်မှန်တဲ့သင်၏နှလုံးသားထဲက သင်ခွင့်လွှတ်နိုင်ပါပြီ။သင့်ရဲ့နှလုံးသားထဲမှာ ညီအစ်ချင်းကြင်နာခြင်း၊ ချစ်ခြင်းမေတ္တာတွေ၊ တည်ဆောက်ပါ။လက်တဖက်ကနေပြီးတော့မုန့်တွေဘယ်လောက်ဘဲကိုင်ထားပါစေ တခြားတဖက်မှာ တော့အပြုံးနဲ့နေရမှာဖြစ်ပါတယ်။ အဲဒါမှဒီကောင်းမြတ်ခြင်းတွေ၊ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ဘာကိုဖော်ပြပြောဆိုမဲ့အရာတွေဘာဘဲရှိရှိ၊ သင်ကတော့ချိုချိုသာသာဘဲရှိနေမှာဖြစ်ပါတယ်။

140 ၁၄၀။ ကိုယ်တော်ရှင်ရဲ့မျက်နှာကိုအဝတ်ဆုတ်နဲ့အုပ်ပြီးတော့ ကိုယ်တော်၏ခေါင်း ကိုရိုက်ကြပါတယ်။ နောက်ပြီးသူတို့ဘာပြောသလဲဆိုတော့ ကိုယ်တော်ဟာပရောဖက် ဖြစ်တယ်လို့ပြောကြပါတယ်။ နောက်ပြီးတော့ကိုယ်တော်ရှင်ရဲ့မျက်နှာမှာ အုပ်ထားတဲ့အဝတ်ကိုဆွဲဖြုတ်လိုက်ပြီးတော့သူကဒုတ်ကိုကိုင်ထားပါတယ်။ ဘယ်တစ်ယောက်ကခင်ဗျားကိုရိုက်သလဲ ဆိုတာပြောပါလို့ပြောပါတယ်။ ကျွန်တော်တို့ကိုပရောဖက်ပြုပါ။အဲဒါမှခင်ဗျားဟာ ပရောဖက်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ယုံနိုင်မယ်လို့ သူတို့ကလှောင်ပြောင်ကြပါတယ်။ ဒါပေမဲ့လည်းကိုယ်တော်ရှင်ကနုတ်တော်ကိုမဟခဲ့ပါဘူး။

ပရောဖက်ကြွလာတာကိုကြားရတဲ့အခါမှာအဖြေတွေအားလုံးရရှိပြီးတော့ သင်ဆောင်ယူနိုင်မဲ့အရာအားလုံးသင်ပြေလည်နိုင်မည်ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကတော့ပရောဖက်မဟုတ်ပါဘူး။ ဒီနေ့အားလုံးသိဖို့လိုအပ်ပါတယ်။ ခင်ဗျားသွားကိုက် နေတယ်ဆိုလို့ရှိရင်၊ခင်ဗျားဗိုက်နာနေတယ်ဆိုလို့ရှိရင် ဘာဘဲဖြစ်ဖြစ်ခင်ဗျားကို ပြောပြနိုင်သောပရောဖက်ရှိပါတယ်။ အဲဒါကတော့ကျွန်တော်တို့ဘုရားသခင်ရဲ့သဘော သဘာဝမဟုတ်ပါဘူး၊ ပရောဖက်များကိုသတိပြုပါ။ သခင်ယေရှုကိုလည်းသတိထားပြီး တော့ကြည့်ပါ။

141 ၁၄၁။ ပေါလုကိုကြည့်ပါ။မျက်စိမမြင်တဲ့သူတစ်ယောက်ကိုသူတွေ့ပါတယ်။ နောက်ပြီးတော့ကြေးဝါပန်းတိမ်လုပ်တဲ့သူတစ် ယောက်သူကိုတိုင်းပြည်ထဲကထွက်သွားစေပါတယ်။ ''သူဟာမျက်မမြင်ကိုပြန်ပြီးကောင်းလာနိုင်ဖို့အတွက် တန်ခိုးအင်အား နဲ့မပြည့် ဘူးလို့ ကျွန်တော်ထင်မြင်ယူဆပါတယ်။''

သခင်ယေရှုကဲ့သို့ဘယ်သူကသေသောသူကိုရှင်ပြန်ထမြောက်စေနိုင်ပါမည် နည်း။ သို့တိုင်အောင်ကိုယ်တော်ရှင် သည်မိမိ၏မျက်နှာတော်ကို အရက်မူးနေသော စစ်သားကတံထွေးနှင့်ထွေးသည်ကို ခံခဲ့ပါသည်။သူ့ရဲ့မျက်နှာမှာရှိတဲ့ မုတ်ဆိတ်မွေး တွေကို ဆွဲ၍မျက်နှာကိုတံထွေးထွေးပြီးခေါင်းကိုရိုက်ပြီးကိုယ်တော်ရှင်ကိုယ်လုံးကိုလည်း အဝတ်စုတ်နဲ့ရစ် ပတ်ပြီးတော့ပရောဖက်ပြုပါ။ ဘယ်သူကသင့်ကိုရိုက်သလဲဆိုတာပြော ပါလို့ပြောသည့်တိုင်အောင်ကိုယ်တော်ရှင် နှုတ်ကိုမဖွင့်ဘဲ နေခဲ့ပါသည်။

ဤကဲ့သို့ဆိုးဝါးသောသူများကိုမကြည့်ပါနှင့်။ သတိထားမဲ့အရာက သူတို့ဟာ စကားပြောနေကြတယ်။ ဒေါ်လာအကြောင်းကိုပြောနေကြတယ်။ တနေရာမှာတကယ်စစ်မှန်တဲ့သူရှိတယ်ဆိုတဲ့အကြောင်းတွေကိုပြောဆိုခြင်းဖြစ်ပါတယ်။ ဤအဖွဲ့အစည်းတဖြည်းဖြည်းကြီးထွားပြီးတော့ အောင်မြင်ပြီးတော့ တိုးတက်လာတာကိုကျွန်တော်တို့တွေ့ရတဲ့အခါမှာ သူ့ရဲ့လက်ထဲမှာ ကောက်ကျစ်ဆင်းလဲသောသူဟာ ကြွယ်ဝချမ်းသာတာကိုသတိရကြမှာဖြစ်ပါတယ်။ ဘုရားသခင်အသင်း တော်လေးရှိပါတယ်။ တစ်နေရာရာမှာရှိပါတယ်။ တကယ်ဘဲသန့်ရှင်းသောဝိညာဉ်တော်နှင့်စစ်မှန်စွာပြည့်ဝလျှက် ရှိပါတယ်။လေ့ကားအတက်ကိုလည်း ဖြည်းဖြည်းတက်သွားပါတယ်။ အင်မတန်ကြီးမား တဲ့အဖွဲ့အစည်းတွေကိုမကြည့်ပါနှင့်။

142 ၁၄၂။ သမ္မာကျမ်းစာထဲမှာအင်မတန်ကြီးမားတဲ့အသင်းတော်အကြောင်း ဖေက် ခေတ်ကာလထက်ကြီးမားတဲ့အသင်း တော်အကြောင်းဘာပြောထားပါသလဲ။ ပေါလု ကဇေဖက်မြို့ရဲ့အထက်ကမ်းခြေကို လျှောက်သွားကြတဲ့အခါမှာအဲဒီအသင်း တော်လေးကိုရောက်လာပါတယ်။ အဲဒီအသင်းတော်လေးမှာ လူ ၁၂ ယောက်ဘဲရှိပါတယ်။ သူတို့အားလုံးဟာလူကောင်း တွေဘဲဖြစ်ပါတယ်။ အော်ဟစ်ပြီး အရမ်းကိုပျော်ရွှင်နေတဲ့အချိန် ရှိနေပါတယ်။ ဒါပေမဲ့လည်းသန့်ရှင်းသော ဝိညာဉ်တော် နဲ့မပြည့်ဝသေးပါဘူး။ပေါလုကလည်း သူတို့ဟာဝိညာဉ်တော်နဲ့မပြည့်ဝသေးဘူး၊ သူတို့ယုံတော့ယုံကြည်ကြ ပါတယ်လို့ဆိုကြပါတယ်။

သူတို့ကလည်းသန့်ရှင်းသောဝိညာဉ်တော်ရှိတယ်ဆိုတာကို ကျွန်တော်တို့ မသိသေးဘူးလို့ ပြောကြပါတယ်။

သူကဘာပြောသလဲဆိုတော့ခင်ဗျားတို့ဘယ်လိုဗတ္တိဇံခံကြသလဲ။ဘာမှထူး ခြားမှုမရှိဘူးဆိုလို့ရှိရင် အဲဒီအသင်းတော်ကို သူဘာကြောင့်ဒီလိုပြောရသလဲ။

သူတို့ပြောတဲ့အကြောင်းအရာကတော့ ကျွန်တော်တို့အားလုံးဟာဗတ္တိဇံခံကြ ပါတယ်။ ကြီးမြတ်ဆုံးသောလူတစ်ဦးအားဖြင့် ဗတ္တိဇံခံကြပါတယ်။ ဒီကမ္ဘာလောကကြီးမှာရှိတဲ့အကြီးမြတ်ဆုံးသော သူတစ်ဦးဘဲဖြစ်ပါတယ်။ ဗတ္တိဇံယောဟန်ဖြစ်ပါတယ်။

ငါတို့သခင်ကိုဗတ္တိဇံခံပေးတဲ့သူလည်းဖြစ်ပါတယ်။အဲဒီဗတ္တိဇံကမကောင်းဘူးလားလို့ ပြန်မေးကြပါတယ်။

သူကလည်းဘာပြောသလဲဆိုတော့ မဟုတ်ပါဘူး။တခါထပ်ပြီးတော့ဗတ္တိဇံ ခံဖို့လိုပါတယ်။ ဘာကြောင့်လည်းဆို တော့နိုင်ငံတော်ကတံဆိပ်ခတ်ထားလို့ဘဲဖြစ်ပါ တယ်။ သူတို့အဲဒီအကြောင်းကိုကြားတဲ့အခါမှာယောဟန်ကနောင်တရဖို့အ တွက် ဗတ္တိဇံပေးတယ်။ အပြစ်ဖြေလွှတ်ဖို့အတွက် ဖြစ်တယ်။သူနောက်ကြွလာမဲ့သူကိုယုံကြည်ဖို့လည်းဖြစ်ပါတယ်။ သခင်ယေရှုကိုယုံကြည်ဖို့ဘဲဖြစ်ပါတယ်။ သူတို့ဒီအကြောင်းအရာ ကိုကြားတဲ့အခါမှာသူတို့အားလုံးတဖန်ဗတ္တိဇံကို သခင် ယေရှု၌ ခံယူကြပါတယ်။ သူတို့ဟာသမ္မာကျမ်းစာအတိုင်းလုပ်ဆောင်ကြပါတယ်။

143 ၁၄၃။ ခင်ဗျားတို့သိထားရမဲ့အရာကတော့ဒီမနက်မှာအသစ်တဖန်ဆက်ကပ်ခြင်း မှာ မောရှည်ကတော့ကောင်းကင်မှာ တွေ့တဲ့အတိုင်းဘဲလိုက်မှာဖြစ်ပါတယ်။ အဲဒါကို ကိုယ်စားပြုဖို့အတွက် သူကတဲတော်ကို ထိုးခဲ့ပါတယ်။ရှဲလမုန်မင်းကြီးကလည်း ဗိမ်္ဗာန် တော်တည်ဆောက်တဲ့အခါမှာ သူဘာလုပ်သလဲ။မောရှည်ရဲ့ပုံစံအတိုင်းဘဲ သူကလုပ် ခဲ့ပါတယ်။ တဲတော်အားဖြင့်ဘဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်အတိုင်းဘဲလိုက်နာစောင့် ထိမ်းခဲ့ပါတယ်။

ဘုရားသခင်ဟာသူ့ရဲ့ဗိမ်္ဗာန်တော်ထဲကိုလာတဲ့အခါမှာ နောက်ဆုံးသောကာ လများမှာ ဒီဗိမ်္ဗာန်တော်ကိုရောက်ရှိလာပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ဘဲဖြစ် ပါတယ်။ ကိုယ်တော်ရှင်ကျွန်တော်အတွက်ပြင်ဆင်ထားပေးသောကိုယ်ခန္ဓာဘဲဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က ပင်တေကုတ္တေနေ့မှာ ကျရောက်ပါတယ်။ သတင်းစကားကဘာလဲဆိုတော့ နောင်တ ရကြပါ။ သခင်ခရစ်တော်ရဲ့နာမဥ္စတဖန်ဗတ္တိဇံကို ခံကြပါ။အပြစ်ဖြေလွှတ်ဖို့ရန်အတွက်ဘဲဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ် တော်ဆုကျေးဇူးရရှိမှာဖြစ်ပါတယ်။ဂတိတော်ပေးထားတဲ့အတိုင်းသင်တို့အတွက်ဘဲဖြစ်ပါတယ်။

သင်တို့သားသမီးတွေအတွက်လည်းဖြစ်ပါတယ်။ဟိုးဝေးကွာနေတဲ့လူတွေအတွက်လည်း ဖြစ်ပါတယ်။ ဘုရားသခင်ရွေးချယ်ထားတဲ့လူတွေအားလုံးအတွက်ဖြစ်ပါတယ်။သင်ရဲ့အမှုတော်ဆောင်ကိုသင်ကဆရာလို့ခေါ်ချင်တယ်။ ဒေါက်တာဘွဲ့ပေးချင်တယ်။ ဒေါက်တာစိုင်းမွန်ပီတာရေးသားခဲ့တဲ့ ဆေးညွှန်းရှိပါတယ်။ထာဝရဆေးညွှန်းဘဲဖြစ် ပါတယ်။ အဲဒါကတော့အနာရောဂါသည်တွေကို ပျောက်ကင်းစေမှာဖြစ်ပါတယ်။

144 ၁၄၄။ ဒီဆေးဆရာတွေပြောဆိုနေတဲ့အရာတွေ ဂိုဏ်းဂဏအားဖြင့်ကြိုးစားနေတဲ့အ ရာတွေ သူတို့အခြားတနည်းတလမ်းအားဖြင့် ပြန်လည်ပြီးပြည့်ဝစေရန်အတွက်လုပ် တဲ့လူတွေ အဲဒီအကြောင်းအရာတွေကိုကျွန်တော်တို့ရရှိထားပါတယ်။ အဲဒီဆေးညွှန်းများကိုသင်ကများစွာပေါင်းထည့်စရာမလိုပါဘူး။ အဲလိုပေါင်းထည့်ရင်အဆိပ်ဖြစ်စေမှာဖြစ်ပါတယ်။ သင့်ရဲ့လူနာကိုသင်ကသတ်လိုက်သလိုဖြစ်မှာပါ။ အဲဒီထဲကိုသင်ကမပေါင်းထည့်ဘူးဆိုလို့ရှိရင် အဲဒီသင့်ရဲ့လူနာအတွက်လည်း ကောင်းမှာမဟုတ်ပါဘူး။ သင့်ရဲ့သမားတော်ကြီးက သေချာသိပါတယ်။ဘယ်လိုဆေးညွှန်းရေးရမလဲဆိုတာသူ နားလည်ပါတယ်။

ခရစ်တော်သန့်ရှင်းသောဝိညာဉ်တော်ဟာတကယ်ဘဲဆေးညွှန်းရေးသားတဲ့ ဆရာတွေဖြစ်ပါတယ်။ သူရေးသားခဲ့ပါတယ်။ ပေါင်းမထည့်ပါနှင့်။လျှော့လည်းလျှော့ မယူလိုက်ပါနှင့်။ ဆေးကိုအရှိအတိုင်းဘဲသောက်ပါ။လူနာတွေအားလုံးအတွက်အနာ ရောဂါတွေပျောက်ကင်းစေမှာဖြစ်ပါတယ်။ဘုရားကောင်းကြီးပေးပါစေ။ ကိုယ်တော်ကို သင်ချစ်ပါသလား။ အာမင်။

ကျွနု်ပ်ကိုယ်တော်ကိုချစ်တယ်။ကျွနု်ပ်ကိုယ်တော်ကိုချစ်တယ်။

ဘာကြောင့်လဲဆိုတော့ကိုယ်တော်ကကျွနု်ပ်ကိုချစ်သောကြောင့်ဖြစ်တယ်။

ကျွနု်ပ်ရဲ့ကယ်တင်ခြင်းကိုကားတိုင်ပေါ်မှာဝယ်ယူခဲ့ပါတယ်။

145 ၁၄၅။ ကျွန်တော်တို့သီချင်းကို ကာလုပ်ပြီးတော့ သီဆိုနိုင်ပါတယ်။နောက်ပြီးတော့ ကိုယ်ဘေးနားမှာရှိတဲ့လူတွေကိုလည်း လက်ဆွဲနှုတ်ဆက်ပါ။ကိုယ်တော်ရှင်ဘုရားဖူး ဇည်သည်ဖြစ်ပါတယ်။ ဘေးနားကဖြတ်သွားပြီးဖြစ်ပါတယ်။

ကိုယ်တော်ကိုကျွနု်ပ်ချစ်တယ်။ကိုယ်တော်ကိုကျွနု်ပ်ချစ်တယ်။

ကိုယ်တော်ကျွန်တော်ကိုစ၍ချစ်သောကြောင့်ဖြစ်တယ်။

ကျွနု်ပ်ရဲ့ကယ်တင်ခြင်းအတွက်ကားတိုင်ပေါ်မှာဝယ်ယူခဲ့ပါတယ်။

ကိုယ်တော်ကိုကျွနု်ပ်ချစ်တယ်။ကိုယ်တော်ကျွန်တော်ကိုပထမဦးစွာ

ချစ်သောကြောင့်ဖြစ်ပါတယ်။

ကျွနု်ပ်ရဲ့ကယ်တင်ခြင်းအတွက်ကိုယ်တော်ကကားတိုင်ပေါ်မှာ ဝယ်

ယူခဲ့ပါတယ်။ကိုယ်တော်ကိုကျွနု်ပ်ချစ်တယ်။ .... ထပ်ပြီးတော့ ဆိုကြရအောင်။

ကိုယ်တော်ကျွနု်ပ်ချစ်တယ်။ကိုယ်တော်ကိုကျွနု်ပ်ချစ်တယ်။

ကျွနု်ပ်ရဲ့ကယ်တင်ခြင်းကိုကားတိုင်မှာ ဝယ်ယူသောကြောင့် ဖြစ်ပါတယ်။

146 ၁၄၆။ ကျွန်တော်တို့ယခုဂေါင်းငုံ့ပြီးတော့မျက်စိမှိတ်ပြီးတော့ လက်တွေကိုအပေါ်ကို မြှောက်ပြီးတော့ ကိုယ်တော်ရှင်ထံတော်ပါးကိုအသံကိုမြင့်တင်ပြီးတော့ ဆုတောင်းကြပါစို့။ ခင်ဗျားတို့အစီအစဉ်တွေကိုလည်းခင်ဗျားတို့သင်းအုပ်တွေ ဆီပြန်လည်အပ်နှံပါ တယ်။ ဒီနေရာမှာ ခင်ဗျားတို့ကိုတွေ့ရလို့ဝမ်းသာပါတယ်။ ကျွန်တော်တို့က ဂိုဏ်းဂဏ မဟုတ်ပါဘူး။ ကျွန်တော်တို့မှာပညတ်ချက်တွေမရှိပါဘူး။ မေတ္တာဘဲရှိပါတယ်။ ယုံ ကြည်ချက်တွေမရှိပါဘူး။ခရစ်တော်ဘဲရှိပါတယ်။ ဘာစာအုပ်မှမရှိပါဘူး သမ္မာကျမ်း စာဘဲရှိပါတယ်။ အသင်းသားတွေလည်းမရှိပါဘူး။သခင်ယေရှုနာမဥ္စမိတ်သဟာယ ဖွဲ့ခြင်းသာရှိပါတယ်။ ကျွန်တော်တို့ရဲ့မယုံကြည်ခြင်းတွေကိုသန့်ရှင်းစင်ကြယ်စေခြင်း ဘဲဖြစ်ပါတယ်။

ကောင်းပြီအားလုံးအတူတကွဆိုကြပါစို့။

ကိုယ်တော်ကိုကျွနု်ပ်ချစ်တယ်။ကိုယ်တော်ကိုကျွနု်ပ်ချစ်တယ်။

(ဘုရားကောင်း ကြီးပေးပါစေကျွန်တော်တို့ထံတဖန်ပြန်လည်လာကြပါအုန်း)

ကိုယ်တော်ကျွန်တော်တို့ကိုချစ်သောကြောင့်ဖြစ်တယ်။...

ကောင်းပြီး သင်းအုပ်နေဘယ်လ် ဘုရားသခင်ကောင်းကြီးပေးပါစေ။

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝိလီယမ်မာရီယမ် ဗရမ်ဟမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)